www.burmeseclassic.com

# မင်းမြတ်သူရ

မြေမြဂင်မ



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# မင်းမြတ်သူရ

## မြေမြို့ရှင်မ

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၉၄၈၀၅၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၂၆၄၀၅၁၀

၂၀၀၆ ခုနှစ်၊ အောက်တိုဘာလ၊

ပထမအကြိမ်

တန်ဖိုး - ၃ဝ/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဒေါ်ခင်ခင်စိန်(၀၁၈၁၉) ချစ်မင်းလျှံစာပေ

အမှတ်-၄၃/က၊မလိခလမ်း၊၇-မိုင်၊

မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း၊

ပုံနှိပ်သူ . . . ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET

အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်၊

BURMESE CLASSIC

[illegible]ကျော်လှိုင်စေတနာစာပေမှ
စီစဉ်ထုတ်ဝေသည်။

# မင်းမြတ်သူရ

## မြေမြို့ရှင်မ



www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန်အရေးသုံးပါး**

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

"နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ဝတ္တရားကျသော တာဝန်ဖြစ်သည်"

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

**လူမှုရေးဦးတည်ချက် (၄) ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တစ်နေ့သ၌ ဆိပ်ကမ်းမြို့လေးတစ်မြို့၏ မြို့စွန်တွင်ရှိသော အရက်ဆိုင်ကလေးတွင် ညနေစောင်းချိန်၌ အရက်သမားများနှင့် စည်ကားနေလေ၏။

ထိုအရက်ဆိုင်ကလေးသည် ဆိပ်ကမ်းတွင် လုပ်ကိုင်ကြသော အလုပ်သမားများ လာရောက်သောက်သုံးကြသဖြင့် လွန်စွာစည်ကားလေ၏။

အလုပ်သမားများသည် ဆိပ်ကမ်း၌ တစ်နေကုန် အလုပ်ပင်ပန်းကြသဖြင့် အရက်ကို တစိမ့်စိမ့်သောက်ကာ ငြင်းကြခုန်ကြရင်း အပန်းဖြေကြလေ၏။ထို့ကြောင့်ပင် အရက်ဆိုင်ကလေးအတွင်း၌ ဆူညံပွက်ရှ နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်မှာပင် လွန်စွာပိန်လှီပြီး မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးများ ရှိသော လူကြီးတစ်ဦးသည် အရက်ဝိုင်းတစ်ဝိုင်းမှ တစ်ဝိုင်းသို့ ကူးသန်း နေ၏။

ထိုအဘိုးကြီး၏အမည်မှာ ဦးဖိုးဝိုဟူ၍ဖြစ်ပြီး ဦးဖိုးဝိုသည် အရက် ကျိုးကပ်နေသူဖြစ်ပြီး တစ်သက်လုံး အရက်ကို သဲကြီးမဲကြီးသောက်လာ သူဖြစ်၏။

ဦးဖိုးဝိုသည် ငွေစကြေးစကလေးများကို ဆောင်ယူလာပြီး နေ့စဉ် အရက်သောက်၏။ သူ၏အရက်များကုန်သောအခါ ရေချိန်မပြည့်သေး ဟုဆိုကာ သူတစ်ပါး၏အရက်များကို တစ်ဝိုင်းပြီးတစ်ဝိုင်းကူးသန်းကာ တောင်းရမ်းသောက်၏။

ဦးဖိုးဝိုသည် အရက်မသောက်သည့်အချိန်တွင် သဘောကောင်း သူဖြစ်၏။

သူ၏မျက်နှာထားမှာ အလွန်ချိုပြီး ပျော်ပျော်ရွှင်ရွှင်နေတတ်၏။ ထို့ကြောင့် သူ့ကို လူချစ်လူခင်များ၏။

ထို့ကြောင့်ပြင် အရက်ဝိုင်းများကူးသန်း၍ တောင်းရမ်းသောက် ခြင်းကို နားလည်ခွင့်လွှတ်သူများပြား၏။

ဆိုင်ရှင်လူဝကြီးကိုယ်တိုင်ပင် ဦးဖိုးဝို၏ အပြုအမူကို မသိကျိုး ကျွံပြုထား၏။

ဦးဖိုးဝိုသည် ထိုအခွင့်အရေးကို အရယူကာ အရက်ဆိုင်ကလေး





တွင် သူတစ်ပါးကို အနိုင်ကျင့်ပြီး တောင်းရမ်းသောက်၏။

သို့သော် ယနေ့ညတွင် ဦးဖိုးဝိုအတွက် ကံဆိုးသောညဖြစ်ခဲ့၏။ ဦးဖိုးဝိုသည် အခါတိုင်းနေ့ညများကဲ့သို့ အရက်ခွက်ကလေးကိုင်ကာ တစ်ဝိုင်းပြီးတစ်ဝိုင်း ကူးသန်းသောက်၏။

စားပွဲဝိုင်းများ၌ ထိုင်၍ အရက်သောက်နေသူများသည် ဦးဖိုးဝို အတွက် အရက်အနည်းငယ်စွန့်ကြ၏။

ဦးဖိုးဝိုသည် တစ်ဝိုင်းပြီးတစ်ဝိုင်း ကူးသန်း၍ သောက်ပြီးနောက် ဖဲရှုံး၍ စိတ်ညစ်ညစ်ဖြင့် ပြန်လာသော တံငါသည်တစ်စုနှင့်ဆုံ၏။

တံငါသည်များသည် အရက်ဆိုင်သို့ ပထမဦးဆုံးရောက်ရှိလာ သူများဖြစ်၏။

ထို့ကြောင့် အရက်တောင်းသောက်လေ့ရှိသော ဦးဖိုးဝို၏အကျင့် စရိုက်ကို မသိချေ။ တံငါသည်တစ်ဦးသည် ဦးဖိုးဝို့ကို ဒေါသတကြီး ဖောင် ဟစ်မောင်းထုတ်လိုက်၏။

သို့သော် ဦးဖိုးဝိုသည် လွယ်လွယ်ကူကူနှင့် လက်လျှော့တတ် သူမဟုတ်ချေ။

တံငါသည်များကို မျက်နှာချိုသွေး၍ နောက်တစ်ကြိမ်ထပ် တောင်းပြန်၏။ ထိုအခါ ဖဲရှုံးနေသော တံငါသည်တစ်ဦးက ဒေါသတကြီး ဖြင့်

" အဘိုးကြီး ထွက်သွားစမ်း၊ ဖဲရှုံးလို့ စိတ်ညစ်နေတယ်၊ ဘာ



www.burmeseclassic.com

www.burmeseclassic.com



ခေါက်မေ့လဲ၊ အသေသတ်ပစ်လိုက်မယ် ''

ဟုအော်ဟစ်လေ၏။ ထိုအခါ ဦးဖိုးငိုက တံငါသည်ကို အံ့ဩဟန်ဖြင့်ကြည့်၍

'' ဘာဖြစ်လို့ ဒီလောက်စိတ်ဆိုးနေတာလဲကွ၊ ငါ ဆိုင်မှာ အရက်တောင်းသောက်နေတာ နှစ်ပေါင်းများစွာကြာပြီ၊ အရက်နည်းနည်းစွန့်ကြဲဖို့ ဒီလောက်တွန့်တိုတဲ့လူတွေ မတွေ့ဘူးပါဘူးကွာ ''

ဟုညည်းညူလိုက်လေရာ တံငါသည်သည် စိတ်မထိန်းနိုင်တော့ဘဲ ထိုင်ရာမှထ၍ ဦးဖိုးငို၏ အကျီရင်ဘတ်ကို စုကိုင်ကာ စားပွဲဝိုင်းမှ ဆောင့်တွန်းလိုက်လေ၏။

တံငါသည်သည် လွန်စွာ သန်မာထွားကျိုင်းသဖြင့် ဦးဖိုးငို၏ ခန္ဓာကိုယ်မှာ အရက်ဆိုင်တံခါးပေါက်မှ လမ်းပေါ်သို့ ဝုန်းခနဲလွင့်သွားလေ၏။ ထိုအခါ ဆိုင်ထဲရှိ လူများသည် ဇရက်မင်းစည်းစိမ်ခံနေရာမှ အလန့်တကြား ဖြစ်သွားလေ၏။

ဦးဖိုးငိုသည် တံငါသည် ဆောင့်တွန်းလိုက်သောအရှိန်ကြောင့် မြေပေါ်တွင် တုံးလုံးပက်လက်လဲလေ၏။

ထိုအခိုက်မှာပင် တောင်းကလေးကိုပိုက်လာသော လူငယ်တစ်ဦးသည် တောင်းကိုပစ်ချ၍

'' ဦးလေး ''

ဟုအော်ဟစ်ကာ ဦးဖိုးငိုကို ပြေးပွေ့လိုက်လေ၏။ လူငယ်က





ဦးဖိုးငိုကို မချိတင်ကဲဟန်ဖြင့်ကြည့်၍

'' ဘယ်လိုဖြစ်တာလဲဦးလေးရယ်၊ ဦးလေးကို လဲကျအောင် ဘယ်သူလုပ်တာလဲ၊ ဩော်... ဦးလေး သူတစ်ပါးအရက်တွေ တောင်းသောက်ပြန်ပြီနဲ့တူတယ်၊ ဒီလိုမလုပ်ပါနဲ့လို့ ကျုပ်အတန်တန်တားနေရဲ့သားနဲ့ဗျာ ''

ဟုပြောရင်း လူကြီးကို လဲကျနေရာမှ ပွေ့ထူလိုက်လေ၏။

ထို့နောက် အရက်ဆိုင်တံခါးပေါက်သို့သွားကာ ဆိုင်ထဲရှိ အရက်သမားများကို မျက်လုံးဝေ့ကြည့်၍

'' ကျုပ်ဦးလေးဟာ အရက်ရဲ့ကျေးကျွန်ဖြစ်နေပါပြီဗျာ၊ ဒါကြောင့် အရက်သိက္ခာကင်းမဲ့ပြီး သူတစ်ပါးအရက်ကို တောင်းသောက်နေတာပါ၊ နောက်တစ်ခါဆိုရင် ဒီလိုမဖြစ်ဖို့အတွက် ကျုပ်အစွမ်းကုန်ကြိုးစားမှာပါ၊ ဦးလေးရဲ့အပြစ်အတွက် ကျုပ်အားလုံးကို တောင်းပန်ပါတယ် ''

ဟုပြောဆိုပြီး ဦးဖိုငိုကိုတွဲကာ အရက်ဆိုင်နှင့် ဝေးရာအရပ်သို့ တရွေ့ရွေ့ ထွက်ခွာသွားလေ၏။

ဦးဖိုးငိုနေထိုင်သောအရပ်သည် ဆိပ်ကမ်းနှင့် မလှမ်းမကမ်းတွင်ရှိသော ကုန်လှောင်ရုံများကြားရှိ ခနော်ခနဲ့ တဲကလေး ဖြစ်၏။

လူငယ်သည် တဖျစ်ဖောက်တောက် ပြောဆို၍ ဦးဖိုးငိုအား တဲဆီသို့ တွဲခေါ်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



ရေချိန်လွန်နေဟန်ရှိသော ဦးဖိုင့်ထံမှ မည်သည့်စကားပြန်ကိုမျှ မရရှိချေ။

လှူငယ်သည် တဲကလေးအတွင်းသို့ရောက်သောအခါ ဦးဖိုးငိုကို ကွပ်ပျစ်ပေါ်သို့တင်၍ မီးအိမ်ကလေးကို ထွန်းညှိလိုက်၏။

ထို့နောက် ကွပ်ပျစ်ပေါ်တွင် ပိုးလိုးပက်လက်လဲနေသော လူကြီးကို ကြည့်၍ ခေါင်းခါယမ်းလိုက်ပြီး

'' ဒီလောက်အသက်အရွယ်ရောက်မှ သူတစ်ပါးရဲ့တွန်းထိုး ရိုက်ပုတ်တာကို ခံရတယ်လို့ဗျာ၊ ဒါဟာ ဦးလေး မဟုတ်လို့ ဒီလိုခံရတာဗျ။ အရက်ကို တော်ရုံတန်ရုံသောက်ရင် တော်ရောပေါ့၊ ဘာဖြစ်လို့ သူတစ်ပါး ပစ္စည်းရစ်ကို တောင်းရမ်းသောက်ရတာလဲ၊ မနက်ဖြန်ကစပြီး ဦးလေး ဒီလိုတောင်းမသောက်နဲ့တော့ဗျာ၊ ဦးလေး အဝသောက်နိုင်အောင် ကျုပ်ပိုက်ဆံရှာပေးမယ် ''

ဟုပြောလေရာ ကွပ်ပျစ်ပေါ်တွင် ငြိမ်သက်စွာလဲလျောင်းနေသော ဦးဖိုးငိုက လေသံယဲ့ယဲ့ဖြင့်

'' လူလေးပိုက်ဆံပေးလည်း ကျုပ်မသောက်နိုင်တော့ပါဘူး၊ ဒီနေ့ညဟာ အရက်ကို ဦးလေးနောက်ဆုံးသောက်သွားတာပါ ''

ဟုပြောလေ၏။ လှူငယ်က ဦးဖိုးငို၏စကားကြောင့် မျက်မှောင်ကြုတ်၍

'' ဗျာ အရက်ကို ဦးလေးက ဒီနေ့ညနောက်ဆုံးသောက်တာ





ဟုတ်လား၊ နားရှိလို့သာ ကြားရတယ်ဗျာ၊ ကျုပ်တော့ မယုံနိုင်ဘူး၊ ဦးလေးပဲ ပြောဖူးတယ်လေ၊ ငါဟာ အရက်ကို သိပ်သစွာရှိတယ်၊ ဘယ်တော့မှ သစ္စာမဖောက်ဘူးတဲ့၊ ငါသေမှ အရက်ကိုဖြတ်မယ်ဆို ''

ဟုပြောလေရာ ဦးဖိုးငိုက လေသံတိုးတိုးဖြင့်

'' ဒီနေ့ည ဦးလေးသေတော့မှာပါ၊ လူလေးနဲ့စကားတွေ အများကြီးပြောပြီးရင် ဦးလေး လူ့လောကက ထွက်ခွာသွားရတော့မယ်၊ ဦးလေးမသေခင် တစ်သက်လုံး လျှို့ဝှက်လာခဲ့တဲ့ လူလေးရဲ့ ဘဝနောက်ကြောင်းတွေကို ပြောပြရဦးမယ် ''

ဟုပြောလေရာ လှူငယ်သည် ဦးဖိုးငိုကို နားမလည်ဟန်ဖြင့် ကြည့်၍

'' ဦးလေး ဘာတွေပြောနေတာလဲ၊ ဦးလေးစကားကို ကျုပ် နားမလည်တော့ဘူးဗျာ၊ ရှင်းရှင်းပြောစမ်းပါ ''

ဟုပြောလေ၏။ ထိုအခါ ဦးဖိုးငိုက သက်ပြင်းချ၍

'' အရက်ဆိုင်ထဲက လဲအကျမှာ ဦးလေးခေါင်းမှာ ဒဏ်ရာရသွားတယ်၊ အဲဒီဒဏ်ရာကြောင့် ဦးလေးခေါင်းတွေ သိပ်မူးနေတယ်၊ ဒါကြောင့် ဦးလေး မနေရတော့ဘူးဆိုတာ သိပါတယ်၊ ဒီကမ္ဘာမြေပေါ်က မကြာမီ ထွက်ခွာသွားရတော့မယ်ဆိုတာ သိတယ်၊ ဒါပေမဲ့ ဒီလောက်မြန်မြန်ဆန်ဆန်ကြီး ကျောခိုင်းထွက်ခွာရမယ်လို့ ဦးလေး မထင်ခဲ့မိဘူး၊ အင်းပေါ့လေ၊ လောကကြီးမှာ ဘယ်အရာကိုမှ ကြိုတင်



www.burmeseclassic.com

www.burmeseclassic.com



တွက်ဆထားလို့ မရနိုင်တာပဲ ''

ဟုပြောလေ၏။

ဦးဖိုးငို၏စကားဆုံးသည်နှင့် လူငယ်သည် စိုးရိမ်ဟန်ဖြင့် ပြေးဖွေပြီး ခေါင်းကို ထူမလိုက်ရာ လူကြီး၏ခေါင်းအောက်မှ စေးကပ်သော သွေးများကိုတွေ့ရလေ၏။

လူငယ်သည် လူကြီး၏ဒဏ်ရာကိုကြည့်၍

'' ဟင်... ဦးလေးရဲ့ခေါင်းမှာ ဒဏ်ရာရသွားတာပဲ၊ သွေးတွေလည်း အများကြီးထွက်နေတယ်၊ ဆေးဆရာခေါ်မှဖြစ်မယ် ''

ဟုပြောလေရာ လူကြီးက ခေါင်းကိုခါယမ်း၍

'' မခေါ်ပါနဲ့လူလေးရယ်၊ ဦးလေး မနေရတော့ဘူး၊ ဦးလေး ခေါင်းတွေမူးဝေနေတယ်၊ မျက်လုံးထဲမှာလည်း ဝေဝါးနေတယ်၊ လူလေး ဆေးဆရာသွားခေါ်နေချိန်မှာ ဦးလေး လူ့လောကက ထွက်ခွာသွားရင် မှာစရာရှိတာတွေ မှာနိုင်မှာ မဟုတ်တော့ဘူး၊ တကယ်တော့ လူ့ဘဝဆိုတာ အလွန်တိုတောင်းပါတယ်၊ အဖြစ်အပျက်အားလုံးဟာ မနေ့တစ်နေ့ကလိုပါပဲ ''

ဟုပြောလေ၏။ လူငယ်က ဦးဖိုးငိုကို စိုးရိမ်ကြီးဟန် ဖြင့်

''ဘာပဲဖြစ်ဖြစ် ဦးလေးရယ်၊ ဆေးဆရာကို အရင်သွားခေါ်ရအောင်၊ ဦးလေးခေါင်းက သွေးတွေအများကြီးထွက်နေတယ် ''

ဟုပြောလေ၏။ ဦးဖိုးငိုက သက်ပြင်းချ၍





'' ဆေးဆရာခေါ်လည်း မနေရတော့ပါဘူးကွာ၊ ကိုယ့်အကြောင်း ကိုယ်အသိဆုံးပါ၊ အချိန်တွေကို မဖြုန်းပါနဲ့၊ တကယ်တော့ လောကမှာ ဖြစ်ချိန်တန်ရင် ဖြစ်ကိုဖြစ်လိမ့်မယ်၊ ဘယ်အရာနဲ့မှ ကာကွယ်တားဆီးလို့မရဘူး၊ သင်္ခါရတ္တကမ္မသကာပါပဲကွာ၊ လောလောဆယ် အရေးအကြီးဆုံးက လူလေးရဲ့ဘဝနောက်ကြောင်းကို ပြောပြဖို့ပဲ၊ လူလေး အရင်တုန်းက ဘဝနောက်ကြောင်းကို အမျိုးမျိုး မေးမြန်းပေမဲ့ ကျုပ်မဖြေမိဘူး၊ အဲဒါဘာဖြစ်လို့လဲဆိုတော့ ဦးလေးကို မုန်းတီးသွားမှာ စိုးလို့ပဲ ''

ဟု ပြောလိုက်ရာ လူငယ်က အံ့သြဟန်ဖြင့် မျက်မှောင်ကြုတ်၍

'' ဘာ... ဦးလေးကို ကျုပ်က မုန်းတီးသွားမယ်ဟုတ်လား၊ ဘာဖြစ်လို့ မုန်းတီးရမှာလဲ ''

ဟု မေးမြန်းလေ၏။ ထိုအခါ အရက်သမားကြီးက အသက်ကို ခဲယဉ်းစွာ ရှူရှိုက်၍

'' မုန်းတီးစရာရှိလို့ မုန်းတီးမှာပေါ့ကွာ၊ ဦးလေးပြောတဲ့စကားကို သေသေချာချာနားထောင်ပါ၊ တကယ်တော့ ဦးလေးဟာ ရက်စက်ခဲ့တယ်၊ ယုတ်မာကောက်ကျစ်ခဲ့တယ်၊ တစ်ကိုယ်ကောင်းဆန်ခဲ့တယ်၊ ဦးလေးရဲ့မိုက်ပြစ်ကြောင့် လူလေးဟာ မားစာခံဖြစ်ခဲ့ရတယ်၊ တကယ်တော့ လူလေးရဲ့မိခင် မပန်းရုံဟာ မြို့ပေါ်မှာ အချောဆုံးအလှဆုံးမိန်းမ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ဖြစ်တယ်၊ မပန်းရုံရဲ့ဖခင် သူဌေးကြီး ဦးရန်အောင်ကလည်း ဆယ်သက်စားလို့မကုန်အောင် ပစ္စည်းဥစ္စာတွေ ထားရစ်ခဲ့တယ်၊ မြို့ပေါ်က ကာလသားတွေအားလုံး မပန်းရုံကို ပိုးပန်းကြတယ်၊ နောက်ဆုံးတော့ မပန်းရုံကိုယ်တိုင် စီစစ်ပြီး အိမ်ထောင်ဖက်အဖြစ် လက်ရွေးစင် လူသုံးယောက်ကို ရွေးခြယ်ခဲ့တယ်၊ ဒီသုံးယောက်စလုံး မြို့ပေါ်က လူကုံထံ မျက်နှာကြီးစာရင်းဝင်တွေပါ၊ မပန်းရုံရဲ့အိမ်ထောင်ဖက်ထဲမှာ ဦးလေးလည်း အပါအဝင်ပဲ၊ ဦးလေးလိုပဲ ကံထူးရှင်နှစ်ယောက်ကတော့ ဖိနပ်သူဌေးရဲ့သား မောင်ကြီးနဲ့ စက်သူဌေးသားချစ်ထူးတို့ဖြစ်တယ်၊ မောင်ကြီး၊ ချစ်ထူးနဲ့ ဦးလေးဟာ မပန်းရုံကို ပိုင်ဆိုင်ခွင့်ရဖို့အတွက် အစွမ်းကုန် ကြိုးပမ်းခဲ့ကြတယ်၊ ဦးလေးတို့အားလုံး အရည်အချင်းချင်း မကွာခြားတဲ့အတွက် မပန်းရုံရဲ့မေတ္တာကို ဘယ်သူဆွတ်ခူးမလဲဆိုတာ တိတိကျကျ မပြောနိုင်ဘူး၊ ဒါကြောင့် မြို့ပေါ်က လူတွေကလည်း ဦးလေးတို့သုံးယောက် ဘယ်သူ မပန်းရုံရဲ့မေတ္တာကိုရမလဲဆိုတာ စိတ်ဝင်စားကြတယ်၊ မပန်းရုံဟာ သူ့ရဲ့ အသက် (၂၅)နှစ်မြောက် မွေးနေ့ကို ကြီးကြီးကျယ်ကျယ် ကျင်းပပြီး ဦးလေးတို့ သုံးယောက်တည်းက တစ်ယောက်ကို အိမ်ထောင်ဖက်အဖြစ် ရွေးချယ်မယ်လို့ ကြိုတင်ကြေငြာထားတယ် ''

ဟု ပြောရင်း အရက်သမားကြီးသည် မောလျှဟန်ဖြင့် ခဏမျှ နားလေ၏။ ထို့နောက် လူကြီးက ဆက်လက်၍





'' ဦးလေးတို့ဟာ မပန်းရုံရဲ့မျက်နှာရအောင် အလွန်အဖိုးတန်တဲ့ မွေးနေ့လက်ဆောင်တွေ အပြိုင်အဆိုင် လက်ဖွဲ့ကြတယ်၊ ဦးလေးက မိုးကုတ်မြို့ကိုတက်ပြီး အလွန်အရည်အသွေးကောင်းတဲ့ ပတ္တမြားကြီး တစ်လုံးကို ဈေးကြီးပေးဝယ်တယ်၊ ပြီးတော့ မပန်းရုံအတွက် အလွန်လက်ရာမြောက်ပြီး လှပတဲ့ ဘယက်ကြီးတစ်ကုံး လက်ဆောင်ပေးခဲ့တယ်၊ မောင်ကြီးနဲ့ချစ်ထူးကလည်း စက်သူဌေးသားနဲ့ ဖိနပ်လုပ်ငန်းရှင်သူဌေးသားပီပီ အကောင်းဆုံးဆိုတဲ့ လက်ဆောင်တွေကို လက်ဖွဲ့ခဲ့တယ်၊ ဒီလိုနဲ့ မပန်းရုံရဲ့ မွေးနေ့ပွဲကျင်းပမဲ့နေ့ကို ရောက်ခဲ့တယ်၊ မြို့ပေါ်က လူတွေအားလုံး အဲဒီနေ့ကို စိတ်ဝင်စားပြီး စောင့်ကြည့်ခဲ့တယ်၊ လူငယ်ကာလသားအများစုကတော့ ဦးလေးတို့ သူဌေးသား သုံးယောက်ကို အလွန်အားကျနေခဲ့တယ်၊ ဦးလေးတို့ဟာ အကောင်းဆုံး အဝတ်အစားတွေဝတ်ပြီး မပန်းရုံရဲ့ မွေးနေ့ပွဲကို တက်တယ်၊ အဲဒီညမှာ မပန်းရုံက သူ့ရဲ့တစ်သက်တာ လက်တွဲဖော်ကို ဖွင့်ဟပြီး ပြောဆိုခဲ့တယ် ''

ဟု ပြောရင်း မောလျှဟန်ဖြင့် တစ်ခဏမျှ နားလေ၏။ ပြီးနောက် ဆက်လက်၍

'' အဲဒီညက မပန်းရုံက ငါတို့ မထင်မှတ်တဲ့ လူတစ်ယောက်ကို သူ့ရဲ့လက်တွဲဖော်အဖြစ် ထုတ်ဖော်ပြီး ပြောပြခဲ့တယ်၊ မပန်းရုံရဲ့စကားကို ကြားရတော့ ငါတို့သူဌေးသားသုံးယောက်သာမကဘူး၊ မြို့ပေါ်က



www.burmeseclassic.com

www.burmeseclassic.com



လူကုံထံတွေအားလုံး အံ့ဩသွားကြတယ်၊ မပန်းရုံဟာ ငါတို့သုံးယောက်ကို လက်တွဲဖော်အဖြစ် မရွေးဘဲ အင်မတန်ဆင်းရဲနွမ်းပါးပြီး ဘယ်သူ့မှ ဆေးဖေါ်ကြောဖက်မလုပ်တဲ့ ကိုငွေအေးဆိုတဲ့ လူတစ်ယောက်ကို လက်ထပ်ဖို့ပြောခဲ့တယ်၊ တကယ်တော့ ကိုငွေအေးဆိုတာ မြို့ပြင်မှာနေထိုင်တဲ့ တံငါသည်တစ်ဦးပါပဲ၊ ဦးလေးတို့လို သူဌေးသား ပိုက်ဆံဝါးလားတွေကို လက်မထပ်ဘဲ တံငါသည်တစ်ယောက်ကို လက်ထပ်ဖို့ ဆုံးဖြတ်လိုက်တာ ဦးလေးတို့ နားမလည်နိုင်ပါဘူး၊ ဒါကြောင့် ဦးလေးတို့ သူဌေးသားသုံးယောက်ဟာ မပန်းရုံကို မကျေမချမ်းနဲ့ ပိုင်းဝန်းမေးမြန်းကြတယ်၊ ဒီတော့ မပန်းရုံက အဓိပ္ပါယ်ရှာရခက်တဲ့ အပြုံးနဲ့ ပြုံးလိုက်ပြီး ရှင်တို့ သူဌေးသား ပိုက်ဆံဝါးလားတွေကို စွန့်လွှတ်ပြီး ဆင်းရဲသားတစ်ယောက်ကို လက်ထပ်လိုက်ရခြင်းကတော့ ဖြေရှင်းရခက်တဲ့ ကျေးဇူးတရားကြောင့်ပါပဲ၊ ကျေးဇူးတရားဆိုတာ ဘဝဆိုတဲ့ ကိတ်မုန့်ပေါ်ကမလိုင်ခဲလိုပဲတဲ့ ''

ဟု ပြောရင်း မောလျှပန်ဖြင့် ခဏမျှနားပြန်၏။ လူငယ်သည် အရက်သမားကြီး၏စကားကို စိတ်ဝင်စားစွာ နားထောင်နေလေ၏။

အရက်သမားကြီးက ဆက်လက်၍

'' ဦးလေးတို့ သူဌေးသားသုံးယောက်ဟာ မပန်းရုံက ဦးလေးတို့ကို လက်မထပ်ဘဲ ဆင်းရဲသားတစ်ယောက်ကို လက်ထပ်လိုက်တာ အတော်မကျေမချမ်း ဖြစ်ခဲ့တယ်၊ အဲဒီတုန်းက ငယ်ရွယ်သူပီပီ မပန်းရုံ





ရဲ့ လုပ်ရပ်ဟာ ဦးလေးတို့ရဲ့ ဂုဏ်သိက္ခာကို ထိခိုက်စေတယ်ဆိုပြီး ဒေါမာန်ပွားခဲ့တယ်၊ တံငါသည် ဆင်းရဲသားကိုလည်း ရန်ငြိုးရန်စထားဖြစ်ခဲ့တယ်၊ ဒါကြောင့် ဦးလေးတို့သုံးယောက်ပေါင်းပြီး တံငါသည်ကို အရှက်ရအောင် နှိမ့်ချစော်ကားခဲ့တယ်၊ ဒါပေမဲ့ တံငါသည်ဟာ ဦးလေးတို့ မျှော်မှန်းသလို အဆိပ်မဲ့တဲ့ ရေမြွေမဟုတ်ဘူး၊ အဆိပ်ရှိတဲ့ မြွေဆိုးမြွေဟောက်တစ်ကောင်ဖြစ်နေတယ်၊ ဦးလေးတို့ဟာ တံငါသည် ဆင်းရဲသားကို လူပုံအလယ်မှာ ဂုဏ်သိက္ခာပျက်အောင် နည်းအမျိုးမျိုးနဲ့ လှောင်ပြောင်ပြီး ထိုးကြိတ်ခဲ့တယ်၊ တံငါသည်ဟာ ဦးလေးတို့ကို ပထမပိုင်းမှာ သည်းခံပြီးနေတယ်၊ နောက်တော့ နဂါးမှန်းသိအောင် အမောက်ထောင်ပြမယ်ဆိုပြီး သူဌေးသားမောင်ကြီးနဲ့ ချစ်ထူးရဲ့မျက်နှာကို ဒူးနဲ့တိုက်လိုက်တာ မောင်ကြီးရော ချစ်ထူးပါ သွားသုံးချောင်းစီ ကျွတ်ထွက်သွားတယ်၊ ဦးလေးရဲ့နားနှစ်ဖက်ကို လက်ဝါးနဲ့ရိုက်လိုက်တာ နားထဲက သွေးတွေထွက်ပြီး နှစ်ပေါင်းများစွာ နားလေးသွားခဲ့ရတယ်၊ နောက်တော့မှ စုံစမ်းသိရတာက တံငါသည်ဟာ အလွန်ကြောက်စရာကောင်းတဲ့ လက်ဝှေ့သမားတစ်ယောက်ဆိုပဲ ''

ဟု ပြောရင်း အရက်သမားကြီးသည် မောလျှပန်ဖြင့် ခဏနားပြန်၏။ ပြီးနောက် အရက်ပုလင်းရှိရာသို့ လက်လှမ်းလိုက်ပြီး

'' အရက်တစ်ငုံလောက် မသောက်ချင်သေးတယ် ''

ဟု ပြောလိုက်ရာ လူငယ်က ဖင်ကပ်သာကျန်ရှိသော အရက်



www.burmeseclassic.com

www.burmeseclassic.com



ပုလင်းကို လူကြီး၏ပါးစပ်၌ တေ့ပေးလေ၏။ လူကြီးသည် အရက်ကို သောက်လိုက်ပြီးနောက်

" ငါ့ရဲ့ပြိုင်ဘက် မောင်ကြီးနှင့်ချစ်တူးက သွားသုံးချောင်းစီ ကျွတ်တဲ့အချိန်ကစပြီး မပန်းရုံရဲ့နာမည်ကိုတောင် မကြားချင်တော့ဘူး။ ငါကတော့ တံငါသည်ရဲ့ရိုက်နှက်မှုကြောင့် နားပင်းတဲ့ဝေဒနာကို ခံစားရတယ်၊ လူတွေကြားရောက်တိုင်း ငါကိုယ်ငါ ဒုက္ခိတတစ်ယောက်လို ခံစားရတယ်၊ ဒီလိုခံစားရတိုင်း တံငါသည်ကို ဒေါမာန်ကြီးခဲ့တယ်၊ မပန်းရုံနဲ့ တံငါသည် လင်မယားကို လက်စားချေဖို့ ကြံရွယ်ခဲ့တယ်၊ ဒီလိုနဲ့ တစ်နေ့မှာ မပန်းရုံတို့ခြံကြီးရှေ့ကို မယောင်မလည်နဲ့ သွားကြည့်ရင်းနဲ့ လက်တွန်းလှည်းပေါ်က ကလေးတစ်ယောက်ကို တွေ့ရတယ်၊ ကလေးအနီးမှာ အစောင့်အကြပ်လည်း မရှိတာနဲ့ ကလေးကို ခိုးယူခဲ့တယ်၊ အဲဒီကလေးကတော့ လူလေးမောင်သီဟပါပဲ "

ဟု ပြောလေ၏။

လူငယ်သည် အရက်သမားကြီး၏စကားကြောင့် အံ့ဩသွားလေ၏။ အရက်သမားကြီးထံမှ နှစ်ပေါင်းများစွာ မေးမြန်းခဲ့သော လျှို့ဝှက်ချက်၏အဖြေကို ယနေ့ည သိရချေပြီ။

လူငယ်သည် အရက်သမားကြီးနှင့် ဆွေမျိုးတော်စပ်ခြင်းမရှိကြောင်း သိရသဖြင့် မိမိဘဝ၏ လျှို့ဝှက်ချက်ကို မကြာခဏ မေးမြန်း၏။





သို့သော် အရက်သမားကြီးက လျှို့ဝှက်ချက်တစ်ရပ်အနေ
သာ ထားရှိခဲ့လေ၏။

ယနေ့ညတော့ လျှို့ဝှက်ချက်၏အဖြေကို သိရချေပြီ။ အရ
သမားကြီးသည် မိမိကို ခိုးယူမွေးစားထားခြင်း ဖြစ်၏။

အရက်သမားကြီးသည် မိမိ၏မိဘများနှင့် ရန်ငြိုးရန်ဖက်မျ
ဖြစ်ခဲ့ကြ၏။ မည်သို့ပင်ဖြစ်စေ အရက်သမားလူကြီးသည် မိမိကို
ဖြစ်အောင် ကျွေးမွေးပြုစုခဲ့၏။

အရက်သမားလူကြီးက

" လူလေးရဲ့မိဘနှစ်ပါးကို လက်စားချေချင်စိတ်နဲ့ လူလေး
ခိုးယူခဲ့ပေမဲ့ ကိုယ့်သားသမီး အရင်းအချာလိုပဲ သဘောထားပြီး ေ
မွေး ပြုစုခဲ့ပါတယ်၊ လူလေးရဲ့မိဘနှစ်ပါးကို မုန်းတီးရွံ့ရှာပေမဲ့ လူေ
အပေါ်မှာတော့ ဘယ်လိုမှ မရက်စက်နိုင်ခဲ့ဘူး။ လူလေးအပေါ်မှာထား
ဦးလေးရဲ့သံယောဇဉ်က မိဘအရင်းတွေထက် မလျော့ပါဘူး "

ဟု ပြောလေ၏။ လူကြီး၏စကားကြောင့် လူငယ်က ခေ
တဆတ်ဆတ်ညိတ်၍

" ဦးလေးရဲ့မေတ္တာစေတနာကို ကျုပ်သဘောပေါက်ပါတ
ဘာပဲဖြစ်ဖြစ် ကျုပ်ကတော့ ဦးလေးကို ကိုယ့်ရဲ့မိဘအရင်းလို သဖ
ထားပါတယ် "

ဟု ပြောလေရာ အရက်သမားကြီးသည် လူငယ်၏စ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် မျက်လုံးဝင်းပကြည်လင်သွားပြီးလျှင်

" တကယ်ပြောတာလား လူလေးရယ်၊ လူလေးရဲ့စကားကို ကြားရလို့ ဦးလေးတော့ သေပျော်သွားပါပြီ၊ လူလေးဘဝရဲ့လျှို့ဝှက်ချက်ကို ဖွင့်မပြောခဲ့တာက တစ်နေ့နေ့မှာ အမှန်တွေကို လူကလေးသိရင် ဦးလေးကို မုန်းတီးရွံရှာသွားမှာ စိုးရိမ်လို့ပါ၊ တကယ်တော့ ဦးလေးမှားခဲ့တာပါ၊ ရန်ငြိုးရန်စတစ်ခုကို မီးပွားတစ်ခုလို မွေးထားမိလို့ မီးတောက်ကြီးဖြစ်သွားတာပါ၊ တကယ်တော့ လောကမှာ အရာအားလုံးဟာ ကံစီမံရာပါပဲကွာ၊ ဒီလိုအခြေအနေတွေဖြစ်အောင် ဦးလေးလုပ်ခဲ့တယ်လို့ထင်တယ်၊ တကယ်တော့ ဦးလေးလုပ်ခဲ့တာမဟုတ်ဘူးကွ၊ ကံတရားက အရာအားလုံးကို စနစ်တကျဖြစ်အောင် စီစဉ်သွားတာ၊ ဒီအချိန်ကစပြီး လူလေးဘဝရဲ့ အလှည့်အပြောင်းတစ်ခုဖြစ်ပြီ၊ ဦးလေးရဲ့ခေါင်းအုံးထဲမှာ လူလေးမိဘနှစ်ပါးရဲ့ အမည်နဲ့နေရပ်လိပ်စာကို ရေးသားထားတယ်၊ ဦးလေးသေသွားရင် လူလေးမိဘတွေဆီပြန်ပြီး အကျိုးအကြောင်းကို ပြောပြပါ၊ ဦးလေးရဲ့ ခေါင်းအုံးထဲမှာ လူလေးငယ်စဉ်က ဆွဲတဲ့ ခေါင်းရုပ်ဆွဲပြားနဲ့ ဆွဲကြိုးလေးရှိတယ်၊ လူလေးမိဘတွေနဲ့တွေ့ရင် ခေါင်းရုပ်ဆွဲပြားနဲ့ ဆွဲကြိုးကိုပြပါ၊ ဒါဆိုရင် လူလေးကို သူတို့ ကောင်းကောင်းမှတ်မိမှာပါ "

အရက်သမားကြီးသည် ပြောရင်း မောလျှာန်ဖြင့် မျက်လုံးများ မှိတ်စက်လိုက်လေ၏။ သီဟက အရက်သမားကြီးကို ပွေ့ပင်သောကစိတ်





ဖြင့် ရှူးစိုက်ကြည့်နေစဉ် အရက်သမားကြီးသည် ညင်သာစွာ အသက်ထွက်သွားလေ၏။

သီဟသည် အရက်သမားကြီးကို လှုပ်ယမ်း၍ မရတော့သဖြင့် သေဆုံးပြီဟု အသိဝင်ကာ ဝမ်းပန်းတနည်း ရှိုက်ငိုလိုက်လေတော့၏။

သူ၏ မွေးစားဖခင်ကြီး ကမ္ဘာမြေက ထွက်ခွာသွားချေပြီ။



www.burmeseclassic.com

www.burmeseclassic.com



သီဟ၏မွေးစားဖခင်ဖြစ်သော အရက်သမားကြီး၏ ဇာတ်ပနသည် ခမ်းနားသိုက်မြိုက်ခြင်းမရှိဘဲ ပြီးဆုံးသွားခဲ့၏။ သီဟသည် ဖခင်ရက်လည်ပြီးသောအခါ ၎င်းပြောဆိုခဲ့သော ခေါင်းအုံးကလေးကို ခွဲလိုက်၏။

ထိုအခါ ခေါင်းအုံးထဲတွင် ဒေါင်းရုပ်ဆွဲပြားနှင့် ဆွဲကြိုးငယ်လေးကို တွေ့ရ၏။ စက္ကူခေါက်ကလေးတစ်ခုကို ဖွင့်လိုက်သောအခါ သူ၏မိဘအရင်းများ၏ အမည်နှင့်နေရပ်လိပ်စာကိုလည်း တွေ့ရှိရ၏။

သူသည် မွေးဖခင် အရက်သမားကြီး၏ ရန်ငြိုးကြောင့် မိဘရင်းခြာများနှင့် ရှင်ကွဲကွဲခဲ့ရ၏။ ယခု မိဘများက မိမိကိုမြင်လျှင် သားသမီးရင်းခြာဟု အသိအမှတ်ပြုပါ့မလား မသိ။





မည်သို့ပင်ဖြစ်စေ သူ၏မိဘအရင်းအခြာများကို ကိုယ်တိုင်မြင်တွေ့ချင်သော ဆန္ဒရှိ၏။ ထို့ကြောင့်ပင် ဆိပ်ကမ်းမြို့ကလေးမှ ထွက်ခွာရန် ပြင်ဆင်လေ၏။

သီဟသည် အထုပ်အပိုးများကို ပြင်ဆင်၍ မြို့ကလေးမှ ထွက်ခဲ့လေ၏။ သူသည် မြို့များ တစ်မြို့ပြီးတစ်မြို့ ဖြတ်သန်းပြီး မြန်မာပြည်အလယ်ပိုင်းရှိ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးသော မြို့ကြီးတစ်မြို့သို့ ရောက်ရှိခဲ့လေ၏။

ထိုမြို့၌ သူ၏မိဘနှစ်ပါးရှိ၏။ သူ၏မိဘများသည် ထိုမြို့၏ အချမ်းသာဆုံး လူကုံထံများဖြစ်၏။ သီဟသည် မိဘရင်းခြာများနှင့် တွေ့ဆုံတော့မည်ဆို၍ သူ၏စိတ်များ လှုပ်ရှားနေ၏။

သီဟသည် မိုက်ထဲတွင် ဆာလောင်နေသော်လည်း မိဘများနှင့် တွေ့ဆုံရန် စိတ်စောနေသဖြင့် ထမင်းဆိုင်သို့ မဝင်သေးဘဲ မြို့ခွန်ရှိ မိဘများ၏အိမ်သို့ ထွက်ခဲ့၏။

သီဟသည် လှပ်စွာမြင့်မားသော အုတ်တံတိုင်းကြီးများ ကာရံထားသော အိမ်ကြီးသို့ ရောက်လာ၏။

ထိုအုတ်တံတိုင်းကြီး ကာရံထားသော အနောက်တွင် လှပ်စွာကြီးမားသော တိုက်အိမ်ကြီးရှိ၏။ ခြံဝင်းကြီးထဲတွင်လည်း သစ်ပင်ပန်းမန်များ စိုစိုလင်လင် ရှိနေလေ၏။

သီဟသည် မိဘများ၏အိမ်ကြီးရှေ့တွင် ရပ်၍ ကြီးမားခံ့ထည်



www.burmeseclassic.com

www.burmeseclassic.com



သော တံခါးကြီးကို ငေးမောကြည့်နေလေ၏။ သီဟသည် မိဘရင်းခြာများနှင့် တွေ့ရတော့မည်ဆိုပြီး အလွန်စိတ်လှုပ်ရှားနေ၏။

ဤမျှချမ်းသာကြွယ်ဝသော မိဘများသည် နှစ်ပေါင်းများစွာ ပျောက်ဆုံးနေသော သားတစ်ယောက်ကို သားအရင်းဟု အလွယ်တကူ ယုံကြည်လက်ခံပါ့မလား မသိ။

သူ၏အိတ်ထဲတွင် ငယ်စဉ်ကဆွဲထားသော ဒေါင်းရုပ်ဆွဲပြားနှင့် ဆွဲကြိုးကလေးပါရှိ၏။ ထိုပစ္စည်းများသည် မိဘများနှင့်တွေ့ဆုံလျှင် အကောင်းဆုံးသက်သေများပင်ဖြစ်၏။

သီဟသည် ခြံတံခါးကြီးရှေ့တွင်ရပ်၍ အိမ်ကြီးကို ငေးမောကြည့်ရှုနေလေ၏။ ထိုအခိုက်မှာပင် ခြံတံခါးကြီးဖွင့်သွားပြီး လွန်စွာသန်မာသော လူထွားကြီးတစ်ယောက်ထွက်လာကာ

“ ဟေ့ကောင်လေး၊ အိမ်ရှေ့မှာ ဘာလုပ်ဖို့ ရပ်ကြည့်နေတာလဲ၊ ခြံရှေ့က ထွက်သွားစမ်း ”

ဟု မောင်းနှင်ထုတ်လေ၏။ သီဟသည် လူထွားကြီး၏မောင်းနှင်မှုကြောင့် သက်ပြင်းချ၍

“ ဘာမှမလုပ်ပါဘူးဗျာ၊ အိမ်ကြီးက လှလွန်းလို့ ငေးကြည့်နေတာပါ၊ ဒီလောက်ကြီးပြီး လှပတဲ့အိမ်ကြီးကို ကျုပ်တစ်သက်မှာ လုံးဝမမြင်ဖူးဘူး ”

ဟု ပြောလေ၏။ ထိုအခါ လူထွားကြီးက လူငယ်ကို အတင်း





အကြပ်ပင် အိမ်ရှေ့မှ မောင်းနှင်ထုတ်လေ၏။

သီဟသည် လူထွားကြီး၏ မောင်းနှင်မှုကြောင့် မိဘများ၏ အိမ်ရှေ့မှ ထွက်ခဲ့လေတော့၏။ သီဟသည် ဗိုက်ထဲတွင် အလွန်ဆာနေသဖြင့် ထမင်းဆိုင်သို့သွားကာ ညနေစာ စားလေ၏။

ထို့နောက် ထမင်းဆိုင်ရှင်လူကြီး၏ လမ်းညွှန်မှုကြောင့် စေတီလေး၌ သွားရောက်အိပ်စက်လေ၏။ သီဟသည် နောက်တစ်နေ့သို့ ရောက်သောအခါ အိပ်ရာမှထ၍ မိဘများ၏ အိမ်ကြီးရှေ့သို့ ရောက်သွားပြန်၏။

သူသည် အိမ်ကြီးနှင့် မလှမ်းမကမ်းတွင် ထိုင်၍ လူအရိပ်အခြည်ကို ကြည့်လေ၏။ ထိုအခိုက်မှာပင် အိမ်ကြီး၏တံခါးပွင့်လာပြီး ခြံထဲမှ စက်ဘီးစီး၍ ထွက်လာသော ရွယ်တူလူငယ်တစ်ဦးကို တွေ့ရ၏။

ထိုလူငယ်သည် အဖြူရောင်ဘောင်းဘီတိုနှင့် စွပ်ကြယ်ကို ဝတ်ဆင်ထားပြီး ကျောတွင် ကြက်တောင်ရိုက်တန်ကို သိုင်းလွယ်ထား၏။

သီဟသည် လူငယ်ကို ကြည့်ရှုနေစဉ် လူငယ်၏စက်ဘီးသည် လမ်းပေါ်တွင် သွားလာနေသော အမယ်အိုကြီးတစ်ယောက်ကို တိုက်မိမလို ဖြစ်သွားပြီး အမယ်အိုကြီး လမ်းပေါ်သို့ ယိုင်လဲကျသွားလေ၏။

စက်ဘီးစီးလာသော လူငယ်သည် လဲကျသွားသော အမယ်အိုကြီးကို ကြည့်၍ စက်ဘီးကိုရပ်တန့်လိုက်ပြီး

“ အဘွားကြီး၊ စက်ဘီးလာတာမမြင်ဘူးလား၊ သေချင်လို့



www.burmeseclassic.com

www.burmeseclassic.com



လား၊ အလျော်တော့မရဘူး၊ ငရဲပြည်ရောက်သွားမယ် ''

ဟုရိုင်းစိုင်းစွာပြောလေ၏။

သီဟသည် အဘွားအရွယ် အမယ်အိုကြီးအပေါ် ရက်စက်သော လူငယ်ကို မကျေမနပ်ဖြစ်သွား၏။

လူငယ်သည် အမယ်အိုကြီးကို ရိုင်းပြစွာပြောဆိုပြီး စက်ဘီးကိုနင်း၍ထွက်ခွာသွားလေ၏။

သီဟသည် လူငယ်ထွက်ခွာသွားသောအခါ အမယ်အိုကြီးကို ဂရုဏာသက်လှ၍ မွေ့ထူလိုက်ပြီး

'' အဘွား ဘယ်လိုနေသေးလဲ၊ လမ်းလျှောက်နိုင်ရဲ့လား ''

ဟုမေးမြန်းလေရာ အဘွားအိုက တစ်လှမ်းနှစ်လှမ်းစမ်းလျှောက်ပြီးနောက်

'' လမ်းလျှောက်လို့ရတယ်လူလေး၊ အိမ်နီကြီးက ကလေးကတော့ မိုက်ရိုင်းလိုက်တာကွယ်၊ လူကလေးနဲ့စိတ်ခတ်ချင်းကွာခြားလိုက်တာ၊ အင်းပေါ့လေ၊ မနေ့ကျကြောင့် အရာရာလိုတရဖြစ်နေတော့ ရိုင်းပြတော့မှာပေါ့၊ မိဘရဲ့အဆုံးအမလည်း ရှိပုံမရဘူး ''

ဟုရေရွတ်လေ၏။ သီဟသည် မိဘနှစ်ပါး၏ အကြောင်းကို ကြားရသဖြင့် စိတ်လှုပ်ရှားသွားပြီး

'' စက်ဘီးစီးတဲ့လူရဲ့နာမည်က ဘယ်လိုခေါ်သလဲအဘွား၊ သူဟာ အိမ်နီကြီးနဲ့ ဘယ်လိုပတ်သက်လဲ ''





ဟုမေးမြန်းလေ၏။ ထိုအခါ အဘွားအိုက သက်ပြင်းချ၍

'' စက်ဘီးစီးတဲ့လူငယ်ရဲ့နာမည်က မောင်ရွှေမြတဲ့၊ နာမည်နဲ့လိုက်အောင် ဘဝင်မိုးကိုရောက်နေတဲ့ ကလေးပေါ့၊ မောင်ရွှေမြဟာ ကိုငွေအေးနဲ့မပန်းရုံရဲ့သားလေ ''

ဟုပြောလေရာ သီဟသည် လွန်စွာအံ့ဩသွားလေ၏။ စက်ဘီးစီးလာသော လူငယ်သည် မိမိ၏ညီတော်စပ်နေ၏။

မိမိ၏ညီအရင်းသည် ဤမျှ ရိုင်းပြနေသဖြင့် အလွန်စိတ်ပျက်သွားမိ၏။ မိဘနှစ်ပါးသည် လူငယ်ကို ဤမျှရိုင်းပြအောင် အလိုလိုက်ထားခြင်းကို အံ့ဩနေမိ၏။

သီဟသည် အဘွားအိုကို တဲအိမ်ကလေးသို့ တွဲပို့လေ၏။ အဘွားအိုသည် တဲငယ်လေး၌ သမီးတစ်ယောက်နှင့်နေထိုင်သူဖြစ်၏။

အဘွားအိုက တဲအဲတွင်းသို့ ခေါ်၍ သီဟအား ကောက်ညှင်းပေါင်းများကျွေး၍ ဘဝနောက်ကြောင်းကို မေးမြန်း၏။

သီဟက မိမိ၏ဘဝမှန်ကို လျှို့ဝှက်ထားလိုသေးသဖြင့် မိဘများသေဆုံးခြင်းကြောင့် ဤမြို့သို့ အလုပ်ရှာရန် ထွက်ခဲ့ကြောင်း ပြောလေ၏။

ထိုအခါ အဘွားအိုက မြို့စွန်တွင် စိုက်ပျိုးရေးလုပ်နေသော သူမ၏မောင်တစ်ဦးရှိကြောင်း ပြောလေ၏။

အဘွားအိုက မောင်ဖြစ်သူ၏ခြံတွင် အလုပ်ရနိုင်ကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ပြောလေ၏။

သီဟသည် မိဘရင်းခြာများနှင့်မတွေ့ရမီ အလုပ်တစ်ခုရှိရန်လိုသဖြင့် စိုက်ပျိုးရေးခြံတွင် အလုပ်လုပ်ရန် သဘောတူလေ၏။

ဤသို့ဖြင့် သီဟသည် မြို့စွန်ရှိ စိုက်ပျိုးရေးခြံသို့ရောက်သွားလေ၏။ ထိုခြံရှိ ဥယျာဉ်သမားလူကြီးက

'' အရင်တုန်းကတော့ ခြံထဲမှာ ငါတစ်ယောက်တည်းလုပ်နေတာပါ၊ အခုတော့ အသက်ကလေးရလာပြီဆိုတော့ ငါတစ်ယောက်တည်း မနိုင်တော့ဘူး၊ ငါ့ခြံမှာ မင်းအလုပ်လုပ်မယ်ဆိုရင်တော့ ထမင်းကျွေးမယ်၊ လုပ်အားခကိုတော့ သတ်သတ်မှတ်မှတ် မပေးနိုင်ဘူး၊ ငါကခြံအလုပ်အပြင် တစ်ပတ်မှာတစ်ရက် အိမ်နီကြီးမှာ အလုပ်သွားလုပ်ရတယ် ''

ဟုပြောလေရာ သီဟသည် အိမ်နီကြီးဆိုသောအမည်ကိုကြား၍ စိတ်ဝင်စားသွားပြီး

'' အိမ်နီကြီးမှာ ဦးလေးက ဘာအလုပ်သွားလုပ်ရတာလဲ ''

ဟုမေးမြန်းလေ၏။

ထိုအခါ လူကြီးက ရေနွေးကြမ်းတစ်ခွက်ကို ငုံ့သောက်ရင်း

'' အိမ်နီကြီးရဲ့ပိုင်ရှင် ဒေါ်ပန်းရုံဟာ အမည်နဲ့လိုက်အောင် ပန်းတွေကို ချစ်တယ်၊ ပန်းတွေကို ချစ်တယ်ခိုတာထက် မြတ်နိုးတယ်ဆိုရင် ပိုလေးနက်မလားမသိဘူး၊ ဒေါ်ပန်းရုံဟာ ပန်းတွေကို သက်ရှိသတ္တဝါ





တွေလိုသဘောထားတယ်၊ သူ့ကို နားမလည်ရင် စိတ္တဇဖြစ်နေတယ်လို့တောင် ယူဆကြလိမ့်မယ်၊ သူဟာ အားလပ်တဲ့အချိန်တွေမှာ ပန်းကလေးတွေနဲ့ စကားပြောတယ်၊ ပန်းတွေကို ကဗျာရွတ်ပြတတ်တယ်''

ဟုပြောလေရာ မောင်သီဟက မိခင်၏အပြုအမူကို အံ့ဩသွားပြီး

'' ဟင်... ပန်းတွေကို ကဗျာရွတ်ပြတယ်ဟုတ်လား၊ ပန်းတွေကို ကဗျာရွတ်ပြတော့ ဘာအကြောင်းထူးမှာလဲ ''

ဟုမေးမြန်းလေ၏။ ထိုအခါ ဥယျာဉ်သမားလူကြီးက သက်ပြင်းချ၍

'' လူတွေအားလုံး ဒီလိုပဲထင်ကြတယ်ကွ၊ ဒါကြောင့် ဒေါ်ပန်းရုံဆီမှာ အလုပ်လုပ်တဲ့ဥယျာဉ်မှူးတွေ တစ်ယောက်ပြီးတစ်ယောက်ထွက်သွားကြရတာယ်၊ ပန်းပင်ရေလောင်းရုံ၊ ပေါင်းသင်ရုံလောက်ပဲ တတ်တဲ့လူတွေဟာ ဥယျာဉ်မှူးအလုပ်မှာ အကြာကြီးမလုပ်နိုင်ဘူး၊ တကယ်တော့ ဥယျာဉ်မှူးတစ်ယောက်မှာ အင်မတန်လေးနက်တဲ့ စိတ်အလုပ်တွေရှိနေတယ်ဆိုတာ လူအများသဘောမပေါက်နိုင်ကြဘူး၊ ဒေါ်ပန်းရုံနဲ့ငါဟာ ဒီအကြောင်းတွေကို အများကြီးဆွေးနွေးခဲ့ဖူးတယ်၊ ဒေါ်ပန်းရုံဟာ ငါ့အတွေးအခေါ်တွေကို ကြားတဲ့အခါ အလွန်သဘောကျသွားပြီး သူ့ဆီမှာ ဥယျာဉ်မှူးလုပ်ဖို့ ကမ်းလှမ်းခဲ့တယ်၊ ဒါပေမဲ့ မိန်းမတစ်ယောက်ရဲ့လက်အောက်မှာ ဘယ်တော့မှ အလုပ်မလုပ်ဖူးလို့ ဆုံး



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်ထားတဲ့ငါ့ကို ဒေါ်ပန်းရုံ ဘယ်လိုမှ မစည်းရုံးနိုင်ခဲ့ဘူး၊ ဒေါ်ပန်းရုံဟာ မက်လောက်စရာ ငွေကြေးတွေ ငါ့ကိုအများကြီးပေးပြီး သူ့ဆီမှာ အလုပ်လုပ်ဖို့ ကမ်းလှမ်းခဲ့တယ် ''

ဟုပြောလေ၏။ သီဟာက ဥယျာဉ်မှူးကြီးကိုကြည့်၍

'' ဒေါ်ပန်းရုံရဲ့ယောက်ျား မရှိဘူးလား ''

ဟုမေးမြန်းလေ၏။

ထိုအခါ ဥယျာဉ်မှူးကြီးက ခေါင်းခါယမ်း၍

'' ဒေါ်ပန်းရုံရဲ့ယောက်ျား လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်လောက်ကတည်းက သေဆုံးခဲ့ပြီးပါပြီ ''

ဟုပြောလေရာ သီဟာသည် ဖခင်ဖြစ်သူ သေဆုံးသွားပြီဆို၍ ရင်ထဲတွင် လစ်ဟာသွားလေ၏။

သူသည် လူ့လောကသို့ ရောက်ရှိခဲ့သော်လည်း ဖခင်ရင်းခြာ၏ မျက်နှာကို မြင်တွေ့ခွင့်မရတော့ချေ။ မိခင်ဖြစ်သူကိုသာ တွေ့ဖို့ အခွင့်အရေးရှိတော့၏။

သီဟာသည် ဥယျာဉ်မှူးကြီးထံတွင် မိခင်နှင့်ပတ်သက်၍ ထပ်မံမေးမြန်းရန် ဆုံးဖြတ်လိုက်၏။ ထို့ကြောင့်

'' ဒေါ်ပန်းရုံမှာ သားသမီးတွေမရှိဘူးလား ''

ဟုမေးမြန်းလိုက်၏။

ဥယျာဉ်မှူးကြီးက မျက်မှောင်ကြုတ်၍





'' သားသမီးနဲ့ပတ်သက်ပြီး ဒေါ်ပန်းရုံဟာ အတော်ကံဆိုးတယ်ကွ၊ ဒေါ်ပန်းရုံရဲ့ တစ်ဦးတည်းသောသားကလေးဟာ အခါလည်သားအရွယ်မှာ ထူးဆန်းစွာပျောက်ဆုံးသွားတယ်၊ အဲဒီတုန်းက ဒေါ်ပန်းရုံဟာ သားဖောနဲ့အတော် အရှုံးမီးဝိုင်းဖြစ်ခဲ့တယ်၊ ပျောက်ဆုံးသွားတဲ့ကလေးကို ပြန်ရဖို့ လူအင်အား၊ ငွေအင်အားတွေသုံးပြီး ရှာဖွေခဲ့ပေမဲ့ကလေးကတော့ ပျောက်ခြင်းမလှ ပျောက်ဆုံးခဲ့တယ်၊ နောက်တော့ဒေါ်ပန်းရုံဟာ ခင်ပွန်းမရှိတဲ့နောက်မှာ မြို့ထဲက မိဘမဲ့ကလေးတစ်ယောက်ကို မွေးစားခဲ့တယ်၊ ဒီကလေးဟာ အလွန်ဆင်းရဲနွမ်းပါးတဲ့မိသားစုတစ်စုက ကလေးပါ၊ အခုတော့လည်း ဒီကလေးဟာ ဒေါ်ပန်းရုံရဲ့ မွေးစားသားအဖြစ်နဲ့ ရွှေပေါ်မြတင်ဖြစ်နေပြီ ''

ဟုပြောလေရာ သီဟာသည် အဘွားအိုကို စက်ဘီးနှင့်တိုက်မိမတတ်ဖြစ်သွားသော ရိုင်းပြသော လူငယ်ကိုသတိရလေ၏။

ထိုလူငယ်သည် မိခင်၏မွေးစားသားဖြစ်နေလေ၏။ သီဟာသည် မိခင်နှင့်ပတ်သက်၍ မေးမြန်းစုံစမ်းလိုသေး၏။ ထို့ကြောင့်

'' ဒေါ်ပန်းရုံဆိုတဲ့ အမျိုးသမီးကြီးဟာ ဘာအလုပ်လုပ်သလဲ ''

ဟုမေးမြန်းလေ၏။ ထိုအခါ ဥယျာဉ်မှူးကြီးက သက်ပြင်းချ၍

'' ဒေါ်ပန်းရုံဟာ အတော်ထူးဆန်းတဲ့မိန်းမတစ်ယောက်ပဲ၊ ငါတို့တစ်သက်မှာ သူစီးပွားရေးလုပ်တာ တစ်ကြိမ်တစ်ခါမှ မတွေ့ဖူးဘူး၊ ဒါပေမဲ့ ဒေါ်ပန်းရုံဟာ သူဌေးသူကြွယ်တစ်ဦးထက် အများကြီးပိုပြီး



www.burmeseclassic.com

www.burmeseclassic.com



ပိုက်ဆံသုံးစွဲတယ်၊ ဒါကြောင့် ဒီမြို့မှာ ဒေါ်ပန်းရုံထက် ချမ်းသာတဲ့လူ မရှိဘူးလို့ တွက်ဆကြတယ်၊ ဒေါ်ပန်းရုံဟာ အလှူအတန်းကိစ္စနဲ့ကြုံရင် ဒီမြို့က သူဌေးတွေထက် ၂ဆပိုပြီး လှူဒါန်းတယ်၊ နောက်ပြီးတော့ ဒေါ်ပန်းရုံဟာ ပန်းတွေနဲ့ပတ်သက်ရင် ပိုက်ဆံကို အတိုင်းအဆမရှိ သုံးစွဲတယ်၊ တစ်ခါတုန်းက ပြင်သစ်လူမျိုးတစ်ယောက်ဆီက အဖိုးတန်ပန်းပင် တစ်ပင်ကို ရွှေတစ်ဆယ်သားနဲ့လဲလှယ်ပြီး ဝယ်ယူခဲ့တယ်၊ အဲဒီပန်းပင် ဟာ သူ့လက်ထဲမှာ ၃-ရက်ပဲခံတယ်၊ ဒါပေမဲ့ ပန်းတွေနဲ့ပတ်သက်ပြီး ဘယ်တော့မှ မနှမြောတတ်ဘူး၊ သူ့ဆီမှာ အလုပ်လုပ်တဲ့ဥယျာဉ်မှူးတွေ ဟာ မပန်းရုံရဲ့ပန်းတွေကို မပြုစုရဲလို့ ဒီမြို့ကထွက်ပြေးရတာများတယ်၊ တစ်ခါတုန်းက အဖိုးတန်ပန်းပင်တစ်ပင်ကို သေဆုံးအောင်လုပ်တဲ့ ဥယျာဉ်မှူးတစ်ယောက်ကို သေနတ်နဲ့အသေပစ်သတ်ဖို့ ကြံရွယ်ဖူး တယ် ''

ဟုပြောလေရာ သီဟသည် မိခင်ဖြစ်သူ၏ ထူးဆန်းသောစရိုက် များကို အံ့ဩစွာနားထောင်လေ၏။ ထို့နောက် သီဟက

'' ဒေါ်ပန်းရုံနဲ့ ဦးလေး ဘယ်လိုရင်းနှီးသွားတာလဲ ''

ဟုမေးမြန်းလေ၏။

ထိုအခါ ဥယျာဉ်မှူးကြီးက အဝေးဆီသို့ ငေးကြည့်၍

'' ဒေါ်ပန်းရုံနဲ့ဦးဟာ တစ်မြို့တည်းမှာ နေထိုင်ပေမဲ့ တစ်ယောက် နဲ့တစ်ယောက် မသိကျွမ်းကြဘူး၊ ဒေါ်ပန်းရုံဟာ ဖဲ့လို သီးပင် စားပင်တွေ





ကို စိုက်ပျိုးစားသောက်တဲ့လူတစ်ယောက်ကို အထင်မကြီးဘူး၊ ဒါပေမဲ့ တစ်နေ့မှာ ဒေါ်ပန်းရုံ စီးလာတဲ့ရထားလုံးဟာ ဝါ့ခြံရှေ့က ဖြတ်သွား တယ်၊ ဒေါ်ပန်းရုံဟာ ဝါ့ခြံထဲက ပန်းလေးတစ်ပွင့်ကိုမြင်ပြီး ရထားလုံးပေါ် က အထိတ်တလန့်ဆင်းလာတယ်၊ အဲဒီပန်းကတော့ ဝါ ကိုယ်တိုင် ရိုးမတောထဲက ခက်ခက်ခဲခဲ ရှာဖွေလာတဲ့ အင်မတန်ရှားပါးတဲ့ တောပန်း လေးတစ်ပွင့်ပဲ၊ ဒေါ်ပန်းရုံဟာ ပန်းတွေနဲ့ပတ်သက်ရင် အင်မတန် ရူးသွပ်တယ်၊ ဝါ့ဆီက တောပန်းကလေးကို ဈေးအမြင့်ဆုံးပေးပြီး ဝယ်ယူတယ်၊ ဝါဟာ အဲဒီတုန်းက ဒေါ်ပန်းရုံရဲ့ ငွေနဲ့ပေါက်တဲ့စိတ်ဓာတ် ကို မကြိုက်လို့ မရောင်းခဲ့ဘူး၊ နောက်တစ်နေ့ရောက်တော့ ပန်းဝါသနာ အိုးချင်း ကိုယ်ချင်းစာပြီး အင်မတန်ရှားပါးတဲ့ပန်းပင်ကို ဒေါ်ပန်းရုံအတွက် လက်ဆောင်ပို့ပေးခဲ့တယ်၊ အဲဒီအချိန်ကစပြီး ဒေါ်ပန်းရုံနဲ့ဝါဟာ ခင်မင် ရင်းနှီးသွားခဲ့တယ်၊ နောက်တော့ ပန်းတွေနဲ့ပတ်သက်တဲ့ အယူအဆ အတွေးအခေါ်တွေကို အပြန်အလှန်ပြောရင်း တစ်ယောက်နဲ့တစ် ယောက် နားလည်လာတယ်၊ ဒီအချိန်ကစပြီး ဒေါ်ပန်းရုံရဲ့ပန်းဥယျာဉ် ကို တစ်ပတ်တစ်ကြိမ်သွားပြီး ပြုစုစောင့်ရှောက်ပေးခဲ့တယ်၊ အဲဒီအတွက် အခကြေးငွေမယူပါဘူး ''

ဟု ပြောလေရာ သီဟသည် မိခင်နှင့်ပတ်သက်သော အကြောင်း အရာများကို သိခွင့်ရ၍ လွန်စွာ စိတ်လှုပ်ရှားသွားလေ၏။ လူကြီးက ဆက်လက်၍



www.burmeseclassic.com

www.burmeseclassic.com



" ဒေါ်ပန်းရုံဟာ ပန်းပင်တွေကို ဝါကြည့်ရှုပေးတဲ့အချိန်ကစပြီး ဥယျာဉ်မှူးမထားတော့ဘူး၊ ခြံထဲမှာ ခိုင်းစေဖို့ အလုပ်သမားပဲ ထား တော့တယ်၊ နောက်တစ်ကြိမ် ဒေါ်ပန်းရုံရဲ့ခြံကြီးကိုသွားရင် မင်းကို ခေါ် သွားမယ် "

ဟု ပြောလေရာ သီဟသည် မိခင်၏အိမ်နီကြီးသို့ စိတ်လှုပ်ရှား သွားလေ၏။ ထို့ကြောင့် စိတ်အားတက်ကြွဟန်ဖြင့် အိမ်နီကြီးသို့ သွား ရမည့်နေ့ကို စောင့်မျှော်နေလေ၏။

သီဟသည် ဥယျာဉ်မှူးလူကြီး၏ အလုပ်များကို အားကြိုးမာန် တက် လုပ်ကိုင်ပေးလေ၏။ ထို့ကြောင့် လူကြီးသည် သီဟကို သဘော ကျကြောင်း မကြာခဏ ချီးမွမ်းလေ၏။

သီဟသည် အားလပ်သည့်အချိန်များတွင် သိုင်းလေ့ကျင့်ခန်း များကို လေ့ကျင့်နေတတ်၏။ လူကြီးသည် သိုင်းလေ့ကျင့်နေသော သီဟကိုကြည့်၍

" ကိုယ်ခံပညာလေ့ကျင့်နေလားဟေ့၊ ကောင်းတယ်ကွ၊ လောကမှာ လူတွေဟာ ငြိမ်းချမ်းရေးကို အလိုရှိတယ်လို့ ပြောဆိုကြ တယ်၊ မေတ္တာတရားကို ရှေ့ထားပြီး သည်းခံစိတ်မွေးရမယ်လို့လဲ ပြော တတ်တယ်၊ ဒါပေမဲ့ တစ်ခါတစ်ရံတော့ ငြိမ်းချမ်းရေးရဖို့အတွက် မေတ္တာ တရားကို ရှေ့ထားရုံနဲ့မရဘူး၊ ရန်းကန်တိုက်ခိုက်ရတဲ့အခါမျိုးတွေရှိ တယ်၊ ဒီအခါမှာ တိုက်ခိုက်ရေးပညာတွေက အသုံးဝင်လာတတ်တယ်၊





ဒါကြောင့် ယောက်ျားတစ်ယောက်ဟာ ကိုယ်ခံပညာကို တတ်ကျွမ်းဖို့ လိုအပ်တယ် "

ဟု ပြောလေ၏။ သီဟသည် ကိုယ်ခံပညာလေ့ကျင့်ရင်း ထိုပညာ များကို သင်ကြားဖြစ်သော အကြောင်းကို ပြန်လည်မြင်ယောင်လာ၏။

တစ်ညသ၌ မွေးဖခင် အရက်သမားကြီးသည် အရက် သောက် ဖော် သောက်ဖက် လူကြီးတစ်ဦးကို ခေါ်လာ၏။ ထို့နောက် တစ်ညလုံး သောက်ကြပြန်၏။

နောက်တစ်နေ့သို့ရောက်လျှင် ညသည်လူကြီးသည် အရက် နာကျ၍ အိပ်ရာထဲ၌ မထနိုင်ဘဲရှိလေ၏။ သီဟသည် အရက်နာကျ နေသော လူကြီးကို ပြုစုရန် ပြင်ဆင်လေ၏။

ထိုအခိုက်မှာပင် လူကြီးက လက်ကာပြ၍ အိပ်ရာ၄( )ကာ

" ငါ့ကို ဘယ်လိုမှမပြုစုနဲ့၊ ငါ့အတွက် အရက်နာ(.ျ)ဟာကို ကုစားဖို့ နည်းလမ်းရှိတယ် "

ဟု ပြောကာ အိမ်ရှေ့ရှိ ကွက်လပ်သို့ လျှောက်သွားလေ၏။ ထို့နောက် ခြေနှစ်ဖက်ကို ခွဲ၍ရပ်ကာ တစ်ကိုယ်တည်း သိုင်းကစားနေ လေ၏။

သီဟသည် လူကြီးသိုင်းကစားနေခြင်းကို စိတ်ဝင်စား၍ တစ်ချ တသြ ကြည့်ရှုလေ၏။

သိုင်းသမားလူကြီးသည် အတန်ကြာအောင် သိုင်းကစားပြီး



www.burmeseclassic.com

www.burmeseclassic.com



နောက် ခန္ဓာကိုယ်မှ မွှေးသီးမွှေးပေါက်များ ကျလာလေ၏။ ထို့နောက် သိုင်းကစားခြင်းကို ရပ်ဆိုင်းလိုက်ပြီး အရက်နာကျခြင်းများ ပျောက်ဆုံးသွားပြီ ဆို၏။

သိုင်းသမားလူကြီး၏အမည်မှာ ဦးတေဟူ၍ဖြစ်ပြီးဦးတေသည် ယခင်က နာမည်ကျော်ကြားသော သိုင်းဆရာကြီးဖြစ်သည်ဆို၏။ ဦးတေသည် မယားဖြစ်သူ သေဆုံးပြီးနောက် အရက်သမားကြီးအဖြစ် မပေတလေလွင့်ကာ တစ်မြို့ပြီးတစ်မြို့ ခြေဦးတည်ရာ သွားလာနေခဲ့၏။

ယခု သီဟ၏ မွေးစားဖခင် အရက်သမားကြီးနှင့် ပေါင်းသင်းမိပြီး ဇင်းတို့နှစ်ဦးသည် ညီအစ်ကိုရင်းသဖွယ် ခင်မင်သွားလေ၏။ ထိုအချိန်မှစ၍ ဦးတေသည် မောင်သီဟတို့တွင် သုံးနှစ်နီးပါး နေထိုင်ခဲ့၏။

သီဟသည် ဦးတေကို ဝတ်ကြီးဝတ်ငယ်ပြုစု၍ သိုင်းပညာကို နေ့စဉ် သင်ကြားခဲ့၏။

ဦးတေသည် သီဟကို ချစ်ခင်သူဖြစ်၍ သိုင်းပညာရပ်များကို မချွင်းမချန် သင်ပြပေးခဲ့၏။ သီဟတို့နှင့်နေထိုင်ပြီး သုံးနှစ်နီးပါး ကြာသောအခါ အရက်ဆိုင်တစ်ဆိုင်တွင် လူမိုက်တစ်ဦးနှင့် ခိုက်ရန်ဖြစ်ပွား၏။

ဦးတေသည် အလွန်သဘောမနောကောင်းသူဖြစ်ပြီး သူတစ်ပါးနှင့် ရန်ဖြစ်ခဲလှ၏။ ထိုနေ့က ဦးတေသည် သည်းမခံနိုင်တော့ဘဲ ဓားရှည်ကို ဆွဲကာ လူမိုက်၏လည်မျိုကို ခုတ်ပိုင်းရန် ကြံရွယ်လိုက်၏။

လူမိုက်သည် ဦးတေ၏ တိုက်ခိုက်မှုကြောင့် ကြောက်လွန်း၍





ငယ်သံပါအောင် အော်ဟစ်လိုက်၏။

ဦးတေသည် လူမိုက်၏ ထိတ်လန့်ဖွယ်အော်ဟစ်သံကြောင့် စိတ်ကို ချုပ်ထိန်းလိုက်နိုင်ပြီး တက်ကိုခေါက်၍ ဓားကို မြေပေါ်သို့ ထိုးစိုက်လိုက်၏။

ထိုနေ့မှစ၍ ဦးတေလည်း သံတိသံဝေဂရကာ တရားဘောင်သို့ ဝင်ရောက်သွားလေ၏။ ဦးတေ တရားဘောင်ဝင်သွားသောအခါ မောင်သီဟ၏ဖခင် အရက်သမားကြီးတစ်ဦးသာ အရက်ကို အဖော်ပြုရင်း ကျန်ရစ်ခဲ့၏။

သီဟသည် သိုင်းဆရာကြီးဦးတေ သင်ကြားပေးခဲ့သော သိုင်းပညာကို နေ့စဉ်မပြတ် လေ့ကျင့်ခဲ့၏။ ထို့ကြောင့် သူ၏ကိုယ်ခံပညာ အဆင့်အတန်းမှာ နေ့စဉ်နှင့်အမျှ တိုးတက်လာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ဥယျာဉ်မှူးလူကြီး၏ခြံသို့ သီဟရောက်ရှိပြီး တစ်ပတ်ပြည့်သော နေ့တွင် လူကြီးက အိမ်နီးကြီးသို့ လိုက်ခဲ့ရန် ပြောဆိုလေ၏။

သီဟသည် မိခင်နှင့်တွေ့ဆုံရန် အလွန်စိတ်စောနေလေ၏။ မိခင်၏ ရုပ်ရည်ရူပကာကို တွေ့ချင်မြင်ချင်လှ၏။ ထို့ကြောင့် လူကြီးခေါ်ဆောင်ရာသို့ စိတ်လှုပ်ရှားစွာနှင့် လိုက်ပါသွားလေ၏။

ဥယျာဉ်မှူးလူကြီး ခြံရှေ့သို့ရောက်သောအခါ ခြံစောင့်လူကြီးက ခြံတံခါးကြီးကို ဖွင့်လိုက်၏။ ဥယျာဉ်မှူးကြီးသည် ရှေ့မှ ဦးဆောင်၍ သီဟကို ခေါ်သွားလေ၏။

သီဟသည် ခြံကြီးထဲသို့ရောက်သောအခါ လှပခံ့ညားသော အနီရောင်အိမ်ကြီးကို မြင်တွေ့ရ၏။





အိမ်ကြီး၏တစ်ဖက်တွင် လွန်စွာ လှပသော ပန်းဥယျာဉ်ကို မြင်တွေ့ရ၏။

ပန်းဥယျာဉ်ထဲတွင် လွန်စွာ ရှားပါးသော ပန်းများကို စုံလင်စွာ မြင်တွေ့ရသည်။ ဥယျာဉ်မှူးကြီးက လက်ဝှေ့ယမ်း၍

" ဥယျာဉ်ထဲက ပန်းတွေဟာ မလှပဘဲ အရုပ်ဆိုးရင် ဆိုးမနေ လိမ့်မယ်၊ ဒါပေမဲ့ ပန်းတွေအားလုံးကတော့ အလွန်ရှားပါးတဲ့ပန်းတွေ ပဲကွ၊ ဒေါ်ပန်းရုံဟာ သူ့ရဲ့ပန်းဥယျာဉ်ကြီးထဲမှာ ဒီပန်းတွေရဖို့အတွက် ငွေတွေ အများကြီး အသုံးပြုခဲ့ရတယ် "

ဟု ပြောရင်း ပန်းဥယျာဉ်ထဲသို့ ရှေ့မှ ဦးဆောင်၍ ဝင်သွားလေ၏။

ထိုအခိုက်မှာပင် ဥယျာဉ်၏တစ်နေရာမှ တယောထိုးသံကို ကြားရလေ၏။ တယောသံသည် အလွန်နားထောင်၍ ကောင်းလှပြီး ရင်ထဲတွင် အေးမြကြည်လင်သွားလေ၏။

လူကြီးက တယောသံထွက်ပေါ်ရာ ပန်းခြံရှိရာသို့ ဦးတည် လျှောက်လှမ်းသွားလေ၏။ ပန်းခြုံကလေးကို ရောက်သောအခါ ကျောက်သားကုလားထိုင်ပေါ်တွင် ထိုင်၍ တယောထိုးနေသော လွန်စွာ ချောမောလှပသည့် အမျိုးသမီးကြီးကို တွေ့ရလေ၏။

သီဟသည် အမျိုးသမီးကြီးကိုကြည့်၍ သူ၏မိခင်မှန်း ရိပ်စားမိ သွားပြီး ရင်ထဲတွင် ဒိုက်ဒိုက်ခုန်သွားလေ၏။ မိခင်၏မျက်နှာမှာ အလွန်



www.burmeseclassic.com

www.burmeseclassic.com



မဟာဆန်ပြီး ပိတုံးရောင်ကေသာများကို လှပစွာ ထုံးဖွဲ့ထားလေ၏။

သီဟာသည် ပန်းချုံရှေ့တွင် ထိုင်၍ တယောထိုးနေသော မိခင်ကို မျက်တောင်မခတ်တန်း ကြည့်ရှုနေမိ၏။ မိမိငယ်စဉ်ကလေးဘဝကပင် တွေ့ချင်မြင်ချင်လွန်း၍ တောင့်တခဲ့သော မိခင်ကို တွေ့ရှိရပေပြီ။

မိခင်၏မျက်နှာသည် အလွန်ကြည်လင်ဝင်းပနေပြီး ချစ်ခင်စရာကောင်းလှ၏။ သူမ၏တယောသံမှာလည်း လွန်စွာ သာယာနာပျော်ဖွယ်ကောင်းလှသည်။

မိခင်သည် မျက်လုံးများမှိတ်၍ တယောထိုးနေရာမှ လူသံကြား၍ ငှင့်ကြည့်လိုက်၏။ ဥယျာဉ်မှူးလူကြီးနှင့် သီဟာ၏မျက်နှာကို မြင်သောအခါ တယောထိုးခြင်းကို ရပ်တန့်၍ ညို့ဝင်အားကောင်းသော အသံဖြင့်

“ ပန်းတွေကို တယောထိုးပြပြီး အာရုံဝင်စားနေတာနဲ့ ဦးချစ်ကောင်းတို့ ရောက်နေတာတောင် သတိမပြုမိလိုက်ဘူး ”

ဟု ပြောလေရာ သီဟာသည် ပန်းများကို တယောထိုးပြနေသည်ဆိုသော မိခင်ကို တအံ့တဩ ကြည့်လိုက်၏။

သက်မဲ့ဖြစ်သော ပန်းများကို တယောထိုးပြနေသည်ဆိုခြင်းမှာ ထူးဆန်းအံ့ဩဖွယ်ဖြစ်၏။ မိခင်၏စိတ်ဓာတ်သည် ပုံမှန်အခြေအနေမှ ရှိပါလေစ။

မိခင်သည် သီဟာကို မျက်လုံးချင်းဆုံ ...ကြည့်၍ ဦးချစ်





ကောင်းဘက်သို့လှည့်ကာ

“ ဒီသူငယ်က ဘယ်သူလဲ ”

ဟု မေးမြန်းလေ၏။ ဦးချစ်ကောင်းက သီဟာအား မိမိခြံတွင် ကူညီလုပ်ကိုင်ပေးသော လူငယ်ဟု မိတ်ဆက်ပေးလေ၏။

အမျိုးသမီးကြီးက သီဟာ၏မျက်လုံးများကို စူးစိုက်ကြည့်၍

“ ပန်းတွေကို ဝါသနာပါရဲ့လားလူလေး ”

ဟု မေးမြန်းလေ၏။ သီဟာက မိခင်ကို ကြည့်၍

“ အရင်တုန်းကတော့ ဝါသနာပါရကောင်းမှန်းမသိဘူး၊ အခုတော့ ဒီခြံကြီးထဲကို ရောက်တော့မှ ပန်းတွေကို ဝါသနာပါရကောင်းမှန်း သိလာပြီ ”

ဟု ပြောလေရာ အမျိုးသမီးကြီးက သဘောကျဟန်ဖြင့် ခေါင်းညိတ်၍

“ အပင်တွေနဲ့ပတ်သက်ပြီး လူတွေမသိသေးတဲ့ လျှို့ဝှက်ချက်တွေရှိတယ်၊ ဒါပေမဲ့ အဲဒီလျှို့ဝှက်ချက်တွေကို လူတိုင်းမသိနိုင်ဘူး။ စိတ်သဘောထား အလွန်သိမ်မွေ့တဲ့လူတွေမှ သိမြင်နိုင်တယ်၊ အပင်တွေရဲ့ လျှို့ဝှက်ချက်တွေကိုသိရင် အလွန်သေးငယ်တဲ့ စံပယ်ပန်းကလေးတစ်ပွင့်ကိုတောင်မှ ရှုံးဆွတ်ရက်မှာမဟုတ်ဘူး၊ အပင်ပေါ်က ကြွေကျလာတဲ့ ပန်းတစ်ပွင့်ဟာ လူတွေရဲ့ သဘာဝနဲ့ယှဉ်ရင် သေဆုံးမှုတစ်ခုပါပဲ၊ ဒါကြောင့် ပန်းတွေကို တကယ်ချစ်တတ်ရင် မြေမှာကြွေကျတဲ့



www.burmeseclassic.com

www.burmeseclassic.com



ပန်းတစ်ပွင့်အတွက် ဝမ်းနည်းတတ်ရတယ် ''

ဟု ပြောလေရာ သီဟသည် အမျိုးသမီးကြီး၏စကားကို အလွန် အံ့ဩသွားလေ၏။

ထို့ကြောင့် မိခင်၏မျက်နှာကို ကြည့်၍

'' ပန်းတစ်ပွင့်အတွက် ဝမ်းနည်းပူဆွေးရမယ်ဆိုရင် ကမ္ဘာလောကကြီးတစ်ခုလုံး ကမ္ဘာလောကကြီးတစ်ခုလုံး ဝမ်းနည်းပူဆွေးစရာတွေ အတိဖုံးလွှမ်းနေတော့မှာပေါ့ ''

ဟု ပြောလေ၏။ အမျိုးသမီးကြီးသည် သီဟ၏စကားကြောင့် ခေါင်းတဆတ်ဆတ်ညိတ်၍

'' လူလေး မဆိုးဘူး။ အတွေးအခေါ်ရှိသားပဲ၊ လူမှန်ရင် အတွေးအခေါ် ဒဿနနဲ့ကင်းပြီး မနေရဘူး၊ အတွေးအခေါ်မရှိတဲ့လူဟာ ဘယ်တော့မှ လေးလေးနက်နက် မခံစားတတ်ဘူး၊ နေဥက်ပြီးတော့ ဒီထက် အဆင့်မြင့်မြင့်ပြောရရင် အတွေးအခေါ်မရှိတဲ့လူဟာ ဓမ္မနဲ့ ဝေးနေဦးမှာပဲ၊ လူလေး အသက်ငယ်ပါသေးတယ်၊ ဓမ္မဆိုတာ သိနိုင်ဦးမှာ မဟုတ်ဘူး။ ဘာပဲဖြစ်ဖြစ် လူမှန်ရင် အတွေးအခေါ်ဒဿနနဲ့ ကင်းကွာပြီး မနေအပ်ဘူး၊ တကယ်တော့ သဘာဝတရားကြီးဟာ လူနဲ့ တိရစ္ဆာန်ကို ခွဲခြားဖို့အတွက် အတွေးအခေါ်ကို ဖန်တီးပေးလိုက်တာပါပဲ ''

ဟုပြောလေ၏။ သီဟသည် မိခင်ဖြစ်သူ၏စကားကို နှစ်သက်





သဘောကျသွား၏။ မိခင်၏ လွတ်လပ်ပွင့်လင်းသောစိတ်ဓာတ်ကို နှစ်သက်နေမိ၏။

ထို့ကြောင့် မိခင်၏လက်ထဲရှိ တယောကိုကြည့်၍

'' ပန်းတွေကို တယောထိုးပြတယ်ဆိုတော့ ပန်းတွေက တယောသံကို ခံစားနားဆင်နိုင်လို့လား ''

ဟုမေးမြန်းလေ၏။

ထိုအခါ မိခင်ဖြစ်သူက စိတ်အားတက်ကြွဟန်ဖြင့်

'' ဘယ်လိုပြောလိုက်တာလဲ လူလေးရယ်၊ အပင်တွေဟာ သိပ်ပြီးတော့ ခံစားတတ်တာပေါ့၊ အခေါ်ခြံထဲက ပန်းတွေဟာ ဘယ်ပန်းတွေနဲ့မှမတူအောင် တမူထူးခြားတယ် ''

ဟုပြောလေရာ ဦးချစ်ကောင်းဆိုသော ဥယျာဉ်မှူးကြီးက ဝင်ရောက်၍

'' ဟုတ်တယ်ကွ၊ ဒေါ်ပန်းရုံရဲ့ပန်းတွေဟာ ကမ္ဘာပေါ်မှာရှိတဲ့ ဘယ်ဥယျာဉ်ကပန်းနဲ့မဆို လန်းဆန်းမှုမှာ ယှဉ်ပြိုင်ဝံ့တယ် ''

ဟုပြောလေ၏။

မိခင်ဖြစ်သူက တယောကို ပေါင်ပေါ်သို့တင်၍

'' လူလေးကို လက်တွေ့ကျတဲ့သက်သေပြချက်တစ်ခုပြောမယ်၊ အဒေါ်တယောထိုးပြီး ဖျော်ဖြေတဲ့ ပန်းတွေဟာ တယောမထိုးတဲ့ ပန်းတွေထက် ပိုပြီး ရှင်သန်ကြီးထွားတာ တွေ့ရတယ်၊ ဒါဟာ ပန်းတွေ



www.burmeseclassic.com

www.burmeseclassic.com



ဟာ အနုပညာခံစားမှု ရှိတယ်ဆိုတဲ့ လက်တွေ့စမ်းသပ်ချက်ပဲ၊ ဒီထက် ပိုပြီး ထူးခြားတာပြောရရင် ပန်းတွေဟာ မေတ္တာတိုတောင် နားလည် ခံစားတတ်တာတွေ့ရတယ်၊ ပန်းတွေကို မေတ္တာပို့ပေးရင် ပိုပြီးရှင်သန် ကြီးထွားတယ် ''

ဟုပြောလေရာ သီဟသည် အလွန်အံ့ဩသွားပြီး

'' ဗျာ... ပန်းတွေက ဂီတသံကို နားလည်တယ်ဆိုတာတောင် အတော်အံ့ဩဖို့ကောင်းတယ်၊ ပန်းတွေဟာ မေတ္တာကို ခံယူနိုင်စွမ်းရှိ တယ်ဆိုတော့ မယုံနိုင်စရာဘဲ ''

ဟုပြောလေရာ အမျိုးသမီးကြီးက အလွန်လေးနက်သော အမူ အရာဖြင့်

'' မယုံမရှိနဲ့လူလေး၊ ဒါဟာ လက်တွေ့ပဲ၊ အဒေါ်ရဲ့စမ်းသပ်ချက် တွေကို အတိအကျ ပြောပြနေတာ၊ မေတ္တာရဲ့စွမ်းအင်ကို ပန်းကလေး တွေ ခံယူတတ်တယ်၊ လူလေးမယုံရင် အဒေါ်ရဲ့ပန်းခြံကိုလာပြီး ပန်း ကလေးတွေကို လေးလေးနက်နက် မေတ္တာပို့စမ်းပါ၊ ပန်းတွေဟာ ထူး ထူးခြားခြားပဲ ဖူးပွင့်လာပါလိမ့်မယ် ''

ဟုပြောလေရာ သီဟက လွန်စွာအံ့ဩဟန်ဖြင့် ခေါင်းတဆတ် ဆတ်ညိတ်၍

'' ဒီနေ့ကြားရတဲ့စကားတွေဟာ သိပ်ထူးဆန်းတာပဲဗျာ၊ ကျုပ် တစ်သက်မှာ ဒီလို အတွေ့အကြုံမျိုး တစ်ခါဖူးမှ မတွေ့ဖူးဘူး ''





ဟုပြောလေ၏။ ထိုအခါ အမျိုးသမီးကြီးက သီဟ၏မျက်နှာကို ကြည့်၍

'' မင်းမဆိုးဘူး၊ စူးစမ်းချင်စိတ်ရှိတယ်၊ ကမ္ဘာကြီးကို တိုးတက် စေတာဟာ စူးစမ်းချင်စိတ်ရှိတဲ့ လူ့လက်တစ်ဆုပ်စာကြောင့်ပဲ၊ လူငယ် အများစုဟာ စူးစမ်းချင်စိတ်ရှိကြတယ်၊ ဒါပေမဲ့ လူငယ်တွေရဲ့ စူးစမ်း ချင်စိတ်ဟာ လူလတ်ပိုင်းကိုရောက်ရင် ပျောက်ကွယ်သွားတယ်၊ စူးစမ်း ချင်စိတ်ကို လူလတ်ပိုင်းအရွယ်ထိ ထိမ်းသိမ်းထားနိုင်တဲ့သူဟာ ပြောင်းလဲမှုကြီးတွေကို ဖန်တီးနိုင်တဲ့လူတွေပဲ၊ မင်းရဲ့စိတ်ဓာတ်ကို အဒေါ် သဘောကျတယ်၊ အဒေါ်ရဲ့ခြံထဲမှာ အလုပ်လုပ်ချင်ရင် အချိန်မရွေး ဖိတ် ခေါ်ပါတယ် ''

ဟုပြောလေ၏။ ထိုအခါ ဥယျာဉ်မှူးကြီး ဦးချစ်ကောင်းက

'' ဒေါ်ပန်းရုံခြံထဲမှာ သီဟကို ထားချင်ရင် ထားလို့ရပါတယ်၊ ကျုပ်ဆီမှာ သီဟမရှိလည်း ဖြစ်ပါတယ်၊ ဒေါ်ပန်းရုံဆီမှာတော့ အလုပ် သမား နည်းနေတယ် ''

ဟုပြောလေရာ ဒေါ်ပန်းရုံက ခေါင်းညိတ်၍

'' ဒါဆိုရင် ကောင်လေးကို ကျွန်မခြံထဲမှာ ခေါ်ထားပါရစေ၊ အခုလို ခေါ်ခွင့်ပေးတဲ့အတွက် ဦးချစ်ကောင်းကို ကျေးဇူးတင်ပါတယ်''

ဟုပြောလေ၏။ ဦးချစ်ကောင်းက တဟားဟားရယ်မော၍

'' ဟားဟားဟား ကျေးဇူးတင်ရင် ကျုပ်ကို ခရမ်းရောင်ပန်းပင်



www.burmeseclassic.com

www.burmeseclassic.com



တစ်ပင် လက်ဆောင်ပေးလေ ''

ဟုပြောလေ၏။ ဦးချစ်ကောင်း၏စကားကြောင့် ဒေါ်ပန်းရုံက ပြုံးလိုက်ပြီး

'' ဩော်... ခရမ်းရောင်ပန်းကို ရှင်တကယ်လိုချင်နေတာကိုး၊ ဒါဆိုရင်လည်း ယူပါရှင်၊ ရှင့်ကို ပန်းပင်တစ်ပင်ပေးပါ့မယ် ''

ဟုပြောလေ၏။ ဒေါ်ပန်းရုံ၏စကားကြောင့် ဦးချစ်ကောင်းက ခြံဝင်းတစ်နေရာရှိ ခရမ်းရောင်ပန်းပွင့်နေသော အပင်ပုလေးဆီသို့ ဦးတည်လျှောက်လှမ်းသွားပြီး

'' ဒီနေ့ သိပ်ထူးဆန်းတယ်ဗျာ၊ ဒေါ်ပန်းရုံဆီက ခရမ်းရောင်ပန်းပင်ကို ရတာဟာ ယောဒီက သီဟကြောင့်ပဲထင်တယ်၊ ဟား ဟား ဟား... ခရမ်းရောင်ပန်းကို ဒေါ်ပန်းရုံဟာ ငွေတစ်သိန်းပေးရင်တောင် မရောင်းဘူးဆိုတာ ကျုပ်သိတယ်ဗျ ''

ဟု ပြောရင်း သေးငယ်သော ပန်းပင်လေးကို ပွေ့ပိုက်ထားလိုက်၏။ ဒေါ်ပန်းရုံက ခေါင်းညိတ်၍

'' ဟုတ်တယ်၊ တခြားလူဆိုရင် ငွေဆယ်သိန်းပေးတာတောင် ရောင်းမှာမဟုတ်ဘူး၊ ခရမ်းရောင်ပန်းအတွက် ကချင်လူမျိုး သုံးယောက် အသက်သေဆုံးခဲ့ရတယ်၊ သူတို့သုံးယောက်ဟာ နှင်းမုန်တိုင်းမိပြီး နှင်းတောင်ပြိုကျတာနဲ့ သေဆုံးခဲ့ရတယ်၊ ခရမ်းရောင်ပန်းကို ရှာဖို့ လူလေးယောက်သွားတာ တစ်ယောက်ပဲ အသက်ရှင်ကျန်ရစ်တယ်၊ ခရမ်းရောင်





ပန်းဟာ ခါကာဘိုရာဇီတောင်ပေါ်က ခက်ခက်ခဲခဲ ရှာဖွေလာရတဲ့ပန်းပဲ၊ ဒီပန်းဟာ အလွန်အေးမြတဲ့ ရာသီဥတုမှာမှ စိုက်ပျိုးလို့ရတယ်၊ အခု ကျွန်မဆီမှာ ဖူးပွင့်နေတာ ကျွန်မ အမြဲမေတ္တာပို့ပေးနေလို့ ထင်တယ် ''

ဟု ပြောလေရာ ဦးချစ်ကောင်းကို ခေါင်းညိတ်၍

'' ဖြစ်နိုင်ပါတယ်၊ ဒေါ်ပန်းရုံဟာ ပန်းတွေကို မေတ္တာပို့တဲ့နေရာမှာ ကျုပ်ထက် အများကြီးရှေ့ရောက်နေပြီ၊ မောင်သီဟကို ဒေါ်ပန်းရုံဆီမှာ ခေါ်ထားမယ်ဆိုရင် သူ့ရဲ့အထုပ်အပိုးတွေယူပြီး ပြန်ပို့လိုက်မယ် ''

ဟု ပြောလေ၏။ ထို့နောက် ဦးချစ်ကောင်းက သီဟကိုခေါ်၍ မြို့ပြင် စိုက်ပျိုးရေးခြံသို့ ပြန်ခဲ့လေ၏။ လမ်းခရီး၌ ဦးချစ်ကောင်းက

'' ဒေါ်ပန်းရုံဟာ အလွန်လျှို့ဝှက်ဆန်းကြယ်တဲ့ မိန်းမ တစ်ယောက်ကွ၊ သူ့ရဲ့ဘဝပုံစံက အလွန်ဆန်းကြယ်တယ်၊ သူဟာ ခြံထဲမှာနေဖို့ လူတစ်ယောက်ကို ဘယ်တော့မှ လွယ်လွယ်ခေါ်လေ့မရှိဘူး၊ ဒီနေ့ မင်းကို ချက်ချင်းလက်ခံလိုက်တာ ငါသိပ်အံ့ဩတယ်၊ ဘာပဲဖြစ်ဖြစ် ဒေါ်ပန်းရုံနဲ့နေရတာ မင်းအတွက် ကံကောင်းပါတယ်၊ ဒေါ်ပန်းရုံဟာ သူနှစ်သက်ပြီဆိုရင် ငွေရေးကြေးရေးနဲ့ပတ်သက်ပြီး ဘယ်တော့မှ နှမြောတွန့်တိုလေ့မရှိဘူး ''

ဟု ပြောလေရာ သီဟက ခေါင်းခါယမ်း၍

'' ကျုပ်မှာ ငွေကြေးနဲ့ပတ်သက်ပြီး လိုချင်တပ်မက်စိတ်မရှိပါဘူး



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ပန်းရုံနဲ့ နေထိုင်ချင်တဲ့ဆန္ဒသက်သက်ပါ ''

ဟု ပြောရင်း တစ်သက်လုံးခွဲခွာလာရသော မိခင်နှင့် အတူတူ နေရတော့မည်ဆိုကာ ဝမ်းသာကြည်နူးနေ၏။

ထိုအခါ ဥယျာဉ်မှူးဦးချစ်ကောင်းက သက်ပြင်းချ၍

'' မင်းရဲ့စိတ်ခံစားကို ငါသိပါတယ်၊ အိမ်နီကြီးမှာနေရင်တော့ ဒေါ်ပန်းရုံရဲ့မွေးစားသား မောင်ရွှေမြကို အထူးသတိထားပေတော့၊ မောင်ရွှေမြဟာ မျိုးရိုးညံ့ဖျင်းလို့လားမသိဘူး၊ အလွန်ရိုင်းပြတယ်၊ ဒီမြို့က လူတွေအားလုံး မောင်ရွှေမြမိုက်ရိုင်းတာ သိတယ်၊ ဒါပေမဲ့ ဒေါ်ပန်းရုံရဲ့မျက်နှာကို ထောက်ထားပြီး သည်းခံခွင့်လွှတ်ပေးတာ များပါတယ်''

ဟု ပြောလေရာ သီဟက ခေါင်းညိတ်၍

'' ကျုပ်မှာ သည်းခံခွင့်လွှတ်တတ်တဲ့ စိတ်ဓာတ်ရှိပါတယ်၊ မောင်ရွှေမြကို အတတ်နိုင်ဆုံး သည်းခံပါ့မယ်၊ အိမ်နီကြီးမှာ နေထိုင်တဲ့ လူတွေအကြောင်းကို ပြောပြပါဦး ''

ဟု မေးမြန်းလေ၏။ ထိုအခါ ဦးချစ်ကောင်းက ဆေးပေါ့လိပ်ကို မီးညှို၍

'' အိမ်နီကြီးမှာ မောင်ရွှေမြ အပါအဝင် ယောက်ျားလေး ယောက်ရှိတယ်၊ အဲဒါကတော့ မောင်ရွှေမြ၊ ဘိုးစောင့်ဦးဗလနဲ့ ဖိုးထောင်၊ ဖိုးမောင် အမြွှာပူးညီအစ်ကိုနှစ်ယောက်ပဲကွ၊ အိမ်နီကြီးက လူတွေရဲ့ ထူးခြားချက်ကတော့ သူတို့အားလုံး ကိုယ်ခံပညာအသီးသီး





တတ်ကျွမ်းကြတယ်၊ ဦးဗလက သိုင်းပြောင်းပြန်ဆရာကြီးကွ၊ ဖိုးထောင်နဲ့ ဖိုးမောင်ကလည်း မြန်မာသိုင်း ကောင်းကောင်းတတ်တယ်၊ ဒေါ်ပန်းရုံရဲ့ မွေးစားသား လူပေါ့ကြော့ကောင်တောင်မှ အင်္ဂလိပ်ဘောက်ဆင်ကို ကျွမ်းကျွမ်းကျင်ကျင်တတ်တယ် ''

ဟု ပြောလေရာ သီဟက သက်ပြင်းချ၍

'' ဒါဆိုရင် အိမ်နီကြီးက ယောက်ျားတွေထဲမှာ ကျုပ် တစ်ယောက်တည်း ကိုယ်ခံပညာ မတတ်တာပေါ့ ''

ဟု ပြောလေ၏။ ထိုအခါ ဦးချစ်ကောင်းက သီဟကို မျက်မှောင်ကြုတ်ကြည့်၍

'' ဘာဖြစ်လို့ ကြောင်လက်သည်းဖွက်သလို နေချင်ရတာလဲ မောင်သီဟရယ်၊ မင်းရဲ့လှုပ်ရှားသွားလာပုံက အလွန်သွက်လက်ဖျတ်လတ်တယ်၊ ကိုယ်ခန္ဓာအချိုးအဆစ်ကလည်း ကိုယ်ခံပညာကောင်းကောင်း တစ်ရပ်ကို စနစ်တကျ လေ့ကျင့်ထားပုံပဲ၊ ဟဲ ဟဲ... သူများကို သာ ပညာလျှို့ထားလို့ရမယ်၊ ငါ့ကိုတော့ မင်းလျှို့ဖို့ မကြိုးစားနဲ့၊ နောက်ပြီးတော့ မင်းသိထားဖို့က အိမ်နီကြီးက အိမ်ဖော်မိန်းကလေး သုံးယောက်ဟာ ကိုယ်ခံပညာကို တတ်ကျွမ်းကြတယ်၊ ယောက်ျား ရင့်မကြီးတွေလို ရဲဝံ့သူပဲရှိကြတယ်၊ အိမ်နီကြီးရဲ့ပိုင်ရှင် ဒေါ်ပန်းရုံ ကိုယ်တိုင်တောင် ကိုယ်ခံပညာ တတ်ကျွမ်းနိုင်တယ်၊ ဒါကြောင့် အိမ်နီကြီးက လူတွေကို အထင်မသေးပါနဲ့ ''



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။ ထိုအခါ မောင်သီဟက

“ အိမ်နီးကြီးကလူတွေဟာ ဘာဖြစ်လို့ လျှို့ဝှက်သည်းဖို့ဆန်ပြီး ကိုယ်ခံပညာတွေ တတ်ကျွမ်းကြတာလဲ၊ သူတို့မှာ ဘယ်လိုရန်သူတွေ ရှိလို့လဲ ”

ဟု မေးမြန်းလေ၏။ ဦးချစ်ကောင်းက ဆေးပေါ့လိပ်ကိုဖွာ၍ အဝေးဆီသို့ ငေးကြည့်လိုက်ပြီး

“ ဒေါ်ပန်းရုံမှာ လျှို့ဝှက်တဲ့ရန်သူတွေ ဘာတွေရှိနိုင်တယ်လို့ ငါထင်တယ်၊ သူဟာ ငါနဲ့ရင်းနှီးခင်မင်တဲ့ မိတ်ဆွေဖြစ်ပေမဲ့ ဒီအကြောင်းတွေကို ပြောမပြဘူး။ ဒေါ်ပန်းရုံရဲ့ နောက်ကြောင်းရာဇဝင်နဲ့ ပတ်သက်ပြီး ငါသိပ်မသိဘူး ”

ဟု ပြောလေ၏။ သီဟက စိတ်ဝင်စားဟန်ဖြင့် နားထောင်ရင်း

“ ဦးလေးနဲ့ ဒေါ်ပန်းရုံဟာ တစ်မြို့တည်းသားတွေပဲ၊ ဒေါ်ပန်းရုံ အကြောင်းကို ဘာလို့မသိတာလဲ ”

ဟု မေးမြန်းလေ၏။ ထိုအခါ ဦးချစ်ကောင်းက မဆေးလိပ်ကိုဖွာရင်း

“ သူနဲ့ငါဟာ တစ်မြို့တည်းဖြစ်ပေမဲ့ ငယ်ပေါင်းကြီးဖော်တွေမှ မဟုတ်ကြတာ၊ ငါဟာ ဒီမြို့သားမဟုတ်ဘူးကွ၊ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကဆိုရင် ငါဟာ အောက်ပြည်အောက်ရွာမှာ နေထိုင်ခဲ့တာ၊ မှော်ဘီဘက်မှာနေရင်း မဟာရာမှုတစ်မှုကို ဝင်ဖြေရှင်းရာက လူသတ်မှုဖြစ်တယ်၊





လူသတ်မှုကြောင့် တစ်သက်တစ်ကျွန်းကျပြီး မဲပေါက်လို့ ပြန်လွတ်လာတယ်၊ ငါ တစ်ကျွန်းက ပြန်လာတော့ ငါ့အစ်မဟာ ဒီမြို့မှာရောက်နေပြီ ငါတို့ဟာ မောင်နှမနှစ်ယောက်ပဲရှိပေမဲ့ ငါ့အစ်မအတွက် ငါ ဘာတစ်ခုမှ မလုပ်ပေးဖြစ်ဘူး၊ ဒါကြောင့် ငါ့အစ်မနဲ့ နီးနီးနေချင်လို့ ဒီမြို့မှာ လာပြီး အခြေချဖြစ်တာပဲ၊ ဒါကြောင့် ငါဟာ ဒီမြို့သားမဟုတ်ဘူး၊ ဒေါ်ပန်းရုံကတော့ မိဘတွေလက်ထက်ကတည်းက ဒီမြို့မှာပဲ နေထိုင်ခဲ့တာကွ၊ ဘာပဲဖြစ်ဖြစ် ဒေါ်ပန်းရုံရဲ့ အခက်အခဲတွေကို အစွမ်းရှိသမျှ ကာကွယ်ဖြေရှင်းပေးပါကွာ ”

ဟု မှာကြားလေ၏။ သီဟသည် မိခင်၏ ကြုံတွေ့ရသော မည်သည့်အခက်အခဲကိုမဆို ရင်ဆိုင်ဖြေရှင်းပေးရန် ဆုံးဖြတ်ထား၏။

ထို့ကြောင့် မိခင်နှင့်ပတ်သက်သော ရန်အန္တရာယ်ဟူသမျှကို ကူညီဖြေရှင်းပေးမည့်အကြောင်း ဦးချစ်ကောင်းကို ကတိပြုလိုက်လေ၏။

ထို့နောက် အိမ်နီးကြီးရှိရာအရပ်သို့ စိတ်အားတက်ကြွစွာ လှမ်းခဲ့လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



အိမ်နီကြီးသို့ရောက်လျှင် ခြံစောင့်ကြီးက သီဟနေထိုင်ရန်အတွက် ခြံအနောက်ရှိ သစ်သားအိမ်ငယ်လေးတစ်လုံး၌ နေရာချပေးလေ၏။

ထိုအိမ်ငယ်လေး၌ အခန်းသုံးခန်းရှိပြီး ကျန်အခန်းနှစ်ခန်းတွင် ခြံအလုပ်သမား ဖိုးထောင်နှင့်ဖိုးမောင်ဆိုသော အမြွှာညီအစ်ကို နေထိုင်ကြ၏။

ညနေစာ စားချိန်သို့ရောက်လျှင် အိမ်နီကြီးအနောက်ရှိ ထမင်းစားဆောင်သို့ သွားရောက်ပြီး စားသောက်ရ၏။





မောင်သီဟသည် ထမင်းစားဆောင်သို့ ဖိုးထောင်နှင့်ဖိုးမောင် အမြွှာညီအစ်ကိုနှစ်ဦးကို တွေ့သော်လည်း ၎င်းတို့က စကားပြောဆိုခြင်း မရှိချေ။

မောင်သီဟသည် ဖိုးထောင်နှင့်ဖိုးမောင်၏ ထူးခြားသော ရုပ်လက္ခဏာကိုကြည့်၍ လွန်စွာအံ့ဩနေလေ၏။ ၎င်းတို့ညီအစ်ကို နှစ်ဦးသည် လူ့စင်စစ်ထက် မျောက်များနှင့် ပိုမိုတူလေ၏။

ကိုယ်ခန္ဓာအချိုးအဆစ်မှာလည်း မျောက်ကဲ့သို့ရှိ၏။ မောင်သီဟသည် ၎င်းတို့ကို စကားစရန် ကြိုးပမ်းသော်လည်း အမြွှာညီအစ်ကိုနှစ်ယောက်စလုံး မောင်သီဟအား ဖုတ်လေသည့်ပေပဲ ရှိသည်ဟု အောက်မေ့ပုံမရချေ။

မောင်သီဟသည် ညသို့ရောက်သောအခါ အိမ်နီကြီးမှ စန္ဒရားတီးသံနှင့် သီချင်းဆိုသံကို ကြားရလေ၏။ သီချင်းဆိုသူမှာ အမျိုးသမီးတစ်ဦး၏ အသံပင်ဖြစ်သဖြင့် မိခင်ပင်ဖြစ်ပေလိမ့်မည်။

စန္ဒရားတီးသံ ပြီးဆုံးသွားသောအခါ ဆွဲဆွဲငင်ငင်အူလိုက်သော ခွေးအူသံကို ကြောက်မက်ဖွယ် ကြားရ၏။

အိမ်နီကြီး၏အနောက်တွင် သချိုင်းရှိသဖြင့် ခွေးအူသံမှာ ပိုမို အသည်းထိတ်ဖွယ်ကောင်းနေ၏။ ထိုညက ညဉ့်အတော်နက်သောအခါမှ မောင်သီဟ အိပ်ပျော်လေတော့၏။

နောက်တစ်နေ့နံနက်သို့ရောက်သောအခါ မောင်သီဟက



www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာထ နောက်ကျလေ၏။

ဖိုးထောင်နှင့်ဖိုးမောင် အမြွှာညီအစ်ကို နှစ်ဦးမှာ ခြံထဲရှိ အမှိုက်များကို လှဲကျင်းနေပြီဖြစ်၏။

မောင်သီဟသည် ၎င်းတို့ညီအစ်ကိုနှစ်ဦးကို ကူညီ လုပ်ကိုင်ပေးရန် ပြင်ဆင်နေစဉ် အနီးသို့ မိခင်၏မွေးစားသား မောင်ရွှေမြ ရောက်ရှိလာပြီး မောက်မာရိုင်းစိုင်းဟန်ဖြင့်

" ဟေ့ကောင်... မင်းက မနေ့ကမှ အလုပ်ဝင်တဲ့ကောင် မဟုတ်လား၊ နေမြင့်မှ အိပ်ရာထပြီး ဘာအလုပ်လုပ်မှာလဲ၊ ငါ့အမေရဲ့လခကို လိမ်ညာပြီးယူမဲ့ကောင် "

ဟု ကြိမ်းမောင်းလေ၏။ သီဟသည် မောင်ရွှေမြ၏ မောက်မာရိုင်းစိုင်းဟန်ကြောင့် မကျေမနပ်ဖြစ်သွားသော်လည်း စိတ်ကို ချုပ်ထိန်းလိုက်ရလေ၏။

မောင်ရွှေမြက ဆက်လက်၍

" ဟေ့ကောင်... အိမ်ရှေ့မှာထောင်ထားတဲ့ ငါ့ရဲ့စက်ဘီးကို ပြောင်နေအောင် တိုက်၊ စက်ဘီးတိုက်ပြီးရင် ငါ့ဖိနပ်ကိုတိုက် ကြားလား "

ဟု ပြောလေ၏။ မောင်သီဟသည် မိခင်နှင့်အတူ နေချင်စိတ်ကြောင့် မာန်မာနများကို ခဝါချလိုက်၏။

ထို့နောက် မောင်ရွှေမြ၏စက်ဘီးကို ပြောင်စင်အောင် တိုက်





ချွတ်ပေးလေ၏။ မောင်ရွှေမြသည် လာရောက်ကြည့်ရှုပြီး အပြစ်မရှိ အပြစ်ရှာပြီး

" ဟေ့ကောင်... မပြောင်ဘူး၊ လက်ကြောမတင်းတဲ့ကောင်၊ သေသေချာချာတိုက် "

ဟု ကြိမ်းမောင်းလေ၏။ ထို့နောက် မောင်ရွှေမြ၏ဖိနပ်ကို တိုက်ရပြန်၏။

မောင်ရွှေမြသည် သီဟအား အမျိုးမျိုး ဆူပူကြိမ်းမောင်းပြီး စက်ဘီးဖြင့် ထွက်ခွာသွားလေ၏။

သီဟသည် မောက်မာရိုင်းစိုင်းလှသော မောင်ရွှေမြ၏ နောက်ကျောကိုကြည့်ရင်း ကျန်ရစ်ခဲ့လေ၏။ ဖိုးထောင်၊ ဖိုးမောင် ညီအစ်ကို နှစ်ဦး ရောက်ရှိလာပြီး သီဟ၏ပခုံးကို ပုတ်ခါ

" စိတ်ပျက်သွားပြီလားကွ၊ မောင်ရွှေမြအကျင့်က ဒီလိုပါပဲကွာ၊ ဒီခြံကြီးမှာနေရင်တော့ သူ့ရဲ့မိုက်ရိုင်းမှုတွေကို သည်းခံပြီးနေရတယ်ကွ "

ဟု ပြောလေ၏။

သီဟသည် ထိုအခါမှပင် အမြွှာညီအစ်ကို စိတ်ကောင်းရှိသူများဟု သိရှိသွားလေ၏။ အမြွှာညီအစ်ကိုသည် အလွန်စကားနည်းပြီး မလိုအပ်ဘဲ စကားပြောချင်ပုံမရချေ။

ထိုအချိန်မှစ၍ မောင်သီဟနှင့် အမြွှာညီအစ်ကိုတို့သည် ရင်းနှီးခင်မင်သွားလေ၏။ သီဟသည် အမြွှာညီအစ်ကိုနှင့်အတူ အလုပ်များကို



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားလုပ်ကိုင်ပေးလေ၏။

ထမင်းစားချိန်သို့ရောက်သောအခါ အိမ်နီးကြီးအနောက်၌ သူတို့သုံးယောက် အတူတူသွားရောက် စားသောက်ကြလေ၏။

ညနေစောင်းသောအခါ ခြံထဲသို့ ဒေါ်ပန်းရုံဆင်းလာသဖြင့် သီဟသည် စိတ်လှုပ်ရှားသွားလေ၏။ သူသည် မိခင်နှင့် တွေ့ဆုံသည့်အခါတိုင်း အမျိုးအမည်မသိသော ဝေဒနာကို ခံစားနေရ၏။

ဒေါ်ပန်းရုံက မောင်သီဟကို ကြည့်၍

“ ခြံထဲမှာနေရတာ အဆင်ပြေရဲ့လား လူလေး၊ တကယ်တော့ ဒီခြံထဲမှာ ပင်ပင်ပန်းပန်းလုပ်ရတဲ့အလုပ်တွေ များများစားစား မရှိပါဘူး။ ဒီခြံထဲမှာ ဗလနဲ့လုပ်ရတဲ့အလုပ်တွေထက် ဦးနှောက်နဲ့လုပ်ရတဲ့ အလုပ်တွေက ပိုများတယ်၊ နလုံးသားထဲမှာ ပန်းပင်လေးတွေရှိနေပြီဆိုရင် ခြံထဲမှာ အလုပ်လုပ်ရတာ ပင်ပန်းတယ်လို့မရှိတော့ဘူး။ အဲဒီအခါမှာ လူကလေးဟာ ပန်းကလေးတွေနဲ့ စကားပြောလိမ့်မယ်၊ ပန်းကလေးတွေဆီက မွှေးပျံ့တဲ့ ရနံ့လေးတွေကို ရှူရှိုက်ပြီး ပျော်ရွှင်ကြည်နူးလိမ့်မယ် ”

ဟု ပြောလေ၏။ သီဟက မိခင်၏မျက်နှာကို ကြည့်၍

“ ဟုတ်ကဲ့၊ ပန်းကလေးတွေဆီက ဘာသာစကားကို သင်ယူဖို့ ကျွန်တော် ကြိုးစားပါ့မယ် ”

ဟု ပြောလေ၏။ မိခင်က အလွန်လှပသော နှင်းဆီပန်းတစ်ပွင့်





ကို နမ်းရှိုက်လိုက်ပြီး

“ လှပတဲ့ နှင်းဆီပန်းလေးမှာ ဆူးတွေရှိတယ်၊ တကယ်တော့ နှင်းဆီပန်းနဲ့ဆူးတွေကို မလိုက်ဖက်သလိုခံစားရတယ်၊ ဒါပေမဲ့ နှင်းဆီမှန်ရင်တော့ ဆူးရှိရမှာပဲ၊ ဘာကြောင့်လဲဆိုတော့ သူ့ရဲ့အလှကို ကာကွယ်ဖို့ ဆူးတွေရှိဖို့လိုတယ်လေ၊ လူလေးကို အဒေါ်ရဲ့မွေးစားသားနဲ့ပတ်သက်ပြီး ပြောရဦးမယ်၊ သူဟာ ငယ်စဉ်က အလိုလိုက်ထားတဲ့အတွက် မောက်မာရိုင်းစိုင်းတယ်၊ သူများအပေါ်လည်း အနိုင်ကျင့်တတ်တယ်၊ ဒါကြောင့် သူ့ရဲ့အပြောအဆိုတွေကို သည်းခံပေးဖို့ အဒေါ်မေတ္တာရပ်ခံချင်တယ် ”

ဟု ပြော်လေ၏။ သီဟသည် မိခင်နှင့်အတူနေရလျှင် အရာရာကို သည်းခံနိုင်သူဖြစ်၍

“ ဒီအတွက်မပူပါနဲ့အဒေါ်ရယ်၊ ကျွန်တော် သူ့ကို အတတ်နိုင်ဆုံး သည်းခံခွင့်လွှတ်ပေးမှာပါ ”

ဟု ပြောလေ၏။ ထိုအခါ ဒေါ်ပန်းရုံက ကျေနပ်သွားဟန်ဖြင့် ပန်းခြံထဲတွင် လှည့်လည်ကာ ပန်းကလေးများကို စိတ်ဝင်တစား ကြည့်ရှုလေ၏။

ထို့နောက် ပန်းကလေးများကို အလွန်လေးနက်ဟန်ဖြင့် မေတ္တာပို့ပြီး အိမ်နီးကြီးထဲသို့ ပြန်လည်ဝင်ရောက်သွားလေ၏။

သီဟသည် မိခင်၏နောက်ကျောကို ကြည့်ရင်း ကျန်ရစ်ခဲ့လေ



www.burmeseclassic.com

www.burmeseclassic.com



၏။ သူသည် ညနေစောင်းသည်အထိ အမြွှာညီအစ်ကိုနှစ်ဦးနှင့် အလုပ်လုပ်ပြီး ရေတွင်း၌ ရေမိုးချိုးကြလေ၏။

အမြွှာညီအစ်ကိုနှစ်ဦးသည် ရေမချိုးမီ ခြံအနောက်ရှိ မြေကွက်လပ်၌ ဓားနှစ်လက်သိုင်းကို လေ့ကျင့်ကြလေ၏။ အမြွှာညီအစ်ကိုနှစ်ဦး၏ ဓားသိုင်းပညာမှာ အဆင့်မနိမ့်လှကြောင်း တွေ့ရ၏။

သီဟသည် အချိန်များ အားလပ်နေသဖြင့် အိမ်နီကြီး၏ အနောက်ဖက်သို့ လှည့်လည်ကြည့်ရှုလေ၏။

အိမ်နီကြီးအနောက်၌ ခြံဝင်းကြီးသည် လွန်စွာကျယ်ဝန်းပြီး ချုံနွယ် ပိတ်ပေါင်းများ ဖုံးလွှမ်းနေလေ၏။ သူသည် ချုံနွယ်ပိတ်ပေါင်းများကို တိုးဝှေ၍လျှောက်လှမ်းခဲ့ပြီး လမ်းငယ်လေးတစ်လမ်းကို တွေ့ရ၏။

ထိုအခါ လမ်းငယ်လေးအတိုင်း လျှောက်ခဲ့ရာ အိမ်နီကြီး၏ အနောက်ဖက် ခြံစည်းရိုးအစပ်သို့ ရောက်လေ၏။ ထိုအခါ ခြံစည်းရိုး အစပ်အနီးတွင် နတ်ကွန်းနှင့် သဏ္ဌာန်တူသော စင်လေးတစ်ခုကို တွေ့ရလေ၏။

ထိုစင်လေး၏ရှေ့တွင် အမွှေးတိုင်ထွန်းခဲ့သောခွက်များနှင့် ပန်းအိုးများကို တွေ့ရလေ၏။ သီဟသည် နတ်ကွန်းအနီးသို့ သွားရောက်ကြည့်ရှုပြီး မြင်ရသောမြင်ကွင်းကြောင့် မျက်လုံးပြူးသွားလေ၏။

ထိုနတ်ကွန်းထဲတွင် မည်သည့်နတ်ရုပ်မှ မရှိဘဲ ပါးပြင်းထောင်နေသော မြွေဖြူတစ်ကောင်၏ ရုပ်ထုကိုသာ တွေ့ရလေ၏။ ထိုမြွေရုပ်မှ





ပကတိ မြွေတစ်ကောင်၏ အရွယ်အစားအတိုင်းရှိပြီး မြွေရုပ်ကို ကျောက်ဖြူသားဖြင့် ထွင်းထုထား၏။

မြွေရုပ်ပါးပြင်းထောင်နေပုံမှာ လွန်စွာ အသက်ဝင်လှ၏။ ထိုနတ်ကွန်း၌ ပန်းများ လန်းဆန်းနေပုံထောက်လျှင် အိမ်နီကြီးရှိလူများ အချိန်မှန်မှန် ပန်းတိုးနေပုံရ၏။

နတ်ကွန်းထဲတွင် မြွေပွေးတစ်ကောင်ကိုထည့်၍ ကိုးကွယ်နေသည်မှာ အံ့သြဖွယ်ကောင်းလွန်းလှ၏။ ထို့နောက် သီဟသည် နတ်ကွန်းကိုကျော်ဖြတ်ပြီး အိမ်နီကြီး၏အနောက်ဖက် အုတ်တံတိုင်း အနီးသို့ တိုးကပ်သွားလေ၏။

အုတ်တံတိုင်းကို လက်ဖြင့်ထောက်၍ ကြည့်လိုက်ရာ အနောက်ဖက်တွင် ချုံနွယ်ပိတ်ပေါင်းများ ဖုံးလွှမ်းနေသော သချိုင်းကို မြင်တွေ့ရ၏။

သချိုင်းထဲတွင် မြေပုံငယ်များနှင့် ဟောင်းနွမ်းဆွေးမြည့်နေသော အုတ်ဂူဟောင်းများကို တွေ့ရ၏။

သီဟသည် သချိုင်းထဲသို့ သွားရောက်ကြည့်ရှုလိုသဖြင့် အုတ်တံတိုင်းကို ကျော်၍ တက်လာ၏။ နေဝင်ရီသရောအချိန်ဖြစ်သဖြင့် သချိုင်းထဲတွင် အမှောင်ထု လွှမ်းမိုးနေပြီဖြစ်၏။

သီဟသည် သချိုင်းထဲတွင် လှည့်လည်ကြည့်ရှုရင်း အုတ်ဂူတစ်ခုအနီးသို့ ရောက်သွားလေ၏။ ထိုဂူသည် သချိုင်းထဲတွင် အနန်



www.burmeseclassic.com

www.burmeseclassic.com



ညားဆုံး ဖြစ်၍ အုတ်ဂူ၏အပေါ်၌ လှပသော ပန်းပွင့်များကို တွေ့ရှိရပြီး ကမ္ပည်းကျောက်ပြား၌

“ ကိုနန္ဒ

အသက် (၃၀)နှစ် ” ဟု ရေးသားထားလေ၏။

ကျောက်ဖြူပြား၏ အောက်တွင် ကိုယ်နန္ဒသေဆုံးသွားသည့် နေ့ရက်ကိုလည်း ရေးသားထား၏။ သီဟသည် အုတ်ဂူဟောင်းကို ကြည့်ရှုနေစဉ် အနောက်မှ တစ်စုံတစ်ဦး ရောက်ရှိနေသည်ဟု ခံစားရသဖြင့် ဆတ်ခနဲ လှည့်ကြည့်လိုက်၏။

ထိုအခါ အရိပ်သဏ္ဍာန်တစ်ခုသည် သစ်ပင်၏အနောက်တွင် ပုန်းကွယ်လိုက်ကြောင်း တွေ့လိုက်ရ၏။ သီဟသည် မိမိကို ချောင်းမြောင်းနေသူကို အမိဖမ်းရန် ထိုသစ်ပင်ရှိရာသို့ ပြေးထွက်ခဲ့၏။

ထိုအခါ လမ်း၌ အုတ်ဂူဟောင်းများခံနေသဖြင့် အရောက်နောက်ကျသွားလေ၏။ မိမိကို ချောင်းမြောင်းနေသူသည် လွတ်မြောက်သွားလေ၏။

သီဟသည် ထိုသစ်ပင်အနီးသို့ရောက်သောအခါ မီးသေနေသော ဆေးပြင်လိပ်တိုတစ်ချောင်းကို တွေ့ရလေ၏။

အိမ်နီကြီး၌ ဆေးပြင်းလိပ်သောက်သူကို မြင်ယောင်လိုက်ရင် သီဟ တစ်ကိုယ်တည်း ပြုံးလိုက်မိလေ၏။

အိမ်နီကြီး၌ ဆေးပြင်းလိပ်သောက်သူမှာ ခြံစောင့်ကြီး ဦးဗလ





ဖြစ်၏။ ဦးဗလသည် အဘယ်ကြောင့် မိမိကို တိတ်တဆိတ် လိုက်လံချောင်းမြောင်းနေလေသနည်း။

မောင်သီဟသည် အမှောင်ထုဖုံးလွှမ်းလာသဖြင့် သင်္ချိုင်းကုန်းမှ အိမ်နီကြီးသို့ ပြန်ခဲ့လေ၏။

သူ၏နေထိုင်ရာ အိမ်ကလေးရှေ့သို့ရောက်သောအခါ စောင့်မျှော်နေဟန်ရှိသော အိမ်ဖော်မိန်းကလေးတစ်ဦးကို မြင်တွေ့ရလေ၏။

သူမသည် ရှည်လျားသော ဆံပင်များရှိပြီး ဆွဲဆောင်အားကောင်းသူဖြစ်၏။ အိမ်ဖော်မိန်းကလေးက

“ ရှင်ဘယ်သွားနေလဲ ”

ဟု မေးမြန်းလေ၏။ သီဟက သက်ပြင်းချ၍

“ ညစာစားဖို့ အချိန်စောနေတာနဲ့ အနောက်ဘက်က သင်္ချိုင်းထဲမှာ လှည့်ကြည့်နေတာ ”

ဟု ပြောလေ၏။ ထိုအခါ အိမ်ဖော်မိန်းကလေး၏ မျက်လုံးများ ပြူးကျယ်သွားပြီး

“ ဘာ... အိမ်နီကြီးအနောက်ဘက်က သင်္ချိုင်းကို ရှင် တစ်ယောက်တည်း သွားတယ်ဟုတ်လား။ ဒီသင်္ချိုင်းက သရဲခြောက်လွန်းလို့ သုဘရာဇာတောင် မနေဝံ့ဘူး။ ဒါကြောင့် နေ့ခင်းဘက်မှာတောင် ရွာကျောင်းသားတွေ သင်္ချိုင်းကုန်းကို လာလေ့မရှိဘူး၊ ရှင် အကြောင်းမသိဘဲ သင်္ချိုင်းထဲကို တစ်ယောက်တည်းမသွားနဲ့၊ ဒုက္ခရောက်သွားမယ်”



www.burmeseclassic.com

www.burmeseclassic.com



ဟု စေတနာကောင်းနှင့် မှာကြားလေ၏။ သီဟသည် မိန်းမပျို၏ အမှာစကားကြောင့် ရယ်မောဍ်

" ကျုပ် သရဲမကြောက်တတ်ပါဘူး။ သရဲတစ္ဆေနဲ့တွေ့ရင်တောင် ကျုပ်အတွက် ကံကောင်းထောက်မတဲ့ အခွင့်အရေးတစ်ခုလို့ပဲ ခံယူထားပါတယ် "

ဟု ပြောလေရာ အိမ်ဖော်မိန်းမပျိုသည် သီဟကိုကြည့်၍ ခေါင်းခါယမ်းလိုက်ပြီး

" ရှင်ဟာ မိုက်မဲတဲ့ တဇွတ်ထိုးသမားတစ်ယောက်ပဲ၊ တစ်နေ့ ဒုက္ခတွေ့မှာ မြင်ယောင်သေးတယ်၊ ကဲ... ညစာစားဖို့ ကျွန်မနောက်ကို လိုက်ခဲ့ပေတော့၊ ရှင်တစ်ယောက်ပဲ စားဖို့ကျန်တော့တယ် "

ဟု ပြောလေ၏။

သီဟသည် အိမ်နီကြီး၌ တစ်ကိုယ်တည်း ညစာကို စားသောက်ရ၏။ အိမ်နီကြီး၌ ကျွေးမွေးသော အစားအသောက်များသည် စုံလင် ပြီး အကျွေးအမွေး ရက်ရောလှကြောင်း သတိပြုမိလေ၏။

သီဟသည် ထမင်းစားသောက်ပြီးသောအခါ အိမ်ဖော်မိန်းကလေးကို ပန်းကန်ပြားများ ပေးအပ်လိုက်ပြီး

" ဒီမှာ ကျုပ်မသိလို့မေးပါရစေ၊ အိမ်နီကြီးအနောက်က နတ်ကွန်းမှာ ဘာဖြစ်လို့ မြွေဖြူအရုပ်ရှိနေရတာလဲ "

ဟု မေးမြန်းလေ၏။





ထိုအခါ မိန်းမပျို၏မျက်လုံးများသည် ထိတ်လန့်ဟန်ဖြင့် ပြူးကျယ်သွားပြီး

" ရှင်အတော်စပ်စုတာပဲ၊ ကိုယ်နဲ့မဆိုင်တဲ့ကိစ္စတွေမှာ ဘာကြောင့် ဝင်ပြီးစပ်စုနေရတာလဲ၊ ရှင် မြဲမြဲမှတ်ထားဖို့က အိမ်နီကြီးမှာ စပ်စုတာ ဘယ်သူမှမကြိုက်ဘူး "

ဟု ပြောလေ၏။ သီဟက သက်ပြင်းချ၍

" ကျုပ်မှာ စပ်စုတတ်တဲ့အကျင့် မရှိဘူး၊ စူးစမ်းချင်တဲ့ စိတ်ဓာတ်ပဲရှိတယ်၊ နတ်ကွန်းပေါ်မှာ မြွေရုပ်တပ်ပြီး ကိုးကွယ်တာ ကျုပ်တစ်သက်မှာ တစ်ခါမှမမြင်ဖူးဘူး၊ မြွေတစ်ကောင်ကို နတ်ကွန်းထဲမှာ ထားတယ်ဆိုတာ အလွန်စိတ်ဝင်စားစရာကောင်းတဲ့ အပြုအမူ တစ်ရပ်ပဲ "

ဟု ပြောလေ၏။ ထိုအခါ အိမ်ဖော်မိန်းမပျိုသည် ပန်းကန်ပြားကို မဆေးကျောတော့ဘဲ

" ရှင် ပြောလေကဲလေပါလား၊ ဒီအကြောင်းတွေကို မမေးပါနဲ့လို့ ကျွန်မ ဘယ်နှစ်ခါပြောရမလဲ၊ ရှင် ထမင်းစားခန်းထဲက ထွက်သွားပါတော့ရှင် "

ဟု မောင်းထုတ်လေ၏။

ထိုအခိုက်မှာပင် အိမ်နီကြီး၏ အပေါ်ထပ်ဆီမှ စန္ဒရားတီးသံနှင့် တေးသီချင်းတစ်ပုဒ်ကို သီဆိုနေသောအသံကို ကြားရ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအသံမှာ မိခင်၏ ကြည်လင်ပီသသော အသံပင်ဖြစ်၏။ သီဟသည် မိခင်၏အသံကို ကြားချင်သောကြောင့် ထမင်းစားခန်းမှ မထွက်သေးဘဲ နားထောင်လေ၏။

ထိုအခိုက်မှာပင် အနားသို့ မောင်ရွှေမြရောက်ရှိလာပြီး သီဟကို မလိုလားဟန်ဖြင့် ကြည့်၍

" ဟေ့ကောင်... မင်းဘာဖြစ်လို့ ထမင်းစားခန်းထဲရောက်နေရတာလဲ၊ ထမင်းစားပြီးရင် ပြန်တော့လေ၊ ဘာလဲ... မင်းက ထမင်းစားဆောင်ထဲက ပစ္စည်းတွေကို ခိုးမလို့လား "

ဟု ရိုင်းစိုင်းစွာ မေးလေ၏။

သီဟသည် မောင်ရွှေမြကို စကားမတုံ့ပြန်တော့ဘဲ ထမင်းစားခန်းထဲမှ ထွက်ခဲ့လေ၏။ မိမိအား ထမင်းစားခန်းတွင်းမှ မောင်းထုတ်ခြင်းကို ရိုးသားမှုမရှိဟု ထင်မြင်နေမိ၏။

ထို့ကြောင့် အမှောင်ရိပ်ကိုခို၍ ထမင်းစားဆောင်သို့ တိုးကပ်သွားပြီး ပြန်လည်ချောင်းမြောင်းလေ၏။ ထမင်းစားဆောင်၏ တံခါးကို အတွင်းမှ ပိတ်ထားလိုက်ပြီဖြစ်၏။

ထို့ကြောင့် မောင်သီဟသည် သံသယစိတ်များ ပိုမိုဝင်ရောက်လာပြီး ထမင်းစားဆောင်၏တစ်ဖက်သို့ ရောက်သွားလေ၏။

ထို့နောက် တစ်ဆင့်တက်၍ ပြတင်းပေါက်မှ အတွင်းသို့ ချောင်းမြောင်း ကြည့်ရှုလေ၏။





ထိုအခါ ချောမောလှပသော အိမ်ဖော်မိန်းကလေးနှင့် စကားပြောဆိုနေသော မောင်ရွှေမြကို တွေ့ရလေ၏။ မောင်ရွှေမြသည် စကားပြောရင်း စိတ်မထိန်းနိုင်ဟန်ဖြင့် အိမ်ဖော်မိန်းကလေးကို ရင်ခွင်ထဲတွင် ဖက်ပွေ့၍ နမ်းရှုံ့ရန် ကြိုးစားလေ၏။

အိမ်ဖော်မိန်းကလေးသည် ရုန်းကန်ရန် ကြိုးစား၏။ သို့သော် မိန်းကလေးသည် စိတ်ပြောင်းသွားဟန်ဖြင့် ရုန်းကန်ခြင်းမရှိဘဲ မောင်ရွှေမြ ခေါ်ဆောင်ရာသို့ လိုက်ပါသွားလေ၏။

မောင်ရွှေမြသည် အိမ်ကြီး၏အောက်ထပ်ရှိ အမှောင်လွှမ်းသော အခန်းတစ်ခန်းသို့ အိမ်ဖော်မိန်းကလေးကို ခေါ်ဆောင်သွားလေ၏။ ၊န်းကလေးတစ်ပွင့် ကြွေလွင့်သွားလေပြီ။

သီဟသည် ထိုညက တစ်ညလုံး အိပ်မပျော်နိုင်ဘဲ အိမ်နီကြီး ရှိ လူများ၏အကြောင်းကို စဉ်းစားနေလေ၏။

အိမ်နီကြီး၌ ထူးဆန်းလျှို့ဝှက်သော အကြောင်းအရာများစွာ ရှိ၏။ သူ၏မိခင် ဒေါ်ပန်းရုံသည် ပန်းကလေးများနှင့် ပတ်သက်၍ အလွန်နက်နဲလျှို့ဝှက်ထားသော နည်းရှိ၏။

မိခင်၏ မွေးစားသားမောင်ရွှေမြမှာ အလွန်ရိုင်းစိုင်းကြမ်းတမ်း ပြီး စိတ်ဓာတ်ညံ့ဖျင်းသူဖြစ်၏။

အိမ်နီကြီးအတွင်း လုပ်ကိုင်သော အိမ်ဖော်မိန်းကလေးများမှာ ချောမောလှပပြီး အရည်အချင်းရှိသူများဖြစ်၏။ အိမ်နီကြီးရှိ ယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com



များအားလုံး ကိုယ်ခံပညာကို ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်ကြ၏။

မိခင် ဒေါ်ပန်းရုံသည် ကိုယ်ခံပညာကျွမ်းကျင်သူများကို အဘယ်ကြောင့် ငှားရမ်းထားသနည်း။ မိခင်၌ လျှို့ဝှက်သော ရန်အန္တရာယ်များ ရှိပုံရ၏။

အိမ်နီကြီး၏ အနောက်ဘက်တွင်ရှိသော မြွေဖြူနတ်ရုပ်မှာ အိမ်နှင့် တစ်စုံတစ်ရာ ပတ်သက်နေပုံရ၏။

ထို့ပြင် ညနေက သချိုင်းထဲတွင် ခြံစောင့်ကြီးဦးဗလသည် မိမိကို လိုက်လံချောင်းမြောင်း၏။

မည်သို့ပင်ဖြစ်စေ မိခင်၏အခက်အခဲများကို မိမိ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ရင်ဆိုင်ဖြေရှင်းပေးမည်ဟု ဆုံးဖြတ်ထားလိုက်၏။ သီဟသည် နောက်တစ်နေ့နံနက်တွင် အိပ်ရာမှ စောစွာထ၍ ခြံထဲရှိ အမှိုက်များကို လှဲကျင်းနေလေ၏။

ထို့နောက် သစ်ရွက်ခြောက်များကို ခြံထဲရှိ မြေတွင်းထဲတွင် မြှုပ်နှံလေ၏။ ထိုသို့မြှုပ်နှံပြီး သစ်ရွက်ခြောက်များ မြေဩဇာဖြစ်သွားသောအခါ ပန်းပင်များအတွက် အသုံးပြုမည်ဖြစ်၏။

သီဟသည် အမှိုက်များကိုလှဲရင်း ခြံတံခါးဝသို့ ရောက်သွားလေ၏။ ထိုအချိန်မှာပင် တံခါးဝသို့ အမျိုးသမီးငယ်တစ်ဦး ရောက်ရှိလာပြီး စိတ်လှုပ်ရှားဟန်ဖြင့်

" ကျေးဇူးပြုပြီး တံခါးကိုဖွင့်ပေးပါ အစ်ကို၊ ကျွန်မ အိမ်နီကြီး





ရဲ့ ပိုင်ရှင်နဲ့ တွေ့ချင်လို့ပါ "

ဟု တောင်းပန်လေ၏။ သီဟသည် မိန်းမပျို၏ အမူအရာကြောင့် စိတ်လှုပ်ရှားသွားပြီး

" မင်းကဘာဖြစ်လို့ အိမ်နီကြီးရဲ့ အရှင်သခင်နဲ့တွေ့ချင်ရတာလဲ "

ဟု မေးမြန်းလေ၏။

" ကျွန်မမှာ အလွန်အရေးကြီးတဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စတစ်ခုရှိလို့ တွေ့ချင်ရတာပါ "

ဟု ပြောလေ၏။ ထိုအခါ သီဟက သက်ပြင်းချ၍

" အိမ်နီကြီးထဲကိုဝင်ဖို့ အကြောင်းကိစ္စ မယ်မယ်ရရ မပြနိုင်ဘဲ တံခါးဖွင့်ပေးဖို့ မဖြစ်နိုင်ဘူး "

ဟု ပြောလေ၏။ ထိုအခါ မိန်းမပျိုက ဝမ်းနည်းကြေကွဲဟန်ဖြင့် မျက်ရည်များ စီးကျလာပြီး

" ဒီလိုဆိုလည်း ကျွန်မဘဝကို ပြောပြပါတော့မယ်၊ အစ်ကို နားနဲ့မနာဘဲ ဖဝါးနဲ့နာပါရှင်၊ ကျွန်မဟာ ဒီအိမ်က ကိုရွှေမြနဲ့ လူငယ်တို့ဘာသာဘာဝ ချစ်ကျွမ်းဝင်ခဲ့ပါတယ်၊ ပြီးတော့ ကိုရွှေမြဟာ အနိုင်ကျင့်စော်ကားခဲ့ပါတယ်၊ ကိုရွှေမြနဲ့တွေ့ဆုံဖို့ အကြိမ်ကြိမ်ကြိုးစားခဲ့ပေမဲ့ ဒီနေ့အထိ မအောင်မြင်ခဲ့ပါဘူး၊ ကိုရွှေမြဟာ စိတ်သဘောထား အင်မတန် ယုတ်မာတဲ့လူပါ၊ ကျွန်မလိုမိန်းကလေး တော်တော်များများကို



www.burmeseclassic.com

www.burmeseclassic.com



သူ နိုင်ထက်စီးနင်း ပြုကျင့်ပြီးပါပြီ၊ သူ့ရဲ့ယုတ်မာမှုတွေကို သိလိုက်ရတဲ့အချိန်ကစပြီး သူ့ကို ကျွန်မ မယူချင်တော့ပါဘူး၊ ဒီအိမ်ကြီးကို ရောက်လာတဲ့အကြောင်းကတော့ လူယုတ်မာရဲ့မိခင်ကြီးဒေါ်ပန်းရုံနဲ့တွေ့ဖို့ပါ၊ ဒေါ်ပန်းရုံဟာ စိတ်သဘောထားကောင်းမွန်တဲ့ အမျိုးသမီးဆိုတာ ကျွန်မကြားဖူးပါတယ်၊ ဒေါ်ပန်းရုံဟာ သူ့သားရဲ့ ယုတ်မာကောက်ကျစ်တဲ့ အကြောင်းတွေကို မသိသေးဘူးထင်ပါတယ်၊ ဒါကြောင့် ကျွန်မတို့ မိန်းမသားတွေရဲ့ အရှက်နဲ့သိက္ခာကို ကာကွယ်ဖို့အတွက် ဒေါ်ပန်းရုံကို ကျွန်မတွေ့ဖို့ သိပ်ပြီးအရေးကြီးနေပါတယ် ''

ဟု ပြောလေရာ သီဟသည် မိန်းကလေးတစ်ဦး၏ ဘဝကို စာနာစိတ်ဝင်သွားပြီး

'' ကြားရတာ စိတ်မကောင်းစရာပါပဲ၊ ဒါဆိုရင် ကျုပ်တံခါးဖွင့်ပေးမယ်၊ မင်းဘာသာ ဒေါ်ပန်းရုံနဲ့တွေ့ဖို့ ကြိုးစားပေတော့ ''

ဟု ပြောဆိုလေ၏။ မိန်းကလေးသည် သီဟ၏စကားကြောင့် အလွန်ဝမ်းသာသွားပြီး

'' ကျွန်မ အရင်တုန်းက ဒီခြံကိုရောက်ပေမဲ့ တစ်ကြိမ်တစ်ခါမှ တွေ့ခွင့်မရခဲ့ဘူး၊ ရှင်ဟာ အလွန်စိတ်ကောင်းရှိတဲ့သူပါပဲ ''

ဟု ချီးမွမ်းလေ၏။ မောင်သီဟကလည်း မိန်းကလေးကို တံခါးဖွင့်ပေးလိုက်၏။ ထိုအခိုက်မှာပင် အနီးသို့ မောင်ရွှေမြ ဒေါသတကြီးရောက်ရှိလာပြီး





'' ဟေ့ကောင်... ဘာလို့ ပေါက်လွတ်ပဲစား မိန်းမတွေကို တံခါးဖွင့်ပေးရတာလဲ၊ ဒီခြံကြီးရဲ့တံခါးကိုဖွင့်ဖို့ ငါတို့ဆီက အမိန့်တောင်းရတယ်ကွ၊ မင်းအတော် အသုံးမကျတဲ့ကောင်ပဲ၊ ဒီကောင်မကို ခြံထဲက အမြန်ဆွဲထုတ်လိုက်စမ်း ''

ဟု အမိန့်ပေးလေ၏။ ထိုအခါ မိန်းမပျိုက မောင်ရွှေမြကို စိတ်နာကြည်းဟန်ဖြင့် ကြည့်၍

'' ရှင် အတော်ယုတ်မာတဲ့လူပဲ၊ ယောကျ်ားတစ်ယောက်လုပ်ပြီး ဒီလောက် စိတ်သဘောထားယုတ်ညံ့တာ ဒီတစ်ခါပဲ တွေ့ဖူးသေးတယ်၊ ရှင့်လို ယုတ်ညံ့တဲ့ယောကျ်ားတစ်ယောက်နဲ့ ပတ်သက်ခဲ့ဖူးတာ ကျွန်မ သိပ်နောင်တရတယ် ''

ဟု ပြစ်တင်ဝေဖန်လေ၏။ ထိုအခါ မောင်ရွှေမြက မိန်းကလေးကို လက်ညှိုးငေါက်ငေါက်ထိုး၍

'' ဟဲ့ကောင်မ... နင် ငါ့ကို ဘာမှပြစ်တင်ဝေဖန်စရာ မလိုဘူး၊ အခု ထွက်သွားစမ်း၊ မင်းလို အဆင့်အတန်းမရှိတဲ့ မိန်းမတွေ ဒီခြံထဲ ဝင်စရာမလိုဘူး ''

ဟု ရိုင်းစိုင်းစွာ ပြောလေ၏။ ထို့နောက် မောင်သီဟဘက်သို့ လှည့်၍

'' ဒီကောင်မကို ခြံထဲက မောင်းထုတ်လိုက်စမ်း၊ ငါ ဒီကောင်မ မျက်နှာကို မမြင်ချင်ဘူး ''



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။

သီဟသည် မောင်ရွှေမြ၏အမိန့်ကြောင့် အခက် အခဲတွေ့သွားလေ၏။ သူသည် မောင်ရွှေမြနှင့် တည့်အောင်ပေါင်းမည်ဟု မိခင်ထံတွင် ကတိခံထား၏။

ထို့ကြောင့် မောင်ရွှေမြ၏ဆန္ဒကို မငြင်းဆန်နိုင်ဘဲ မိန်းကလေးဘက်သို့ လှည့်ကာ

" ကျုပ် ဘာမှမတတ်နိုင်တော့ဘူး၊ ဒီခြံထဲက ထွက်သွားပေတော့ "

ဟု ပြောလေ၏။ မိန်းကလေးသည် မောင်သီဟ၏ အခက်အခဲကို နားလည်ဟန်ဖြင့် သက်ပြင်းချလိုက်ပြီး

" ကောင်းပါပြီ၊ ကျွန်မသွားပါတော့မယ်၊ ဒါပေမဲ့ ဒီလူယုတ်မာကိုတော့ တစ်နေ့ ပညာပေးနိုင်အောင် ကြိုးစားဦးမှာပါ "

ဟု ပြောရင်း မောင်ရွှေမြဘက်သို့လှည့်ကာ

" လူယုတ်မာကြီး၊ ရှင်တစ်နေ့ ဒုက္ခကောင်းကောင်းတွေ့မယ်၊ မှတ်ထားပေတော့ "

ဟု ကြိုးဝါးကာ ထွက်သွားလေ၏။

မောင်ရွှေမြသည် မိန်းကလေးကို ရိုင်းစိုင်းစွာ ဆဲဆို၍ ကျန်ရစ်ခဲ့လေ၏။ ထို့နောက် မောင်ရွှေမြသည် မိန်းကလေးအပေါ်ထားသော ဒေါသစိတ်ကို သီဟဘက်သို့လှည့်ပြီး





" ဟေ့ကောင် ဒီကောင်မ ခြံထဲဝင်လာတာ မင်းအသုံးမကျလို့ကွ "

ဟု ပြောရင်း မောင်သီဟ၏မျက်နှာကို လက်သီးဖြင့် ထိုးလေ၏။

သီဟသည် သိုင်းသမားတစ်ဦးဖြစ်သဖြင့် သူ၏လက်သီးချက်များကို လျှင်မြန်စွာ ရှောင်တိမ်းလိုက်၏။

မောင်ရွှေမြသည် သူ၏လက်သီးချက် လွဲချော်သွားသဖြင့် ပိုမို၍ ဒေါသူပုန်ထသွားပြီး

" ဩော် မင်းကရှောင်တယ်ပေါ့၊ ရှောင်ဦးကွာ၊ ရှောင်ဦးကွာ "

ဟု ကြိုးဝါးကာ လက်သီးဖြင့် တစ်ချက်ပြီးတစ်ချက် ဆင့်ကာဆင့်ကာ ထိုးလေ၏။ မောင်သီဟ၏မျက်နှာပေါ်သို့ လက်သီးချက်များ တဖွဲဖွဲ ကျလာ၏။

မောင်သီဟ၏နှုတ်ခမ်းမှ သွေးများ ကျဆင်းလာလေ၏။ ထိုအခိုက်မှာပင် ၎င်းတို့၏အနောက်မှ

" ရပ်လိုက်စမ်း "

ဟူသော အသံကို ကြားရလေ၏။ ထို့နောက် အနီးသို့ ဒေါ်ပန်းရုံ ရောက်ရှိလာပြီး မောင်ရွှေမြ၏မျက်နှာကိုကြည့်ကာ

" မောင်ရွှေမြ... မင်းမိုက်ရိုင်းလှချည်လား၊ ဘာဖြစ်လို့ လူလူချင်း ဒီလိုအနိုင်ကျင့်ရတာလဲ "

ဟု ကြိမ်းမောင်းလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်ရွှေမြက အံကိုကြိတ်၍ မိခင်ဘက်သို့ လှည့်ကာ

" ဒီကောင်အသုံးမကျတာ အမေသိလို့လား၊ ပေါက်လွှတ်ပဲစား မိန်းမတွေကို တံခါးဖွင့်ပေးတယ်၊ မတော်လို့ သူခိုးဓားပြတွေ ခြံထဲဝင်လာရင် အမေ့ရဲ့စည်းစိမ်းတွေ စိုးရိမ်ရတယ်ဗျ၊ ဒါကြောင့် ဒီကောင်ကို ဆုံးမနေတာ၊ ဒီကောင်ဟာ လူပါးဝတော်တော်ဝတယ်၊ ကျုပ်ဆုံးမတာကို မခံချင်ဘူး၊ ဒါကြောင့် မှတ်လောက်သားလောက်အောင် ဆုံးမနေတာ "

ဟု ပြောလေ၏။ သီဟသည် အချင်းမများလိုတော့သဖြင့် ခေါင်းကိုသာ ငုံ့ထားလိုက်၏။

ထိုအခါ ဒေါ်ပန်းရုံက မောင်ရွှေမြကိုကြည့်၍

" ဘာပဲဖြစ်ဖြစ်၊ ကိုယ့်ခြံထဲက အလုပ်သမားကို ပါးစပ်နဲ့ပဲ ပြောပါ၊ ငါ့သား လက်ပါစရာမလိုဘူး၊ လူတွေအားလုံးမှာ ကိုယ်ပိုင်အခွင့်အရေးရှိတယ်၊ အဲဒီအခွင့်အရေးကို ငါ့သား နားလည်ရမယ်၊ နိုင်ထက်စီးနင်း လုပ်လို့မရဘူး၊ သဘာဝလောကကြီးမှာ နိုင်ထက်စီးနင်း လုပ်လို့ရတဲ့အရာဟာ တိရစ္ဆာန်တွေပဲရှိတယ်၊ လူမှာ အသိဉာဏ်ရှိတယ်၊ အသိဉာဏ်ရှိတဲ့လူအချင်းချင်း နိုင်ထက်စီးနင်းလုပ်လို့မရဘူး၊ နှိပ်စက်ညှဉ်းပန်းလို့လည်း မဖြစ်ဘူး၊ လူသားတစ်ယောက်နဲ့တစ်ယောက် နားလည်ခွင့်လွှတ်တတ်ဖို့လိုတယ်၊ နောက် ဒီလိုအပြုအမူမျိုး လုံးဝ အမေမမြင်ချင်ဘူး "

ဟု ပြောလေရာ မောင်ရွှေမြသည် မိခင်ကို မည်သို့မျှ စကား





မတုံ့ပြန်တော့ဘဲ အံကိုကြိတ်၍ ထိုနေရာမှ ထွက်ခွာသွားလေ၏။

ဒေါ်ပန်းရုံသည် သီဟ၏အနီးသို့ ရောက်လာပြီး ကရုဏာသက်ဟန်ဖြင့်

" မျက်နှာတစ်ခုလုံး သွေးတွေနဲ့ပါလား၊ လူလေးအတွက် စိတ်မကောင်းလိုက်တာ၊ မောင်ရွှေမြဟာ အတော်မိုက်ရိုင်းတာပဲ၊ သူ့ကို ငယ်စဉ်က မဆုံးမခဲ့မိတာ အဒေါ်ရဲ့အမှားပါ၊ တကယ်တော့ သားသမီးမလိမ္မာတာ မိဘတွေရဲ့အပြစ်တွေလည်း အများကြီးပါတယ်၊ အဲဒီအတွက် အဒေါ့်မှာလည်း အပြစ်ရှိပါတယ် "

ဟု ပြောလေ၏။

မောင်သီဟက မိခင်၏မျက်နှာကို ကြည့်၍

" စိတ်မကောင်းမဖြစ်ပါနဲ့အဒေါ်ရယ်၊ ဒီလောက်ဒဏ်ရာလောက်နဲ့ ကျုပ်ဘာမှမဖြစ်ပါဘူး၊ တကယ်တော့ လူစိမ်းတစ်ယောက်ကို တံခါးဖွင့်ပေးမိတာ ကျုပ်ရဲ့အမှားပါ၊ အိမ်ရှင်တွေရဲ့ ခွင့်ပြုချက်မရဘဲ တံခါးဖွင့်မပေးသင့်ဘူးလေ "

ဟု ပြောလေရာ ဒေါ်ပန်းရုံက ခေါင်းခါယမ်း၍

" လူလေးမှာ အပြစ်မရှိပါဘူး၊ ဘာကြောင့်လဲဆိုတော့ လူလေးနဲ့ မိန်းကလေးတို့ပြောတဲ့စကားတွေကို အဒေါ် ပန်းရုံနောက်ကွယ်ကနေ အားလုံးကြားပြီးပါပြီ၊ ဒီပြဿနာကို မောင်ရွှေမြ ဘယ်လိုရှင်းမလဲလို့ သိချင်လို့ စောင့်ကြည့်နေတာပါ၊ မောင်ရွှေမြကို အဒေါ်



www.burmeseclassic.com

www.burmeseclassic.com



သိပ်အုံ့ဩတယ်၊ သူ တော်တော်ပျက်စီးသွားပြီ၊ သူ့ကို ပြုပြင်ဖို့ အဒေါ် အများကြီးကြိုးစားရမယ်၊ ဒါပေမဲ့ သဘာဝလောကကြီးက အဒေါ့်ကို အခွင့်အရေး ပေးပါ့မလား ''

ဟု စိတ်မကောင်းဟန်ဖြင့် ရေရွတ်နေလေ၏။ ထိုအခါ သီဟက မိခင် စိတ်ထိခိုက်နေဟန်ရှိသဖြင့်

'' လောကမှာ ပြုပြင်လို့မရတဲ့အရာဆိုတာ မရှိပါဘူး အဒေါ်ရယ်၊ တဖြည်းဖြည်း ကြိုးစားယူရမှာပေါ့ ''

ဟု ပြောလေ၏။ ထိုအခါ ဒေါ်ပန်းရုံက မောင်သီဟ၏မျက်နှာကို စူးစိုက်ကြည့်၍

'' လူလေးဟာ အရွယ်နဲ့မလိုက်အောင် လေးနက်ပါလား၊ မောင်ရွှေမြတစ်ယောက် ဒီလိုလေးနက်ရင် ဘယ်လောက်ကောင်းမလဲ၊ တကယ်တော့ လူတစ်ယောက်မှာ မျိုးရိုးဗီဇကောင်းဖို့ဆိုတာ ကောင်းကောင်း သဘောပေါက်သွားပြီ၊ မောင်ရွှေမြရဲ့အဖေအရင်းဟာ အလွန်ဆိုးသွမ်းတဲ့ လူဆိုးဓါးပြတစ်ယောက်ပဲ၊ မောင်ရွှေမြရဲ့အမေကလည်း စိတ်ဓာတ်ညံ့ဖျင်းပြီး သိပ်အောက်တန်းကျတယ်၊ သူတို့နှစ်ယောက် လူ့လောကကြီးထဲက အစောကြီးထွက်သွားလို့ သူတို့ရဲ့သားလေး မောင်ရွှေမြကို အဒေါ်မွေးစားခဲ့တယ်၊ မောင်ရွှေမြကို အဒေါ် အမျိုးမျိုးပြုပြင်ဖို့ ကြိုးစားခဲ့ပါတယ်၊ ဒါပေမဲ့ သူဟာ မိဘနှစ်ပါးရဲ့ မျိုးရိုးဗီဇစိတ်တွေ အများကြီးပါလာတယ် ''





ဟု စိတ်ပျက်ဟန်ဖြင့် ပြောဆိုလေ၏။ ထို့နောက် မျက်မှောင်ကြုတ်၍ တစ်စုံတစ်ရာကို စဉ်းစားဟန်ဖြင့် ခဏကြာမှ မောင်သီဟဘက်သို့ လှည့်၍

'' ညနေကျရင် အဒေါ် မြို့ပြင်ကို သွားစရာရှိတယ်၊ လူလေး ရထားလုံးကို ပြင်ထားပါ ''

ဟု မှာကြားလေ၏။ ထို့နောက် ဒေါ်ပန်းရုံသည် အိမ်ကြီးပေါ်သို့ ပြန်တက်သွားလေတော့၏။

မောင်သီဟလည်း အမှိုက်များကို ဆက်လက်လှဲကျင်းနေလေ၏။ ညနေရောက်လျှင် မိခင်နှင့်အတူ မြို့ပြင်သို့သွားရမည့်အကြောင်းကို စိတ်အားထက်သန်နေလေ၏။

ထိုနေ့က မောင်သီဟသည် ခြံအလုပ်များကို မလုပ်ရဘဲ အိမ်ငယ်လေး၌သာ နားခနေစေ၏။

အမြွာညီအစ်ကိုသည် သီဟလုပ်ရမည့်အလုပ်များကို သိမ်းကျုံးလုပ်ရလေ၏။ ၎င်းတို့သည် မောင်သီဟကို အနိုင်ကျင့်သည့်အတွက် မောင်ရွှေမြကို မကျေမချမ်း ဖြစ်နေကြ၏။

သီဟသည် ညနေစောင်းလျှင် ရထားလုံးကို အကျအနပြင်ဆင်လေ၏။ ဒေါ်ပန်းရုံသည် ခဏကြာလျှင် အထက်အောက် အနက်ရောင်ဆင်တူဝတ်ဆင်ပြီး ရထားလုံးရှိရာသို့ လျှောက်လာ၏။

ထို့နောက် သီဟအား မြို့ပြင်သို့ မောင်းနှင်ခိုင်းလေ၏။ သီဟ



www.burmeseclassic.com

www.burmeseclassic.com



သည် ရထားလုံးကို မောင်းနှင်ရင်း မိခင်နှင့်အတူ သွားလာရခြင်းကို ကြည်နူးချမ်းမြေ့မိလေ၏။

မြို့ပြင်သို့ရောက်သောအခါ ဒေါ်ပန်းရုံက ပြတင်းပေါက်မှ ခေါင်းပြူ၍ စေတီငယ်လေး၏နံဘေးမှ မြေနီလမ်းအတိုင်း မောင်းနှင်စေလေ၏။

အတန်ကြာအောင် မောင်းနှင်စေလေပြီး လမ်းဆုံးကား ချုံနွယ်ပိတ်ပေါင်းများ ဖုံးလွှမ်းနေလေ၏။ ထိုအခါ ဒေါ်ပန်းရုံက ရထားလုံးထဲမှ ဆင်းလာပြီး မောင်သီဟကိုကြည့်ကာ

" မင်း ဒီနေရာကစောင့်၊ အဒေါ် အရေးကြီးကိစ္စနဲ့ လူတစ်ယောက်ကို ချိန်းထားတယ်၊ အဒေါ်နဲ့ဒီလူကြားမှာ ပြဿနာတစ်ခု ရှင်းစရာရှိတယ်၊ ဒီကိစ္စမှာ မင်းဝင်မပါရင် အကောင်းဆုံးပဲ "

ဟု မှာကြားလေ၏။

ဒေါ်ပန်းရုံသည် ချုံနွယ်ပိတ်ပေါင်းများကိုတိုး၍ ရှေ့သို့လျှောက်သွားလေ၏။ မောင်သီဟသည် ဒေါ်ပန်းရုံ အနောက်မှ လိုက်လာခဲ့လေ၏။

ဤမျှ လူသွားလူလာပြတ်သော နေရာသို့ လူတစ်ယောက်နှင့် အဘယ်ကြောင့် ချိန်းဆိုနေသည် မသိချေ။

အတန်ကြာအောင် လျှောက်သွားပြီး ကျောက်တုံးတစ်တုံးပေါ်တွင် ကျောခိုင်း၍ထိုင်နေသော လူတစ်ယောက်၏ နောက်ကျောကို မြင်တွေ့ရလေ၏။





ထိုသူသည် ရှည်လျားသောဆံပင်များကို သျှောင်ထုံးသဖွယ် ထုံးနှောင်ထားပြီး လွန်စွာကြီးမားသော အညိုရောင် လွယ်အိတ်ကြီးကို လွယ်သိုင်းထားလေ၏။

ထိုသူက ဒေါ်ပန်းရုံကို လှည့်မကြည့်ဘဲ

" မပန်းရုံ မင်းကတိတည်သားပဲ၊ မင်းရဲ့စိတ်ခတ်ကတော့ အရင်ကအတိုင်းပဲ ရှိနေပါလားကွ၊ ယောကျ်ားတွေနဲ့ ရင်ဘောင်တန်းဖို့ တဲ့ စိတ်ဓာတ်ကိုတော့ ကြိုက်တယ်ဟေ့ "

ဟု ချီးမွမ်းလေ၏။ ဒေါ်ပန်းရုံက ထိုသူကို မျက်မှောင်ကြုတ်ကြည့်၍

" ရှင် ဘာမှအပိုတွေပြောမနေနဲ့၊ ကျွန်မကို ဘာကြောင့်တွေ့ချင်သလဲဆိုတာ ပြောပါ၊ ရှင့်လို လူဆိုးလူမိုက်တစ်ယောက်နဲ့ ဒီနေရာမျိုးမှာ ချိန်းဆိုပြီးတွေ့ရတာ ကျွန်မရဲ့ဂုဏ်သိက္ခာတွေ ကျဆင်းတယ် "

ဟု ပြောလေရာ ကျောက်တုံးပေါ်တွင် ကျောခိုင်း၍ထိုင်နေသူက တဟားဟား ရယ်မောလိုက်ပြီး

" ဟား ဟား ဟား... မင်းရဲ့သိက္ခာတွေ ကျဆင်းတယ် ဟုတ်လား၊ မင်းအတွက်ကြောင့် တစ်ကျွန်းကို ကျခဲ့တဲ့အချစ်ရူးသမား တစ်ယောက်ကို သတိရစမ်းပါ၊ တကယ်တော့ ပြီးခဲ့တာတွေဟာ ပြီးနေပါပြီ၊ အတိတ်ကို ပြန်ပြီး ကျုပ်မတူးဆွချင်တော့ဘူး၊ မင်းနဲ့ပတ်သက်တာတွေ အားလုံးကို ကျုပ်မေ့နိုင်အောင် ကြိုးစားတတ်နေပါပြီ မင်း



www.burmeseclassic.com

www.burmeseclassic.com



အတွက်ကြောင့် ကျုပ် မိုက်မဲခဲ့တာတွေကိုလည်း နောင်တရနေပါပြီ၊ တကယ်တော့ ဒါတွေအားလုံးဟာ အတွေ့အကြုံနုနယ်စဉ်က ဖြစ်ပေါ်ခဲ့တဲ့ ရူးမိုက်မှုတွေပါ ''

ဟု ပြောဆိုလေ၏။ ထိုအခါ ဒေါ်ပန်းရုံက ကျောခိုင်းထိုင်နေသူကို မျက်မှောင်ကြုတ်ကြည့်လိုက်ရင်း

'' အတိတ်ကို ပြန်မတူးဆွချင်တော့ဘူးဆိုရင် ရှင် ကျွန်မကို ဘာလို့ ချိန်းတွေ့တာလဲ ''

ဟု မေးမြန်းလေ၏။ ထိုအခါ ကျောခိုင်းထိုင်နေသူက

'' အမှန်အတိုင်းပြောရရင် မင်းကို ဝါတွေ့ချင်လို့ပဲ၊ ဒါပေမဲ့ တကယ်တမ်းတွေ့တဲ့အခါ မင်းမျက်နှာကို ဝါမတွေ့ရဲဘူး၊ ဘာဖြစ်လို့လဲဆိုတော့ လွန်ခဲ့တဲ့အနှစ်နှစ်ဆယ်က ဖြစ်ရပ်တွေဟာ မနေ့တစ်နေ့ကလို ပြန်ဖြစ်လာမှာ ကြောက်လို့ပဲ ''

ဟု ပြောလေ၏။ ဒေါ်ပန်းရုံသည် ထိုသူ၏စကားကြောင့် သက်ပြင်းချလိုက်ပြီး

'' ဒါဆိုလည်း အတိတ်ကို အတိတ်မှာပဲထားလိုက်ပါလား၊ ရှင် ဘာဖြစ်လို့ ကျွန်မကို တကူးတကခေါ်ပြီး တွေ့ဆုံနေရတာလဲ ''

ဟု မေးမြန်းလေ၏။ ထိုအခါ ကျောခိုင်းထိုင်နေသူကြီးက

'' ကျုပ် တစ်ကျွန်းမှာ နှစ်ပေါင်းနှစ်ဆယ်လောက် နေခဲ့ရတယ်၊ အခု ကျွန်းကနေလွတ်လာတာ (၁)လတောင် မပြည့်သေးဘူး၊ မြန်မာ





ပြည် ပြန်ရောက်တော့ ကျုပ်မှာ ဆွေမျိုးအသိုင်းအဝိုင်းတွေလည်း မရှိတော့ဘူး၊ ကျုပ်ဟာ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိဘူး၊ ဒါကြောင့် ''

ဟု ပြောလိုက်ရာ ဒေါ်ပန်းရုံက

'' တော်ပြီ၊ ရှေ့ဆက်မပြောနဲ့တော့၊ ရှင်ဘာလိုချင်တယ်ဆိုတာ ကျွန်မသိတယ်၊ ရှင် ကျွန်မကို ငွေညှစ်ချင်လို့မဟုတ်လား၊ ကျွန်မဟာ ဘယ်လိုလူမျိုးရဲ့ အနိုင်ကျင့်စော်ကားမှုကိုမှ ခံခဲ့တာမဟုတ်ဘူး၊ ဒါပေမဲ့ ရှင့်ကိုတော့ သနားကရုဏာသက်သောအားဖြင့် ရှင်လိုချင်တာ ဖြစ်အောင်လုပ်ပေးမယ်၊ ဒါပေမဲ့ တစ်ချိန်ကလို့ ကျွန်မအတွက် လိုအပ်လာရင် စွန့်စားပေးရမယ် ''

ဟုပြောလေ၏။

ထိုအခါ ကျောခိုင်းနေသူ လူကြီးက တဟားဟားရယ်မော၍

'' ဟား ဟား ဟား... မင်းအတွက်ဆိုရင် ဘာမဆို ငါစွန့်စားဝံ့ပါတယ်၊ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်တုန်းကလည်း ဒီလိုပဲ စွန့်စားခဲ့တာပဲလေ၊ ဒီအတွက် မင်းဘာမှ ငါ့ကိုတောင်းဆိုစရာမလိုဘူး ''

ဟုပြောလေ၏။ ထိုအခါ အမျိုးသမီးကြီးက သူမ၏ အိတ်ထဲမှ ငွေစက္ကူတစ်ထပ်ကို ထုတ်၍ ထိုင်နေသောလူကြီးအနီးသို့ ဘုတ်ခနဲ ပစ်ချလိုက်ပြီး

'' ဒီလောက်ဆိုရင် ရှင့်အတွက် လုံလောက်ပါပြီ၊ ကျွန်မသွားနှင့်ပြုပါ၊ တစ်ချိန်ကျလို့ လိုအပ်လာရင်သာ ရှင်စွန့်စားပေးဖို့ မမေ့ပါနဲ့ ''



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောကာ နောက်ကြောင်းသို့ ပြန်လှည့်ခဲ့လေ၏။

သီဟသည် အမျိုးသမီးကြီးနောက်မှ ပြန်လည်၍ လိုက်ခဲ့ရပြန်၏။ အမျိုးသမီးကြီးက ရထားလုံးအနီးသို့ရောက်သောအခါ မတက်သေးဘဲ မောင်သီဟဘက်သို့လှည့်၍

“ သူ့ကိုမြင်တော့ မင်းသိပ်အံ့သြနေသလား၊ တကယ်တော့ သူဟာ လူဆိုးလူမိုက်တစ်ယောက်ဖြစ်ပေမဲ့ ငါ့အပေါ် သိပ်ကောင်းပါတယ်၊ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်က ငါ့ကို အရှုးအမူးချစ်ခဲ့ပြီး လက်ထပ်ယူဖို့ ကြိုးစားခဲ့တယ်၊ တကယ်တော့ အဲ့ဒီတုန်းက ငါ့ကိုလက်ထပ်ချင်တဲ့လူတွေများလို့ သူအနားကို တိုးကပ်ဖို့ မဖြစ်နိုင်ခဲ့ဘူး၊ သူနဲ့တစ်နေ့မှာ စက်သူဌေးသားတစ်ယောက်နဲ့ အပြိုင်ပိုးကြရင်း ခိုက်ရန်ဖြစ်ပွားမှုဖြစ်ခဲ့တယ်၊ သူ့ရဲ့ဒေါသချက်ကြောင့် စက်သူဌေးသားဟာ အသက်သေဆုံးခဲ့ရတယ်၊ ဒါကြောင့် သူဟာ တစ်ကျွန်းကိုကျခဲ့တယ်၊ တစ်ကျွန်းကို ကျပြီး နှစ်နှစ်ဆယ်ကြာမှ ငါ့ကိုပြန်ဆက်သွယ်လာတယ်၊ သူ့လိုလူတစ်ယောက်နဲ့ အရေးတယူလုပ်ပြီး မတွေ့ဆုံချင်ပေမဲ့ ငါ့မှာ အင်မတန်အရေးကြီးနေတဲ့အချိန်ဖြစ်လို့ သူ့ကို ငါ စည်းရုံးဖို့ ကြိုးစားခဲ့တာပဲ ”

ဟုပြောပြလေ၏။

ထိုအခါ မောင်သီဟက ရထားလုံးကို မမောင်းနှင်သေးဘဲ

“ အဒေါ်မှာရှိနေတဲ့ အန္တရာယ်ကို ကျွန်တော့်ကိုပြောပြပါ၊ ကျွန်တော် ကိုယ်စွမ်း ဉာဏ်စွမ်းရှိသမျှ ကူညီပါ့မယ် ”





ဟုပြောလေ၏။

ထိုအခါ ဒေါ်ပန်းရုံက အဝေးသို့ငေးကြည့်ရင်း

“ ဒါတွေ တစ်ချိန်ကျရင် ပြောပြမှာပါ၊ လောလောဆယ်တော့ လူလေး မသိချင်ပါနဲ့ဦး ”

ဟုပြောလေ၏။ ထိုအခါ မောင်သီဟလည်း ရထားလုံးကို မောင်းနှင်ခဲ့လေ၏။ ရထားလုံးသည် မြေနီလမ်းထဲ၌ အတန်ကြာမောင်းနှင်သွားလေ၏။

ရထားလုံး ကားလမ်းပေါ်သို့ မရောက်မီ မြေလမ်း၌ လူတစ်ဦး လမ်းပိတ်ထားသည်ကိုကို တွေ့ရလေ၏။ ထိုသူ၏ခေါင်း၌ လွန်စွာကြီးမားသော မြက်ဦးထုပ်ကြီးကို ဆောင်းထားလေ၏။

သီဟသည် အန္တရာယ် အငွေ့အသက်ကို ခံစားမိသဖြင့် မျက်မှောင်ကြုတ်လိုက်ပြီး

“ ဟေ့လူ ကျုပ်သွားမဲ့လမ်းမှာ ဘာဖြစ်လို့ ပိတ်ထားရတာလဲ၊ လမ်းဖယ်ပေးစမ်း ”

ဟုပြောလိုက်လေ၏။ ထိုအခါ မြက်ဦးထုပ်နှင့်လူက

“ ဒီလမ်းကို ငါပိတ်ထားတယ်၊ လမ်းကိုပြန်ဖွင့်ချင်ရင်တော့ ငါ့ကျေနပ်လောက်အောင် အခကြေးငွေပေးရမယ် ”

ဟုပြောလေ၏။

သီဟသည် ထိုသူကို လမ်းဓားပြတစ်ယောက်ဟု ယူဆပြီး



www.burmeseclassic.com

www.burmeseclassic.com



ရထားလုံးပေါ်မှ ခုန်ဆင်းကာ

" ဟေ့လူ... လမ်းမဖယ်ဘူးလား ပြောစမ်း "

ဟုအော်ဟစ်မေးမြန်းလိုက်လေ၏။ မြက်ဦးထုပ်နှင့်လူက **မြဲမြံ**စွာ လမ်းပေါ်တွင် လက်ပိုက်၍ ရပ်နေပြီး

" ဟားဟားဟား... မင်းကိုငါ ပြောပြီးပြီ ငါ ဒီလမ်းကို ပိတ်ထားတယ်၊ လမ်းကိုဖွင့်ချင်ရင်တော့ ငွေစကြေးစလေးတွေ ပေးခဲ့ရမယ် "

ဟုခြိမ်းခြောက်လေ၏။

မောင်သီဟသည် မိခင်၏အန္တရာယ်များကို ကာကွယ်**တားဆီး**ရမည်ဟု ဆုံးဖြတ်ထားသဖြင့် ထိုသူကို ရှင်းလင်းရန် ပြင်လိုက်**၏**။ သီဟသည် ကိုယ်ခံပညာကို ကျွမ်းကျင်အောင် လေ့ကျင့်ထားသဖြင့် ထိုသူအား ပြင်းထန်စွာ တိုက်ခိုက်လေ၏။

သို့သော် မြက်ဦးထုပ်နှင့်လူမှာ သီဟ၏ တိုက်ခိုက်မှုများကို ရှောင်တိမ်းနိုင်ကြောင်း တွေ့ရ၏။ သီဟသည် တစ်ဖက်လူမှာ သူကဲ့သို့ ပညာရှင်ဖြစ်ကြောင်း သတိထားမိသွားပြီး ပြင်းထန်စွာ တိုက်ခိုက်လေ၏။

သီဟ၏ တိုက်ခိုက်မှုများ ပြင်းထန်လာသောအခါ တစ်ဖက်လူမှာ ခုခံရခက်ခဲလာပြီး နောက်သို့ဆုတ်လေ၏။ ထို့နောက် သီဟ၏ ပြင်းထန်သော ခြေကန်ချက်ကြောင့် ပခုံးကိုထိသွားပြီး မြေပေါ်သို့ ဖင်ထိုက်လျက် လဲလေ၏။

ထိုအခိုက်မှာပင် ဒေါ်ပန်းရုံသည် ရထားလုံးထဲမှ ထွက်လာပြီး





သေနတ်တစ်လက်ဖြင့် ထိုသူအား ချိန်ကာ

" ကိုခေါင်မိုး... ရှင်ဟာ အတော်ယုတ်မာတဲ့လူပဲ၊ ကျွန်မကို ကာကွယ်မပေးတဲ့အပြင် ဒုက္ခပေးနေပြီ၊ ရှင် ယောက်ျားမဟုတ်ဘူးလား "

ဟု ကြိမ်းမောင်းလေ၏။

ထိုအခါမှပင် မြက်ဦးထုပ်နှင့်လူသည် ခေါင်းပေါ်ရှိ မြက်ဦးထုပ်ကြီးကို ချွတ်လိုက်ရာ ရှည်လျားသောဆံပင်များကို တွေ့ရလေ၏။ ထိုသူသည် စောစောက ကျောက်တုံးပေါ်တွင် ထိုင်နေသူဖြစ်၏။

ထိုသူက ဒေါ်ပန်းရုံကိုကြည့်၍ တဟားဟား ရယ်မောကာ

" ဟား ဟား ဟား... မင်းဘယ်ဆိုးလို့လဲ၊ ငါရှပ်ဖျက်ထားတာ မှတ်မိနေသေးပဲ "

ဟု ပြောလေ၏။ ထိုအခါ ဒေါ်ပန်းရုံက

" ရှင်ဘယ်လိုပဲ ရုပ်ဖျက် ရုပ်ဖျက်၊ ရှင့်ခြေသလုံးက **မွေးရာပါ**ရတဲ့ ဒဏ်ရာကြီးကို ကျွန်မမှတ်မိနေတာပဲ၊ ရှင် အတော်သစ္စာမဲ့တဲ့လူပဲ "

ဟု ပြောလေ၏။ ထိုအခါ ခေါင်မိုးဆိုသော လူကြီးက လက်ကာပြ၍

" ဟား ဟား ဟား... အထင်မလွဲပါနဲ့ကွာ၊ **မင်းရဲ့ရှေ့**အန္တရာယ်က ဘယ်လောက်ကြီးမားတယ်ဆိုတာ သိချင်လို့ မင်းရဲ့



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ရံတော်ကောင်လေးကို စမ်းသပ်ကြည့်တာပါ။ ဒီကောင်မဆိုးဘူးကွ။ ဝါ့လို တိုက်ခိုက်ရေးပညာကျွမ်းတဲ့ ကျွန်းပြန်တစ်ယောက်ကိုတောင် ဖင်ထိုင်လဲကျအောင် တိုက်နိုင်တယ်၊ မင်းမှာ ဒီလိုကောင်လေးမျိုးတွေ ရှိနေရင် ငါတောင် အကူအညီပေးဖို့မလိုပါဘူး ''

ဟု ပြောလေ၏။

ထိုအခါ ဒေါ်ပန်းရုံက သက်ပြင်းချ၍

'' ကျွန်မရန်သူတွေက သိပ်များတယ်၊ ရှင်တို့လို အရည်အချင်း ရှိတဲ့လူတွေ ကျွန်မကို ဝိုင်းပြီးအကာအကွယ်ပေးမှဖြစ်မယ် ''

ဟု ပြောကာ ရထားလုံးပေါ်သို့ ပြန်တက်သွားလေ၏။ ထိုအခါ မြက်ဦးထုပ်နှင့် လူကြီးက

'' မင်းပညာကောင်းတယ်ဟေ့၊ အတွေ့အကြုံများအောင် ဆက်ကြိုးစား ''

ဟု ပြောလေ၏။

မောင်သီဟလည်း စကားမတုံ့ပြန်တော့ဘဲ အိမ်နီကြီးသို့ ရထားလုံးကို ပြန်လည်မောင်းနှင်ခဲ့လေတော့၏။

မောင်သီဟသည် ထိုနေ့ညသို့ရောက်သောအခါ အိမ်နီကြီး၏ လျှို့ဝှက်ချက်များကို လှည့်လည်စုံစမ်းရန် ဆုံးဖြတ်လိုက်လေတော့၏။

ညစာစားပြီးနောက် စောစောအိပ်မည်ဟု အကြောင်းပြကာ အိပ်ခန်းတံခါးကို ပိတ်လိုက်လေ၏။ အမြွာညီအစ်ကိုမှာ မအိပ်သေးဘဲ





ငှင်းတို့၏အခန်းရှေ့တွင် စစ်တုရင်ကစားနေလေ၏။

မောင်သီဟသည် ညဆယ်နာရီထိုးသောအခါ ပြတင်းပေါက်မှ ခုန်ဆင်း၍ အိမ်နီကြီးအနီးသို့ တိုးကပ်သွားလေ၏။ သူသည် အမှောင်ရိပ်ကို ခို၍ အိမ်နီကြီးအနီးသို့ ရောက်ရှိသွားလေ၏။

အိမ်နီကြီး၏နံရံကို ကျောမှီလိုက်စဉ်တွင် ရုတ်တရက် စန္ဒရား အသံကို ကြားရလေ၏။ မောင်သီဟ၏ရင်ထဲတွင် ထိတ်ခနဲဖြစ်သွား၏။

မိခင်သည် စန္ဒရားတီး၍ ရေးသီချင်းတစ်ပုဒ်ကို သီဆိုနေပြန်၏။ မောင်သီဟသည် အိမ်နီကြီးအနောက်သို့ချည်းကပ်သွား၏။

သူသည် အမြွာညီအစ်ကိုမှလွဲ၍ အိမ်နီကြီးရှိလူအားလုံးကို ထူးဆန်းလျှို့ဝှက်သူများဟု ထင်နေမိ၏။ ထိုအခိုက်မှာပင် အိမ်နီကြီး အနောက်ရှိ ပစ္စည်းဟောင်းများ သိမ်းဆည်းထားသော အိမ်ငယ်ခလေး မှ မီးအလင်းရောင်ကို မြင်ရသဖြင့် အံ့ဩသွားလေ၏။

ထိုအိမ်လေးသည် လူနေထိုင်လေ့မရှိချေ။ ယနေ့ည အဘယ် ကြောင့် မီးလင်းနေသည်မသိ။ သီဟသည် အမှောင်ရိပ်ကိုခို၍ ထိုအိမ် ငယ်လေးသို့ တိုးကပ်သွားပြန်၏။

အိမ်၏ပတ်ပတ်လည်တွင် ကျွန်းပင်ငယ်လေးများကို စိုက်ပျိုး ထား၏။ အိမ်ငယ်လေးကို ရောက်ရှိရန် စမ်းချောင်းတစ်ခုကိုလည်း ဖြတ် သန်းရ၏။

သူသည် အိမ်ငယ်လေးအနီးသို့ရောက်သောအခါ မီးရောင်လင်း



www.burmeseclassic.com

www.burmeseclassic.com



နေသော ပြတင်းပေါက်မှ ကြည့်လိုက်၏။ ထိုအခိုက်မှာပင် မြင်ရသော မြင်ကွင်းကြောင့် အံ့ဩသွားလေ၏။

အိမ်ကလေး၏အတွင်း၌ ခြံစောင့်ကြီးဦးဗလကို တွေ့ရှိရ၏။ သူသည် ရှမ်းဘောင်းဘီပွကို ဝတ်ဆင်ထားပြီး အပေါ်ပိုင်းကို ဗလာကျင်းထား၏။

သူ၏လက်ထဲတွင် ဓားနှစ်လက်ကို တွေ့ရ၏။ ဦးဗလသည် အိမ်ငယ်လေးအတွင်း၌ ဓားနှစ်လက်ကို လေ့ကျင့်နေပုံရ၏။ ထိုသူကြီးသည် အဘယ်ကြောင့် ကိုယ်ခံပညာကို တိတ်တဆိတ် လေ့ကျင့်နေသည် မသိချေ။

ဦးဗလသည် ဓားသိုင်းကစားရာတွင် ကျွမ်းကျင်ပြီး လွန်စွာ ကြောက်မက်ဖွယ်ကောင်းကြောင်း တွေ့ရ၏။

ထိုအခိုက်မှာပင် အိမ်ငယ်လေးအတွင်းသို့ တစ်စုံတစ်ဦး ဝင်ရောက်လာသဖြင့် ကြည့်လိုက်ရာ ခေါ်ပန်းရုံ၏မွေးစားသား မောင်ရွှေမြ ဖြစ်နေလေ၏။

ဦးဗလက မောင်ရွှေမြကို မြင်သောအခါ ဓားသိုင်းကစားခြင်းကို ရပ်ဆိုင်းလိုက်ပြီး

" ဘာကိစ္စလဲ မောင်ရွှေမြ "

ဟု မေးလေ၏။ မောင်ရွှေမြက ဦးဗလလက်ထဲရှိ ဓားကိုယူ၍ လေထဲတွင် ဝှေ့ယမ်းလိုက်ပြီး



" ကျုပ်ရင်ထဲမှာ မရှင်းမလင်းဖြစ်နေတာကို မေးချင်လို့ဗျ၊ အခုတလော အမေဟာ နောက်မှရောက်လာတဲ့ သီဟဆိုတဲ့လူကို အတော်အရေးပေးနေတယ်၊ ညနေကလည်း ဒီကောင်နဲ့အတူ ရထားလုံးနဲ့ထွက်သွားတယ်၊ ကျုပ်တော့ သီဟကို ကြည့်မရဘူး "

ဟု ပြောလေ၏။ ထိုအခါ ခြံစောင့်ကြီးဦးဗလက ကွမ်းတစ်ယာကို ယူ၍ဝါးလိုက်ပြီး

" အိမ်နီကြီးမှာ ထူးခြားတဲ့တိုက်ဆိုင်မှုကြီးတစ်ရပ် ဖြစ်နေပြီကွ၊ ဘာကြောင့်လဲဆိုတော့ အိမ်နီကြီးကလူအားလုံး ကိုယ်ခံပညာကို တတ်မြောက်ကြတယ်၊ ဒါဟာ ရန်အန္တရာယ်ရှိတဲ့အတွက် ခုခံနိုင်တဲ့လူတွေကို စုစည်းထားတာပဲ၊ ဒါကြောင့်လည်း ငါတို့အားလုံး သူ့ထက်ငါ အရည်အချင်းရှိအောင် ကြိုးစားနေရတယ်၊ ဒါပေမဲ့ အိမ်နီကြီးကို မမျှော်လင့်ဘဲ မနေ့တစ်နေ့ကမှရောက်လာတဲ့ သီဟဆိုတဲ့လူဟာ ကိုယ်ခံပညာကို အဆင့်မြင့်မြင့်တတ်တာ အံ့ဩစရာပဲ "

ဟု ပြောလေ၏။ ထိုအခါ မောင်ရွှေမြက

" ဘာ... သီဟဆိုတဲ့ကောင်က ကိုယ်ခံပညာတတ်တယ် ဟုတ်လား၊ မနေ့တစ်နေ့ကတောင် ဒီကောင့်ကို ကျုပ်လက်သီးနဲ့ထိုးပြီးပြီ၊ ဒီကောင် ကျုပ်ရဲလက်သီးကို မခုခံနိုင်ပါဘူးဗျာ "

ဟု ပြောလေ၏။ ထိုအခါ ဦးဗလက ကွမ်းတံတွေးကို ထွေးလိုက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



" မောင်ရွှေမြ၊ မင်းဟာ အတွေ့အကြုံနည်းသေးတယ်၊ တကယ်တော့ သီဟက ကိုယ်ခံပညာရှင်တစ်ယောက်ကွ၊ ပထမပိုင်းမှာ မင်းရဲ့ လက်သီးကို ရှောင်တိမ်းနိုင်တာ ငါမြင်တယ်၊ နောက်ပော့မှ မင်းကို အလျှော့ပေးပြီးနေတာကဲ၊ ဒီကောင် ဘာဖြစ်လို့ ကြောင်လက်သည်းဖွက်သလို ငါတို့ခြံထဲကို ရောက်လာသလဲဆိုတာ ငါသိပ်သံသယရှိတယ်၊ အဲဒီနေ့က သူဟာ သည်းခံပြီး မင်းကို အရှုံးပေးလိုက်တာပဲ၊ သူသာ မင်းကို ပြန်ပြီးတိုက်ခိုက်မယ်ဆိုရင် မင်း အတော်အထိနာမှာ သေချာတယ် "

ဟု ပြောလေ၏။ မောင်ရွှေမြသည် ဦးဗလ၏စကားကို လက်ခံခြင်း မရှိဘဲ

" ဖြစ်နိုင်ပါ့မလား၊ ကျုပ်က အင်္ဂလိပ်ဘောင်စင်သမားပါဗျ၊ သီဟလို တောသားတစ်ယောက်က ကျုပ်ကို အနိုင်ယူနိုင်ပါ့မလား။ ကျုပ်က လက်ဝှေ့ပွဲတွေမှာ ရွှေတံဆိပ်ရခဲ့တဲ့လူဗျ "

ဟု ပြောလေ၏။ ထိုအခါ ဦးဗလက သက်ပြင်းချ၍

" ဒါကြောင့် မင်းကို အတွေ့အကြုံနုသေးတယ်လို့ ငါပြောခဲ့တာပဲ၊ မင်းလက်ဝှေ့ပွဲတွေမှာ ရွှေတံဆိပ်ရတယ်ဆိုတာ ကြိုးဝိုင်းထဲမှာ ရတာကွ၊ လောကမှာ ကြိုးဝိုင်းထဲက တိုက်ပွဲနဲ့ အပြင်ကတိုက်ပွဲ ဘယ်လောက် ကွာခြားတယ်ဆိုတာ မင်းမသိနိုင်သေးဘူးကွ "

ဟု ပြောလေ၏။ ထိုအခါ အပြင်မှ နားထောင်နေသော သီဟ





သည် မိမိအကြောင်းကို ရိပ်စားမိနေသော ဦးဗလအား လျော့မတွက်နိုင်ဘဲ ရှိလေ၏။

ထို့နောက် မောင်ရွှေမြက ဦးဗလကိုကြည့်၍

" ဒီကောင် ကိုယ်ခံပညာကျွမ်းတယ်ဆိုရင် ဘာဖြစ်လို့ လျှို့ဝှက်ထားရတာလဲ "

ဟု မေးမြန်းလေရာ ဦးဗလက မျက်မှောင်ကြုတ်၍

" ငါလည်း ဒီအဖြေကို သိချင်နေတာကွ၊ သီဟ မသင်္ကာစရာကောင်းတဲ့အကြောင်း မင်းအမေကို ဖွင့်ပြောရမယ် "

ဟု ပြောလေ၏။ ထိုအခါ မောင်ရွှေမြက လက်သီးဆုပ်၍

" ဒီကောင်ဟာ အမေ့ရဲ့ရန်သူတော်ကြီးတွေဆီက လွှတ်လိုက်တဲ့သူ ဖြစ်နိုင်တယ်နော် "

ဟု ပြောလေရာ ဦးဗလက ခေါင်းညိတ်၍

" သိပ်ဖြစ်နိုင်တာပေါ့ကွာ၊ ငါအံ့ဩတာက ဒေါပန်းရုံဟာ အရာရာမှာ သတိရှိတဲ့လူပဲ၊ သီဟနဲ့ပတ်သက်လို့ ဘာဖြစ်လို့ သတိကင်းမဲ့သွားရတာလဲ၊ သီဟမှာ သံသယဖြစ်စရာအချက်တွေရှိတယ်ဆိုတာ ဒေါ်ပန်းကို ရိပ်စားမိနိုင်ပါတယ်၊ နောက်ပြီးတော့ သီဟကို ငါမကြိုက်တာ တစ်ခုရှိသေးတယ်၊ သူဟာ ရှူးစမ်းချင်စိတ်သိပ်များတယ်၊ သူ့ရဲ့မျက်လုံးတွေဟာ အမြဲတမ်း [illegible]ပြောင်နေတယ်၊ သူဟာ အိမ်နဲ့ကြီးနဲ့ ပတ်သက်တဲ့ ထူးခြားချက်တွေကို ရှာဖွေနေပုံပဲ "



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။ ထိုအခါ မောင်ရွှေမြက

" ဟုတ်ပြီ၊ ဒါဆိုရင် ဒီကောင်ဟာ ရန်သူတွေလွှတ်လိုက်တဲ့ သူလျှို ကျိန်းသေဖြစ်နိုင်တယ်၊ ဒီအကြောင်းတွေကို အမေ့ကို ဖွင့်ပြော ပြီး အစရေးယူရမယ်၊ ဒီကောင့်ကိုဖမ်းပြီး ဒီကောင်ဟာ ရန်သူဘက်က ဟုတ်မဟုတ် အဖြေပေါ်လာမှာပါဗျာ "

ဟု ပြောလေ၏။ ဦးဗလက သက်ပြင်းချ၍

" ဟင်း... အရာအားလုံးဟာ ဒေါ်ပန်းရုံရဲ့ ဆုံးဖြတ်ချက်ပေါ်မှာ ပဲ မူတည်နေတယ်၊ ဒေါ်ပန်းရုံဟာ သူ့ဘဝရဲ့ကံကြမ္မာကို သူစီရင်မှာပဲ၊ သူ့ရဲ့ ရန်ငြိုးမပြေနိုင်တဲ့ နှစ်ပေါင်းများစွာက ရန်သူတော်ကြီးတွေဟာ အခုချိန်မှာ သူ့ကို သဲသဲမဲမဲ ကလဲ့စားချေဖို့ အချိန်နီးကပ်လာပြီ ဒေါ်ပန်းရုံ ဒေါ်ပန်းရုံ အတော်ထူးဆန်းတဲ့ မိန်းမတစ်ယောက်ပါလား "

ဟု ရေရွတ်လေ၏။

သီဟသည် ၎င်းတို့၏မြင်ကွင်းကို ဆက်လက် မကြည့်တော့ဘဲ အိမ်ငယ်လေးမှထွက်ခွာ၍ ချောင်းကလေး၏ တစ်ဖက်ကမ်းသို့ ကူးသန်း ခဲ့လေ၏။





နောက်တစ်နေ့တွင် အမြွာညီအစ်ကိုနှစ်ယောက်သည် စေတီ လေးသို့သွား၍ ထုံးသုတ်မည်ဟုဆိုကာ အလုပ်များကို စောစီးစွာ သိမ်း လေ၏။

အမြွာညီအစ်ကိုမရှိလျှင် ညနေစောင်းသည်အထိ အလုပ်များ ကို သီဟတစ်ယောက်တည်း လုပ်ရပေတော့မည်။

အမြွာညီအစ်ကိုသည် ထုံးပုံးများကိုကိုင်၍ ထွက်ခွာရန်ပြင်နေစဉ် ၎င်းတို့အနီးသို့ မောင်ရွှေမြရောက်ရှိလာပြီး

" ကျုပ် ဒီနေ့ ဘောက်စဝ်လေ့ကျင့်ဖို့ လူလိုနေတယ်၊ မင်းတို့ နှစ်ယောက်ထဲက တစ်ယောက်လိုက်ခဲ့ပါ "

ဟု ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



အမြွာညီအစ်ကိုအနက် အစ်ကိုဖြစ်သူက

" ဒီနေ့တော့ လက်ဝှေ့ထိုးဖို့ မဖြစ်နိုင်တော့ဘူး၊ ဘာကြောင့်လဲဆိုတော့ မြို့ပြင်က စေတီလေးမှာ ထုံးသင်္ကန်းကပ်လှူဖို့ ပြင်ဆင်ပြီးလို့ပဲ "

ဟု ပြောလေ၏။ မောင်ရွှေမြက အမြွာညီအစ်ကိုကို မကျေနပ်ဟန်ဖြင့် ကြည့်၍

" ဒါဆိုရင် ဒီနေ့ည ကျုပ်က လက်ဝှေ့မလေ့ကျင့်ရတော့ဘူးလား၊ ခင်ဗျားတို့ ထုံးသင်္ကန်းကပ်လှူတာနဲ့ ကျုပ်လက်ဝှေ့က ဘယ်ဟာက ပိုအရေးကြီးလဲ "

ဟု ရိုင်းစိုင်းစွာ ပြောလေ၏။ အမြွာညီအစ်ကိုသည် မောင်ရွှေမြကို ကြည့်၍

" ဒီမယ် မောင်ရွှေမြ၊ ဒေါ်ပန်းရုံကို ငါတို့ ထုံးသင်္ကန်းကပ်ဖို့ကိစ္စ ပြောထားပြီးသားကွ၊ ဒေါ်ပန်းရုံကိုယ်တိုင်လည်း ခွင့်ပြုလို့ ငါတို့သွားတာပါ၊ ဒီနေ့ဟာ ငါတို့ညီအစ်ကိုနှစ်ယောက်ရဲ့ မွေးနေ့ကွ၊ ပြီးတော့ ငါတို့မိဘနှစ်ပါး သေဆုံးတဲ့နေ့လည်းဖြစ်တယ်၊ ငါတို့ဟာ မြန်မာပြည်ရဲ့ အစွန်အဖျားကျတဲ့ ရွာလေးတစ်ရွာမှာနေပြီး မိဘတွေဟာ ဓားပြသတ်လို့ သေဆုံးခဲ့ရတယ်၊ ဒီအချိန်ကစပြီး ငါတို့အမြွာညီအစ်ကိုဟာ ဘဝမှာ နာကြည်းကြေကွဲမှုတွေ၊ ဆင်းရဲကျပ်တည်းမှုတွေ၊ ဗုက္ခဝရဲ့တွေနဲ့ ရင်ဆိုင်ခဲ့ရတယ်၊ ဒါကြောင့် ဒီလိုနေ့လေး တစ်နေ့တော့ ထုံးသင်္ကန်းကပ်ဖို့



ဒေါ်ပန်းရုံဆီမှာ ငါတို့ ခွင့်တောင်းထားပြီးသားကွ "

ဟု ပြောလေ၏။ ထိုအခါ မောင်ရွှေမြက

" ကောင်းပြီ ဒါဆိုရင် သီဟကိုပဲ ကျုပ်နဲ့လက်ဝှေ့ထိုးဖို့ ခေါ်သွားတော့မယ် "

ဟု ပြောလေ၏။

မောင်ရွှေမြ၏ အကျပ်ကိုင်မှုကြောင့် ညီအစ်ကို နှစ်ဦးသည် မျက်စိမျက်နှာပျက်သွားကြပြီး တစ်ယောက်က

" သီဟက လက်ဝှေ့သမားတစ်ယောက် မဟုတ်ဘူးကွ၊ ဒါကို မင်းနားလည်ထားသင့်တယ်၊ လက်ဝှေ့မထိုးတတ်တဲ့ လူတစ်ယောက်နဲ့ လက်ဝှေ့ထိုးလေ့ကျင့်မယ်ဆိုရင် မင်းရဲ့လက်ဝှေ့ပညာ ဘယ်လိုလုပ် တိုးတက်မှုရှိမှာလဲ၊ ဒါကြောင့် ဒီနေ့တစ်နေ့တော့ သည်းခံလိုက်ပါကွာ "

ဟု ပြောလေ၏။ သို့သော် မောင်ရွှေမြက

" ခင်ဗျားတို့ကတော့ ထုံးသင်္ကန်းကပ်တယ်၊ ကျုပ်ကတော့ လက်ဝှေ့မလေ့ကျင့်ရဘူး ဟုတ်လား၊ ခင်ဗျားတို့ ဘာမှစကားရှည်မနေနဲ့၊ ကျုပ် ဒီကောင်ကို ခေါ်သွားမယ် "

ဟု လေသံမာမာဖြင့် ပြောလေ၏။

သီဟသည် မောင်ရွှေမြနှင့် စကားမများလိုသဖြင့် ခေါင်းညိတ်၍

" ရပါတယ်၊ လက်ဝှေ့လေ့ကျင့်ဖို့ ကျုပ်လိုက်ခဲ့ပါ့မယ်၊ ပညာရတာပေါ့ "

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။

ထိုအခါ အမြွာညီအစ်ကိုနှစ်ယောက်အနက် တစ်ယောက်က

" သီဟ မင်းကိုယ်ခံပညာမတတ်ဘဲ လက်ဝှေ့လေ့ကျင့်လို့ မရဘူး၊ လက်ဝှေ့ပွဲဆိုတာ သွေးထွက်သံယိုမှုတွေရှိတယ်၊ ဒါကို မင်း မြဲမြဲမှတ်ထား "

ဟု စေတနာဖြင့် သတိပေးလေ၏။ ထိုအခိုက်မှာပင် အနီးသို့ ခြံစောင့်ကြီး ဦးဗလ ရောက်ရှိလာပြီး အမြွာညီအစ်ကိုနှစ်ယောက်ကို ကြည့်၍

" သီဟကို ကိုယ်ခံပညာမတတ်ဘူးလို့ ဘယ်သူပြောသလဲ၊ သီဟရဲ့ ခန္ဓာကိုယ်အချိုးအဆစ်ကို ကြည့်တာနဲ့ ကိုယ်ခံပညာရှင် တစ်ယောက်ဆိုတာ ကျုပ်သိတယ်၊ မင်းတို့ညီအစ်ကိုနှစ်ယောက်ဟာ လူကဲခတ်ထော်တော်ညံ့သေးတာပဲ၊ သီဟကို လက်ဝှေ့လေ့ကျင့်ဖော် တစ်ဦးအနေနဲ့ ကောင်းကောင်းအသုံးချလို့ ရတယ်ကွ "

ဟု ပြောလေ၏။

ထိုအခိုက်မှာပင် ၎င်းတို့အနောက်မှ ဒေါ်ပန်းရှဲ ရောက်ရှိလာပြီး မောင်ရွှေမြဘက်သို့လှည့်၍

" ဒီမှာ လူလေး၊ အိမ်နီကြီးကို မောင်သီဟရောက်တာ မကြာသေးဘူး။ မောင်သီဟနဲ့ မင်းနဲ့ ရင်းနှီးကျွမ်းဝင်မှုမရှိသေးဘူး၊ ဒါမျိုးဟာ တစ်ယောက်နဲ့တစ်ယောက် လက်ဝှေ့လေ့ကျင့်ဖို့ မဖြစ်နိုင်သေးဘူး။





လက်ဝှေ့လေ့ကျင့်တယ်ဆိုတာ ထိခိုက်ဒဏ်ရာရတတ်တယ်၊ တစ်ယောက်နဲ့တစ်ယောက် အကြောင်းမသိဘဲ လေ့ကျင့်မယ်ဆိုရင် မလိုလားအပ်တဲ့ အကြောင်းတရားတွေ ရှိနေလိမ့်မယ်၊ ဒါကြောင့် လက်ဝှေ့ လေ့ကျင့်ဖို့ အမေ သဘောမတူဘူး "

ဟု ပြောလေ၏။ ထိုအခါ မောင်ရွှေမြသည် မိခင်၏မျက်နှာကို မကျေမချမ်းကြည့်၍

" အမေ၊ ဒီကောင်ဟာ ကျုပ်တို့အိမ်နီကြီးရဲ့ အလုပ်သမား တစ်ယောက်ပါ။ အလုပ်သမားတစ်ယောက်ကို အမေ ဘာလို့ အခွင့်အရေးတွေ ပေးနေရတာလဲ၊ ဒီကောင်မျိုးကို ကျုပ်ထိုးလို့ သွေးထွက်သံယိုဖြစ်သွားလည်း ဆေးကုပေးလိုက်ရုံပေါ့ "

ဟု ပြောလေ၏။

ထိုအခါ သီဟက ဝင်ရောက်၍

" ဟုတ်ပါတယ် အဒေါ်၊ ကျွန်တော် ကိုရွှေမြနဲ့ လက်ဝှေ့လေ့ကျင့်လို့ ဘာမှမဖြစ်ပါဘူး။ နောက်ပြီး ကျွန်တော်ဟာ ယောကျ်ားပါ၊ သွေးထွက်သံယိုဖြစ်လို့ ဘာမှမဖြစ်ပါဘူး "

ဟု ဝင်ရောက်ပြောဆိုလေ၏။ ထိုအခါ ဒေါ်ပန်းရှဲက လက်မခံဘဲ

" တော်ပြီ မောင်သီဟ၊ အဒေါ့်စကားကို နားထောင်ပါ၊ မောင်ရွှေမြ ဒီနေ့ လက်ဝှေ့လေ့မကျင့်ရဘူး "

ဟု ပြောကာ အိမ်နီကြီးဘက်သို့ ပြန်လည်ထွက်ခွာသွားလေ



www.burmeseclassic.com

www.burmeseclassic.com



၏။ မောင်ရွှေမြသည် မိခင်၏နောက်ကျောကို ကြည့်၍ တောက်ခေါက်ကာ

" တောက် ဘာမဟုတ်တဲ့ကောင်တွေဘက်လိုက်ပြီး ကာဆီး ကာဆီးလုပ်ပေးနေတယ်၊ အမေ သိပ်ခက်တယ်ဗျာ "

ဟု ပြောကာ ထိုနေရာမှ မကျေမချမ်း ထွက်ခွာသွားလေ၏။ ထိုအခါ ခြံစောင့်ကြီး ဦးဗလလည်း ၎င်းတို့အနီးမှ ထွက်ခွာသွားလေ၏။

အမြွာညီအစ်ကိုနှစ်ဦးသည် သက်ပြင်းကိုယ်စီချ၍ တစ်ဦးက

" စိတ်မပျက်ပါနဲ့ကွာ၊ အိမ်နီကြီးမှာ နေရင်တော့ ဒီလိုပြဿနာမျိုးတွေ အမြဲကြုံတွေ့နေရမှာပဲ "

ဟု ပြောကာ ထိုးသက်နီးကပ်လှူရန် ထွက်ခွာသွားလေတော့၏။

အမြွာညီအစ်ကိုနှစ်ဦး ထွက်ခွာသွားပြီး မျာမကြာမီ ခြံစောင့်ကြီး ဦးဗလ အိမ်နီကြီးမှ ထွက်ခွာသွားလေ၏။

သီဟသည် ခြံထဲရှိ အလုပ်များကို တစ်ကိုယ်တည်း လုပ်ကိုင်နေလေ၏။ အတန်ကြာအောင် လုပ်ကိုင်ပြီးနောက် ခြံဝမှ ဆူညံသော အသံကို ကြားရ၏။

" လူယုတ်မာ၊ မင်းအိမ်ပေါ်က ဆင်းခဲ့စမ်း၊ ဒီမြို့မှာ မင်းလောက်ယုတ်မာတဲ့လူ မရှိဘူး၊ မင်းဟာ သူတစ်ပါး သားမျိုးသမီးပျိုတွေကို နှောင့်





ယှက်ဖျက်ဆီးရမှ စားဝင်အိပ်ပျော်တဲ့လူပဲ၊ အမျိုးယုတ်ကောင်၊ အိမ်နီကြီးပေါ်က ဆင်းခဲ့စမ်း "

ဟူသော အသံကို ကြားရလေ၏။

သီဟသည် ထိုအသံကြောင့် တံခါးနားသို့ သွားကြည့်လိုက်ရာ လက်ထဲတွင် တုတ်ကြီးကို ကိုင်ဆောင်ထားသော သန်မာထွားကျိုင်းသည့် လူကြီးတစ်ယောက်ကို တွေ့ရလေ၏။

ထိုလူကြီးကို မြို့လူမိုက် မိုက်ခဲကြီးဟု တစ်မြို့လုံးသိရှိကြ၏။ မြို့လူမိုက် မိုက်ခဲကြီးက ဆက်လက်၍

" လူယုတ်မာကောင်၊ မင်းဟာ သူတစ်ပါး သားပျို သမီးပျိုတွေကို နှောင့်ယှက်ရုံနဲ့ အားမရဘူး၊ ငါ့နှမကို နှမချင်းမစာနာဘဲ အမျိုးမျိုးယုတ်မာခဲ့တယ်၊ မင်းအခု အိမ်ပေါ်က ဆင်းခဲ့စမ်း "

ဟု လွန်စွာ ကျယ်လောင်သောအသံဖြင့် အော်ဟစ်ဆဲဆိုလေ၏။

ထိုအခိုက်မှာပင် အိမ်တံခါးဝသို့ မောင်ရွှေမြရောက်ရှိလာပြီး အပြင်သို့မထွက်ရဲဘဲ ပြူတစ်ပြူတစ် လုပ်နေ၏။ မြို့လူမိုက် မိုက်ခဲကြီး၏ အော်ဟစ်သံကြောင့် အနီးအနားရှိ လူများသည် အိမ်နီကြီးအနီးသို့ ရောက်ရှိလာကြ၏။

မိုက်ခဲကြီး၏ အော်ဟစ်သံကြောင့် လူအများသည် အိမ်နီကြီးရှေ့၌ ဝိုင်းအုံလာကြ၏။

ထိုအချိန်တွင် ဒေါ်ပန်းရုံသည် ဝရန်တာသို့ထွက်လာပြီး



www.burmeseclassic.com

www.burmeseclassic.com



အိမ်နီကြီးကို ဂုဏ်သိက္ခာပျက်အောင် ပြုလုပ်သော မောင်ရွှေမြကို မကျေမချမ်း ဖြစ်နေလေ၏။

ဒေါ်ပန်းရှုံသည် အိမ်ရှေ့တွင် ဝိုင်းအုံနေသော လူစုလူဝေးကြီးကို ကြည့်ရှုလိုက်ပြီး မောင်သီဟဘက်သို့လှည့်ကာ

" မောင်သီဟ အိမ်ရှေ့မှာ အော်ဟစ်နေတဲ့လူကို အိမ်ထဲဝင်နိုင်းပြီး ဒကျေနပ်ချက်တွေကို အေးအေးဆေးဆေး ပြောခိုင်းပါ၊ ဖိတ်ခေါ်လိုက်ပါ "

ဟု ပြောဆိုလေ၏။ ထိုအခါ မောင်သီဟသည် ခြံပြင်သို့ ထွက်ခဲ့လေ၏။ ခြံပြင်သို့ရောက်သောအခါ မြို့လူမိုက် မိုက်ခဲကြီးက

" ဟေ့ကောင်... ရွှေမြဆိုတဲ့ လူယုတ်မာ ဘယ်မှာလဲ၊ ဒီကောင်ကို ထုတ်ပေးစမ်း၊ ဒီကောင် ငါ့နှမကို အမျိုးမျိုးစိတ်ဒုက္ခရောက်အောင် လုပ်နေတယ်၊ ဒီကောင် အနှောင့်အယှက်ပေးတာကြောင့်, ငါ့နှမ အပြင်ကိုတောင် ရဲရဲမထွက်ရဲတော့ဘူး၊ ဒီကောင့်ကို ငါဆုံးမရမှ ကျေနပ်မယ် "

ဟု အော်ဟစ်ကြိမ်းမောင်းလေ၏။ ထိုအခါ သီဟက

" ခင်ဗျားစိတ်ဆိုးတာကို ကျွန်တော်နားလည်ပါတယ်၊ ဒါပေမဲ့ မကျေနပ်တာရှိရင် အိမ်ထဲဝင်ပြီး အေးအေးဆေးဆေးပြောပါ၊ ခြံပြင်ကနေ အော်နေတာကတော့ လူအများကြားလို့ မသင့်တော်ပါဘူး "

ဟု ပြောလေ၏။ ထိုအခါ မြို့လူမိုက် မိုက်ခဲကြီးက





" ရွှေမြယုတ်မာတော့ ငါ့နှမ အရှက်မရှိရတော့ဘူးလား၊ အိမ်နီကြီးကလူတွေပဲ အရှက်ရှိရတာလား၊ ရွှေမြကြောင့် ငါ့နှမ အိမ်ထဲက အိမ်ပြင်တောင် မထွက်ရဲတော့ဘူးကွ၊ ဒီကောင်ဟာ မြို့က မိကောင်းဖခင် သားသမီးတွေကို အမျိုးမျိုး စိတ်ဒုက္ခရောက်အောင် လုပ်နေတာကြာပြီ၊ အခုတော့ ငါ့ညီမကိုတောင်မချန်ဘဲ ဒီကောင်စော်ကားမော်ကား ပြုနေတာကြာပြီ၊ သူ့လိုကောင်မျိုးကို အိမ်နီကြီးက ဒေါ်ပန်းရုံလို မိန်းမကြီးက မထိန်းသိမ်းတော့ဘူးလား၊ ဒီကောင့်ကိုပဲ အလိုလိုက်ထားတော့မှာလား၊ ကြာတယ်ကွာ၊ စကားတွေ ရှည်ရှည်ဝေးဝေး မပြောချင်ဘူး၊ ဒီကောင့်ကို အိမ်ထဲက ထုတ်ပေးစမ်း၊ ဒီကောင်နဲ့ငါ ပြဿနာရှင်းမယ် "

ဟု အော်ဟစ်လေ၏။ သီဟက သက်ပြင်းချ၍

" ကျုပ်တောင်းပန်ပါတယ်၊ အိမ်နီကြီးထဲကိုရောက်မှ ခင်ဗျားရဲ့ မကျေနပ်ချက်တွေကို ပြောပြပါ၊ မောင်ရွှေမြရဲ့ ယုတ်မာမှုကိုလည်း ကျုပ်တို့ အနူးအညွတ် တောင်းပန်ပါတယ် "

ဟု ပြောလေ၏။ မြို့လူမိုက် မိုက်ခဲကြီးက လက်မခံဘဲ

" ဟေ့ကောင် ငါဒီလောက် မမိုက်သေးဘူးကွ၊ မင်းတို့ ငါ့ကို အိမ်နီကြီးထဲခေါ်ပြီး လူအင်အားနဲ့ အနိုင်ယူမလို့လား၊ သတ္တိရှိရင် ဒီမှာ တစ်ယောက်ချင်း ရင်ဆိုင်တိုက်ခိုက်လို့ရတယ်ကွ၊ အဲဒီကောင်ကိုသာ ထုတ်ပေး၊ ငါရှင်းမယ်၊ လက်ရုံးရည်ချင်း ယှဉ်မယ်၊ မင်းတို့ အိမ်နီကြီးထဲက



www.burmeseclassic.com

www.burmeseclassic.com



ကောင်တွေကိုလည်း တစ်ယောက်ချင်းယှဉ်ပြိုင်လို့ကတော့ ဘယ်ကောင်မှ မမှုဘူးကွ ''

ဟု အော်ဟစ်စိန်ခေါ်လေ၏။ သီဟသည် မြို့လူမိုက် မိုက်ခဲကြီးအား အိမ်ထဲသို့ဝင်ရန် အကြိမ်ကြိမ် ဖိတ်ခေါ်လေ၏။

သို့သော် မိုက်ခဲကြီးက လက်မခံဘဲ ၎င်း၏လက်ထဲရှိ တုတ်ကြီးကို မြှောက်၍

'' ဟေ့ကောင်... မင်း ငါ့ကို ဘာမှနားချမနေနဲ့၊ ရွှေမြကို ထုတ်ပေးမလား၊ မထုတ်ပေးဘူးလား၊ ရွှေမြကို မထုတ်ပေးရင်တော့ ငါ့လက်ထဲက တုတ်ကြီးက မင်းအတွက် ဖြစ်သွားလိမ့်မယ် ''

ဟု အော်ဟစ်ကြိမ်းမောင်းပြန်၏။

မိုက်ခဲကြီး၏ အော်ဟစ်ကြိမ်းမောင်းသံကြောင့် အိမ်နီးကြီးရှေ့တွင် လူအများ ပိုမိုများပြားလာ၏။ ဒေါ်ပန်းရုံနှင့် အိမ်နီးကြီးအတွက် မားမားမတ်မတ် ရပ်တည်မည့် ယောကျ်ားဆို၍ သီဟတစ်ဦးသာ ရှိလေ၏။

အမြွာညီအစ်ကိုမှာလည်း မြို့ပြင်ရှိ စေတီလေးကို ဖုံးသုတ်ရန် သွားလေပြီ။ မြစောင့်ကြီး ဦးဗလမှာလည်း မည်သည့်အရပ်သို့ သွားနေသည် မသိချေ။

ဒေါ်ပန်းရုံ၏ အိမ်စော်မိန်းကလေးသုံးယောက်မှာ အရည်အချင်းရှိသော်လည်း ဒေါ်ပန်းရုံ၏ခွင့်ပြုချက်မရသဖြင့် အပြင်သို့ မထွက်





ရဲကြချေ။

သီဟသည် လူမိုက် မိုက်ခဲကြီးကို တောင်းပန်၍မရသောကြောင့်

'' ခင်ဗျား ဒီလောက်တောင် တောင်းပန်လို့မရလည်း ကျုပ်ကို လုပ်ချင်ရာလုပ်တော့ဗျာ၊ ကျုပ်ခံမို့ အသင့်ပဲ ''

ဟု ပြောလေ၏။ ထိုအခါ မိုက်ခဲကြီးက သူ၏လက်ထဲရှိ တုတ်ကို မြှောက်၍ မောင်သီဟ၏ခေါင်းကို ရိုက်လိုက်လေ၏။

သီဟသည် မိုက်ခဲကြီး၏တုတ်ကို လျှင်မြန်စွာ ရှောင်တိမ်းလိုက်လေ၏။ မိုက်ခဲကြီးသည် သူ၏ရိုက်ချက် လွဲချော်သွားသောကြောင့် သီဟကို တုတ်ဖြင့် ဆင့်ကာ ဆင့်ကာ ရိုက်လေ၏။

ရန်ပွဲကို ဝိုင်းအုံကြည့်ရှုနေသော မြို့လူထုသည် မိုက်ခဲကြီးအား သိုင်းပညာတတ်ကြောင်း သိရှိသဖြင့် ပွဲကြီးပွဲကောင်း ကြည့်ရတော့မည် ထင်၏။

သို့သော် မောင်သီဟမှာ ကိုယ်ခံပညာကို အဆင့်မြင့်မြင့် တတ်ကျွမ်းထားသဖြင့် မိုက်ခဲကြီး၏ တိုက်ကွက်များကို ကောင်းစွာရှောင်တိမ်းလိုက်၏။

သီဟသည် မိုက်ခဲကြီးနှင့် တိုက်ခိုက်ရင်း ၎င်းသည် ကိုယ်ခံပညာ တတ်ကျွမ်းသူမှန်း သိရှိသွား၏။

သူသည် မိုက်ခဲကြီးအား လက်နက်မဲ့ဖြင့် ခုခံရင်း အခွင့်သာသောအခါ မိုက်ခဲကြီးကိုယ်သို့ ပူးကပ်၍ ရင်ဝအား လက်သီးဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ဆင့်ကာ ဆင့်ကာ ထိုးလိုက်လေ၏။

ထိုအခါ မိုက်ခဲကြီးသည် မရှောင်တိမ်းနိုင်တော့ဘဲ မြေပေါ်သို့ လဲကျသွားလေ၏။

ထိုအခါ ဝိုင်းအုံကြည့်ရှုနေသော လူအများက လွန်စွာအံ့ဩသွားကြ၏။ အဘယ်ကြောင့်ဆိုသော် မိုက်ခဲကြီးသည် မြို့လူမိုက်တစ်ဦး ဖြစ်သော်လည်း အရင်က သိုင်းဆရာတစ်ဦး ဖြစ်၏။

သီဟက ဝိုင်းအုံကြည့်ရှုနေသော မြို့လူထုကိုကြည့်၍

" ဒီလူကြီး သိပ်စိတ်ဆိုးနေတယ်ဗျာ၊ ဒီလူကြီးကို ခင်ဗျားတို့ ခေါ်သွားစမ်းပါ။ သူစိတ်ပြေတဲ့အချိန်ရောက်မှ အိမ်နီကြီးကိုလာပြီး ရှင်းစရာရှိတာ ဖြေရှင်းပါလို့ ပြောလိုက်ပါ "

ဟု ပြောလေရင်း အိမ်နီကြီးအတွင်း ပြန်လည်ဝင်ရောက်ခဲ့လေ၏။

မြို့သူမြို့သားများသည် မိုက်ခဲကြီးကိုထမ်းရင်း အိမ်နီကြီးရှေ့မှ ထွက်ခွာသွားလေ၏။ သီဟ ခြံဝန်းထဲသို့ ပြန်ဝင်ရောက်လာသောအခါ မိမိအား အလွန်အံ့ဩဟန်ဖြင့် ကြည့်ရှုနေသော မောင်ရွှေမြကို တွေ့ရလေ၏။

မောင်ရွှေမြသည် သီဟ၏ကိုယ်ခံပညာကို မြင်တွေ့လိုက်ရသဖြင့် လွန်စွာ အံ့ဩနေပုံရ၏။ ရွှေမြသည် မြို့လူမိုက် မိုက်ခဲကြီး၏ပညာကို မယှဉ်ဝံ့သဖြင့် အိမ်ထဲ၌ ပုန်းအောင်နေခြင်းဖြစ်၏။

———— ❖❖❖ ————



ဒေါ်ပန်းရုံသည် အိမ်နီကြီး၏ အပေါ်ထပ်မှနေ၍ မောင်ရွှေမြအား မီးဝင်းဝင်းတောက်သော မျက်လုံးများဖြင့် ကြည့်ရှုကာ

" ဒီမှာ ရွှေမြ၊ မင်းကို ငါ သားတစ်ယောက်အဖြစ် မွေးစားတာ ပထမဆုံးအကြိမ်အဖြစ် ဒီနေ့မှာ ငါနောင်တရခဲ့ပြီ၊ မင်းဟာ အိမ်နီကြီးရဲ့ ဂုဏ်ကျက်သရေကို ထိခိုက်အောင်လုပ်ဆောင်ခဲ့တယ် "

ဟု ပြစ်တင်လေ၏။

မောင်ရွှေမြသည် ဒေါ်ပန်းရုံကို စောဒက မတက်နိုင်ဘဲ ခေါင်းငုံ့၍သာ နေလေတော့၏။ သီဟသည် ၎င်းတို့၏စကားများကို နား မထောင်တော့ဘဲ ထိုနေရာမှ ထွက်ခဲ့လေတော့၏။

သီဟသည် ပန်းခြံအတွင်းရှိ အလုပ်များအားလပ်နေသဖြင့် အိမ်နီကြီး ပတ်ဝန်းကျင်ကို လှည့်လည်ကြည့်ရှုရန် ထွက်ခဲ့လေ၏။ သူသည် အိမ်နီကြီးအနောက်ရှိ သချိုင်းကို ဖြတ်သန်းပြီးနောက် ကျယ်ပြန့်သော သဲသောင်ပြင်ကို တွေ့ရလေ၏။

သဲသောင်ပြင်၏ တစ်ဖက်တွင် ချောင်းငယ်လေး တစ်ခုရှိ၏။ ချောင်းတစ်ဖက်တွင် အတော်အတန်မြင့်မားသော တောင်ကုန်းလေးရှိ၏။

တောင်ကုန်းပေါ်တွင် ရွှေရောင်တဝင်းဝင်းလက်နေသော စေတီငယ်လေးကို တွေ့မြင်ရ၏။ သီဟသည် သဲသောင်ပြင်ရှိရာသို့ ရောက်ခဲ့လေ၏။

———— ❖❖❖ ————

www.burmeseclassic.com

www.burmeseclassic.com



သူသည် အိမ်နီကြီးထဲတွင် နေ့ပေါင်းများစွာ နေရသဖြင့် မွန်းကျပ်ကာ သဲသောင်ပြင်ကိုမြင်ရသဖြင့် ရင်ထဲ ချမ်းမြေ့သွားလေ၏။

သဲသောင်ပြင်၏တစ်ဖက်တွင် အရိပ်ကောင်းစွာ ရှိသော တောအုပ်လေးတစ်ခုရှိ၏။ သီဟသည် တောအုပ်လေးရှိရာသို့ တစ်ကိုယ်တည်း ထွက်ခဲ့လေ၏။

ထို့နောက် အရိပ်ရသော သစ်ပင်အောက်တွင် ထိုင်၍ ချောင်းရေပြင်ကို ငေးမောကြည့်နေစဉ် အိမ်နီကြီးမှ မိန်းကလေးနှစ်ဦးသည် သဲသောင်ပြင်သို့ လျှောက်လာကြောင်း တွေ့ရ၏။

သူသည် ချောင်းအစပ်တွင် တွေ့ရသော လှေကလေးရှိရာသို့ သွား၍ တစ်ဖက်ကမ်းသို့ လှော်ခတ်သွားလေ၏။

သီဟသည် မိန်းကလေးနှစ်ဦး တစ်ဖက်ကမ်းသို့ ကူးသန်းသွားပုံကို ကြည့်ရှုနေလေ၏။ ထိုအခိုက်မှာပင် သစ်ပင်ပေါ်မှ တစ်စုံတစ်ခု ပြုတ်ကျလာသဖြင့် သီဟသည် လန့်၍ နောက်သို့ဆုတ်လိုက်လေ၏။

ထိုအခါ သစ်ပင်ပေါ်မှ ခုန်ချလာသူမှ အဝတ်အစား အစုတ်အပြတ်များကို ဝတ်ဆင်ထားသော သူတောင်းစားတစ်ဦးဖြစ်ကြောင်း တွေ့ရှိရ၏။

သူတောင်းစားက သီဟကိုကြည့်၍

" ဟား ဟား ဟား… ကိုယ့်လူ မိန်းကလေးနှစ်ယောက်နောက်ကို လိုက်ချောင်းနေတယ်၊ ဘာဖြစ်လို့ လိုက်ချောင်းနေတာလဲ၊ မိန်းကလေး နှစ်ယောက်ကို မတော်မတရား ပြုကျင့်မလို့လား "





ဟု မေးမြန်းလေ၏။

ထိုအခါ သီဟက ခေါင်းခါယမ်းလိုက်၍

" ဟေ့လူ၊ ဘာတွေလာစွပ်စွဲနေတာလဲ၊ ကျုပ်ကိုကြည့်စမ်း။ ဒီလို မတော်မတရားပြုကျင့်မဲ့ ရုပ်မျိုးလား။ မိန်းကလေးတွေဟာ ကျုပ်နဲ့ တစ်အိမ်ထဲ အလုပ်လုပ်နေတဲ့သူတွေဗျ၊ သူတို့ ဘယ်သွားလဲသိချင်လို့ ကျုပ်ကြည့်နေတာ "

ဟု ပြောလေ၏။ ထိုအခါ သူတောင်းစားက မျက်မှောင်ကြုတ်ကြည့်၍

" ဪ… မင်းက အိမ်နီကြီးကလူလား၊ မင်းကို အရင်က မမြင်ဖူးပါဘူး၊ ရောက်တာ မကြာသေးဘူးနဲ့တူတယ် "

ဟု ပြောလေရာ သီဟက

" ဟုတ်တယ်၊ ကျုပ်က အိမ်နီကြီးကိုရောက်တာ မကြာသေးဘူး။ ခင်ဗျားက အိမ်နီကြီးက လူတွေအကြောင်းသိနေလို့လား "

ဟု မေးမြန်းလေ၏။ ထိုအခါ သူတောင်းစားက ခေါင်းညိတ်၍

" ဟား ဟား ဟား… ဒီပတ်ဝန်းကျင်မှာ အိမ်နီကြီးက လူတွေအကြောင်းကို မသိတဲ့လူ ခင်ရှားရှားပါပဲကွာ၊ ငါလိုလူတစ်ယောက်ဟာ အိမ်နီကြီးက လူတွေကို ပိုပြီးသိတာပေါ့ "

ဟု ပြောလေ၏။ ထိုအခါ သီဟက ထိုလူ၏ စုတ်ခြာလှသော



www.burmeseclassic.com

www.burmeseclassic.com



အဝတ်အစားများကို အထင်သေးဟန်ဖြင့် ကြည့်၍

" ခင်ဗျားရဲ့ခြေလက်တွေက အကောင်းကြီးတွေပဲဗျာ၊ ဘာဖြစ်လို့ ဒီအလုပ်ကို လုပ်စားရတာလဲ "

ဟု မေးမြန်းလေ၏။ ထိုအခါ သူတောင်းစားက

" ဟော့ကောင်... မင်း ငါ့ကို စော်ကားလှချည်လား၊ ငါ့ကို သူတောင်းစား အောက်မေ့လို့လား၊ ငါ့ကို ဒီအနီးအနားက လူတွေ အားလုံး သူဌေးဦးချမ်းသာလို့ သိကြတယ်ကွ၊ ဒီနားမှာ ငါပိုင်တဲ့လယ်တွေ လက်ညှိုးထိုးမလွဲအောင် ရှိတယ်၊ အဲဒီချောင်းတစ်ဖက်လမ်းက ရွာသား တွေ အားလုံး ငါ့ရဲ့အကြွေးနဲ့ လွတ်တဲ့လူမရှိဘူး "

ဟု ပြောလေ၏။ မောင်သီဟသည် သူတောင်းစား၏စကား ကြောင့် အံ့ဩဟန်ဖြင့် ကြည့်နေလေ၏။

ထိုအခါ သူတောင်းစားက တဟားဟား ရယ်မောပြီး

" ဟား ဟား ဟား... တောင်းမှာအကွပ်၊ လူမှာအဝတ်ဆိုတဲ့ စကားက တယ်မှန်တာပဲ၊ ငါ့ရဲ့ စုတ်ခြာတဲ့အဝတ်အစားတွေကို ကြည့်ပြီးတော့ မင်းဟာ ငါ့ကို လယ်ပိုင်ရှင်သူဌေးတစ်ယောက်လို့ မထင်ဘူး ကိုး "

ဟု ညည်းတွားလေ၏။ ထိုအခါ သီဟက သူတောင်းစားကို ကြည့်၍

" နေပါဦး။ ခင်ဗျားက လယ်ပိုင်ရှင်သူဌေးသာဆိုရင် ဘာဖြစ်လို့





ဒီလောက်စုတ်ခြာတဲ့ အဝတ်အစားတွေ ဝတ်ထားရတာလဲ၊ ကြည့်ပါဦး။ ခင်ဗျားရဲ့ပုဆိုးကလည်း အဖာအထေးတွေ အများကြီးနဲ့၊ အင်္ကျီက လည်း အပေါက်အပြဲတွေနဲ့၊ ခင်ဗျားလွယ်ထားတဲ့ လွယ်အိတ်ကိုလည်း ကြည့်ဦး။ စုတ်ပြတ်သပ်နေတာပဲ၊ ဖိနပ်လည်း မပါဘူး၊ နောက်ပြီးတော့ ခင်ဗျားဝတ်ထားတဲ့ အင်္ကျီမှာလည်း ရက်ပေါင်းများစွာ မလျှော်တဲ့ပုံနဲ့ ချေး(ကြိုး)အထပ်ထပ် တက်နေတယ်၊ ဒီလိုလူမျိုးကို လယ်ပိုင်ရှင်သူဌေး တစ်ယောက်ဆိုတာ ကျွန်တော် ဘယ်လိုယုံရမှာလဲ "

ဟု မေးမြန်းလေ၏။ ထိုအခါ သူတောင်းစားက တဟားဟား ရယ်မောလိုက်ပြီး

" ဟား ဟား ဟား... အေးပေါ့လေ၊ ငါ့ရဲ့ သူတောင်းစား ပုံစံကို ကြည့်ပြီးပြောတာ ငါအပြစ်မပြောပါဘူး၊ တကယ်တော့ အရင် တုန်းက ငါဟာ ဆင်းရဲနွမ်းပါးခဲ့ပါတယ်၊ တစ်ရွာလုံးမှာ ငါဟာ အဆင်းရဲ ဆုံးပဲ၊ ဆင်းရဲလွန်းလို့ နံငယ်ပိုင်းလေးနဲ့ပဲ နေခဲ့ရတယ်၊ ဒါပေမဲ့ ငါ့လို ဆင်းရဲနွမ်းပါးလွန်းတဲ့ လူတစ်ယောက်ဟာ နှလုံးသားရှိတယ်၊ ဒါပေမဲ့ ငါဟာ အချောဆုံး အလှဆုံး မိန်းမချောလေးတစ်ယောက်ကို ချစ်မိခဲ့ တယ်၊ ကွမ်းတောင်ကိုင်မိန်းမချောလေးဟာ လယ်ပိုင်ရှင်ကြီးတစ် ယောက်ရဲ့ သမီးပဲ၊ ငါဟာ ကွမ်းတောင်ကိုင်မိန်းကလေးနဲ့ ဘဝချင်း မိုးနဲ့မြေ ကွာခြားပေမဲ့ သူ့ရဲ့မေတ္တာကိုရဖို့ ကြိုးစားခဲ့တယ်၊ ဒါပေမဲ့ ကွမ်း တောင်ကိုင် မိန်းကလေးဘက်က ငါ့ကို တရွှာန်တစ်ကောင်လောက်



www.burmeseclassic.com

www.burmeseclassic.com



တောင် သဘောမထားဘဲ ဝိုင်းဝန်းနှိပ်စက်ပြီး ပို့လိုက်ကြတယ်၊ ဝါ့ကို
အရှက်ခွဲပြီး ဝိုင်းဝန်းနှိပ်စက်ကြတယ်၊ ဒါပေမဲ့ ရွာသူရွာသားတွေအားလုံး
ဝါ့ဘက်က မရပ်တည်ကြဘူး၊ ငွေကြေးနေ ချမ်းသာကြွယ်ဝတဲ့ လယ်ပိုင်
ရှင်ဘက်ကပဲ ရပ်တည်ကြတယ်၊ ဝါ့လို လယ်ကူလီတစ်ယောက်ဟာ
လယ်ပိုင်ရှင်သူဌေးသမီး ကွမ်းတောင်ကိုင်တစ်ယောက်ကို မှန်းတယ်ဆို
တာ မတန်တရာ မှန်းတယ်ဆိုပြီး ဝိုင်းဝန်းပြစ်တင်ကြတယ်၊ အဲဒီကစပြီး
ဝါလည်း တစ်ရွာလုံးကို စိတ်နာပြီး မြို့ကို တက်သွားခဲ့တယ်၊ ဝါဟာ
ချမ်းသာချင်လွန်းလို့ မိုးကုတ်ကိုသွားပြီး ကျောက်တူးတယ်၊ ဒါပေမဲ့
ကျောက်မအောင်ဘူး၊ ဆင်းရဲမြဲ ဆင်းရဲခဲ့တယ်၊ ဝါ့ရဲ့ ကံကြမ္မာက ထူး
ဆန်းတယ်၊ မိုးကုတ်မှာ ကျောက်မအောင်ခဲ့ပေမဲ့ မိုးကုတ်မြို့က သူဌေး
မကြီး တစ်ဦးက ဝါ့ကိုချစ်လို့ မွေးစားခဲ့တယ်၊ မကြာပါဘူး၊ ဝါ့ကိုမွေးစား
ပြီး မကြာခင်ဘဲ သူဌေးမကြီးလည်း သေဆုံးခဲ့တယ်၊ သူဌေးမကြီး သေ
ဆုံးတော့ ဝါ့အတွက် အမွေတွေ အများကြီးရခဲ့တယ်၊ ဝါဟာ သူဌေး
ကြီးဆီကရတဲ့ အမွေအားလုံးက တစ်ဝက်ခွဲပြီး မိုးကုတ်မြို့မှာ အကြ
အကျယ် လှူဒါန်းခဲ့တယ်၊ ကျန်တဲ့ တစ်ဝက်ကိုပိုက်ပြီး ရွာကိုပြန်လာ
တယ်၊ ရွာကိုရောက်တော့ ရွာမှာ ဝါဟာ အချမ်းသာဆုံးတစ်ယောက်
ဖြစ်နေခဲ့တယ်၊ ရွာမှာရှိတဲ့ လယ်ပိုင်ရှင်တွေ ဝါ့လောက် မချမ်းသာတော့
ဘူး၊ ကွမ်းတောင်ကိုင်ရဲ့အဖေ လယ်ပိုင်ရှင်ကြီးကတော့ ကံအကြောင်း
မလှလို့ ဆင်းရဲနွမ်းပါးသွားပြီး ဝါ့အချစ်ဆုံး ကွမ်းတောင်ကိုင်မိန်းကလေး





ကတော့ သီလရှင်ဝတ်သွားရှာတယ်၊ ဝါပြန်ရောက်တော့ ရွာဘုန်းကြီး
ကျောင်းကို အခမ်းနားဆုံးဖြစ်အောင် ပြုပြင်တည်ဆောက်ပေးခဲ့တယ်၊
ဝါ့ရဲ့အိမ်ကိုလည်း ရွာမှာ အကြီးကျယ်ဆုံးဖြစ်အောင် တည်ဆောက်ခဲ့
တယ်၊ တစ်ရွာလုံးက လူတွေလည်း ဝါ့ကို သူဌေးကြီးဦးချမ်းသာလို့
ခေါ်ကြတယ်၊ အဲဒီချိန်မှာ ဝါဟာ လူတွေကို ရွံရှာသွားတယ်၊ ဒီလူတွေကို
အရွဲ့တိုက်ချင်စိတ်လည်း ဖြစ်ပေါ်သွားတယ်၊ ဒါကြောင့် ဝါဟာ ငွေကြေး
ခနတွေ ချမ်းသာကြွယ်ဝပေမဲ့ ဝါ့ရဲ့ဝတ်စားဆင်ယင်မှုကတော့ ဟိုးအရင်
က တစ်ရွာလုံး ခိုင်းဖတ်ဖြစ်စဉ်ကအတိုင်း နေထိုင်ဝတ်ဆင်ခဲ့တယ်၊
တစ်ရွာလုံးက လူတွေ ဝါ့အပေါ် နှိပ်စက်ဆက်ဆံခဲ့တာကို မမေ့တဲ့
သဘောပေါ့ကွာ၊ အဲဒီလို ဝတ်စားဆင်ယင်တာက ကောင်းတယ်ကွ
ဘာဖြစ်လို့လဲဆိုတော့ ဝါ့ဘဝကို ဝါမမေ့တော့ဘူး။ အရင်က အဝတ်မတန်
ဆင်းရဲနွမ်းပါးတဲ့အတွက် လူတွေရဲ့ နှိမ့်ချဆက်ဆံခြင်းတွေ ခံခဲ့ရတယ်
ဆိုတာ ဝါ့ရဲ့ အဝတ်အစားတွေက သတိပေးနေတယ်ကွ၊ တကယ်တော့
ဝါဟာ လောကကြီးကိုလည်း အရွဲ့တိုက်တယ်၊ လူတွေကိုလည်း အရွဲ့
တိုက်ခဲ့တယ်ကွ ''

ဟု ပြောလေ၏။ ထိုအခါ သီဟက သက်ပြင်းချ၍

'' ခင်ဗျားရဲ့ဘဝကတော့ အထူးအဆန်းပါပဲဗျာ၊ ကျုပ်တစ်သက်
မှာ ဒီလိုလူမျိုး တစ်ခါမှမတွေ့ဖူးပါဘူး။ ဘာပဲဖြစ်ဖြစ် အရွဲ့တိုက်တယ်
ဆိုတာ နောက်ဆုံးတော့ ကိုယ့်ကိုယ်ကိုယ် ပြန်ထိတာပါပဲ၊ သူတစ်ပါးကို



www.burmeseclassic.com

www.burmeseclassic.com



အရှုံးတိုက်ပေမဲ့ တကယ်တမ်း ကိုယ့်စိတ်ကို ကိုယ် အမြဲတမ်းထိနေတယ်၊ ငါ့ကို လူတွေ ဘယ်လိုထင်ကြမလဲဆိုတဲ့ ခံစားမှုတွေ အမြဲဖြစ်ပေါ်နေတယ်၊ တကယ်တော့ ဒါဟာ ကိုယ့်ကိုယ်ကိုယ် ညှဉ်းဆဲသလိုပါပဲဗျာ''

ဟု ပြောလေရာ သူတောင်းစားနှင့်တူသော လယ်ပိုင်ရှင်သည် မျက်နှာကွက်ခနဲပျက်သွားပြီး

''ဘာ... ကိုယ့်ကိုယ်ကိုယ် ညှဉ်းဆဲနေတယ် ဟုတ်လား၊ မင်းရဲ့စကားက ထူးဆန်းလိုက်တာ''

ဟု ပြော၍ မျက်မှောင်ကြုတ်၍ စဉ်းစားနေလေ၏။ အတန်ကြာအောင် စဉ်းစားပြီးနောက် လက်ဖျစ်တီး၍

''ဟုတ်တယ်၊ မင်းပြောတာ ဖြစ်နိုင်တယ်၊ ငါဟာ လူတွေကို အရှုံးတိုက်ပြီးနေပေမဲ့ တကယ်တမ်းကျတော့ ငါ့ကိုယ်ငါပဲ ပင်ပန်းနေ တာဖြစ်တယ်၊ လူတွေ ငါ့ကို ဘယ်လိုထင်ကြမလဲ၊ ငါ့ရဲ့အပြုအမူကို ဘယ်လိုဝေဖန်ကြမလဲ၊ လူလာမှာကို ငါ အမြဲတမ်း စောင့်ကြည့်နေခဲ့တယ်၊ ဒီတော့ ငါ့ရဲ့စိတ်တွေ အမြဲပင်ပန်းရတယ်၊ ဟုတ်တယ်၊ မင်းပြောတာ မှန်တယ်၊ လောကကြီးကို အရှုံးတိုက်မယ်ဆိုရင် အရှုံးတိုက်တဲ့လူပဲ စိတ်ပင်ပန်းရတယ်၊ ဟုတ်ပြီ၊ ဒီနေ့ကစပြီး ငါအမြင်မှန်ရပြီ၊ ငါ့ရဲ့အိမ်မှာ ငါ ပျော်ပျော်ရွှင်ရွှင် လွတ်လွတ်လပ်လပ် မနေထိုင်တာ အဓိကအကြောင်းဆုံးပဲဆိုတာ ငါသိသွားပြီ၊ ဒီအတွက် မင်းကို ကျေးဇူးတင်တယ်၊ မင်းဟာ ငါ့ရဲ့ကျေးဇူးရှင်ပဲ၊ မင်းကို ငါ ကျေးဇူးပြုရမယ်၊ မင်း ငါနဲ့လိုက်ခဲ့စမ်းပါ။





ရွာကိုရောက်ရင် မင်းကို တစ်ဝကြီး ကျွေးမွေးချင်လို့''

ဟု ပြောလေ၏။ သီဟာက ခေါင်းခါယမ်း၍

''ကျုပ်က ခင်ဗျားရဲ့ကျေးဇူးရှင် မဖြစ်ပါဘူးဗျာ၊ မမျှော်လင့်ဘဲ ကျုပ်ရဲ့စကားကြောင့် ခင်ဗျား ဉာဏ်အလင်းရသွားတယ်ဆိုရင် ကျုပ်ဝမ်းသာပါတယ်၊ ကျုပ်ဟာ အိမ်နီကြီးက အလုပ်သမားတစ်ယောက်ပါ၊ ခင်ဗျားနဲ့လိုက်ဖို့ အခွင့်အရေးလည်း မရှိဘူး''

ဟု ငြင်းဆန်းလေ၏။

သို့သော် သူတောင်းစားနှင့်တူသော လယ်ပိုင်ရှင်က သီဟာကို ၎င်း၏ရွာသို့လိုက်ခဲ့ရန် အကြိမ်ကြိမ် ဖိတ်ခေါ်သဖြင့် သီဟာလည်း ၎င်းအနောက်သို့ လိုက်ရလေတော့၏။

၎င်း၏ရွာသည် ချောင်း၏တစ်ဖက်တွင်ရှိသော အိမ်ခြေ အလွန်များပြားသော ရွာတစ်ရွာဖြစ်၏။ ရွာအလယ်တွင် သူတောင်းစားနှင့်တူသော လယ်ပိုင်ရှင်၏ ခမ်းနားကြီးကျယ်သော အိမ်ကြီးရှိ၏။

ထိုအိမ်ထဲတွင် ဝိုင်းဝန်းလုပ်ကိုင်နေသော လူများကို တွေ့ရ၏။ လယ်ပိုင်ရှင်သည် သီဟာအား နေ့လယ်စာကျွေးရန် ဟင်းပွဲများကို အကျအန ပြင်ဆင်လေ၏။

အတန်ကြာသောအခါ ဟင်းများအားလုံးကျက်ပြီး လယ်ပိုင်ရှင်နှင့် သီဟာသည် နေ့လယ်စာကို မြိန်ယှက်စွာ စားသောက်ကြလေ၏။

လယ်ပိုင်ရှင်၏ ထမင်းဝိုင်း၌ ဟင်းမျိုးစုံလင်လှပြီး သီဟာအား



www.burmeseclassic.com

www.burmeseclassic.com



ညှို့ဝတ်ကျေပွန်စွာ ညှို့ခံကြောင်းတွေ့ရ၏။ သီဟသည် လယ်ပိုင်ရှင်နှင့် မမျှော်လင့်ဘဲ သိကျွမ်းခဲ့ရ၏။

အိမ်နီကြီးနှင့် ပတ်သက်သောအကြောင်းများကို မေးမြန်းစုံစမ်းရန် ဆုံးဖြတ်လိုက်၏။ ထို့ကြောင့် လယ်ပိုင်ရှင်အား အိမ်နီကြီးအကြောင်းကို မေးမြန်းရာ အိမ်နီကြီးရှိ မိန်းကလေးနှစ်ဦး လှေဖြင့် တစ်ဖက်ကမ်းသို့ ကူးသန်းသွားသောအကြောင်းကို သိရ၏။

ချောင်း၏တစ်ဖက်ကမ်းရှိ တောင်ကုန်းပေါ်တွင် စေတီရှိ၏။ ထိုစေတီမှာ အိမ်နီကြီး၏သခင် ဒေါ်ပန်းရုံတည်ထားသော စေတီဖြစ်ကြောင်း သိရ၏။

ဒေါ်ပန်းရုံသည် ထိုစေတီသို့ မကြာခဏ သွားရောက်၍ ကုသိုလ်ကောင်းမှုအလုပ်များ လုပ်ကိုင်ကြောင်းသိရ၏။ လယ်ပိုင်ရှင်သည် သီဟ၏ဘဝနောက်ကြောင်းကို စိတ်ဝင်စားစွာ မေးမြန်းလေ၏။

လယ်ပိုင်ရှင်သည် သီဟအား သူ၏ရွာသို့ အကြိမ်ကြိမ် လာရောက် လည်ပတ်ရန်လည်း ဖိတ်ခေါ်လေ၏။ လယ်ပိုင်ရှင်၏ ပွင့်လင်းသော စကားပြောဟန်ကြောင့် သီဟတို့နှစ်ဦးသည် ငယ်ပေါင်းကြီးဖော်များကဲ့သို့ ရင်းနှီးခင်မင်သွားလေ၏။

သီဟသည် ညနေစောင်းသောအခါမှပင် လယ်ပိုင်ရှင်ကို နှုတ်ဆက်၍ ပြန်ခဲ့လေ၏။ လယ်ပိုင်ရှင်သည် သီဟအား

" ဒီမှာညီလေး မင်းအားတဲ့အချိန် ကျုပ်ဆီလာခဲ့ပါ၊ မင်းကို





အချိန်မရွေး ကျုပ်ဆီလာခဲ့ဖို့ ဖိတ်ခေါ်ပါတယ်၊ လိုအပ်တာရှိရင်လည်း ပြောပါ၊ တကယ်တော့ မင်းဟာ ကျုပ်ရဲ့ဉာဏ်အလင်းကို ဖွင့်ပေးခဲ့တဲ့ ကျေးဇူးရှင်တစ်ယောက်ပါ "

ဟု ပြောလေ၏။ သီဟသည် လယ်ပိုင်ရှင်ကို နှုတ်ဆက်၍ အိမ်နီကြီးသို့ ပြန်ခဲ့လေတော့၏။

၍ ၍ ၍



www.burmeseclassic.com

www.burmeseclassic.com



အိမ်နီကြီးသို့ရောက်သောအခါ အမြွာညီအစ်ကိုနှစ်ဦးသည် သီဟကို စိုးရိမ်တကြီးမေးမြန်းလေ၏။

သီဟက အနီးပတ်ဝန်းကျင်ရှိ နေရာဒေသများသို့ လည်ပတ်သွားလာနေကြောင်း ပြောလေ၏။

ထိုအခါ အမြွာညီအစ်ကိုနှစ်ဦးအနက် တစ်ဦးက

'' အိမ်နီကြီးထဲမှာ မင်းအတွက် လုံခြုံမှုအပြည့်ရှိတယ်၊ အိမ်နီကြီးရဲ့အပြင်ကို ရောက်သွားရင်တော့ မင်းမှာလုံခြုံမှုမရှိဘူး။ ဒါကြောင့် အိမ်နီကြီးရဲ့အပြင်ကိုရောက်ရင် သတိနဲ့ထိန်းသိမ်းပြီး နေစေချင်တယ်''

ဟုပြောလေ၏။





သူသည် အားလပ်သည့်အချိန် လယ်ပိုင်ရှင်ထံသို့ သွားရောက်လည်ပတ်ရန် ဆုံးဖြတ်ထား၏။ သီဟသည် နောက်နှစ်ရက်အကြာတွင် လယ်ပိုင်ရှင်ရှိရာရွာသို့ သွားရောက်လည်ပတ်ပြန်၏။ လယ်ပိုင်ရှင်၏ အမည်မှာ ဦးချမ်းသာဖြစ်၏။

တစ်ရွာလုံးရှိလူများသည် လယ်ပိုင်ရှင်ကို ရိုကျိုးခယကြကြောင်း တွေ့ရ၏။

လယ်ပိုင်ရှင်သည် သီဟကိုမြင်လျှင် စားသောက်ဖွယ်ရာမျိုးစုံနှင့် ဖော်ရွေစွာ ကျွေးမွေး၏။

ထို့နောက် သီဟနှင့်အတူ အုန်းခွံရောင်မြင်းကြီးများကို ကိုယ်စီစီးနင်းကာ ရွာအနီးပတ်ဝန်းကျင်သို့ လှည့်လည်သွားလာကြ၏။

လယ်ပိုင်ရှင်သည် သီဟကို ညီရင်းအစ်ကိုကဲ့သို့ ရင်းနှီးချစ်ခင်နေပြီဖြစ်၏။

သီဟသည် လယ်ပိုင်ရှင်ထံမှ အိမ်နီကြီးနှင့်ပတ်သက်သော အကြောင်းအရာများကို မေးမြန်းစုံစမ်းလေ၏။

လယ်ပိုင်ရှင် ဦးချမ်းသာက

'' အိမ်နီကြီးရဲ့ပိုင်ရှင် ဒေါ်ပန်းရုံဟာ အလွန်လျှို့ဝှက်တဲ့ မိန်းမကြီးကွ၊ သူဟာ ငယ်စဉ်ဘဝက အလွန်ချောမောလှပလို့ နာမည်သတင်းကြီးတယ်၊ သူ့ကို ချစ်ခင်နှစ်သက်တဲ့ ယောကျ်ားတွေ အများကြီးရှိခဲ့ဖူးတယ်၊ နောက်ပြီးတော့ ဒီအရပ်က လူတွေ သူ့ကိုခေါ်တဲ့အမည်တစ်ခု



www.burmeseclassic.com

www.burmeseclassic.com



လည်းရှိတယ်၊ အဲဒီအမည်က 'မြွေဖြူရှင်မ' ပဲ ''

ဟုပြောလေရာ သီဟသည် မိခင်၏ထူးဆန်းသော အမည်ကြောင့် မျက်လုံးပြူးသွားပြီး

'' ဘာ... မြွေဖြူရှင်မ ဟုတ်လား။ ဒေါ်ပန်းရုံကို မြွေဖြူရှင်မလို့ ခေါ်ရတာလဲ ''

ဟု ခမေးမြန်းလေ၏။ ထိုအခါ လယ်ပိုင်ရှင် ကိုချမ်းသာက မြင်းပေါ်က လွှားခနဲ ခုန်ဆင်း၍

'' ဒေါ်ပန်းရုံရဲ့အိမ်အနောက်မှာ မြွေဖြူတစ်ကောင်ကို နတ်ကွန်းထဲမှာထည့်ပြီး ကိုးကွယ်ထားတာ ဒီအနီးပတ်ဝန်းကျင်က လူတွေ သိကြတယ်၊ နောက်ပြီး အလွန်ထူးဆန်းတဲ့ အကြောင်းအရာတစ်ခုကိုလည်း ကြားဖူးတယ်၊ အဲဒါကတော့ လသာတဲ့ညတစ်ညမှာ အိမ်နီကြီးထဲက အင်မတန်ကြောက်မက်ဖွယ်ကောင်းတဲ့ မြွေဖြူကြီးတစ်ကောင် ထွက်လာတယ်လို့ ပြောကြတယ်၊ မြွေဖြူကြီးဟာ အိမ်ကြီးထဲကနေထွက်ပြီး သချိုင်းထဲကို ဝင်ရောက်သွားတယ်၊ သချိုင်းထဲကိုရောက်တော့ မြွေဖြူကြီးဟာ ဒေါ်ပန်းရုံဖြစ်နေတယ် ''

ဟု ပြောလေရာ သီဟက မယုံနိုင်ဟန်ဖြင့် လယ်ပိုင်ရှင်ကို ကြည့်၍

'' မဖြစ်နိုင်တာဗျာ၊ မြွေဖြူကြီးက ဘာဖြစ်လို့ ဒေါ်ပန်းရုံ ဖြစ်နေရမှာလဲ၊ ဒေါ်ပန်းရုံဟာ လူတစ်ယောက်ပဲ ''





ဟု မယုံကြည်ဟန်ဖြင့် ပြောလေ၏။ သူသည် မိခင်အား မြွေဖြူမဟု နိုင်းနှိုင်းပြောဆိုခြင်းကို နှစ်သက်ခြင်းမရှိချေ။

ထိုအခါ လယ်ပိုင်ရှင် ကိုချမ်းသာက

'' ငါက ဒေါ်ပန်းရုံကို တိရစ္ဆာန်ဖြစ်နေတယ်လို့ မပြောပါဘူးကွာ၊ ဒါပေမဲ့ ဒီအနီးပတ်ဝန်းကျင်ကလူတွေကတော့ ဒေါ်ပန်းရုံကို မြွေဖြူရှင်မလို့ ဒဏ္ဍာရီဆန်ဆန် ပြောဆိုနေကြတယ်၊ ဒါတွေဟာ အဓိပ္ပါယ်မရှိဘူးလို့ ငါယုံကြည်ပါတယ်၊ ဒါပေမဲ့ ဒေါ်ပန်းရုံရဲ့အိမ်နောက်မှာ မြွေဖြူတစ်ကောင်ကို ပန်းရေချမ်းဆက်ကပ်ပြီး နတ်ကွန်းတောင် ဆောက်ထားတာကတော့ အံ့ဩစရာပဲ၊ ဒေါ်ပန်းရုံရဲ့ အယူသီးမှုတစ်ခုပေါ့ကွာ ''

ဟု ပြောလေ၏။ ထို့နောက် လယ်ပိုင်ရှင် ကိုချမ်းသာက ဆက်၍

'' ဒေါ်ပန်းရုံရဲ့ယောက်ျားဆုံးသွားတယ်၊ သူ့ယောက်ျား သေဆုံးရပုံကလည်း ထူးဆန်းတယ်၊ သူဟာ သချိုင်းထဲကိုသွားရင်း မြွေတစ်ကောင်ရဲ့ ကိုက်ခဲမှုကိုခံရပြီး အသက်ဆုံးသွားတယ်လို့ ဆိုတယ်၊ ဒေါ်ပန်းရုံဟာ သူ့ယောက်ျားရဲ့အသက်ကို သေဆုံးသွားစေတဲ့ မြွေတွေကို မုန်းတီးရမဲ့အစား အိမ်နောက်မှာ နတ်ကွန်းလုပ်ပြီး ကိုးကွယ်ထားတာ အံ့ဩစရာကောင်းတယ်၊ နောက်ပြီး အိမ်နီကြီးမှာ အံ့ဩစရာကောင်းတာ ခြံစောင့်ကြီးဦးဗလကွ၊ သူက အိမ်နီကြီးကိုရောက်တာ နှစ်ပေါင်းနှစ်ဆယ်လောက်ရှိပြီ၊ သူဟာ အားလပ်တဲ့အချိန်မှာ မြင်းတစ်စီးနဲ့ ဒီဒေသတစ်ဝိုက်မှာ သွားလာတတ်တယ်၊ သူဟာ ရက်ရောတတ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်လို့ ပြောရမလားမသိဘူး၊ ရွာတွေကို လှည့်လည်တဲ့ အခါတိုင်း အိတ်တစ်လုံးနဲ့ ငွေစက္ကူတွေကိုထည့်ပြီး ကလေးတွေကို လိုက်ဝေပေးတတ်တယ်၊ အဲဒီပိုက်ဆံတွေဟာ သူ့ရဲ့လုပ်ခလစာတွေလို့ ပြောတယ်၊ ကလေးတွေကိုတော့ အတော်ချစ်တတ်ပုံရတယ်၊ လူကြီး တစ်ယောက်ကိုတော့ သူ့ဆီက ငွေစက္ကူတစ်ကျပ်တစ်ပြား ပေးလေ့မရှိ ဘူး၊ အဲ... ကလေးတစ်ယောက်သွားပြီး တောင်းမယ်ဆိုရင်တော့ ငြင်းလေ့မရှိဘူး၊ ဒါကြောင့် ရွာထဲက ကလေးတွေဟာ ဦးဇလကြီးရဲ့ မြင်းလာပြီဆိုရင် ပျော်ရွှင်ကြတယ်၊ သူဟာ ဒီဒေသမှာ လှည့်လည်သွား လာနေပေမဲ့ တရင်းတနှီး နေထိုင်တဲ့လူမရှိဘူး၊ သူ့ကို မိတ်ဖွဲ့ဖို့ ကြိုးစား တဲ့လူတွေလည်း သူ့ရဲ့ရိုင်းပြတဲ့ ဆက်ဆံရေးကြောင့် ကြောက်လန့် ကုန်ကြတယ်၊ နောက်ပြီးတော့ အိမ်နီကြီးမှာ ထူးဆန်းတဲ့လူဟာ အမြွာညီအစ်ကို နှစ်ယောက်ပဲ၊ အမြွာညီအစ်ကိုဟာ စကားအလွန် နည်းတယ်၊ မလိုအပ်ဘဲ စကားပြောလေ့မရှိဘူး၊ ဈေးဝယ်ရင်တောင် လက်ဟန်ခြေဟန်နဲ့ ပြောဝယ်လို့ လူအများက အ,အတွေလို့ ထင်တတ် ကြတယ်၊ သူတို့ နှစ်ယောက်ဟာ စကားနည်းပေမဲ့ အလွန်အစွမ်းထက် ကြောင်း တစ်ခါက ထင်ရှားခဲ့တယ်၊ အဲဒီတုန်းက သာယာကုန်းရွာက အလှူကို နေ့ခင်းကြောင်တောင်ကြီး ဓားပြတိုက်တယ်၊ ဓားပြ ခေါင်းဆောင်ကတော့ နာမည်ကြီး တစ်ဖက်လပ်နဲ့အဖွဲ့ပေါ့၊ တစ်ဖက်လပ် နဲ့အဖွဲ့ဟာ အလှူအိမ်ကိုဝိုင်းပြီး အလှူလာတဲ့ လူတွေကို ဓားပြတိုက်





တယ်၊ ဒီအချိန်မှာပဲ သာယာကုန်းရွာ ဘုန်းကြီးကျောင်းကို ရောက်နေတဲ့ အမြွာညီအစ်ကိုဟာ ဓားပြတိုက်တဲ့သတင်းကြားတော့ တစ်ဖက်လပ် နဲ့အဖွဲ့ကို သွားရောက်နှိမ်နင်းခဲ့တယ်၊ သူတို့ ညီအစ်ကိုနှစ်ယောက် တက်ညီလက်ညီ နှိမ်နင်းလို့ ဓားပြတွေဟာ သေလုမျောပါး ထွက်ပြေးခဲ့ရ တယ်၊ အိမ်နီကြီးက လူတွေအားလုံး ထူးဆန်းလျှို့ဝှက်တဲ့ လူကြီးတွေ ပဲကွ၊ အိမ်နီကြီးမှာ အိမ်ဖော်အလုပ်ကို လုပ်နေတဲ့ မိန်းမပျိုသုံးယောက် ဟာ အလွန်ချောမောလှပတယ်၊ သူတို့ဟာ အိမ်နီကြီးကို လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က ရောက်လာခဲ့တာပဲ၊ သူတို့သုံးယောက်စလုံးကို ဒေါ်ပန်းရုံက မြန်မာပြည်ရဲ့ တစ်နေရာက ခေါ်ဆောင်ခဲ့ပုံရတယ်၊ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်ကဆိုတော့ သူတို့ဟာ ဆယ်နှစ်သမီးပဲ ရှိဦးမှာပေါ့၊ သူတို့သုံးယောက်ဟာ ဒေါ်ပန်းရုံလက်ထဲမှာပဲ ကြီးပြင်းခဲ့ရတယ်၊ ဒေါ်ပန်းရုံဟာ သူတို့ကို စာပေ ပညာ ဗဟုသုတတွေ သင်ပေးခဲ့တယ်၊ ရှမ်းသိုင်းဆရာကြီးကို ငှားရမ်းပြီး ကိုယ်ခံပညာလည်း သင်ပေးခဲ့တယ်၊ တကယ်တော့ မိန်းမချော မိန်းမလှလေးတွေနဲ့ ကိုယ်ခံပညာဆိုတာ တခြားစီပါပဲကွာ၊ ဒါကိုကြည့်ခြင်းအားဖြင့် ဒေါ်ပန်းရုံဟာ ရန်အန္တရာယ် တစ်စုံတစ်ရာရှိမယ်ဆိုတာ သိရတယ်၊ ဒီဒေသက လူတွေကတော့ ဒေါ်ပန်းရုံကို အလွန်စိတ်ဝင်စားကြတယ်၊ ဒေါ်ပန်းရုံဟာ သီတင်းကျွတ် လပြည့်နေ့တိုင်းမှာ ချောင်းရဲ့တစ်ဖက်ကမ်းမှာရှိတဲ့ လိပ်ပြာတောင်ပေါ်က သူတည်ဆောက်ထားတဲ့ စေတီကိုသွားတယ်၊ အဲဒီနေ့ကျရင် ဒေါ်ပန်းရုံ



www.burmeseclassic.com

www.burmeseclassic.com



အလုပြင်ထားတာ လှလွန်းလို့ ရွာထဲကလူတွေ တကူးတက သွားပြီး စောင့်ကြည့်ကြတယ်၊ အဲဒီနေ့ကျရင် ဒေါ်ပန်းရုံ ဘာကြောင့် အလှပြင်လာသလဲဆိုတာကို ရွာသားတွေ တစ်ယောက်တစ်ပေါက် ပြောဆိုကြတယ်၊ ဒေါ်ပန်းရုံနဲ့ အတူ လိုက်လာတဲ့ မိန်းကလေးသုံးယောက်ဟာလည်း နတ်သမီးလေးတွေလိုပဲ ချောမောလှပကြတယ်၊ အိမ်နီကြီးက လူတွေထဲမှာ နာမည်သတင်းဆိုးနဲ့ ကျော်ကြားတာကတော့ ဒေါ်ပန်းရုံရဲ့ မွေးစားသား မောင်ရွှေမြပဲ၊ သူကတော့ မျိုးရိုးညှံ့ဖျင်းတဲ့မိဘတွေက ဆင်းသက်လာတဲ့ ကလေးတစ်ယောက်မို့လား မသိဘူး၊ ပြုပြင်ယူလို့ မရအောင် ဆိုးသွမ်းတယ်၊ ဒီကောင်ဟာ အလွန်ရန်များတယ်၊ ရိုင်းစိုင်းကြမ်းကြုတ်တယ်၊ မိန်းမပျိုတွေကိုလည်း အမျိုးမျိုး စိတ်ဒုက္ခရောက်အောင် လုပ်နေသူပဲ၊ ဒီအရပ်က လူတွေက ဒေါ်ပန်းရုံရဲ့မျက်နှာနဲ့ မောင်ရွှေမြကို သည်းခံဖို့ ကြိုးစားကြတယ်၊ ဒါပေမဲ့ မောင်ရွှေမြရဲ့မိုက်မဲမှုတွေက တဖြည်းဖြည်းများလာလို့ သူ့ကို ခွင့်မလွှတ်နိုင်ကြတော့ဘူး၊ အိမ်နီကြီးမှာ လူသစ်တစ်ယောက်ဝင်ဖို့ အဝေ့ာ်ခေါ်ခဲတယ်၊ အနီးပတ်ဝန်းကျင်ရွာက မိန်းကလေးတွေက အိမ်နီကြီးမှာ အလုပ်လုပ်ဖို့ စိတ်ကူးတွေ ယဉ်ကြတယ်၊ ဒါပေမဲ့ ဒေါ်ပန်းရုံက အိမ်နီကြီးမှာ လူစိမ်းတစ်ယောက်ကို အလွယ်တကူ လက်ခံလေ့မရှိဘူး၊ မင်းဟာ အိမ်နီကြီးက နောက်ဆုံးလက်ခံလိုက်တဲ့ လူတစ်ယောက်ပဲကွ၊ မကြာခင် မင်းကိုလည်း လူထူးလူဆန်း တစ်ယောက်လို့ ရွာသားတွေက





လက်ခံကြတော့မယ် ''

ဟု ပြောလေ၏။ ထိုအခါ သီဟသည် အော်ဟစ်ရယ်မော၍

'' ဟား ဟား ဟား... ကျုပ်ကတော့ ဘာမှစိတ်ဝင်စားစရာ မကောင်းပါဘူးကွာ၊ ရိုးရိုးလူတစ်ယောက်ပါပဲ၊ အိမ်နီကြီးက အကြောင်းတွေလည်း ခင်ဗျားသိသလောက် မသိပါဘူး၊ အိမ်နီကြီးက လူတွေအားလုံး လျှို့ဝှက်ထူးဆန်းကြတယ်ဆိုတာတော့ အသေအချာပါပဲ ''

ဟု ပြောလေ၏။ သီဟသည် ကိုချမ်းသာကို နှုတ်ဆက်၍ ထွက်ခွာရန်ပြင်ဆင်နေစဉ် ကိုချမ်းသာက

'' ခြေ့ာ်... မင်းကိုပြောဖို့မေ့နေတယ်၊ ချောင်းတစ်ဖက်က လိပ်ပြာတောင်ကို မင်းသွားချင်တယ်ဆို၊ မင်းအတွက် လှေတစ်စီးကို ချောင်းစပ်မှာ ငါစီစဉ်ထားတယ်၊ လှေထဲမှာ လှော်တက်နှစ်ချောင်း ရှိတယ်၊ မင်းဘာသာ လှော်ခပ်ပြီး ကူးသန်းသွားလို့ရတယ် ''

ဟု ပြောလေ၏။ ထိုအခါ သီဟသည် ကိုချမ်းသာကို နှုတ်ဆက်၍ အိမ်နီကြီးသို့ ပြန်ခဲ့လေ၏။

ချောင်းအနီးသို့ရောက်သောအခါ ညနေစောင်းအချိန်ဖြစ်သဖြင့် အိမ်နီကြီးသို့ မပြန်သေးဘဲ ချောင်းတစ်ဖက်ရှိ လိပ်ပြာတောင်သို့ သွားရောက်ကြည့်ရှုလေ၏။

လိပ်ပြာတောင်တွင် မိခင်ဖြစ်သူ ဒေါ်ပန်းရုံ တည်ဆောက်ထားသော စေတီလေးရှိ၏။ လိပ်ပြာတောင်သည် စိမ်းလန်းစိုပြည်ပြီး အေးမြ



www.burmeseclassic.com

www.burmeseclassic.com



သော တောင်ရိုးရှိသဖြင့် ထိုအရပ်သို့ သွားရောက်ချင်နေသည်မှာ ကြာပြီဖြစ်၏။

သီဟသည် ကမ်းစပ်တွင် တွေ့ရသော လှေငယ်လေးကို ကြိုးဖြုတ်၍ လိပ်ပြာတောင်သို့ လှော်ခပ်ခဲ့လေ၏။

တစ်ဖက်ကမ်းသို့ရောက်လျှင် သိပ်ပြာတောင်သို့သွားသော လမ်းအတိုင်း တစ်ကိုယ်တည်း လျှောက်ခဲ့လေ၏။ လိပ်ပြာတောင်သည် အတော်အတန်မြင့်မား၍ တောရိုပ်တောင်ရိုပ်များ အေးမြနေသော နေရာကို ကျော်ဖြတ်ရင်း လိပ်ပြာတောင်ခြေသို့ ရောက်လေ၏။

လိပ်ပြာတောင်သို့တက်ပြီး အတော်အတန်ကြာသောအခါ ကျောက်လှေကားများဖြင့် ပြုလုပ်ထားကြောင်း တွေ့ရ၏။

မိခင်ဖြစ်သူသည် လိပ်ပြာတောင်ကို အသေအချာ မှမ်းမံထား၏။ ကျောက်လှေကားထိပ်သို့ ရောက်သောအခါ လှေကား၏အောက်ဆုံးအဆင့်တွင် မြွေကြီးနှစ်ကောင် စောင့်ကြပ်နေဟန် ထွင်းထုထားသည်ကို တွေ့ရ၏။

သီဟသည် မြွေကြီးများ၏ ပုံသဏ္ဌာန်ကိုကြည့်၍ မိခင်သည် အဘယ်ကြောင့် ဤမျှမြွေများနှင့် ပတ်သက်နေသနည်းဟု တွေးတောမိ၏။

သူသည် ဆုတောင်းပြည့်စေတီ၏ ရင်ပြင်ပေါ်သို့တက်ရောက်ကာ စေတီကို တစ်ပတ်လှည့်၍ ကြည့်လေ၏။





စေတီမှာ မှန်ဝရှစ်ခုရှိသော ရှစ်မျက်နှာစေတီဖြစ်၏။ ထိုစေတီ၏ မှန်ဝတိုင်းတွင် ရစ်ခွေနေသော နဂါး၏ကိုယ်ထည်ပေါ်တွင် စံပယ်နေသော ဆင်းတုတော်တစ်ဆူစီရှိ၏။

မိခင်သည် အဘယ်ကြောင့် မြွေများ၊ နဂါးများနှင့် ဤမျှပတ်သက်နေသည်မသိ။ သူသည် စေတီပေါ်တွင်ထိုင်၍ ဘုရားဝတ်ပြုနေလေ၏။

အတန်ကြာအောင် ဘုရားဝတ်ပြုပြီးနောက် သူ့ရဲ့အနောက်မှ ခြေသံလိုလိုကြားရသဖြင့် လှည့်ကြည့်လိုက်ရာ လူရိပ်သဏ္ဌာန်တစ်ခုကို ချက်ခြင်း မြင်တွေ့လိုက်ရလေ၏။

ထိုလူရိပ်သည် စေတီတော်၏အနောက်ဖက် ချုံနွယ်ပိတ်ပေါင်းများရှိရာသို့ တိုးဝှေ့ ပျောက်ကွယ်သွား၏။

သီဟသည် စေတီပေါ်မှ ခုန်ပျံကျော်လွှား၍ ထိုလူရိပ်နောက်သို့ လိုက်လေ၏။ ထိုလူရိပ်သည် လျှင်မြန်စွာ ပျောက်ကွယ်သွား၏။ သီဟသည် မကျေမချမ်းဖြစ်ကာ ပတ်ဝန်းကျင်အနှံ့သို့ လှည့်လည်ကြည့်ရှုလေ၏။

ထိုသို့ ကြည့်ရှုနေစဉ် ချုံနွယ်ပိတ်ပေါင်းများရှိရာအရပ်သို့ ပြေးသွားသော ထိုလူရိပ်ကို အမိဖမ်းလိုက်၏။

ထိုအခါ အိစက်နွေးထွေးသော အထိအတွေ့ကို ခံစားရပြီး ကြည့်လိုက်သောအခါ မိန်းမပျိုတစ်ဦးဖြစ်နေမှန်း သိလိုက်ရ၏။ သီဟသည်



www.burmeseclassic.com

www.burmeseclassic.com



မိန်းမပျိုအားကြည့်လိုက်ရာ အိမ်နီကြီးမှ မိန်းမပျိုတစ်ဦး ဖြစ်နေ၏။

သူမသည် ဆံနွယ်များ ရှည်လျားပြီး အိမ်ဖော်မိန်းမပျိုသုံးဦး အနက် အချောဆုံးမိန်းမပျိုပင်ဖြစ်၏။ မိန်းမပျိုသည် ရှက်ရွံ့ဟန်ဖြင့် သီဟ လက်မှ ရုန်းကန်နေလေ၏။

သီဟက မိန်းမပျိုကိုကြည့်၍

" ဘယ်သူများလဲမှတ်လို့ မင်းကိုး၊ ကျုပ်ကို ဘာဖြစ်လို့ ရှောင် ပုန်းပြီး ပြေးရတာလဲ၊ ကျုပ်က ရိုးသားမှုမရှိဘူးထင်လို့ အနောက်က ပြေးပြီးလိုက်တာဗျ "

ဟု ပြောလေရာ အိမ်ဖော်မိန်းမပျိုက ခေါင်းခါယမ်း၍

" ဟင့်အင်း… ရှင့်ကို ရှောင်မပြေးပါဘူး၊ ကျွန်မဘာသာ တစ်ကိုယ်တည်း ဒီစေတီလေးမှာ ဆုတောင်းချင်လို့ ရောက်လာတာ စေတီပေါ်မှာ လူတစ်ယောက်ရှိနေတော့ ကျွန်မ မဆုတောင်းချင်တော့ ဘူး၊ ဒီနေရာက အမြန်ဆုံးထွက်သွားတာပါ "

ဟု ပြောလေ၏။ သီဟက မိန်းမပျို၏စကားကြောင့် သက်ပြင်း ၍

" မင်းက ကျုပ်ရှိနေလို့ စေတီလေးမှာ ဆုမတောင်းတော့ဘူး ပေါ့၊ ဒါဆိုလည်း ကျုပ်ထွက်သွားပါ့မယ် "

ဟု ပြောလေ၏။ ထိုအခါ မိန်းမပျိုက

" ကျွန်မ ဒီနေ့ ဆုမတောင်းချင်တော့ဘူး၊ တကယ်ဖေ





ကမ်းစပ်မှ လှေတွေ့ကတည်းက စေတီပေါ်မှာ လူတစ်ယောက်ရှိနေမယ် ဆိုတာ သိပါတယ်၊ သာယာကုန်းရွာက ရွာသားတစ်ယောက်လို့ပဲ ထင်ခဲ့တယ်၊ ရှင်ဖြစ်မယ်လို့ ကျွန်မ မမျှော်လင့်ခဲ့ဘူး၊ ရှင် လှေကို ဘယ်လိုရလာတာလဲ "

ဟု မေးမြန်းလေရာ သီဟက သာယာကုန်းရွာရှိ လယ်ပိုင်ရှင် ကိုချမ်းသာ၏လှေကို ငှားခဲ့တာဖြစ်ကြောင်း ပြောပြလေ၏။

ထို့နောက် မိန်းမပျိုနှင့်သီဟသည် လမ်းကလေးအတိုင်း လျှောက်လှမ်းလာ၏။ သောင်ပြင်သို့ရောက်သောအခါ မိန်းမပျိုက သီဟဘက်သို့လှည့်၍

" အိမ်နီကြီးမှာ ရှင်နေရတာ ပျော်သလား "

ဟု မေးမြန်းလေ၏။ သီဟက မိခင်နှင့်အတူနေထိုင်ရသဖြင့် ခေါင်း ညိတ်၍

" ဘယ်လိုပြောလိုက်တာလဲဗျာ၊ အိမ်နီကြီးမှာနေရတဲ့ အချိန် တွေဟာ ကျုပ်ဘဝရဲ့ အကောင်းဆုံးအချိန်တွေပဲ "

ဟု ပြောလေ၏။ ထိုအခါ မိန်းမပျိုက သီဟကို အံ့ဩဟန်ဖြင့် ကြည့်၍

" ရှင်ဟာ အံ့ဩဖို့ကောင်းတယ်၊ အိမ်နီကြီးလို ထူးဆန်း လှို့ဝှက်တဲ့ နေရာမှာ နေထိုင်နိုင်တယ်ဆိုတာ ရှင့်မှာ အရည်အချင်းရှိ သို့ပဲ "



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေရာ သီဟက

" မင်းတို့သုံးယောက်က အိမ်နီကြီးမှာ နေရတာ မပျော်လို့လား "

ဟု မေးလေ၏။ ထိုအခါ မိန်းမပျိုက မျက်မှောင်ကြုတ်၍ အဝေးဆီသို့ ငေးကြည့်လိုက်ပြီး

" အမေ ဒေါပန်းရုံဟာ ကျွန်မတို့ညီအစ်မသုံးယောက်ရဲ့ ကျေးဇူးရှင်အစစ်ပါ၊ အမေဟာ ကျွန်မတို့ကို မမွေးခဲ့ပေမဲ့ သမီးအရင်းတစ်ယောက်လို ပြုစုပျိုးထောင်ခဲ့တယ်၊ ဒီလိုလူမျိုးနဲ့နေရတာ ကျွန်မတို့အတွက် စိတ်မချမ်းမြေ့စရာမရှိပါဘူး "

ဟု ပြောလေရာ သီဟက မိန်းမပျို၏ လှပသောမျက်နှာကို ငေးမော ကြည့်၍

" ဒါနဲ့ မင်းရဲ့ပုံစံကိုကြည့်ရတာ အိမ်နီကြီးမှာ နေရတာ ငြီးငွေ့နေသလိုပဲ "

ဟု ပြောလေ၏။ ထိုအခါ မိန်းမပျိုက သက်ပြင်းချ၍

" ရှင်ပြောတာ မမှားပါဘူး၊ ဒါပေမဲ့ အိမ်နီကြီးမှာ လူသာမန်တွေထက် ပိုပြီးလျှို့ဝှက်နေရတာ ကျွန်မ ငြီးငွေ့လာပြီ၊ ကျွန်မ အနီးအနားရွာက ရွာသူလေးတွေလိုပဲ ပျော်ပျော်ရွှင်ရွှင် ကောက်စိုက်ချင်တယ်၊ ရွာစဉ်လှည့်ပြီး တစ်အိမ်တက်ဆင်း လျှောက်သွားချင်တယ် မိန်းမပျိုအချင်းချင်း ပျော်စရာ ရွှင်စရာစကားတွေ ပြောနေချင်တယ်





ဒါပေမဲ့ အိမ်နီကြီးမှာ နေထိုင်ရတာ ဒီလိုအခွင့်အရေးတွေ မရှိပါဘူး၊ ကျွန်မတို့ဘဝဟာ အိမ်နီကြီးမှာ အကျဉ်းကျနေသလိုပါပဲ "

ဟု ညည်းညူလေ၏။ ထိုအခါ သီဟက မိန်းမပျိုကို ကြည့်၍

" အိမ်နီကြီးမှာ ဘာဖြစ်လို့ ထူးခြားဆန်းကြယ်မှုတွေ ပြည့်နှက်နေရတာလဲ "

ဟု မေးမြန်းလေ၏။ မိန်းမပျိုက အဝေးဆီသို့ ငေးကြည့်ရင်း

" ဒါတော့ ကျွန်မ မသိဘူး၊ အမေ ဒေါပန်းရုံနဲ့ စနေထိုင်ခဲ့ကတည်းက ဒီလိုဘဝနဲ့နေထိုင်ခဲ့တာပဲ၊ ဒါပေမဲ့ အမေ့မှာရှိတဲ့ ထူးဆန်းအံ့ဩမှုတွေကို အမေဖွင့်ပြောဖို့ နီးကပ်နေပြီလို့ ကျွန်မထင်တယ်၊ အဲဒီအချိန်ကိုရောက်ရင်တော့ ကျွန်မတို့အားလုံး အမေ့ရဲ့အကြောင်းတွေကို သိရတော့မှာပါ "

ဟု ပြောလေ၏။

သီဟသည် အိမ်နီကြီး၏ ထူးဆန်းလျှို့ဝှက်မှုများကို ဆက်လက်မေးမြန်းလျှင် အကြောင်းထူးမည် မဟုတ်မှန်းသိ၍ မမေးမြန်းတော့ဘဲ မိန်းမပျိုကို စူးစိုက်ကြည့်ကာ

" ဒေါပန်းရုံနဲ့ မင်းတို့ ဘယ်လိုတွေ့တာလဲ၊ မင်းတို့အကြောင်းကို ပြောပြပါလား "

ဟု မေးမြန်းလေ၏။ ထိုအခါ မိန်းမပျိုက သီဟ၏မျက်နှာကို ကြည့်၍



www.burmeseclassic.com

www.burmeseclassic.com



" အမေဒေါ်ပန်းရုံနဲ့ ကျွန်မတို့ညီအစ်မသုံးယောက်ရဲ့ တွေ့ဆုံမှုကို လူတကာကို ပြောပြလေ့မရှိဘူး၊ ရှင့်ကိုတော့ ပြောပြပါ့မယ်၊ ကျွန်မတို့ ညီအစ်မသုံးယောက်ဟာ ပဲခူးရိုးမအနီးက ရွာလေးတစ်ရွာမှာ နေထိုင်ကြတယ်၊ ကျွန်မတို့အဖေဟာ မုဆိုးကြီး ဦးပေတလူတဲ့၊ အမေကတော့ ကျွန်မတို့ ငယ်ငယ်ကတည်းက ဆုံးပါးသွားပါပြီ၊ ကျွန်မတို့အဖေဟာ နယ်ချဲ့အင်္ဂလိပ်ကို အလွန်မုန်းတီးတယ်၊ ဒါကြောင့် သူ့ရဲ့မုဆိုးအလုပ်ကို ပစ်ပြီး တော်လှန်ရေးတပ်သားတွေနဲ့ ပူးပေါင်းပြီးတော့ နယ်ချဲ့ကို တော်လှန်ခဲ့တယ်၊ ဒါပေမဲ့ နယ်ချဲ့တွေရဲ့အင်အားခြင်း မမျှတတဲ့အတွက် အဖေဟာ ဆရာစံသူပုန်အဖွဲ့မှာ ဝင်ပါပြီး အသက်ဆုံးရှုံးခဲ့ရတယ်၊ အဖေဆုံးတော့ ကျွန်မတို့ညီအစ်မသုံးယောက် အားကိုးရာမဲ့ခဲ့ရတယ်၊ ဆွေမျိုးနီးစပ်တွေရှိပေမဲ့ ကျွန်မတို့ကို သူပုန်ရဲ့သားသမီးတွေဆိုပြီး ဘယ်သူမှ ခေါ်မထားရဲကြဘူး၊ ကျွန်မတို့ဟာ ဆင်းရဲလွန်းလို့ သာယာဝတီ မြို့ပေါ်တက်ပြီး တောင်းရမ်းစားသောက်ခဲ့ရတယ်၊ ဒီအချိန်မှာပဲ အမေဒေါ်ပန်းရုံနဲ့တွေ့ပြီး ကျွန်မတို့ကို မွေးစားဖို့ ခေါ်ယူသွားခဲ့တယ်၊ အမေဟာ ကျွန်မတို့ကို ပြုစုပျိုးထောင်ပေးခဲ့တယ်၊ စာပေပညာကိုလည်း သင်ကြားပေးခဲ့တယ်၊ ဗေဟုသုတတွေလည်း အများကြီးရအောင် သင်ကြား ပေးခဲ့တယ်၊ အမေ ဒေါ်ပန်းရုံနဲ့တွေ့ရတာ ကျွန်မတို့အတွက် မိခင်တစ် ယောက် အစားရလိုက်သလိုပါပဲ၊ အမေဟာ ကျွန်မတို့သုံးယောက်ကို အလွန်ချစ်တယ်၊ ဒါပေမဲ့ ထူးဆန်းတာတစ်ခုက





ကျွန်မတို့ကို သားသမီး အရင်းလို အသိအမှတ်မပြုဘူး "

ဟုပြောလေရာ သီဟက

" သူ့မှာမွေးစားသား မောင်ရွှေမြ ရှိနေလို့လား "

ဟုမေးမြန်းလေ၏။

ထိုအခါ မိန်းမပျိုက ခေါင်းခါယမ်း၍

" အမေဟာ သူ့ကို အလိုလိုက်တာကော့မှန်ပါတယ်၊ ဒါပေမဲ့ သားအရင်းတစ်ယောက်လိုတော့ အသိအမှတ်မပြုဘူး။ အမေ့မှာ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကတည်းက ပျောက်ဆုံးသွားတဲ့ သားတစ်ယောက် ရှိတယ်လို့ပြောတယ်၊အဲဒီသားကို အလွမ်းပြေအနေနဲ့ မွေးစားခဲ့တာလို့ ပြောတယ်၊ ဒါပေမဲ့ မောင်ရွှေမြဟာ အမေ့ရဲ့ပျောက်ဆုံးသွားတဲ့သား နေရာကို ဘယ်တော့မှ ရမှာမဟုတ်ဘူး၊ ဒါကို ကျွန်မတို့ညီအစ်မတွေ အသေအချာသိပါတယ် "

ဟုပြောလေ၏။

ထိုအခါ သီဟသည် မိခင်၏စိတ်ဓာတ်ကိုသိ၍ ရင်ထဲတွင်လှုပ်ခါသွားလေ၏။ မိခင်သည် လွန်ခဲ့သောနှစ်ပေါင်းများစွာက သားတစ်ယောက်ကို မမေ့သေးပါလား။

မိမိသည် သူမ၏သားဖြစ်ကြောင်းသိရလျှင် မည်မျှဝမ်းမြောက်မည်နည်း။ မိန်းမပျိုသည် အဝေးဆီကိုငေးကြည့်ရင်း

" ဟင်... တဖြည်းဖြည်း မှောင်တော့မယ်၊ ကျွန်မတို့တွေ အိမ်ပြန်



www.burmeseclassic.com

www.burmeseclassic.com



ကြီးဆီ ပြန်မှဖြစ်မယ် ''

ဟုပြောကာ သောင်ပြင်ရှိလှေကလေးရှိရာသို့ ဦးတည်လျှောက်သွားလေ၏။ သီဟသည် မိန်းမပျိုနောက်မှလိုက်၍ ကမ်းစပ်ဆီသို့ လျှောက်လှမ်းခဲ့၏။

မိန်းမပျိုသည် သူမ၏လှေကလေးပေါ်သို့တက်၍ စတင်လှော်ခပ်နေပြီဖြစ်၏။

သူမသည် သီဟဘက်သို့လှည့်၍ လက်ပြကာ လှော်ခပ်သွားလေတော့၏။

သီဟသည် အိမ်နီကြီးတွင် အလုပ်လုပ်ရင်း မိမိအားအိမ်နီကြီးသို့ ပို့ပေးသော ဥယျာဉ်မှူး ဦးချစ်ကောင်းဆီသို့သွား၏။ တစ်ခါတစ်ရံတွင် သူ၏မိတ်ဆွေ လယ်ပိုင်ရှင် ကိုချမ်းသာထံသို့ရောက်၏။

ဝ ဝ ဝ





တစ်နေ့သ၌ ကိုချမ်းသာသည် ချောင်းအတွင်း အရက်သောက်မည်ဟုဆိုကာ လှေပေါ်တွင် အရက်ပုလင်းများနှင့် အမြည်းများကိုယူဆောင်လာ၏။ သီဟသည် အရက်မသောက်တတ်သောကြောင့် ကိုချမ်းသာ၏အမြည်းများကို ထိုင်၍စားရ၏။

ကိုချမ်းသာသည် အရက်သောက်ရာတွင် အမြည်းများကို စုံလင်အောင်စားတတ်သူဖြစ်ရာ သီဟအတွက် ကြက်ကြော်၊ ငှက်ကြော်စသည်ဖြင့် စုံလင်စွာရှိ၏။

ဂုင်းတို့နှစ်ဦးသည် ညီရင်းအစ်ကိုကဲ့သို့ ခင်မင်နေပြီဖြစ်ရာ မကြာခဏ ဤသို့လှည့်လည်စားသောက်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါက ဤသို့သွားလာရင်း ကမ်းစပ်တစ်နေရာတွင် နား၍ ကိုချမ်းသာက အရက်သောက်၏။ သီဟာက ယူဆောင်လာသော အသားကြော်များကို စားသောက်၍နေ၏။

ထိုအခိုက်မှာပင် ကမ်းစပ်သို့ ဓားပြများရောက်ရှိလာပြီး ၎င်းတို့ နှစ်ဦးကို ဓားပြတိုက်၏။

ဓားပြများသည် ကိုချမ်းသာအား ဤဒေသတွင် အချမ်းသာဆုံး လယ်ပိုင်ရှင်ကြီးဟု သိကာ ကိုချမ်းသာ၏ကိုယ်ပေါ်တွင် ဝတ်ဆင်ထားသော စိန်လက်စွပ်၊ ဆွဲကြိုး အစရှိသည်တို့ကို ဓားပြတိုက်ရန် ပြင်ဆင်ကြ၏။

ထိုအခါ သီဟာက လှေပေါ်မှဆင်းကာ

" ခင်ဗျားတို့က ဓားပြတွေဆိုတော့ သတ္တိရှိမယ်ထင်ပါတယ်၊ ခင်ဗျားတို့ရဲ့ခေါင်းဆောင်နဲ့ကျုပ် လက်ဝှေ့ထိုးမယ်၊ ခင်ဗျားတို့နိုင်ရင် ခင်ဗျားတို့ လုပ်ချင်ရာလုပ်လို့ရတယ်၊ ကျုပ်တို့နိုင်ရန် ဒီကမ်းစပ်ကနေ ထွက်ခွာခွင့်ပေးရမယ်၊ သဘောတူလား "

ဟုမေးမြန်းလေရာ ဓားပြခေါင်းဆောင်သည်တွေဝေသွားလေ၏။

ထိုအခါ သီဟာက

" ဟားဟားဟား... ခင်ဗျားက ခေါင်းဆောင်လုပ်ပြီး သတ္တိမရှိဘူးလား၊ သတ္တိမရှိဘဲနဲ့ ဓားပြတိုက်တာ ရှက်စရာကြီးပါဗျာ၊ ဓားပြဆိုတာ သေဝံ့ သတ်ဝံ့ ရတယ်ဗျ၊ ယောက်ျားပီပီ ကိုယ်ခံပညာလည်း တတ်





ကျွမ်းရတယ်ဗျ "

ဟုပြောလိုက်ရာ ဓားပြခေါင်းဆောင်သည် တပည့်များရှေ့တွင် အရှက်ရသွားပြီး ရှူးရှူးရှားရှားဖြစ်သွားလေ၏။

ထို့နောက် ဓားပြခေါင်းဆောင်က

" ဟေ့ကောင်... ထိုးမယ်ကွာ၊ ငါသဘောတူတယ် "

ဟု လက်ဝှေ့ထိုးရန် သဘောတူလိုက်၏။

ဓားပြခေါင်းဆောင်နှင့်သီဟာသည် သောင်ပြင်ပေါ်တွင် လက်ဝှေ့ထိုးကြလေ၏။ ဓားပြခေါင်းဆောင်သည် ထွားကျိုင်းသန်မာပြီး မြန်မာ့လက်ဝှေ့ကို အတော်အတန် တတ်ကျွမ်းပုံရ၏။

သို့သော် သီဟာသည် တိုက်ခိုက်ရေးပညာကို အဆင့်မြင့်တတ်ကျွမ်းထားသဖြင့် ဓားပြခေါင်းဆောင်မှာ သီဟာ၏ထိုးချက်ကို မခံနိုင်ဘဲ သောင်ပြင်တွင် ပက်လက်လဲလေ၏။

သီဟာသည် ဓားပြခေါင်းဆောင်အား ဆက်လက်၍ ထိုးကြိတ်ခြင်းမရှိဘဲ ရပ်တံ့လိုက်လေ၏။ ထို့နောက် ဓားပြခေါင်းဆောင်မှာ အထိနာ၍ ၎င်းတို့ကတိအတိုင်း အရှုံးပေးလိုက်လေ၏။

သီဟာတို့အား ဓားပြမတိုက်ဘဲ လွှတ်ပေးလိုက်ရလေတော့၏။ ဦးချမ်းသာသည် လှေဝေါသို့ရောက်သောအခါ ကွေးနေအောင်ကန်၍ ဓားပြများကို နောက်ပြောင်လေ၏။

ဓားပြများသည် လက်သီးလက်မောင်းတန်း၍ ကျန်ရစ်ခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုချမ်းသာသည် ယခင်ကကဲ့သို့ အဝတ်အစားဒရစုတ်အပြတ်များကို ဝတ်ဆင်သော်လည်း သူ၏စိတ်ဓာတ်ပြောင်းလဲသွားသည်။ ထိုအချိန်မှစ၍ ပိုးဖဲကတ္တီပါ ဝတ်စုံများကို ဝတ်ဆင်လေ၏။

ထို့အပြင် သူ၏ကိုယ်ခန္ဓာတွင် ရွှေဆွဲကြိုး၊ ရွှေလက်စွပ်၊ စိန်လက်စွပ် စသည်ဖြင့် ပြိုးပြိုးပြက်ပြက်ဖြင့် ဝင်းလက်တောက်ပနေအောင် ဝတ်ဆင်တတ်၏။

ကိုချမ်းသာ၏ ဝတ်ဆင်ပုံကိုကြည့်၍ သီဟက

" ခင်ဗျားက မဝတ်တော့လည်း ကြည့်လိုက်ရင် သူတောင်းစားတစ်ယောက်လိုပဲ၊ ဝတ်တော့လည်း ခန္ဓာကိုယ်တစ်ခုလုံး ပြိုးပြိုးပြက်ပြက်နဲ့ ဝင်းလက်တောက်ပြောင်နေတာပဲ "

ဟု ပြောလေရာ ကိုချမ်းသာက တဟားဟား ရယ်မော၍

" ဟား ဟား ဟား.,. ကျုပ်က အစွန်းတစ်ဖက်မှာ အမြဲတန်းရှိနေတယ်၊ ငါ ဆင်းရဲသားတစ်ယောက်လိုနေတုန်းက သူတောင်းစားတစ်ယောက်လိုနေတယ်၊ ငါ လူချမ်းသာတစ်ယောက်လိုနေတော့ မင်းညီမင်းသားတစ်ယောက်လိုနေတယ်၊ ဘယ်နိုင်ရင် ငါစီးတဲ့ လှည်းတို့ မြင်းတို့ လှေတို့ကို ရွှေကွပ်ထားချင်တယ်ကွ၊ ဒါကြောင့် ထမင်းစားပန်းကန်တွေကိုတောင် ရွှေအနားကွပ်ပြီးစားဖို့ ဆုံးဖြတ်လိုက်ပြီကွ "

ဟု ပြောလေ၏။ သီဟသည် အပြောင်းအလဲ မြန်ဆန်လှသော ကိုချမ်းသာကို နားမလည်နိုင်ချေ။





ကိုချမ်းသာသည် မိမိပြောသည့်အတိုင်းပင် ထမင်းစားပန်းကန်များ၊ သောက်ရေခွက်များကို ရွှေအနားကွပ်ထားလေတော့၏။

ထို့ကြောင့် ကိုချမ်းသာ၏သတင်းသည် ၎င်းတို့ရွာတွင်သာမက အနီးအနားရွာများတိုင် ပျံ့နှံ့နေတော့၏။ သီဟသည် ကိုချမ်းသာ၏ ချမ်းသာကြွယ်ဝမှုများကြောင့် ၎င်းနှင့်အတူသွားလာသည့်အခါတိုင်း အန္တရာယ်မျိုးစုံနှင့် ရင်ဆိုင်ရ၏။

တစ်ခါကလည်း နွားလှည်းဖြင့် ခရီးသွားလာနေထိုင်နေစဉ် တောလမ်းတစ်နေရာမှ လက်နက်ကိုင်ဓားပြများ ထွက်လာပြီး ဦးချမ်းသာကို ဓားပြတိုက်ရန် ကြိုးစားလေ၏။

ကိုချမ်းသာသည် ကတ္တီပါကော်ဇောပေါ်တွင် တင်ပျဉ်ခွေထိုင်နေရာမှ သီဟဘက်သို့လှည့်ပြီး စိုးရိမ်ကြောင့်ကြမှုမရှိသော အမူအရာဖြင့်

" အမှိုက်လေးတွေကို ရှင်းလိုက်ကွာ "

ဟု ပြောလေရာ သီဟသည် မျက်လုံးပြူးသွား၏။ ကိုချမ်းသာသည် သူ့အား လွန်စွာအထင်ကြီး၍ နေလေ၏။

သီဟသည် နွားလှည်းပေါ်မှ ခုန်ဆင်း၍ ဓားရှည်ကိုယ်စီကိုင်ဆောင်ထားသော ဓားပြငါးယောက်နှင့် ရင်ဆိုင်ရ၏။

သို့သော် ဓားပြများမှာ ကိုယ်ခံပညာကို တတ်ကျွမ်းခြင်းမရှိသဖြင့် သီဟ၏ တိုက်ခိုက်မှုများကို မခံနိုင်ဘဲ တောအတွင်းသို့



www.burmeseclassic.com

www.burmeseclassic.com



ဝင်ရောက်ထွက်ပြေးသွားလေ၏။

သီဟက ဓားပြများ ထွက်ပြေးသွားသောအခါ ခေါင်းခါယမ်းလိုက်ပြီး

" ခင်ဗျား ဒီလိုပြိုးပြိုးပြက်ပြက်တွေ ဝတ်ဆင်ပြီး ခရီးသွားနေမယ်ဆိုရင်တော့ ဓားပြတိုက်ခံရမှာပဲ၊ ခင်ဗျားရဲ့လုပ်ရပ်တွေကို ရပ်တန်းက ရပ်ရင်ကောင်းမယ်ထင်တယ် "

ဟု ပြောလေ၏။

ထိုအခါ ဦးချမ်းသာက တဟဲဟဲ ရယ်မော၍

" ဟား ဟား ဟား... ငါ ဘယ်လမ်းကိုသွားသွား ငါ့ရဲ့ကိုယ်ရံတော်ကြီးပါမယ်ဆိုရင် မကြောက်ပါဘူး။ မင်းမှာ အရည်အချင်းရှိတယ်ဆိုတာ ငါသိနေတာပဲ၊ ငါ့ကို ဓားပြတွေလာတိုက်ရင် မင်းပဲ ဆင်းပြီး ဖြေရှင်းလိုက်ပေါ့ကွာ "

ဟု ပြောလေ၏။ ထိုအခါ သီဟက ခေါင်းကုတ်၍

" ဟော့လူ... ခင်ဗျားက အဖိုးတန်ရတနာတွေကို ညွတ်နေအောင်ဝတ်ပြီး ဓားပြတွေကို ဖိတ်ခေါ်နေတယ်၊ ဓားပြလာတိုက်ရင် ကျုပ်က ခုခံရမယ်ဟုတ်လား၊ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ကျုပ်ဗုကျွ ရောက်မယ်ဆိုတာ ခင်ဗျား မတွေးမိဘူးလား "

ဟု ဒေါသတကြီး မေးမြန်းလေ၏။ ကိုချမ်းသာက တဟားဟား ရယ်မောလိုက်ပြီး





" ဟား ဟား ဟား မင်းဒုက္ခမရောက်နိုင်ပါဘူးကွာ၊ မင်းမှာ အရည်အချင်းရှိတယ်၊ သတ္တိရှိတယ်၊ ဒါကြောင့် မင်းလိုလူမျိုးကို ပတ်ဝန်းကျင်မှာ လှည့်လည်ပြီး ဓားပြတိုက်နေတဲ့အကောင်တွေ မယှဉ်ဝံ့ပါဘူး၊ ဒီကောင်တွေဟာ ဓားပြအစစ်တွေလည်း မဟုတ်ဘူးကွ၊ ဆင်းရဲလွန်းလို့ ငါ့ရဲ့စည်းစိမ်ဥစ္စာတွေကို လိုချင်ပြီး ဓားပြတိုက်နေတဲ့အကောင်တွေပါ၊ ဟောဒီမှာကြည့် "

ဟု ဆိုကာ သူ၏လွယ်အိတ်ထဲမှ တစ်စုံတစ်ရာကို ထုတ်၍ပြလေ၏။ သီဟသည် ကိုချမ်းသာ၏ လက်ထဲမှအရာကို ကြည့်၍ မျက်လုံးပြူးသွားလေ၏။

ကိုချမ်းသာ၏လက်ထဲတွင် ခြောက်လုံးပြူး သေနတ်တစ်လက်ကို တွေ့ရ၏။

" ဟောဒီ ခြောက်လုံးပြူးကို ငါဆောင်ထားတာ ကြာပြီကွ၊ မင်းမှာ အန္တရာယ်ဖြစ်ရင် ဟောဒီသေနတ်နဲ့ ငါကိုယ်တိုင် ပစ်မှာပေါ့ကွ "

ဟု ပြောလေ၏။

သီဟသည် ဖွတ်တရွတ်နိုင်လှသော ကိုချမ်းသာ၏ အပြုအမူကို မတားဆီးနိုင်တော့ဘဲ ရှိလေတော့၏။

* * *



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သ၌ ကိုချမ်းသာနှင့်သီဟတို့သည် သောင်ပြင်တွင်ထိုင်၍ ကျားကစားနေစဉ် ချောင်းကိုဖြတ်၍ ရေကူးလာသော အမျိုးသမီးတစ်ယောက်ကို သတိပြုလိုက်မိ၏။

သီဟက ချောင်းထဲသို့ လက်ညှိုးညွှန်ပြ၍

" ဟိုမှာ မိန်းမတစ်ယောက် ရေကူးလာတယ်၊ ကြည့်စမ်း "

ဟု ပြောလေ၏။ ကိုချမ်းသာက အရေးကြီးဟန်မရှိဘဲ

" ကျားကိုသာထိုးစမ်းပါကွာ၊ ဒီကောင်မကို ငါသိပါတယ်၊ ဒီကောင်မက ငါတို့ရွာက အရူးမ မိယုပါ၊ သူဟာ ဒီလိုပဲ တစ်ဖက်ကမ်းကို ရေကူးပြီးသွားလေ့ရှိတယ် "

ဟု ပြောလေ၏။





သီဟမှာမူ အရူးမမိယုဆိုသူကို စိတ်ဝင်စား၍ ကျားကစားခြင်းကို ရပ်ကြည့်နေမိ၏။

အရူးမမိယုသည် သောင်ပြင်ပေါ်သို့ ရေစက်လက်ဖြင့် တက်ရောက်လာပြီး သီဟတို့အနားသို့ ရောက်ရှိလာကာ အသံတုန်တုန်သံယင်ဖြင့်

" လိပ်ပြာတောင်ပေါ်မှာ ဒေါပန်းရုံကြီးကို ဓားနဲ့ခုတ်ဖို့ လူကြီးတစ်ယောက် ချောင်းနေတယ် "

ဟု ပြောလေ၏။ သီဟသည် မိခင်ဖြစ်သူ၏အမည်ကို ကြားသဖြင့် ကျားကစားနေရာမှ ခုန်ထွက်ပြီး

" ဘာ... လိပ်ပြာတောင်ပေါ်မှာ ဒေါပန်းရုံကို ဓားနဲ့ခုတ်ဖို့ လူတစ်ယောက်ချောင်းနေတယ် ဟုတ်လား "

ဟု မေးလေ၏။

အရူးမက လှည့်ပတ်ခုန်ပေါက်ပြီး

" ဟုတ်တယ်... ဟုတ်တယ်၊ ဒေါပန်းရုံကြီးကိုခုတ်ဖို့ လူကြီးတစ်ယောက်စောင့်နေတယ်၊ ဒေါပန်းရုံကြီးက ဘုရားရှိခိုးနေတယ်၊ ဒေါပန်းရုံကြီး ဘုရားရှိခိုးပြီးရင် လူကြီးက ဓားနဲ့ခုတ်ပြီးသတ်လိမ့်မယ်၊ ဝမ်းသာစရာကြီး၊ ဝမ်းသာစရာကြီးဟေ့၊ ဒေါပန်းရုံကြီးသေတော့မယ်"

ဟု အော်ဟစ်ကခုန်ကာ ထိုနေရာမှ ထွက်သွားလေ၏။ သီဟသည် အလွန်စိတ်လှုပ်ရှားသွားပြီး ကိုချမ်းသာဘက်သို့လှည့်ကာ



www.burmeseclassic.com

www.burmeseclassic.com



“ ဒီမှာကိုချမ်းသာ၊ ဒေါ်ပန်းရုံ ဟိုလိပ်ပြာတောင်မှာ အန္တရာယ်နဲ့ ကြုံနေပြီထင်တယ်၊ ဟိုဘက်ကမ်းကို အခုသွားမှဖြစ်မယ် ”

ဟု ပြောလေ၏။

ထိုအခါ ကိုချမ်းသာက ခေါင်းခါယမ်းလိုက်ပြီး

“ ဟေ့ကောင်… မင်းကွာ၊ အရူးမစကားကို ယုံလို့ဖြစ်မလား သူထင်ရာ ပြောနေတာပဲကွ၊ ဒေါ်ပန်းရုံက လိပ်ပြာတောင်မှာ ဘယ်လ အန္တရာယ်နဲ့ ကြုံတွေ့ရမှာလဲ၊ မဖြစ်နိုင်တာကွ၊ အေးအေးဆေးဆေ ကျားထိုးနေစမ်းပါကွာ ”

ဟု ပြောလေ၏။

သီဟသည် ဒေါ်ပန်းရုံနှင့်ပတ်သက်၍ စိုးရိမ်သောကမှ အထွတ်အထိပ်သို့ ရောက်ရှိနေသဖြင့် ကိုချမ်းသာ၏ တားဆီးမှု လက်မခံဘဲ

“ ဘာပဲဖြစ်ဖြစ်ဗျာ၊ လိပ်ပြာတောင်ကို မဖြစ်ဖြစ်အောင် သွာ မယ် ”

ဟု ပြောလေ၏။ ထို့နောက် သောင်ပြင်သို့ ခြေကုန်သုတ် ပြေးလွှားသွားပြီး အဆင်သင့်တွေ့ရသော လှေဖြင့် လိပ်ပြာတောင်ဘ သို့ ကူးသန်းသွားလေ၏။

တစ်ဖက်ကမ်းသို့ရောက်သောအခါ လိပ်ပြာတောင်ဆီ လျှင်မြန်စွာ ပြေးလွှားသွားလေ၏။ လိပ်ပြာတောင်ပေါ်သို့ ကျော





လှေကားအတိုင်း ပြေးလွှားသွားသောအခါ ရှစ်မျက်နှာစေတီ၏ ရင်ပြင်သို့ ရောက်လေ၏။

သီဟသည် ရင်ပြင်ပေါ်ကွင် မြင်ရသောမြင်ကွင်းကြောင့် အလွန် စိတ်လှုပ်ရှားသွား၏။ အဘယ်ကြောင့်ဆိုသော် မိခင်ဖြစ်သူ ဒေါ်ပန်းရုံ အား လွန်စွာပိန်လှီသော လူတစ်ယောက်က ဓားရှည်ဖြင့် ခုတ်ပိုင်းရန် ကြိုးစည်နေလေ၏။

သီဟက ရင်ပြင်တံတိုင်းကို လက်ဖြင့်ထောက်၍ ကျော်တက် လိုက်ပြီး

“ ဟေ့လူ… မလုပ်နဲ့၊ ရပ်လိုက်စမ်း ”

ဟု အော်ဟစ်လိုက်လေ၏။ ထိုအခါ မိခင်ကို ဓားဖြင့် ချိန်ရွယ် နေသော ပိန်လှီလှီလူသည် သီဟကိုမြင်သောအခါ ဒေါသတကြီး ကြည့် ၍

“ ဒေါ်ပန်းရုံကို လက်စတုံးခါနီးမှ မင်းရောက်လာတာကို၊ ငါ့ရဲ့ လုပ်ရပ်ကို တားဆီးတဲ့ကောင် သေပေတော့ ”

ဟု ကြုံးဝါးကာ ဒေါ်ပန်းရုံကို မတိုက်ခိုက်သေးဘဲ သီဟဘက် သို့ ဦးလှည့်ကာ စတင်တိုက်ခိုက်လေ၏။

ထိုသူ၏ တိုက်ခိုက်မှုများမှာ အလွန်ပြင်းထန်ပြီး ကြောက်မက် ဖွယ်ကောင်း၏။ မိခင်မှာမူ ရင်ပြင်ပေါ်၌ တိတ်ဆိတ်စွာ ကြည့်နေလေ၏။

သီဟသည် လက်နက်မဲ့ဖြစ်နေ၍ ရန်သူ၏တိုက်ခိုက်မှုများကို



www.burmeseclassic.com

www.burmeseclassic.com



အသည်းအသန် ရှောင်တိမ်းနေရ၏။ ရန်သူ၏ ကိုယ်ခံပညာမှာ အဆင့်မြင့်ပြီး ကြောက်မက်ဖွယ်ကောင်းလှ၏။

သီဟသည် ရန်သူကိုမယှဉ်နိုင်ဘဲ အနောက်သို့ တဆုတ်တည်း ဆုတ်နေရ၏။

ထိုအခိုက်မှာပင် ဒေါပန်းရှုံသည် ရင်ပြင်ပေါ်ရှိ တောင်ဝှေးတစ်ချောင်းကို ယူ၍ သီဟရှိရာသို့ ပစ်လိုက်၏။ သီဟသည် တောင်ဝှေးကို ဖမ်းကိုင်လိုက်ပြီး ရန်သူအား ခုခံရတော့၏။

လက်ထဲသို့ တောင်ဝှေးရောက်သောအခါ ရန်သူကို ပြန်လည် တိုက်ခိုက်ရန် ကြိုးပမ်း၏။ ရန်သူ၏ တိုက်ခိုက်ရေး အတတ်ပညာမှာ အဆင့်မြင့်လှသဖြင့် မိမိကိုယ်မိမိ ဒဏ်ရာမရရှိအောင် ကြိုးပမ်းနေရ၏

ဒေါပန်းရှုံသည် သီဟတို့၏တိုက်ပွဲကို မျက်မှောင်ကြုတ်၍ စူးစိုက်ကြည့်နေ၏။ တစ်ချိန်တွင် သီဟသည် နောက်သို့ခြေချော်၍ လဲ သွား၏။

ထိုအခါ ရန်သူသည် အခွင့်ကောင်းရပြီဟု ယူဆကာ သီဟ ဓားဖြင့်ခုတ်ပိုင်းရန် ကြံစည်လိုက်၏။

ထိုအခိုက်မှာပင် ၎င်းတို့၏အနောက်မှ ကျယ်လောင်သော သေနတ်သံကို ကြားရပြီး ရန်သူ၏ဓား မြေပေါ်သို့ လွတ်ကျသွား၏

ရန်သူ၏လက်မောင်း၌ သေနတ်ကျည်ဆန်ထိမှန်သွားပြီး ရင် ပေါ်သို့ ယိမ်းယိုင်သွားလေ၏။ သီဟသည် သေနတ်ပစ်သူကို လှမ်းကြ





လိုက်သောအခါ သူ၏မိတ်ဆွေ ကိုချမ်းသာဖြစ်နေလေ၏။

ရန်သူသည် အခြေအနေမဟန်တော့မှန်းသိ၍ ရင်ပြင်တော်ပေါ်မှ တစ်ပတ်ကျွမ်းပစ် ခုန်ချလိုက်ပြီး သောင်ပြင်သို့ ဒယိမ်းဒယိုင်ဖြင့် ပြေးလွှားသွားလေ၏။

ကိုချမ်းသာက ရန်သူ၏နောက်ကျောကို သေနတ်ဖြင့်ပစ်ရန် ပြင်လိုက်စဉ် ရန်သူသည် ချုံနွယ်ပိတ်ပေါင်းများကြား တိုးဝင်ပျောက်ကွယ်သွား၏။

ရန်သူသည် သောင်ပြင်သို့ရောက်သောအခါ ၎င်းလျှို့ဝှက် ယူဆောင်လာသော လှေဖြင့် လှော်ခပ်ပြေးလေတော့၏။ လယ်ပိုင်ရှင် ကိုချမ်းသာက သီဟကိုကြည့်၍

“ ငါ မင်းကိုစိုးရိမ်လို့လိုက်လာတာကွ၊ ငါ မင်းဆီရောက်တော့ ခင်းအန္တရာယ်နဲ့ တွေ့နေတာပဲ ”

ဟု ပြောလေ၏။ ဒေါပန်းရှုံက သီဟကိုကြည့်၍

“ မင်း... ဒဏ်ရာရသွားသေးသလား ”

ဟု မေးလေ၏။ သီဟက မိခင်ဖြစ်သူကို ကြည့်၍

“ ဘာမှမဖြစ်ပါဘူး အဒေါ်၊ စိတ်မပူပါနဲ့၊ ဒါနဲ့ ဒီလူဟာ ဘယ်သူလဲ၊ ဘာဖြစ်လို့ အဒေါ်ကို လုပ်ကြံဖို့ ကြိုးစားရတာလဲ ”

ဟု မေးမြန်းလေ၏။ ထိုအခါ ဒေါပန်းရှုံက သက်ပြင်းချ၍

“ သူဘယ်သူလဲဆိုတာ အဒေါ်မသိဘူး၊ အဒေါ်ထင်တာတော့



www.burmeseclassic.com

www.burmeseclassic.com



သူဟာ ကြေးစားလူသတ်သမားပဲ ဖြစ်ရမယ်၊ အဒေါ့်အသက်ကို လုပ်ကြံမဲ့ သူတွေက သူ့ကို ငွေပေးခိုင်းတာဖြစ်လိမ့်မယ် ''

ဟု ပြောလေရာ သီဟက မိခင်ဖြစ်သူ၏မျက်နှာကိုကြည့်၍

'' အဒေါ့်ကို ဘာဖြစ်လို့ လုပ်ကြံချင်ကြရတာလဲ၊ အဒေါ်နဲ့ ဘယ်လိုရန်ငြိုးတွေရှိလို့လဲ ''

ဟု ပြောလေ၏။

ထိုအခါ ဒေါပန်းရုံက အဝေးဆီသို့ငေးကြည့်၍

'' ဒီအကြောင်းတွေကို တစ်ချိန်ကြရင် အိမ်နီကြီးက လူတွေကို ဖွင့်ပြောပြဖို့ ဆုံးဖြတ်ထားပါတယ်၊ ဒါပေမဲ့ အဲဒီအချိန်ကို ထိုင်စောင့်နေလို့မရတော့ဘူး၊ အဒေါ့်ရန်သူတွေက တဖြည်းဖြည်း နီးကပ်လာပြီ မင်းတို့ကို အဒေါ်ဖွင့်ပြောမှဖြစ်တော့မယ်၊ ဒါကြောင့် အခုလာမဲ့ လပြည့်ညမှာ မင်းတို့အားလုံးကို ဖွင့်ပြောပြပါ့မယ်၊ လျှို့ဝှက်ချက်တွေကို သိရတဲ့အခါ မင်းတို့အားလုံး တညီတညွတ်တည်း ရန်သူကို ခုခံရမယ်၊ ရန်သူနဲ့ တိုက်ခိုက်ရမှာ သူ့ရဲဘောကြောင်မယ်ဆိုရင်တော့ မင်းတို့အားလုံး အိမ်နီကြီးက ထွက်ခွာသွားနိုင်တယ် ''

ဟု ပြောလေ၏။ ထိုအခါ သီဟက မျက်မှောင်ကြုတ်၍

'' လပြည့်ညကိုရောက်ဖို့ သုံးရက်ပဲလိုတော့တယ်၊ လပြည့်ညရောက်လို့ အိမ်နီကြီးကအကြောင်းတွေ သိရမယ်ဆိုရင်တော့ ဘယ်သူတွေ သူ့ရဲဘောကြောင်ကြောင် ကျွန်တော် အဒေါ့်အနားမှာ ရှိနေမှာ ''





ဟု မိခင်၏မျက်နှာကိုကြည့်၍ ပြောလိုက်၏။

သီဟ၏စကားကြောင့် ဒေါပန်းရုံသည် မျက်လုံးချင်းဆုံအောင် ကြည့်၍

'' အဒေါ်ယုံပါတယ်၊ မောင်သီဟဟာ အဒေါ့်ပေါ်မှာ ဆွေမျိုးရင်းခြာတစ်ယောက်လို သစ္စာစောင့်သိမှာ အဒေါ်ယုံပါတယ် ''

ဟု ပြောလေ၏။

ထို့နောက် သီဟတို့သည် ကိုချမ်းသာကို နှုတ်ဆက်၍ လိပ်ပြာတောင်မှ သောင်ပြင်သို့ ထွက်ခဲ့လေတော့၏။

အိမ်နီကြီးရှိ လူများအနက် ခြံစောင့်ကြီးဦးဗလမှလွဲ၍ အားလုံး လပြည့်ညသို့ရောက်ရန် စိတ်စောနေကြ၏။ လပြည့်ညသို့ရောက်လျှင် အိမ်နီကြီးနှင့်ပတ်သက်သော လျှို့ဝှက်ချက်ကို သူတို့အားလုံး သိကြရည် မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



လပြည့်ညသို့ရောက်သောအခါ ဒေါပန်းရုံက သူတို့အားလုံး
ခေါ်၍

" မင်းတို့ခြံနောက်က ချုံနွယ်ပိတ်ပေါင်းတွေကို ရှင်းလင်းထား
ကြပါ။ ညနေစောင်းရင် အဲဒီနေရာမှာ ကော်ဇောတွေ ခင်းကျင်းထားပြ
ပါ "

ဟု ပြောလေ၏။ ထို့နောက် သီဟာနှင့်အမြွှာညီအစ်ကိုသည်
အနောက်ဘက်ရှိ ချုံနွယ်ပိတ်ပေါင်းများကို ရှင်းလင်းထားလေ၏။

ဒေါပန်းရုံသည် မြေဖြူရှင်မနတ်ကွန်းအနီးဟွင် သူမ၏အတိ
ဘဝဇာတ်ကြောင်းကို ပြန်ပြောင်းပြောဆိုလိုဟန်ရှိ၏။





သီဟာတို့သုံးယောက်သည် ခြံအနောက်ရှိ ချုံနွယ်ပိတ်ပေါင်းများ
ကို ရှင်းလင်းပြီး ထိုမြေကွက်လပ်၌ ကော်ဇောများကို ခင်းကျင်းလေ၏။
နတ်ကွန်းကိုလည်း ရှင်းလင်းလေ၏။

ညနေစောင်းသောအခါ ထိုနေရာသို့ ခြံစောင့်ကြီး ဦးဗလရောက်
ရှိလာပြီး ပတ်ဝန်းကျင်အနှံ့ မီးတုတ်များ ထွန်းညှိရန် ပြင်ဆင်လေ၏။
အမြွှာညီအစ်ကိုနှစ်ယောက်အနက် တစ်ယောက်က

" အမေ ဒေါပန်းရုံ သူ့ဘဝဇာတ်ကြောင်းကို ညကြီးအချိန်
မတော်မှ ပြောပြမယ်ထင်တယ် "

ဟု ဆိုလေ၏။ သီဟာက ခေါင်းညိတ်၍

" မီးတုတ်တွေထွန်းမယ်ဆိုတော့ ညဘက်မှာပြောဖို့ သေချာ
သွားပြီ၊ အမေ့ရဲ့အပြုအမူတွေက ထူးခြားလိုက်တာ "

ဟု ပြောဆိုလေ၏။ အိမ်နီးကြီးရှိ အိမ်ဖော်မိန်းကလေးများသည်
ညနေစောင်းသောအခါ သီဟာတို့အနီးသို့ ရောက်ရှိလာပြီး ဝိုင်းဝန်းကူညီ
လုပ်ကိုင်ပေးလေ၏။

သီဟာတို့အားလုံး အိမ်နီးကြီး၏ လျှို့ဝှက်ချက်ကို သိရှိရတော့
မည် ဆိုသဖြင့် လွန်စွာ စိတ်အားထက်သန်နေကြ၏။

အိမ်နီးကြီးနှင့်ပတ်သက်၍ စိတ်လှုပ်ရှားစရာ၊ ရင်ခုန်စရာ၊
အသည်းထိတ်စရာများကို ကြားရတော့မည်ဆိုသဖြင့် စိတ်လှုပ်ရှားနေ
ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ခဏကြာလျှင် အိမ်ဖော်မိန်းကလေးများသည် ငှက်ပျောဖက်များကို ဖြန့်ခင်းလျက် ထမင်းထုပ်များကို ယူဆောင်လာပြီး အားလုံး စားသောက်ကြလေတော့၏။

ယနေ့ည အိမ်နီးကြီးရှိ လူများ၏ အပြုအမူမှာပင် ထူးခြားနေကြ၏။ ညကိုးနာရီထိုးသောအခါ အိမ်နီးကြီးမှ ဒေါ်ပန်းရုံဆင်းလာပြီး သူမသည် အထက်အောက် အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထား၏။

ခြံစောင့်ကြီး ဦးဗလသည် ဒေါ်ပန်းရုံကို ကြည့်၍ သက်ပြင်းချကာ

" လောကကြီးမှာ ဘယ်အရာမှ ကြာရှည်လျှို့ဝှက်ထားလို့မရပါဘူး၊ အချိန်တန်ရင်တော့ လျှို့ဝှက်ချက်တွေကို ဖွင့်ဟရတာပါပဲ၊ ဒေါ်ပန်းရုံ ဘာကိုမှ ရင်ထဲမှာထည့်မထားနဲ့နော်၊ အားလုံးကို ဒီနေ့ညမှာ ဖွင့်ချလိုက်ပါ၊ တကယ်တော့ ဒါတွေအားလုံးဟာ ကံကြမ္မာက စီရင်ခဲ့တာပါ၊ ကျုပ်တို့ဟာ ကံတရားရဲ့ စေစားရာကို လိုက်ပါခဲ့ရတဲ့ ရုပ်သေးရုပ်လေးတွေလိုပါပဲ "

ဟု ပြောလေ၏။ ဒေါ်ပန်းရုံသည် ခြံစောင့်ကြီး ဦးဗလကို စကားမတုန့်ပြန်ဘဲ အမွှေးတိုင်များ ထွန်းညှိထားသော မြေဖြူနတ်ကွန်းရှိရာသို့ လှည့်၍ ရှုံးစိုက်ကြည့်နေ၏။

အတန်ကြာအောင် ကြည့်ရှုပြီး ဒေါ်ပန်းရုံသည် သက်ပြင်းရှည်ကြီးကို ချလိုက်ပြီး သီဟတို့ဘက်သို့လှည့်ကာ





" တကယ်တော့ အတိတ်ကအကြောင်းတွေကို မေ့လို့ရရင် မေ့ထားလိုက်ချင်တယ်၊ ဒါပေမဲ့ အတိတ်ဆိုတာ အရိပ်လိုကပ်ပါနေတော့ မေ့ပစ်ဖို့လည်း မဖြစ်နိုင်သေးဘူး။ လောကမှာ ဘယ်အရာမှလည်း အစဉ်ထာဝရ လျှို့ဝှက်ထားလို့မရပါဘူး။ ဒါတွေအားလုံးဟာ ဦးဗလပြောသလို ကံတရားရဲ့စီမံချက်တွေပါ၊ ငါတို့အားလုံး ကံတရားရဲ့စေစားရာကို ကနေရတဲ့ ရုပ်သေးရုပ်တွေပါ "

ဟု ပြောရင်း ခဏနားလေ၏။ ထို့နောက် ဒေါ်ပန်းရုံက သက်ပြင်းချ၍

" လွန်ခဲ့တဲ့နှစ်ပေါင်းများစွာက ငါ့အမေဟာ နန်းတွင်းမှာ အပျိုတော် တစ်ဦးပဲ၊ နောက်တော့ နန်းတွင်းမှာ မင်းညီမင်းသားတွေ နန်းလုရာက အသက်ဘေးကို စိုးရိမ်ရတဲ့အတွက် အမေဟာ အောက်ပြည်အောက်ရွာကို ရှောင်ပြေးခဲ့ရတယ်၊ အဲဒီတုန်းက အသက်လုပြီးပြေးခဲ့ရတာယ်ဆိုတော့ ငါ့အမေဟာ အဖိုးတန်ဘာပစ္စည်းမှ ယူဆောင်မသွားခဲ့ရဘူး၊ အမေနဲ့အတူ ယူဆောင်လာနိုင်ခဲ့တာဆိုလို့ သူ့ချစ်သူပေးခဲ့တဲ့ ရှေးဟောင်းမှန်လေးတစ်ချပ်ပဲ ပါခဲ့တယ်၊ ငါ့အမေဟာ ချစ်သူရဲ့လက်ဆောင်ကို မြတ်နိုးလွန်းလို့ ကိုယ်နဲ့မကွာ အမြဲထားခဲ့တယ်၊ အမေ့ချစ်သူဟာ မြို့ဝန် ဦးရွှေအုတ်ရဲ့သား ကိုဝဏ္ဏဆိုတဲ့ စောင်းသမားလေး တစ်ယောက်ပါ၊ ငါ့အမေဟာ ချစ်သူရဲ့လက်ဆောင်ကို အမြတ်တနိုး သယ်ဆောင်လာခဲ့ပေမဲ့ အမေ့ရဲ့ချစ်သူ ကိုဝဏ္ဏကတော့ အဲဒီအချိန်မှာ လူ့



www.burmeseclassic.com

www.burmeseclassic.com



လောကမှာ မရှိခဲ့ပါဘူး၊ အမေ့ရဲ့ချစ်သူဟာ ထန်းတောမှာ ထန်းရည်သောက်နေတုန်း အမည်မသိတဲ့ လူတစ်စုရဲ့ လုပ်ကြံသတ်ဖြတ်ခြင်းကို ခံခဲ့ရတယ်၊ ဒီလိုနဲ့ ဝါအမေဟာ အောက်ပြည်အောက်ရွာကို စွန့်စွန့်စားစား ပြေးခဲ့ရတယ်၊ ပြည်ကိုရောက်တော့ နန်းတွင်းသူတစ်ယောက်ဖြစ်ကြောင်း လူသိမခံပဲ လျှို့ဝှက်ပြီးနေထိုင်ခဲ့တယ်၊ ဝါအမေဟာ ပါလာတဲ့ လက်ဝတ်လက်စား အနည်းငယ်ကို ထုခွဲရောင်းချပြီး အသက်မွေးဝမ်းကျောင်း ပြုခဲ့တယ် ''

ဟု ပြောရင်း ခဏနားလေ၏။ သီဟတို့အားလုံးသည် စိတ်ဝင်တစား နားထောင်နေကြ၏။ ထို့နောက် ဒေါပန်းရုံက ဆက်လက်၍

'' ဒီလိုနဲ့ ဝါ့အမေ ဇာတ်မြှုပ်နေတဲ့ရွာက သူကြီးသားဟာ ဝါ့အမေကို မေတ္တာရှိတဲ့အတွက် လက်ထပ်ဖို့အခွင့်အရေး အကြိမ်ကြိမ်တောင်းခံခဲ့တယ်၊ သူကြီးသားက ငြင်းပယ်စရာမရှိအောင် အလုပ်ကြိုးစားပြီး အကျင့်စာရိတ္တကောင်းမွန်တဲ့အတွက် သူ့ကို အိမ်ထောင်ဖက်အဖြစ် ရွေးချယ်ဖို့ ဆုံးဖြတ်ခဲ့ရတယ်၊ အဲဒီတုန်းက တိုင်းပြည်မငြိမ်မသက်ဖြစ်နေတဲ့အတွက် လူဆိုးဓားပြတွေဟာ နေရာအနှံ့မှာ သောင်းကျန်းနေတယ်၊ မိန်းမသားတစ်ယောက်အတွက် အားကိုးအားထားပြုရမဲ့ ယောကျ်ားသားတစ်ယောက် လိုအပ်တယ်လေ၊ သူကြီးသားက အမေ့မေတ္တာကို ရရှိတဲ့အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး မင်္ဂလာပွဲကို အကြီးအကျယ်ကျင်းပဖို့ စီစဉ်ခဲ့တယ်၊ သူကြီးသားက လယ်ပိုင်ရှင်





လည်းဖြစ်တဲ့အတွက် မင်္ဂလာပွဲကို မီးခိုးတိတ်ကျေးရွာသာမက အနီးအနားရွာများကိုတောင် ဖိတ်ဖို့ ကြံစည်တယ်၊ အမေ့ရဲ့ မင်္ဂလာပွဲကြီး မစတင်မီ တစ်ရက်အလိုမှာ အမေတို့ရွာကို ဆေးဆရာမောင်မှတ်ဆိုသူ ရောက်လာခဲ့တယ်၊ ဆေးဆရာမောင်မှတ်က အမေ့ကို နန်းတွင်းအပျိုတော်တစ်ဦးဆိုတာ သိရှိခဲ့တယ်၊ ဒါပေမဲ့ အမေဟာ အတိတ်ဘဝနောက်ကြောင်းကို ဇာတ်မြှုပ်ထားချင်တဲ့အတွက် ဆေးဆရာမောင်မှတ်ကို သူဟာ နန်းတွင်းက အပျိုတော်တစ်ဦးဖြစ်ကြောင်း လူများကို ဖွင့်မပြောဖို့ တောင်းပန်ခဲ့တယ်၊ အဲဒီတုန်းက အမေဟာ မောင်မှတ်ဆီက အလွန်ထူးဆန်းပြီး စိတ်ဝင်စားစရာကောင်းတဲ့ စကားတစ်ခွန်းကို ကြားခဲ့ရတယ်၊ ဒီသတင်းကတော့ အမေ့ချစ်သူရဲ့ချစ်သက်လက်ဆောင် ရွှေဟောင်းမှန်ချပ်လေးနဲ့ ပတ်သက်နေတယ်၊ ဆေးဆရာမောင်မှတ်ဟာ ရွှေဟောင်းမှန်ချပ်လေးရဲ့ ထူးဆန်းလျှို့ဝှက်တဲ့အကြောင်းတွေကို အမေသိအောင် ပြောပြခဲ့တယ်၊ ဒီတော့မှ အမေ့ချစ်သူ ကိုဝဏ္ဏဟာ ရွှေဟောင်းမှန်ချပ်လေးနဲ့ ပတ်သက်ပြီး သေဆုံးရကြောင်း အမေဟာရိပ်စားမိခဲ့တယ်၊ ကိုဝဏ္ဏအသတ်ခံရတဲ့ ထန်းတောထဲမှာ မောင်မှတ်လည်းရှိနေခဲ့တယ်၊ ဆေးဆရာမောင်မှတ်ရဲ့ ပြောစကားအရ ကိုဝဏ္ဏသေဆုံးရခြင်းဟာ ရွှေဟောင်းမှန်ချပ်လေးနဲ့ ပတ်သက်ကြောင်း သိခဲ့ရတယ်၊ ဆေးဆရာမောင်မှတ်ဟာ စိတ်ကောင်းရှိသူဖြစ်တဲ့အတွက် ရွှေဟောင်းမှန်ချပ်လေးနဲ့ ပတ်သက်ပြီး သတိထား



www.burmeseclassic.com

www.burmeseclassic.com



နေဖို့ အဒေါ်အမေကိုပြောခဲ့တယ်၊ ဒီလိုနဲ့ အမေ့ရဲ့မင်္ဂလာပွဲ မရောက်ခင်မှာ ရွာကို လူဆိုးဓားပြတွေ ဝင်စီးခဲ့တယ်၊ ဒါပေမဲ့ လူဆိုးဓားပြတွေဟာ ရွာကို ဓားပြတိုက်ဖို့မဟုတ်ဘဲ အမေ့ကိုရှာဖို့လာကြကြောင်း သိရတယ်၊ အမေဟာ ကံကောင်းချင်တော့ မြို့ပေါ်တက်ပြီး အဝတ်အစားတွေ ဝယ်နေတဲ့အချိန်တွေဖြစ်နေတယ်၊ ရွာကိုပြန်ရောက်တဲ့အချိန်မှာ လူဆိုးတွေက အမေ့ရဲ့အိမ်ကို ဝင်ရောက်ရှာဖွေခဲ့တယ်၊ ဒါပေမဲ့ အမေဟာ ရွှေဟောင်းမှန်ကလေးကို ကိုယ်နဲ့မကွာဆောင်ထားတဲ့အတွက် သူတို့တွေ ရမသွားခဲ့ဘူး၊ ကံဆိုးရှာတဲ့အမေဟာ ရွာကိုပြန်ရောက်တော့ သူ့ရဲ့ခင်ပွန်းလောင်း သူကြီးမိသားစုရဲ့ အထင်မြင်လွဲမှားခြင်းကို ခံခဲ့ရတယ်၊ သူကြီးမိသားစုက အမေ့ကို အကျင့်စာရိတ္တမကောင်းတဲ့မိန်းမ၊ လူဆိုး ဓားပြတွေနဲ့ အဆက်အသွယ်ရှိတဲ့မိန်းမဆိုပြီးတော့ သူတို့သားနဲ့ သဘောမတူတော့ဘူးလို့လည်း ပြောတယ် ''

ဟု ပြောကာ ခဏရပ်နားလေ၏။ ထို့နောက် ဒေါ်ပန်းရုံကပင် ဆက်၍

'' သူကြီးသားကိုယ်တိုင်လည်း အမေ့ကိုယူဖို့ နောက်တွန့်သွားပြီလေ၊ အမေဟာ သူကြီးသားကို အားကိုးစရာ ယောကျ်ားအဖြစ် ရွေးချယ်တာကလွဲလို့ မချစ်ခင် မနှစ်သက်တဲ့အတွက် ဝမ်းနည်းစရာ မရှိပါဘူး၊ ဒါကြောင့် ရွာကိုစွန့်ခွာပြီး ထွက်ခဲ့တယ်၊ ဒီအချိန်ကစပြီး အမေဟာ သူ့မှာ ရန်သူတွေရှိကြောင်း ရိပ်စားမိသွားတယ်၊ ဒီရန်သူတွေ





ဟာ ရွှေဟောင်းမှန်ချပ်လေးနဲ့ ပတ်သက်နေတာလည်း ယုံကြည်ခဲ့တယ်၊ ဒါကြောင့် မြန်မာပြည်အရပ်ရပ်ကို လှည့်လည်သွားပြီး မြို့လေးတစ်မြို့မှာ ဇာတ်မြှုပ်နေထိုင်ခဲ့တယ်၊ အမေ့ရဲ့ဖူးစာကံပဲလို့ ထင်ပါတယ်၊ အဲဒီမြို့မှာ ရှိတဲ့ သူဌေးတစ်ဦးဟာ အမေ့ကို လက်ထပ်ယူဖို့ ကြိုးစားခဲ့ပြန်တယ်၊ အမေဟာ လက်မထပ်ချင်တဲ့အတွက် သူ့ကို အကြိမ်ကြိမ်ငြင်းပယ်ခဲ့ပါတယ်၊ ငြင်းပယ်လို့မရတဲ့အဆုံးမှာ သူဌေးသားရဲ့တောင်းဆိုမှုကို လက်ခံခဲ့ရတယ်၊ အဲဒီသူဌေးသားကတော့ အိမ်နီကြီးရဲ့ပိုင်ရှင် ဦးရန်အောင်တဲ့၊ ဦးရန်အောင်ဟာ အမေ့ထက် အသက်အများကြီး ကြီးတဲ့ လက်ဖက်ကုန်သည်တစ်ယောက်လည်းဖြစ်တယ်၊ တစ်နေ့ နယ်ဘက်ကို လက်ဖက်ဝယ်ဖို့သွားရင်းနဲ့ လမ်းခရီးမှာ ကျန်းမာရေး ချို့ယွင်းပြီး ကွယ်လွန်ခဲ့တယ်၊ အဲဒီတုန်းက အဒေါ်အမေဟာ အဒေါ့်ကို နေ့စေ့လစေ့ကိုယ်ဝန်ကြီးနဲ့ မွေးဖွားတော့မဲ့ အချိန်ပေါ့၊ အမေဟာ ယောကျ်ားဆုံးပါးသွားခဲ့ပေမဲ့ အဒေါ့်ကို လူတစ်လုံး သူတစ်လုံး ဖြစ်အောင် မွေးဖွားနိုင်ခဲ့တယ်၊ ယောကျ်ားရဲ့ လက်ငုပ်လက်ရင်း ဖြစ်တဲ့ လက်ဖက်လုပ်ငန်းကိုပဲ လုပ်ကိုင်ခဲ့တယ်၊ အဒေါ့်အမေဟာ ရွှေဟောင်း မှန်ချပ်လေးကို ဘုရားခန်းထဲက စီရိုကြီးထဲမှာ တယုတယ သိမ်းဆည်း ထားခဲ့ပါတယ်၊ အမေဟာ သတိရတဲ့အခါတိုင်း ရွှေဟောင်းမှန်လေးကို ထုတ်ပြီးကြည့်တတ်တယ်၊ အဲဒီတုန်းက အဒေါ်ဟာ အရွယ်ရောက်ခါစ အရွယ်မို့ ရွှေဟောင်းမှန်လေးကို အသေအချာ မှတ်မိနေခဲ့တယ်၊



www.burmeseclassic.com

www.burmeseclassic.com



ရှေးဟောင်းမှန်လေးဟာ ဘဲဥပုံသဏ္ဌာန်ရှိပြီး မှန်ရဲ့ဘောင်ကို ကရမက်သားနဲ့ ထုလုပ်ထားတယ်၊ မှန်ဘောင်ပေါ်မှာရှိတဲ့ ကနုတ်ကွက်လေးတွေဟာ အလွန်အနုစိတ်ပြီး လက်ရာသိပ်မြောက်တယ်၊ အဒေါ်ဟာ ရှေးဟောင်းမှန်လေးကို နှစ်သက်လွန်းလို့ အမေ့ဆီက တောင်းယူတဲ့အခါ အမေဟာ အဒေါ်ကို စိတ်ဆိုးစွာနဲ့ ကြိမ်းမောင်းခဲ့တယ်၊ အဲဒီကတည်းက အဒေါ်ဟာ ရှေးဟောင်းမှန်လေးကို ကြည့်ခွင့်မရခဲ့ဘူး၊ ဒါပေမဲ့ ရှေးဟောင်းမှန်လေးဟာ ဆွဲဆောင်အားကောင်းလွန်းတော့ အဒေါ်ဟာ အမေမသိအောင် မကြာခဏ ရှေးဟောင်းမှန်ကလေးကို ခိုးယူပြီးကြည့်ဖြစ်တယ်၊ ဒီမှန်လေးရဲ့ အနုလက်ရာက မြန်မာပြည်က မဟုတ်ဘူး၊ အိန္ဒိယဘက်ကလို့ သိရတယ်၊ ဒီလိုနဲ့ အဒေါ် အရွယ်ရောက်လာတော့ မြို့ပေါ်က ဦးဘလှကျောင်းမှာ တက်ခဲ့ရတယ်၊ အမေဟာ ဒေါက်ကပ်မြင်းရထားကြီးကိုမောင်းပြီး အဒေါ်ကို ဦးဘလှကျောင်းကို ပို့ပေးခဲ့တယ်၊ တစ်နေ့မှာ ငါဟာ ကျောင်းကပြန်လာရင်း လမ်းပေါ်က ဖြတ်သွားတဲ့ မြွေလေးတစ်ကောင်ကို မြင်တွေ့သွားခဲ့တယ် ''

ဟု ပြောရင်း သီဟတို့ဘက်သို့လှည့်ကြည့်လေ၏။

သီဟတို့အားလုံးသည် ဒေါပန်းရုံ[illegible]ကားအား ငြိမ်သက်စွာ နားထောင်နေကြ၏။ ဒေါပန်းရုံသည် [illegible]ဦးတိုင်တစ်တိုင်အား ထပ်မံမီးညှိလိုက်ရင်း

'' အဒေါ်ဟာ မြွေကလေးကို မြင်တွေ့သွားတဲ့အချိန်ကစပြီး





တုန်လှုပ်သွားခဲ့တယ်၊ မြွေတွေကိုလည်း အမြတ်တမ်းတွေ့ချင်လာတယ်၊ မြွေတွေနဲ့ အတူနေရရင် အလွန်ပျော်စရာကောင်းမှာပဲလို့ တွေးမိတယ်၊ ငါ့ရဲ့စိတ်ကူးကို အမေ့ ပြောပြတဲ့အခါမှာ အမေဟာ အလွန်ထိတ်လန့်တုန်လှုပ်သွားပြီး မြွေဆိုတာ အင်မတန်ရွံစရာကောင်းပြီး အဆိပ်ရှိတဲ့ အရာတွေပဲလို့ အဒေါ်ကိုပြောပြခဲ့တယ်၊ ဒါပေမဲ့ အဒေါ်ကတော့ မြွေတွေကို ရွံစရာသတ္တဝါတွေလို့ မသတ်မှတ်ဘူး၊ အင်မတန်ချစ်စရာကောင်းတဲ့ သတ္တဝါတွေလို့ပဲ ယူဆခဲ့တယ်၊ အမေဟာ အဒေါ်ကို မြွေတွေအကြောင်းကို ဘယ်တော့မှမပြောဖို့ တားမြစ်တယ်၊ အဒေါ်ဟာ အမေ့ကို အလွန်ကြောက်ရတဲ့အတွက် မြွေတွေအကြောင်းကို ထပ်မပြောရဲတော့ဘူး၊ တစ်ခါက နွေရာသီကျောင်းပိတ်ရက်မှာ အမေနဲ့အဒေါ်ဟာ စေတီဘုရားပွဲလေးတစ်ခုကို သွားရောက်ခဲ့တယ်၊ အဲဒီ ဘုရားပွဲလေးကိုသွားဖို့အတွက် ချောင်းငယ်လေးကို ဖြတ်သန်းရတယ်၊ ငါတို့ဟာ ချောင်းငယ်လေးရဲ့ တစ်ဖက်ကမ်းကို ဖြတ်ဖို့ လှေကိုစောင့်နေတုန်း အဒေါ့်ဘဝမှာ အလွန်ထူးဆန်း ဆန်းကြယ်တဲ့ အဖြစ်အပျက်တစ်ခုနဲ့ ကြုံခဲ့ရတယ်၊ အဲဒါဘာလဲဆိုတော့ မြွေအလမ္ပာယ် ဆရာကြီးတစ်ယောက်ဟာ မြွေဖြူလေးတစ်ကောင်ကိုဖမ်းပြီး သူ့ရဲ့ ပလုပ်ထဲကို ထည့်လိုက်တာတွေ့လိုက်တယ်၊ အဒေါ်ဟာ အဖမ်းခံရတဲ့ မြွေဖြူလေးကို အလွန် သနားကရုဏာသက်သွားခဲ့ရတယ်၊ မြွေဆရာအဘိုးကြီးက ပလုပ်လေးကိုမြစ်ထမင်းဆိုင်မှာ ထမင်းထုပ် သွားဝယ်တယ်၊ အဒေါ်အမေကလည်း



www.burmeseclassic.com

www.burmeseclassic.com



ဘုရားဖူး အဒေါ်ကြီးတစ်ယောက်နဲ့အတူ စကားလက်ဆုံကျနေတယ်၊ ဒါဟာ ဒီအခွင့်အရေးကို အရယူပြီး မြေမြှုလေးရဲပချုပ်ကို မရ ရအောင် နှိုးယူခဲ့တယ်၊ ပြီးတော့ မြေမြှုလေးကို ဘေးလွတ်ရာမှာ သွားပြီး ချပေးခဲ့တယ်၊ မြေမြှုကလေးက ပချုပ်ထဲက လွတ်မြောက်ပြီး ငါ့ကို ကျေးဇူးတင်ဟန်နဲ့ ပါးပျဉ်းထောင်ပြီး စိုက်ကြည့်ခဲ့တယ်၊ ပြီးတော့ တောထဲကို ဝင်ရောက်ပျောက်ကွယ်သွားတယ်၊ ဒါဟာ ဆိပ်ကမ်းကို ဟန်မပျက်ပြန်လာတုန်း မြွေဆရာအဘိုးကြီးဟာ သူ့ရဲ့မြွေပချုပ် ပျောက်ဆုံးသွားတဲ့အတွက် ကြိတ်မနိုင်ခဲမရဖြစ်နေရှာတယ်၊ အဲဒီတုန်းက အဒေါ်ရဲ့အပြုအမူဟာ ပီရိလွန်းလို့ ငါ့အမေတောင် မရိပ်စားခဲ့ဘူး၊ ဒီလိုနဲ့ ဘုရားပွဲမှာ အဒေါ်တို့သားအမိ တစ်ညအိပ်ခဲ့ရတယ်၊ အဲဒီညမှာ ငါ့ရဲ့ အိပ်မက်ထဲကို မြေမြှုကလေး ရောက်လာတယ်၊ မြေမြှုလေးကိုမြင်ရတော့ အဒေါ်ဟာ အိပ်မက်ထဲမှာ ဝမ်းသာအားရဖြစ်တယ်၊ မြေမြှုလေးဟာ အဒေါ်ကြည့်နေတုန်းမှာပဲ ဝိုးတဝါးကွယ်ပျောက်သွားပြီး အဖြူရောင် မိန်းမပျိုတစ်ဦး ပေါ်လာခဲ့တယ်၊ မိန်းမပျိုလေးရဲ့ဆံပင်တွေဟာ အလွန်ရှည်လျားပြီး မြေကြီးကို ထိလုမတတ်ပဲ၊ မိန်းမပျိုလေးဟာ အဒေါ်ကို ကျေးဇူးတင်ကြောင်းပြောတယ်၊ သူ့ကို မြွေဆရာကြီးလက်က ကယ်ခဲ့တဲ့အတွက် အဒေါ့်ကျေးဇူးကို ဘယ်တော့မှမမေ့ကြောင်း ပြောခဲ့တယ်၊ နောက်တော့ မိန်းမပျိုလေးကနေ မြေမြှုမလေး ပြန်ဖြစ်သွားတယ်၊ အဒေါ်ဟာ အိပ်မက်ထဲမှာ မြေမြှုမလေးနဲ့ တွေ့ချင်ကြောင်းပြောဆိုတဲ့





အခါ နောင်အခါအခွင့်သင့်ရင် ပြန်တွေ့ဆုံရမှာပါလို့ ပြောသွားခဲ့တယ်၊ နောက်တော့ အဒေါ်ဟာ အိပ်မက်က လန့်နိုးခဲ့ရတယ်၊ အဒေါ်အိပ်ရာက နိုးထခဲ့ပေမဲ့ အိပ်မက်ထဲမှာ မြင်တွေ့ခဲ့ရတဲ့ မြေမြှုမလေးရဲ့ပုံသဏ္ဌာန်က မျက်လုံးထဲကမထွက်ဘူး၊ ဒီအချိန်ကစပြီး အဒေါ်ဟာ မြွေတွေကို ပိုမို ရင်းနှီးကျွမ်းဝင်ခဲ့တယ်၊ မြွေတွေနဲ့ပတ်သက်တဲ့ ရှေးမီနောက်မီ လူကြီးတွေကို အစဉ်အမြဲ မေးမြန်းစုံစမ်းခဲ့တယ်၊ အဒေါ်ဟာ မြွေတွေကို နှစ်သက် လွန်းလို့ အိမ်မှာမွေးမြူချင်ပေမဲ့ မြွေကို မုန်းတီးရွံရှာတဲ့ အဒေါ့်အမေရဲ့စကားကို မလွန်ဆန်နိုင်တဲ့အတွက် မမွေးမြူဖြစ်ဘူး၊ အဒေါ့်အမေဟာ တစ်နေ့မှာ သူ့မိတ်ဆွေဟောင်း ဆေးဆရာမောင်မှတ်နဲ့ မျှော်လင့်မထားဘဲ ပြန်တွေ့ခဲ့ကြတယ် ''

ဟု ပြောရင်း ခဏရပ်နားလေ၏။

ဒေါ်ပန်းရုံသည် စကားပြောရင်း အာခြောက်လာသဖြင့် အနီးရှိ ရေတကောင်းထဲမှ ရေတစ်ခွက်ကို ငှဲ့ သောက်လိုက်၏။ ပြီးနောက် ဒေါ်ပန်းရုံကပင်ဆက်၍

'' အမေဟာ ဆေးဆရာမောင်မှတ်ကို ကျွေးမွေးပြုစုချင်လွန်းလို့ အိမ်မှာ ထမင်းဖိတ်ကျွေးခဲ့တယ်၊ သူတို့နှစ်ယောက်ဟာ ထမင်းစားသောက်ပြီးတော့ ဘုရားခန်းထဲမှာ တစ်နေကုန် အကြောင်းအရာတစ်ခုကို ဆွေးနွေးနေကြတယ်၊ သူတို့ပြောနေတာတွေကို သိချင်လို့ ခြောင်းပြီးနားထောင်ကြည့်တဲ့အခါ အမေ အမြတ်တနိုးသိမ်းဆည်းထား



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ရှေးဟောင်းမှန်ကလေးနဲ့ ပတ်သက်နေတယ်ဆိုတာ သိခဲ့ရတယ်၊ ဒါပေမဲ့ အကြောင်းစုံကိုတော့ အဒေါ်သိခွင့်မရခဲ့ပါဘူး၊ အမေဟာ ဆေးဆရာ မောင်မှတ်နဲ့ တွေ့ဆုံတဲ့အချိန်ကစပြီး တစ်စုံတစ်ရာကို ပူပန်နေဟန်ရှိတယ်၊ အဒေါ်အမေဟာ မကြာခဏ ဘုရားခန်းထဲကိုဝင်ပြီး ရှေးဟောင်းမှန်ကလေးကို ထုတ်ကြည့်တယ်၊ သူဟာ ရှေးဟောင်းမှန်ကလေးနဲ့ပတ်သက်ပြီး စိုးရိမ်နေပုံရတယ်၊ ဒါပေမဲ့ အဲဒီတုန်းက အဒေါ်အသက်ဟာ ငယ်လွန်းတဲ့ အတွက် အမေ ဘာကိုစိုးရိမ်နေတယ်ဆိုတာ မသိခဲ့ရဘူး။ အမေဟာ ဆေးဆရာမောင်မှတ်နဲ့ တွေ့တဲ့အချိန်ကစပြီး ကျန်းမာရေး တဖြည်းဖြည်းညှိုးဖျင်းလာခဲ့တယ်၊ အမေ့ရဲ့ရောဂါကို ကုသဖို့အတွက် ဆေးသမားတော် တွေကို အများကြီးခေါ်ဆောင်ခဲ့ပေမဲ့ အမေ့ရဲ့ရောဂါအခြေအနေကတော့ ထူးခြားမလာပါဘူး၊ ဆေးသမားတော်တွေက အမေဟာ စိတ်နဲ့ပတ်သက်တဲ့ ရောဂါတစ်ခု ခံစားနေရတယ်လို့ ပြောကြတယ်၊ ဒီလိုနဲ့ ငါ့အသက် ဆယ့်ခြောက်နှစ်လောက်မှာ အမေသေဆုံးသွားခဲ့တယ်၊ အမေသေဆုံးခါနီးမှာ ဘုရားခန်းထဲကိုဝင်ပြီး ကျမ်းစာတစ်စောင်ကို တစ်ခုခုရေးသားနေတာ တွေ့ရတယ်၊ အမေဟာ သေဆုံးတော့မယ်လို့ သိရတဲ့အချိန်မှာ အဒေါ်ကိုခေါ်ပြီး ထူးဆန်းဆန်းကြယ်တဲ့စကားတွေကိုပြောတယ်၊ ရှေးဟောင်းမှန်လေးနဲ့ ပတ်သက်ပြီး လျှို့ဝှက်ချက်တွေကို အမေရေးခဲ့တဲ့ မှတ်တမ်းကြီးထဲမှာ အစုံအလင်ပါတယ်ဆိုတယ်၊ ဒါပေမဲ့ အမေဟာ အဒေါ်ကို သူကိုယ်တိုင်ရေးထားတဲ့





မှတ်တမ်းကြီးကိုမဖတ်ဖို့ တားမြစ်ခဲ့တယ်၊ ရှေးဟောင်းမှန်လေးနဲ့ ပတ်သက်ပြီး လျှို့ဝှက်ဆန်းကြယ်မှုတွေကို စိတ်မဝင်စားဖို့ ငါ့ကို အတန်တန်တားမြစ်ခဲ့တယ်၊ အမေ နောက်ဆုံးမှာကြားခဲ့တာကတော့ သမီးဘဝမှာ အေးအေးဆေးဆေးနေချင်ရင် ရှေးဟောင်းမှန်လေးကို မေ့ပစ်လိုက်ပါတဲ့၊ ရှေးဟောင်းမှန်လေးကို အမေထားတဲ့ နေရာလေးမှာပဲ ထားဖို့ မှာကြားပြီး တမလွန်ဘဝကို ရောက်သွားခဲ့တယ် ''

ဟု ပြော၍ စောနားလေ၏။

အိမ်ဖော်မိန်းမပျိုသုံးဦးသည် ဒေါ်ပန်းရုံ၏အတိတ် နောက်ကြောင်းကို စိတ်ဝင်တစား နားထောင်နေကြ၏။ ဒေါ်ပန်းရုံသည် ဆက်လက်၍

'' အဒေါ်ကလည်း ရှေးဟောင်းမှန်လေးနဲ့ ပတ်သက်တဲ့ အကြောင်းတွေကို စိတ်မဝင်စားဖို့ ဆုံးဖြတ်ခဲ့တယ်၊ အမေဆုံးတဲ့အချိန်မှာ အဒေါ်အသက်ဟာ ငယ်ရွယ်လွန်းလို့ မြို့မိမြို့ဖတွေက အိမ်နီကြီးနဲ့ ပတ်သက်တဲ့ အကူအညီပေးဖို့ ကမ်းလှမ်းခဲ့တယ်၊ ဒါပေမဲ့ အဒေါ်ဟာ ပျော့ညံ့တဲ့မိန်းမတစ်ယောက် မဟုတ်တာကြောင့် အခက်အခဲဟူသမျှကို အဒေါ်တစ်ယောက်တည်း ခါးစည်း ရင်ဆိုင်ခဲ့တယ်၊ အဲဒီတုန်းက အဒေါ်အမေသေဆုံးတဲ့အချိန်မှာ အတွင်းပစ္စည်းတော်တော်များများ ကျန်ခဲ့တယ်၊ အဒေါ်ဟာ အတွင်းပစ္စည်းတွေကိုထုခွဲပြီး ကျစ်ကျစ်လစ်လစ် နေထိုင်မယ်ဆိုရင် ဒီတစ်သက်တွင်မကဘူး နောင်အသက်

www.burmeseclassic.com



စားလို့မကုန်ဘူးဆိုတာ သိလာရတယ်၊ နောက်တော့ အဒေါ်ရဲ့ ချောမောလှပမှုသတင်းကြောင့် အဒေါ်ကို ချစ်ခင်နှစ်သက်တဲ့ယောကျ်ားတွေ အတော်များခဲ့တယ်၊ အဒေါ်ဘဝတစ်လျှောက်မှာ စိတ်အရှုပ်ထွေးဆုံးကတော့ ယောကျ်ားတွေနဲ့ ပတ်သက်တဲ့ စိတ်ရှုပ်ထွေးစရာတွေပါပဲ၊ ယောကျ်ားတွေဟာ အဒေါ်ရဲ့ရုပ်ရည်ရူပကာကို အလွန်မက်မောကြတယ်၊ အဒေါ်ရဲ့ ချောမောလှပတဲ့ ရုပ်ရည်ကိုကြည့်ပြီး အဒေါ်နောက်က တကောက်ကောက်လိုက်ကြတယ်၊ အဒေါ်ရဲ့မေတ္တာကို ရယူဖို့ကြိုးစားတဲ့ ယောကျ်ားသုံးယောက်ရှိခဲ့တယ်၊ သူတို့သုံးယောက်ဟာ ချမ်းသာကြွယ်ဝတဲ့ ပိုက်ဆံဝါးလားသမားတွေပါ၊ အဲဒီလူသုံးယောက်ကတော့ စက်သူဌေးသားကိုမောင်ကြီး၊ လယ်ပိုင်ရှင်သား ကိုချစ်ထူးနဲ့ ပွဲစားကြီးသား ကိုရန်ကျော်တို့ပဲ ဖြစ်တယ်၊ သူတို့ သုံးယောက်ဟာ ချမ်းသာကြွယ်ဝမှုရော၊ ရုပ်ရည်ရူပကာရောပါ ကောင်းမွန်တဲ့အတွက် ငါက အိမ်ထောင်ဖက်အဖြစ် ရွေးချယ်ဖို့ ဆုံးဖြတ်ခဲ့တယ်၊ အဒေါ်ရဲ့အမေသေဆုံးပြီးကတည်းက လောကကြီးထဲမှာ အဒေါ်ဟာ အထီးကျန်ခဲ့ရတယ်၊ သူတို့သုံးယောက်လုံး အဒေါ်ကို အပြိုင်အဆိုင် ပိုးပန်းခဲ့ကြတယ်၊ အဒေါ်ရဲ့မေတ္တာကိုရဖို့ သူတို့နည်း သူတို့ဟန်နဲ့ ကြိုးပမ်းခဲ့ကြတယ်၊ အဒေါ်တို့မြို့ကလူတွေဟာ သူတို့သုံးယောက်ထဲက တစ်ယောက်ယောက်ကို အဒေါ်ချစ်သူအဖြစ် ရွေးချယ်မယ်ဆိုတာ စောင့်ကြည့်နေကြတယ်၊ ဒီလိုနဲ့ အသက်နှစ်ဆယ့်ငါးနှစ်ပြည့်တဲ့အခါမှာ သူဌေးသား





သုံးယောက်ဟာ အဒေါ်မွေးနေ့ပွဲမှာ လက်ဆောင်တွေ အပြိုင်အဆိုင် ပေးပို့ပြီး သူတို့သုံးယောက်ထဲက ဘယ်သူ့ကို ရွေးချယ်မယ်ဆိုတာ တ်လှုပ်ရှားနေကြတယ်၊ တစ်မြို့လုံးကလူတွေကလည်း သူဌေးသား သုံးယောက်နဲ့ အဒေါ်ရဲ့အဖြေကို သိချင်နေကြတယ်၊ အဒေါ်ဟာ မွေးနေ့ပွဲ နီးကပ်လာချိန်အထိ ဘယ်သူ့ကို ရွေးချယ်ရမလဲဆိုတာ ည်သေးဘူး၊ ဒီအချိန်မှာ အဒေါ်နားမှာ သေဆုံးသွားတဲ့အမေသာ နေခဲ့ရင် ဘယ်လောက်ကောင်းမလဲလို့ စဉ်းစားမိတယ်၊ အမေ့ ကြောင်းကို တွေးမိရင်း အမေသေခါနီးက ရေးသားခဲ့တဲ့ မှတ်တမ်းကြီး သွားသတိရခဲ့တယ်၊ ဒီမှတ်တမ်းကြီးကို ဖတ်တဲ့အချိန်ကစပြီး ဒေါ်ဘဝဟာ အကြီးအကျယ် ပြောင်းလဲခဲ့ရတယ်၊ အမေဟာ သေခင်မှာ မှတ်တမ်းကြီးကို မဖတ်ဖို့ အဒေါ်ကို အကြိမ်ကြိမ်မှာခဲ့တယ်၊ မဲ့ အမေ့ရဲ့စကားကို မလိုက်နာဘဲ မှတ်တမ်းကြီးကို ဖတ်ခဲ့တယ်၊ တ်တမ်းကြီးကို ဖတ်ပြီး ရှေးဟောင်းမှန်လေးရဲ့ ထူးခြားလျှို့ဝှက်တဲ့ ာက်ကြောင်းရာဇဝင်ကို သိခဲ့ရတယ်၊ ရှေးဟောင်းမှန်ကလေး ဒေါ်လက်မှာရှိနေသေးရင် တစ်နေ့နေ့မှာ အဒေါ်မှာ အန္တရာယ်တွေ ာ်လည်ပိုင်းနေမယ်ဆိုတာ ရိပ်စားမိခဲ့တယ်၊ ဒါကြောင့် သူဌေးသား သုံးယောက်ကို အိမ်ထောင်ဖက်အဖြစ် မရွေးချယ်တော့ဘူး၊ တစ်ဆက် ည်းမှာပဲ အဒေါ်ဟာ တစ်စုံတစ်ယောက်ကို သတိရတယ်၊ အဲဒီလူဟာ ဒေါ်ရဲ့မျက်လုံးအိမ်ထဲမှာ ထာဝရကိန်းအောင်းနေတဲ့ လူတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ပဲ၊ သူနဲ့အဒေါ်ဟာ လွန်ခဲ့တဲ့နှစ်အနည်း ငယ်က ရွှေစာရံဘုရားပွဲမှာ တွေ့ဆုံခဲ့တယ်၊ အဲဒီလူက ဘုရားပွဲသွားရင်း အဒေါ်တို့နွားလှည်းကို ‌ ပြတိုက်တာ ဝင်ကူခဲ့တယ်၊ နောက်တော့ ဓားပြခေါင်းဆောင်က ချောမောလှပတဲ့ အဒေါ်ကို ပစ္စည်းဥစ္စာသာမက လူကိုပါ အရယူဖို့ ကြံစည်ခဲ့တယ်၊ အဒေါ်ဟာ ဓားပြတွေလက်က အထိတ်တလန့် ထွက်ပြေးနေတုန်း သူရောက်လာတယ်၊ သူဟာ ဝါးရင်းတုတ်တစ်ချောင်း သာကိုင်ပြီး ဓားပြတွေကို ရင်ဆိုင်တိုက်ခိုက်ခဲ့တယ် ''

ဟု ပြောရင်း မော်လျှပ်ပြီး ခဏနားလေ၏။ ဒေါ်ပန်းရုံသည် ရေတာကောင်းအတွင်းမှ ရေကိုငုံ့လိုက်ပြီး သောက်လေ၏။ အတန်ကြာ သောအခါမှ ဒေါ်ပန်းရုံက ဆက်လက်၍

'' ဓားပြတွေဟာ သူ့ရဲ့တိုက်ခိုက်မှုကြောင့် လှည်းလမ်းပေါ်မှာ ထွက်ပြေးခဲ့ရတယ်၊ သူ့ရဲ့ကျေးဇူးကြောင့် အဒေါ်ဘဝ မပျက်စီးခဲ့တယ် သူ့နာမည်က ကိုငွေအေးလို့ခေါ်တယ်၊ သူဟာ အဒေါ်တို့မြို့ပြင်မှာနေပြီး တံငါသည်အလုပ်ကိုလုပ်တဲ့ လူတစ်ယောက်ပါ၊ သူဟာ ပစ္စည်းဥစ္စာ၊ ဂုဏ် ဓနမရှိပေမဲ့ ရဲစွမ်းသတ္တိရှိပြီး အားကိုးချင်စရာကောင်းတဲ့ ယောကျ်ား ကောင်း တစ်ယောက်ပါ၊ အဒေါ်နဲ့သူဟာ တစ်ကြိမ်တစ်ခါပဲ ဆုံတွေ့လိုက် ရပေမဲ့ သူ့ကို အမြဲသတိရနေမိတယ်၊ သူလည်း အဒေါ့်လိုပဲရှိနေမယ် ဆိုတာ အဒေါ့်ရင်ထဲမှာ အလိုလိုသိနေခဲ့တယ်၊ နောက်တော့ အဒေါ်ဟာ မြို့ပြင်က ကိုငွေအေးရဲ့တဲလေးကိုသွားပြီး စကားတွေ အများကြီး ပြော





ဆိုဖြစ်တယ်၊ အဲဒီမှာ သူ့နှလုံးသားရဲ့ တံခါးပေါက်ပွင့်ဟနေတာ အဒေါ် မြင်တွေ့ခဲ့ရတယ်၊ ဒီအချိန်ကစပြီး အဒေါ်ဟာ သူ့ကို ဘဝကြင်ဖော် အဖြစ် ရွေးချယ်ဖို့ ဆုံးဖြတ်ခဲ့တယ်၊ သူနဲ့သာဆိုရင် ရှေးဟောင်းမှန်လေး နဲ့ ပတ်သက်တဲ့ ရန်အန္တရာယ်ဟူသမျှကို ဖြေရှင်းနိုင်မယ်လို့ ယုံကြည်ခဲ့ တယ်၊ ရှေးဟောင်းမှန်လေးနဲ့ ပတ်သက်တဲ့ လျှို့ဝှက်ချက်တွေကိုတော့ ကိုငွေအေးကို မပြောပြဖြစ်ခဲ့ပါဘူး၊ ဒါပေမဲ့ အခါအခွင့်သင့်ရင်တော့ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ဖွင့်ပြောပြမယ်လို့ ဆုံးဖြတ်ထားခဲ့တယ်၊ အဲဒီ မွေးနေ့ပွဲကို သူဌေးသားပိုက်ဆံဝါးလား သုံးယောက်ဟာ မျှော်လင့်ချက် ကြီးစွာနဲ့စောင့်နေခဲ့တယ်၊ သူတို့သုံးယောက်ထဲက တစ်ယောက် ယောက်ကို ကျိန်းသေရွေးချယ်မယ်လို့လည်း ယုံကြည်နေခဲ့တယ်၊ အဒေါ်ဟာ မြို့မိမြို့ဖတွေရဲ့ရှေ့မှာ အိမ်ထောင်ဖက်အဖြစ် ကိုငွေအေးကို ရွေးချယ်တဲ့အခါ သူတို့သုံးယောက်စလုံး ဒေါသူပုန်ထသွား ကြတယ်၊ အဒေါ့်ရဲ့ရွေးချယ်ချက်ဟာ သူတို့သုံးယောက်ရဲ့ ဂုဏ်သိက္ခာကို အကြီးအကျယ်ထိခိုက်စေတယ်လို့ ယူဆခဲ့ကြတယ်၊ သူတို့လို ပိုက်ဆံ ဝါးလား သူဌေးသားတွေကို မရွေးချယ်ဘဲ တံငါသည် ကိုငွေအေးကို ရွေးချယ်ခဲ့တာ အဒေါ့်ရဲ့အမှားလို့ပဲ ဝိုင်းဝန်းပြစ်တင်ကြတယ်၊ တကယ်တော့ အဒေါ်ဟာ ကိုယ့်ဘဝ ရှေ့ရေးအတွက် ကိုယ့်ဟာကိုယ်ပဲ ရွေးချယ်ပိုင်ခွင့်ရှိခဲ့ပါတယ်၊ သူတို့ သုံးယောက်ထဲက တစ်ယောက်ကို အိမ်ထောင်ဖက်အဖြစ်ရွေးချယ်မယ်လို့ အဒေါ်ဆိုခဲ့ရပေမဲ့ သူတို့



www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်ကို မရွေးချယ်ခဲ့တာ အဒေါ့်ရဲ့ အပြစ်မဟုတ်ပါဘူး၊ မြှေးနေ့ပွဲညက သူတို့သုံးယောက်ဟာ မူးယစ် ရမ်းကားပြီး တံငါသည်ကိုငွေအေးကို ဝိုင်းရိုက်ကြတယ်၊ သူတို့ဟာ နေဂုဏ်မောက်ပြီး ကိုငွေအေးကို အနိုင်ကျင့်စော်ကားကြတယ်၊ ကိုငွေအေးဟာ ယောက်ျားပီသတဲ့ လူတစ်ယောက်ဖြစ်လို့ သူတို့ရဲ့ စကားတွေကို ပထမ သည်းခံပြီးနေခဲ့သေးတယ်၊ နောက်တော့ သူဌေးသားတွေက ကိုယ်ထိလက်ရောက် ကျူးလွန်လာလို့ ကိုငွေအေးက ပြန်ပြီးလက်တုံ့ပြန်ခဲ့တယ်၊ အဲဒီတော့မှ သူဌေးသားတွေက ကိုငွေအေးရဲ့ အစွမ်းတွေကိုသိပြီး ကိုယ်ရှိန်သပ်သွားကြတယ်၊ အဲဒီညက သူဌေးသားသုံးယောက်ထဲက ကိုရန်ကျော်ဆိုတဲ့လူဟာ ကိုငွေအေးရဲ့ လက်ချက်ကြောင့်ဒဏ်ရာပြင်းထန်စွာရခဲ့တယ်၊ အဲဒီနေ့ကစပြီး သူဌေးသားသုံးယောက်ဟာ ကိုငွေအေးကို ရေမြွေတစ်ကောင်မဟုတ်မှန်း သိတဲ့အတွက် နှောင့်ယှက်ခြင်းမရှိတော့ပါဘူး၊ ဒီတော့မှ အဒေါ်နဲ့ ကိုငွေအေးဟာ လက်ထပ်ပွဲကို အကျဉ်းချုံးပြီး ကျင်းပခဲ့တယ်၊ အဒေါ်ဟာ အိမ်နီးကြီးမှာပဲ ကိုငွေအေးကိုခေ ြ နေထိုင်စေခဲ့တယ်၊ ဒါပေမဲ့ ကိုငွေအေးရဲ့ ထူးခြားချက်က မြစ်ထဲမှာ လှေတစ်စင်းနဲ့ တံငါအလုပ်ကို မလုပ်ရရင် မနေနိုင်ဘူး၊ သူ့ရဲ့မြို့ပြင်က တဲလေးကိုလည်း ဒီအတိုင်းပဲထားတယ်၊ သူဟာ တစ်လမှာ နှစ်ကြိမ်လောက် မြို့စွန်ကိုသွားပြီး တံငါသည်အလုပ်ကို လုပ်လေ့ရှိတယ်၊ တံငါလုပ်ရင်းရလာတဲ့ ငါးတွေကိုတော့ ခါတိုင်းလို





ရောင်းချတော့ပဲ ဆင်းရဲသားတွေကို အလကား ပေးပစ်လေ့ရှိတယ်၊ အဒေါ်ဟာ ဘဝဟောင်းကို မမေ့တတ်တဲ့ ကိုငွေအေးကို အပြစ်တင်ခြင်း မရှိပဲ ပိုပိုပြီးတော့ အချစ်ဝင်ခဲ့တယ်၊ ကိုငွေအေးဟာ အဒေါ်နဲ့ ပေါင်းသင်းနေခဲ့ပေမဲ့ ရှေးဟောင်းမှန်လေးနဲ့ ပတ်သက်တဲ့ လျှို့ဝှက်ချက်ကိုတော့ သိရှာပါဘူး၊ သူနဲ့လက်ထပ်ပြီး မကြာခင် အဒေါ်ကိုယ်ဝန်ရှိခဲ့ပြီး သားလေးတစ်ယောက်ကို ဖွားမြင်ခဲ့တယ်၊ ထူးဆန်းတာက သားလေး မွေးပြီး မကြာခင်မှာ ကိုငွေအေးဟာ ခြေလှမ်းတွေ ပျက်လာတယ်၊ သူဟာ မြို့ပြင်ထန်းတောကိုသွားပြီး မကြာခဏ ထန်းရည်သောက်တတ်လာတယ်၊ အဒေါ့်အပေါ်ဆက်ဆံတဲ့ သူ့ရဲ့အပြုအမူတွေကလည်း တဖြည်းဖြည်း ရိုင်းပြလာခဲ့ရတယ်၊ ကိုငွေအေးဟာ အပေါင်းအသင်းစုံလာပြီး သူ့အပေါင်းအသင်းတွေထဲမှာ ဒုစရိုက်သမား သူခိုး ဓားပြတွေ ပါလာတယ်၊ အဒေါ်ဟာ ကိုငွေအေးကို ဖျောင်းဖျဖို့ကြိ ဲ့ပေမဲ့ ရခဲ့ပါဘူး၊ အဲဒီအချိန်မှာ အိပ်မက်တစ်ခုကို မြင်မက်ခဲ့တယ်၊ အိပ်မက်ထဲမှာ မြွေဖြူမလေးရောက်လာခဲ့တယ်၊ သူဟာ အဒေါ့်ကို စကားတွေ ပြောတယ်၊ အိပ်မက်ထဲမှာ မြွေဖြူမလေးဟာ သူ့ရဲ့ထုံးစံအတိုင်း မြွေဖြူမကနေ ဝတ်ရုံဖြူနဲ့ မိန်းမလှလေးဘဝကို ပြောင်းသွားတာ တွေ့ရတယ်၊ ပြီးတော့ မြွေဖြူမက အိပ်မက်ထဲမှာ ရှင်နဲ့ကျွန်မ ပြန်ဆုံတွေ့ပြန်ပြီ၊ ဒီတစ်ခါ ကျွန်မလာရတာ ရှင့်ယောက်ျားရဲ့အကြောင်းတွေ ပြောပြချင်လို့ပါ၊ ရှင့်ယောက်ျားဟာ လူဆိုးတွေနဲ့ပေါင်းပြီး ရှင့်ကို



www.burmeseclassic.com

www.burmeseclassic.com



မကောင်းကြံဖို့ ကြံစည်စားနေပြီလို့ မြွေဖြူမက ပြောခဲ့တယ်၊ အဒေါ်ဟာ သူ့ရဲ့ပြောစကားကို မယုံခဲ့ဘူး၊ မြွေဖြူမက အိပ်မက်ထဲကနေပြီး ရှင် ကျွန်မစကားကိုယုံပါ၊ ရှင်နဲ့ကျွန်မက ဟိုးနှစ်ပေါင်းများစွာကတည်းက တွေ့ဆုံခဲ့တဲ့ မိတ်ဆွေရင်းချာတွေပါ၊ ရှင့်ကို ကျွန်မ လိမ်ညာစရာ အကြောင်းမရှိပါဘူးလို့ ပြောတယ်၊ ဒီအခါမှာ အဒေါ်က မြွေဖြူမ ပြောတာကို မယုံကြည်ဘဲ 'နေပါဦး၊ ရှင်က ဘာလို့သိနေရတာလဲ'လို့ မေးမြန်းလိုက်တယ်၊ မြွေဖြူမက ရှင်တို့ခြံဝေးထဲက ရှေးဟောင်း အုတ်တိုက်လေးထဲမှာ ကျွန်မနေနေတယ်၊ အဲဒီအုတ်တိုက်လေးအနီးမှာ ရှင့်ယောကျ်ားနဲ့ အပေါင်းအသင်းတွေ မကြာခဏလာရောက်ပြီး မကောင်းကြံဖို့ ကြံစည်ကြတယ်၊ ရှင့်ယောကျ်ားဟာ ရှင်တို့ မျိုးရိုး စဉ်ဆက် လျှို့ဝှက်ထားတဲ့ ရှေးဟောင်းမှန်လေးအကြောင်းကို သိနေပြီ ဒီအကြောင်းတွေကို ရှင့်ယောကျ်ားဟာ လူဆိုးဓားပြတွေဆီက သိခဲ့ပြီ နောက်တော့ ရှင့်ယောကျ်ားဟာ လူဆိုးတွေရဲ့စကားကို မယုံကြည်ဘဲ ရှေးဟောင်းမှန်လေးရဲ့ မှတ်တမ်းကို ဖတ်ရှုခဲ့တယ်၊ ရှင့်ယောကျ်ားဟာ ရှင့်အမေကြီးရဲ့မှတ်တမ်းကို ဖတ်ရှုပြီးတဲ့အချိန်ကစပြီး ရှင့်အပေါ်ကို အကောက်ကြံဖို့ ကြံစည်နေပြီ၊ သူဟာ ရှင့်ဆီမှာသိမ်းဆည်းထားတဲ့ ရှေးဟောင်းမှန်လေးကို အကြိမ်ကြိမ်ရှာဖွေနေပြီလို့ ပြောတယ်၊ အဒေါ် ဟာ အိပ်မက်ထဲက မြွေဖြူမစကားကြောင့် အလွန်တုန်လှုပ်ချောက်ချား သွားပြီး အိပ်မက်က လန့်နိုးလာခဲ့တယ်၊ အဒေါ်အိပ်ရာက နိုးလာချိန်မှာ





တစ်ကိုယ်လုံး ချွေးသီးချွေးပေါက်တွေနဲ့ ရွှဲစိုနေပြီး အလွန်စိတ်လှုပ်ရှားနေမိတယ်၊ အိပ်မက်ထဲက မြွေဖြူမရဲ့စကားသာ မှန်ကန်မယ်ဆိုရင်တော့ အဒေါ်ရဲ့သားကလေးရဲ့ နောင်ရေးဟာ တွေးဝံ့စရာတောင် မရှိဘူး၊ အဲဒီအချိန်မှာ အဒေါ်ဟာ အမေထားခဲ့တဲ့ ရှေးဟောင်းမှန်လေးကို ဘုရားစင်ရဲ့ အပေါ်မှာ ဖွက်ထားခဲ့တယ်၊ ဒီအချိန်ကစပြီး အဒေါ်ဟာ အဒေါ့်ယောကျ်ား တင်ဝါသည်ရဲ့ ခြေလှမ်းတွေကို သတိထားပြီး စောင့်ကြည့်ခဲ့တယ်၊ နောက်တော့ အဒေါ့်ယောကျ်ားဟာ အဒေါ့်ပေါ်မှာ မရိုးသားဘူးဆိုတာ တဖြည်းဖြည်း သိလာတယ်၊ အဒေါ်မရှိတဲ့အချိန်တွေမှာ မကြာခဏ အိမ်ကိုပြန်လာပြီး တစ်စုံတစ်ရာကို ရှာဖွေနေဟန်ရှိတယ်၊ နောက်တော့ အမေရေးခဲ့တဲ့ ရှေးဟောင်းမှန်လေးနဲ့ပတ်သက်တဲ့ မှတ်တမ်းကြီးကို သူမမြင်အောင် သိမ်းဆည်းမထားနိုင်တာ အဒေါ့်ရဲ့ အပြစ်တွေပါ၊ ရှေးဟောင်းမှန်လေးဟာ အမေ့ရဲ့ချစ်သူ ကိုဝဏ္ဏ ချစ်သက်လက်ဆောင်အဖြစ် ပေးခဲ့တဲ့ပစ္စည်းပါ၊ ရှေးဟောင်းမှန်လေးဟာ တန်ဖိုးထိုက်တန်ပေမဲ့ သူ့အပေါ်မှာ ရတနာသိုက်တစ်ခုရဲ့ မြေပုံကို လျှို့ဝှက်ပြီး အညွှန်းထားတယ် ''

ဟု ပြောရင်း ရပ်နားပြန်၏။

သီဟတို့အားလုံးသည် ဒေါ်ပန်းရှုံ့ ပြောပြသော ရှေးဟောင်းမှန်လေး၏အကြောင်းကို တအံ့တဩ နားထောင်နေကြ၏။ ဒေါ်ပန်းရှုံ့က ဆက်လက်၍



www.burmeseclassic.com

www.burmeseclassic.com



" အဲဒီ ရတနာတွေကတော့ ကိုဝဏ္ဏရဲ့အဖေ မြို့ဝန်ကြီးမိသားစုရဲ့ အစဉ်အဆက်က ပိုင်ဆိုင်တဲ့ပစ္စည်းတွေပါ၊ ကိုဝဏ္ဏဟာ ရှေးဟောင်းမှန်ကလေးထဲမှာ ရတနာသိုက်မြေပုံရှိနေတယ်ဆိုတာ မသိဘဲနဲ့ သူချစ်သူ အဒေါ်ရဲ့အမေကို ချစ်သက်လက်ဆောင်အဖြစ်ပေးခဲ့တာပါ၊ နောက်တော့ ရတနာသိုက်ကိုလိုချင်တဲ့ ဓားပြတွေ ရောက်ရှိလာပြီး ကိုဝဏ္ဏကို နှိပ်စက်ညှဉ်းပန်းပြီး ရှေးဟောင်းမှန်လေးရှိမဲ့နေရာကို မေးမြန်းတယ်၊ ကိုဝဏ္ဏဟာ သူ့ချစ်သူကို သိပ်ချစ်တဲ့အတွက် ရှေးဟောင်းမှန်လေး ဘယ်မှာရှိတယ်ဆိုတာမပြောဘဲ သူ့သာအသက်အသေခံသွားတယ်၊ ဒီအကြောင်းတွေကို အစတုန်းကတော့ အဒေါ်ရဲ့အမေလည်း မသိခဲ့ပါဘူး၊ ဒါပေမဲ့ အဒေါ်အမေဟာ သူ့ရဲ့မိတ်ဆွေဆေးဆရာမောင်မှတ်ကတစ်ဆင့် ဒီအကြောင်းတွေကို သိခဲ့ရတယ်၊ ဒါကြောင့် အမေဟာ သူသေခါနီးမှာ ရှေးဟောင်းမှန်လေးနဲ့ ပတ်သက်တဲ့ မှတ်တမ်းကိုရေးခဲ့တာပဲ၊ အမေဟာ အဒေါ်ကို စိုးရိမ်တဲ့အတွက် ရှေးဟောင်းမှန်လေးနဲ့ပတ်သက်တဲ့ မှတ်တမ်းကို မဖတ်ဖို့ အကြိမ်ကြိမ် တားမြစ်ခဲ့တာပဲ၊ ဒီမှတ်တမ်းကို အဒေါ်ဖတ်မိရင် လောဘဇောဟာ [illegible] ရတနာသိုက်ကို ရှာဖွေနေမှာ စိုးရိမ်လို့ဖြစ်တယ်၊ ဒါပေမဲ့ ရှေးဟောင်းမှန်လေးနဲ့ ပတ်သက်တဲ့ရန်သူတွေဟာ တစ်နေ့နေ့ အဒေါ့်ဆီကို ရောက်လာနိုင်တယ်ဆိုတာ အမေက အရိပ်အမြွက် ပြောပြခဲ့ဖူးတယ်၊ အခုတော့ အဒေါ်ယောက်ျားကိုယ်တိုင် အဒေါ်ကို လုပ်ကြံဖို့ ကြိုးစားနေပြီ"





ဟု ပြောလေ၏။

ထိုအခါ ဒေါ်ပန်းရုံ၏စကားကို နားထောင်နေသူများသည် အလွန်စိတ်လှုပ်ရှားဟန်ဖြင့် ဒေါ်ပန်းရုံကို ကြည့်နေကြ၏။

သီဟသည် မိခင်နှင့် ဖခင်၏ဘဝနောက်ကြောင်းကို သိလိုက်ရသဖြင့် လွန်စွာ စိတ်လှုပ်ရှားနေမိ၏။ သီဟက ဒေါ်ပန်းရုံ၏မျက်နှာကို ကြည့်၍

" အဲဒီတုန်းက အဒေါ့်ယောက်ျားက အဒေါ့်ကို ရန်ရှာခဲ့မှာပေါ့"

ဟု မေးလေ၏။ ထိုအခါ ဒေါ်ပန်းရုံက အဝေးဆီသို့ ငေးကြည့်ရင်း

" ဟုတ်တယ်၊ လောဘဇောကပ်လာတဲ့ အဒေါ့်ယောက်ျားဟာ အဒေါ့်ရဲ့အသက်အန္တရာယ်ကိုတောင် ရန်ရှာဖို့ ကြိုးစားခဲ့တယ်၊ တစ်နေ့မှာ အဒေါ့်ယောက်ျားဟာ အဒေါ့်ကို အရေးကြီးတဲ့စကားပြောမယ်ဆိုပြီး အိမ်အနောက်က သချိုင်းထဲကို ခေါ်ဆောင်သွားခဲ့တယ်၊ သချိုင်းထဲကိုရောက်တော့ သူဟာ အဒေါ့်ကို အလွန်ရက်စက်ကြမ်းကြုတ်တဲ့ အမူအရာနဲ့ အဒေါ့်ဆီက ရှေးဟောင်းမှန်လေးကို တောင်းတယ်၊ အဒေါ်ဟာ ရှေးဟောင်းမှန်လေးကို လောဘဇောမတက်စေဖို့ အဒေါ့်ယောက်ျားကို အမျိုးမျိုး တောင်းပန်ခဲ့ပေမဲ့ ရတနာတွေအကြောင်းကိုသိနေတဲ့ အဒေါ့်ယောက်ျားဟာ ဘယ်လိုမှ [illegible]မရခဲ့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့ သူနဲ့အဒေါ် အပြန်အလှန်ပြောဆိုရင်း စကားများရန်ဖြစ်ကြတယ်၊ သူဟာ အဲဒီမှာ စိတ်မထိန်းနိုင်တော့ဘဲ အသင့်ဆောင်ယူလာတဲ့ဓားမြှောင်နဲ့ အဒေါ့်ကို သတ်ဖြတ်ဖို့ ကြံစည်ခဲ့တယ်၊ အဒေါ်ဟာ ဒီအချိန်မှာပဲ အလွန်ထူးဆန်းတဲ့ အဖြစ်အပျက်တစ်ခုနဲ့ ကြုံခဲ့ရတယ်၊ အဲဒါကတော့ သူ့အပေါ်ကနေ မြွေကြီးတစ်ကောင်ဟာ လျှောခနဲဆင်းလာပြီး သူ့ရဲ့ခြေထောက်ကိုပေါက်လိုက်တယ်၊ အဒေါ့်ယောက်ျားဟာ မြွေပေါက်ခံရလို့ အားခနဲအော်ပြီး ဒေါသတကြီး ကြည့်လိုက်တယ်၊ အဲဒီမှာ အဒေါ့်ယောက်ျားကို ကိုက်ခဲ့တဲ့မြွေဟာ အဖြူရောင် မြွေတစ်ကောင်ဖြစ်နေတယ်၊ အဒေါ်ဟာ အဖြူရောင် မြွေကိုကြည့်ပြီး အိပ်မက်ထဲက မြွေဖြူမကို သွားသတိရတယ်၊ သူမရဲ့ အိပ်မက်ထဲက သတိပေးတဲ့စကားတွေကိုလည်း ကြားယောင်လာတယ် ''

ဟု ပြောရင်း ဒေါ်ပန်းရုံသည် မောလျှဟန်ဖြင့် သူ၏စကားကို ရပ်၍ ခဏနားနေပြန်၏။

ခြံစောင့်ကြီး ဦးဗလသည် မီးငြိမ်းသွားသော မီးတုတ်ကို ထပ်မံ ထွန်းညှိ၍ ဒေါ်ပန်းရုံ၏စကားကို အာရုံစိုက် နားထောင်နေလေ၏။

ဒေါ်ပန်းရုံသည် ရေတကောင်းထဲမှ ရေတစ်ခွက်ကို ငှဲ့သောက်လိုက်ပြီး သူမ၏စကားကို ဆက်ပြန်၏။

''အဒေါ့်ယောက်ျားဟာ သူ့ကိုကိုက်တဲ့ မြွေကို ဒေါသတကြီး ကြည့်ပြီး လက်ထဲကဓားနဲ့ တိုက်ခိုက်လိုက်တယ်၊ အဒေါ့်ယောက်ျားရဲ့





တိုက်ခိုက်မှုကြောင့် မြွေဖြူလေးဟာ အသက်သေဆုံးခဲ့ရတယ်၊ အဒေါ်ဟာ အသက်အန္တရာယ်ဖြစ်နေတဲ့အချိန်မှာ မမျှော်လင့်ပဲ ရောက်လာတဲ့ မြွေဖြူလေးကို အိပ်မက်ထဲက မြွေဖြူမဆိုတာ ယုံကြည်လက်ခံရမလို ဖြစ်လာတယ်၊ အဒေါ်ဟာ အဒေါ့်ယောက်ျားသေဆုံးပုံကို ဂုဏ်သိက္ခာ ထိခိုက်မှာစိုးတဲ့အတွက် ခြံထဲမှာပိုးထိပြီး သေဆုံးရတယ်လို့ သတင်းဖြန့်ခဲ့တယ်၊ အဲဒီညက အဒေါ့်အိပ်မက်ထဲကို မြွေဖြူမရောက်လို့ လာပြန်တယ်၊ သူမဟာ အိပ်မက်ထဲမှာ ထုံးစံအတိုင်း မိန်းမလှလေးတစ်ယောက် သဏ္ဌာန်နဲ့ပေါ့၊ အိပ်မက်ထဲမှာ သူ့မျက်နှာဟာ ညှိုးငယ်နေပြီး ရှင့်ယောက်ျားသတ်တဲ့အတွက် ကျွန်မသေခဲ့ရတယ်၊ ဒါပေမဲ့ ရှင်ဟာ ကျွန်မရဲ့ကျေးဇူးရှင်ဖြစ်တဲ့အတွက် ကျေးဇူးဆပ်ရင်း သေရတာ ကျွန်မ ဝမ်းသာပါတယ်၊ ကျွန်မသေခဲ့ပေမဲ့ ရှင် ကျွန်မအတွက် ဝမ်းနည်းကြေကွဲ မနေပါနဲ့၊ တကယ်တော့ သံသရာကြီးဟာ အရှည်ကြီးပါ၊ ရှင်နဲ့ကျွန်မ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ပြန်တွေ့ကြရမှာပါ၊ ဒီအခါကျရင်သာ ရှင် ကျွန်မကို မမေ့မသွားပါနဲ့လို့ မျက်ရည်စက်လက်နဲ့ ပြောခဲ့တယ်၊ အဒေါ်ဟာ အိပ်မက်ထဲမှာ သူ့အတွက် အလွန်ဝမ်းနည်းကြေကွဲသွားခဲ့တယ်၊ ဒါကြောင့် မင်းကို မမေ့မသွားပါဘူးလို့ အိပ်မက်ထဲမှာ ကတိတွေပေးတယ်၊ ဒါပေမဲ့ မြွေဖြူမကတော့ အမေ့စကားတွေကို မယုံဘူးလို့ အတန်တန် ပြောတယ်၊ ဒီအခါ အဒေါ်က ငါ့စကားကို ယုံပါ၊ မင်းကို ဘယ်တော့မှ မမေ့ပျောက်မသွားပါဘူးလို့ ပြောခဲ့တယ်၊ မြွေဖြူရှင်မက



www.burmeseclassic.com

www.burmeseclassic.com



ရှင် ကျွန်မကို မေ့ပျောက်မသွားဘူးဆိုတာ ဘယ်လိုသက်သေပြမလဲ လို့ မေးတယ်၊ ဒီတော့ ငါဟာ မြေဖြူမအတွက် ဝမ်းနည်းကြေကွဲသွားပြီး မင်းနဲ့ပတ်သက်တဲ့ အမှတ်တရအဖြစ် မြေဖြူရုပ်လေးကို ငါထုလုပ်ပြီး ငါ့ရဲ့ခြံထဲမှာ အမှတ်တရအဖြစ် ထားပါမယ်လို့ ပြောခဲ့တယ်၊ ဒီတော့ မြေဖြူမက ဝမ်းသာသွားပြီး ရှင်တကယ်ပြောတာလား၊ ရှင် ကျွန်မကို မမေ့ဘူးဆိုရင် ကျွန်မသေရတာ သေပျော်ပါတယ်လို့ပြောပြီး အခိုးငွေ့တွေနဲ့အတူ ပျောက်ကွယ်သွားတယ်၊ နောက်တော့ အဒေါ်လည်း အိပ်ရာထဲက လန့်နိုးလာခဲ့တယ်၊ အဒေါ်ဟာ အရင်ကတည်းက မြေဖြူမနဲ့ပတ်သက်တဲ့ အိပ်မက်တွေကို မက်နေပေမဲ့ ဒီကိစ္စနဲ့ပတ်သက်ပြီး အယုံအကြည်မရှိခဲ့ပါဘူး၊ အဒေါ်ရဲ့စိတ်စွဲလန်းမှုကြောင့်သာ မြေတွေနဲ့ ပတ်သက်ပြီး အိပ်မက်,မက်ခဲ့တယ်လို့ ယုံကြည်ခဲ့တယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ အဒေါ်ကိုယ်တိုင်က မြေတွေကို နှစ်သက်မြတ်နိုးတဲ့စိတ်ရှိတာ ကိုး၊ အဒေါ်ရဲ့အိမ်တစ်အိမ်လုံးမှာ မြေတွေနဲ့ပတ်သက်တဲ့ ရုပ်လုံးရုပ်ကြွတွေ စုံလင်အောင်ထားရှိခဲ့တယ်၊ ဒါကြောင့် မြေတွေကို မကြာခဏ အမှတ်တရရှိနေမယ်ဆိုတာ သဘာဝကျတဲ့ဖြစ်ရပ်တစ်ခုပါ၊ အိပ်မက်ထဲမှာ မကြာခဏမက်လေ့ရှိတဲ့ မြေဖြူမဆိုတာကို ငါ့ရဲ့စိတ်စွဲလန်းမှုကြောင့် လို့ပဲ ယူဆခဲ့တယ်၊ ဒါပေမဲ့ အဒေါ်ယောကျ်ား အဒေါ်အသက်ကို ရန်ရှာ အချိန်မှာ ရောက်လာတဲ့ မြေဖြူမဆိုတာကို အဒေါ်မယုံကြည်နိုင် လောက်အောင် ဖြစ်ခဲ့တယ်၊ ဒါဟာ တိုက်ဆိုင်မှုဆိုရင် အတော့်ကို





ထူးဆန်းတဲ့တိုက်ဆိုင်မှုတွေပဲ ''

ဟု ပြောရင်း ဒေါ်ပန်းရုံသည် တစ်ခဏမျှနား၍ ရေတကောင်းအတွင်းမှ ရေတစ်ခွက်ကိုငှဲ့၍ သောက်ပြန်၏။

သူမ၏စကားကို နားထောင်နေသူများသည် အလွန်စိတ်ဝင်စားတန်ဖြင့် ဒေါ်ပန်းရုံ၏မျက်နှာကိုသာ ငေးစိုက်ကြည့်နေကြ၏။

သီဟာသည် မိခင်၏ဘဝနောက်ကြောင်းများကို သိရ၍ ရင်ထဲတွင် မဖော်ပြနိုင်သော ဝေဒနာတစ်ရပ်ကို ခံစားနေရ၏။ ဒေါ်ပန်းရုံ ဆက်လက်၍ -

'' မြေဖြူမနဲ့ပတ်သက်တဲ့ အိပ်မက်တွေဟာ အဒေါ်ရဲ့စိတ်စွဲလမ်းမှုကြောင့်ပဲဖြစ်ဖြစ် တိုက်ဆိုင်မှုကြောင့်ပဲဖြစ်ဖြစ် အဒေါ်ဟာ မြေဖြူမနဲ့ ပတ်သက်ပြီး အမှတ်တရတစ်ခုလုပ်ဖို့ ကြံစည်ခဲ့တယ်၊ ဒါကြောင့် အိမ်အနောက်ဘက်မှာ စင်ပြုလုပ်ပြီး မြေဖြူမရုပ်ထုကလေးကို အမှတ်တရထားခဲ့တယ်၊ မြေဖြူရုပ်လေးကို သူတစ်ပါး ဖျက်ဆီးမှာ စိုးရိမ်လို့ သူ့အတွက် နန်းဆောင်လေးတစ်ခုထားခဲ့တာပဲ၊ အနီးအနား ပတ်ဝန်းကျင်က လူတွေဟာ အဒေါ့်ခြံထဲမှာ မြေဖြူရုပ်လေးရှိတာ သိသွားခဲ့ကြတယ်၊ နောက်ပြီးတော့ မြေဖြူမနဲ့ ပတ်သက်တဲ့ ကောလာဟာလသတင်းအမျိုးမျိုး ပေါ်ထွက်ခဲ့တယ်၊ အဒေါ်ဟာ ခြံထဲကို လှည့်လည်တဲ့အခါတိုင်း အဒေါ့်အသက်ကို ကယ်ခဲ့တဲ့ မြေဖြူကလေးကို သတိရနေမိတယ်၊ မြေဖြူရုပ်လေးရှေ့မှာလည်း ပန်းကလေးတွေ



www.burmeseclassic.com

www.burmeseclassic.com



ထားရှိစေခဲ့တယ်၊ တစ်ဆင့်စကား တစ်ဆင့်နားနဲ့ အဒေါ်ခြံထဲက အလုပ် သမားတွေကတစ်ဆင့် ဒေါ်ပန်းရုံဟာ မြွေဖြူမနတ်ရုပ်ကို ကိုးကွယ် ထားတယ်ဆိုပြီး ကောလာဟာလသတင်းအမျိုးမျိုး ပျံ့နှံ့ခဲ့တယ် အဒေါ့်ရဲ့ဘဝမှာ ယောကျ်ားမရှိတော့ပေမဲ့ အဒေါ့်ရဲ့ရင်သွေးလေးရှိနေ သေးတဲ့အတွက် ပြည့်စုံကြွယ်ဝသလို ရှိနေခဲ့သေးတယ်၊ ဒါပေမဲ့ တစ်နေ့မှာ အဒေါ့်ရဲ့ရင်တွေ ကြေကွဲလုမတတ်ခံစားရပြီး ကံဆိုးမိုးမှောင်ကျတဲ့ နေ့တစ်နေ့ကို ကြုံခဲ့ရတယ်၊ အဲဒါကတော့ အဒေါ့်ရဲ့ရင်သွေးလေးကို မသမာသူတစ်တစ်စုက ခိုးယူပြီးသွားခဲ့လို့ပဲ၊ အဒေါ်ဟာ သားကလေးကို ချစ်လွန်းလို့ ငွေအား၊ လူအားနဲ့ အမျိုးမျိုးကြိုးစားပြီး ရှာဖွေခဲ့ပေမဲ့ ပြန်မတွေ့ခဲ့ပါဘူး၊ ဒီအချိန်ကစပြီး အဒေါ့်ဘဝကြီးတစ်ခုလုံး အမိုက်ပြယ်နေ နေသလို ခံစားခဲ့ရတယ်၊ သားကလေးကို နေ့စဉ်နဲ့အမျှ သတိရလွန်းလို့ ပူဆွေးသောက ရောက်ခဲ့ရတယ် ''

' ဟု ပြောဆိုရင် ဒေါ်ပန်းရုံသည် ဝမ်းနည်းလာဟန်ဖြင့် အံကိုကြိတ် ကာ အဝေးဆီသို့ကြည့်လိုက်၏။

သီဟသည် ဒေါ်ပန်းရုံ၏ ဝမ်းနည်းကြေကွဲလာဟန်ကိုကြည့်၍ သူ၏ရင်ထဲတွင်လည်း ဆွေဝေလာသလို ခံစားရ၏။ မိခင်ဖြစ်သူသည် သူ၏ရှေ့မှောက်တွင် သားဖြစ်သူရှိနေမှန်းသိရှိလျှင် မည်မျှဝမ်းသာ ပျော်ရွှင်မိမည်နည်း။

ဒေါ်ပန်းရုံက အဝေးဆီသို့ ငေးကြည့်ရင်း သူ၏စကားကို ဆက်





ပြန်၏။

" အဒေါ်ဘဝမှာ ပန်းတွေကို တယုတယနဲ့ ချစ်မြတ်နိုးခဲ့တာဟာ သားလေးကို အချိန်တိုင်းသတိရနေလို့ပဲ၊ အဒေါ်ဟာ သားလေးနဲ့ ပတ်သက်ပြီး ဝမ်းနည်းပူဆွေးမှုတွေကို မေ့ပျောက်နိုင်အောင် ကြိုးစားခဲ့ တယ်၊ ဒါပေမဲ့ ပူဆွေးသောကတွေကို မေ့ပျောက်နိုင်အောင် လုပ်လို့မရခဲ့ ဘူး၊ တစ်နေ့တော့ အဒေါ်ဟာ သူတော်စင် ဆရာ့ကြီးတစ်ပါးနဲ့ မျှော်လင့်ဘဲ တွေ့ဆုံခဲ့ရတယ်၊ သူတော်စင်ဆရာ့ကြီးက အဒေါ့်ရင်ထဲ က ဝေဒနာကို သူ့ရဲ့ပညာဉာဏ်နဲ့တွေ့မြင်ခဲ့တယ်၊ ဒါကြောင့် အဒေါ့်ရဲ့ ဝေဒနာကို သက်သာချင်ရင် ဟော့ဒီအစေ့လေးကို မြေမှာစိုက်ပါလို့ မှာကြားခဲ့တယ်၊ အဒေါ်ဟာ သူတော်စင်ဆရာ့ကြီးရဲ့စကားအတိုင်း အစေ့လေးကို မြေကြီးထဲမှာစိုက်တော့ အလွန်လှပတဲ့ ပန်းပင်လေး ပေါက်လာတယ်၊ အဲဒီပန်းကလေးဟာ မြန်မာပြည်မှာ တစ်ခါမှ မတွေ့ဖူးသေးတဲ့ ထူးဆန်းလှပတဲ့ပန်းလေးတစ်ပင်ပဲ၊ ပန်းပွင့်လေးရဲ့ အမည်ကို အဒေါ်မသိပါဘူး၊ အဲဒီပန်းကလေးရဲ့ အရောင်ဟာ တောက်ထူးခြားပြီး ခရမ်းရောင်သမ်းနေခဲ့တယ်၊ ဝါဟာ ထူးဆန်းတဲ့ ပန်းကလေးကိုကြည့်ရင်း သားလေးနဲ့ပတ်သက်တဲ့ စိုးရိမ်ပူပန်မှုတွေ လျော့ပါးလာခဲ့တယ်၊ ဒါကြောင့် သားလေးနဲ့ပတ်သက်တဲ့ စိုးရိမ်စိတ်တွေ ကို ပန်းကလေးတွေနဲ့ဖြေဖို့ ဆုံးဖြတ်ခဲ့တယ်၊ အဒေါ့်ဘဝကြီးကို ပုံအပ်နှံခဲ့တယ်၊ ပန်းတွေကို မေတ္တာကရုဏာအပြည့်နဲ့ နားလည်နိုင်ဖို့



www.burmeseclassic.com

www.burmeseclassic.com



ကြိုး ၁းခဲ့တယ်၊ ဒီအချိန်ကစပြီး ပန်းတွေနဲ့ စကားပြောတတ်လာတယ် ပန်းလေးတွေကို ဓမ္ဘာပို့တတ်လာတယ်၊ ပန်းတွေနဲ့ပတ်သက်ပြီး ပန်းတွေရဲ့လျှို့ဝှက်ချက်တွေကိုလည်း သိလာခဲ့ရတယ်၊ အဒေါ့ဘဝဟာ ပန်းလေးတွေနဲ့ပတ်သက်ပြီး စိုးရိမ်ပူပန်မှုတွေကို မေ့ပျောက်ဖို့ ကြိုးစား နေတုန်းမှာပဲ အဒေါ့ရဲ့ကြောက်မက်ဖွယ်ကောင်းတဲ့ ကြမ္မာဆိုးတွေ တစ်ဖန် ပြန်လည်ဝင်ရောက်လာပြန်တယ်၊ အဲဒီကြမ္မာဆိုးတွေကို သယ်ဆောင်လာသူကတော့ ရှေးဟောင်းသုတေသနပညာရှင် အင်္ဂလိပ် လူမျိုး ဒေါက်တာဘုရ်ဆိုသူပဲ ဖြစ်တယ်၊ ဒေါက်တာဘုရ်ဟာ အဒေါ်တို့မြို့ က ရှေးဟောင်းပစ္စည်းတွေ လာရောက်ရှာဖွေရင်းနဲ့ အလွန်းရှေးကျတဲ့ မင်းသမီးတစ်ပါးရဲ့ အဆောင်အယောင်တွေဟာ အဒေါ်တို့မြို့ဝန်းကျင် မှာ ရှိနေခဲ့တယ်ဆိုတာ သတင်းလွှင့်ခဲ့တယ်၊ သူကိုယ်တိုင်လည်း အဒေါ် တို့မြို့မှာ နေထိုင်ပြီး ရှေးဟောင်းပစ္စည်းတွေကို ရှာဖွေခဲ့တယ်၊ ဒေါက်တာ ဘုရ်ရဲ့ ပယောဂကြောင့် အဒေါ်တို့မြို့က လူတော်တော်များများဟာ ရှေးဟောင်းပစ္စည်းတွေကို လောဘတကြီး ရှာဖွေခဲ့တယ်၊ ဒီလိုရှာဖွေခဲ့တဲ့ လူတွေထဲမှာ အဒေါ့ကိုမရလို့ ရန်ငြိုးကြီးစွာထားခဲ့တဲ့ သူဌေးသား မောင်ကြီးနဲ့ ချစ်ထူးဆိုတဲ့ လူနှစ်ယောက်လည်းပါတယ်၊ သူတို့ နှစ်ယောက်ဟာ လောဘသားတွေပီပီ တပည့်တပန်းစုံလင်စွာနဲ့ ရှေးမင်းသမီးလေးရဲ့ပစ္စည်းတွေ အဆောင်အယောင်တွေကို ရှာဖွေ တယ်၊ ပြီးတော့ အင်္ဂလိပ်လူမျိုး ရှေးဟောင်းပညာရှင် ဒေါက်တာဘုရ်





မှာ ပြန်ပြီးရောင်းချခဲ့တယ်၊ ဒေါက်တာဘုရ်ဟာ သူတို့နှစ်ယောက်ကို ဒီမြို့မှာ ဩဇာရှိမှန်းသိလို့ တဖြည်းဖြည်း သိမ်းသွင်းယူခဲ့တယ်၊ ဒီလိုနဲ့ သူဌေးသားမောင်ကြီးနဲ့ ချစ်ထူးဟာ ဒေါက်တာဘုရ်ရဲ့က တပည့်တွေ ဖြစ်မှန်းမသိ ဖြစ်ခဲ့ကြတယ်၊ နောက်တော့ ဒေါက်တာဘုရ်ဟာ အဒေါ်တို့မြို့ဝန်းကျင်က ရှေးဟောင်းပစ္စည်းတွေကို သက်သာတဲ့ နှုန်းထားနဲ့ရရှိသွားပြီး အင်္ဂလန်ကို ပြန်သွားခဲ့တယ်၊ ဒါပေမဲ့ ဒေါက်တာ ဘုရ်ရဲ့ တပည့်နှစ်ယောက်ဖြစ်တဲ့ သူဌေးသားချစ်ထူးနဲ့ မောင်ကြီးဟာ ရှေးဟောင်းပစ္စည်းတွေနောက်ကို သဲကြီးမဲကြီး လိုက်လံရှာဖွေတဲ့ ရှေးဟောင်းပစ္စည်းမုဆိုးတွေ ဖြစ်ခဲ့ကြတယ်၊ သူတို့နှစ်ဦးဟာ တ တပန်း အင်အားတောင့်တင်းတဲ့အတွက် အပြိုင်အဆိုင် ရှေးဟော ပစ္စည်းတွေနောက်ကို လိုက်ပြီးရှာဖွေခဲ့ကြတယ်၊ ဒီလိုနဲ့ သူတို့နှစ်ဦး ရှေးဟောင်းပစ္စည်းနဲ့ပတ်သက်ရင် အနံ့ခံကောင်းတဲ့လူတွေ ဖြစ်နေတဲ့ အတွက် အဒေါ်တို့မျိုးရိုးရဲ့ ရှေးဟောင်းမှန်လေးအကြောင်းကို သိနေခဲ့ တယ်၊ သူတို့နှစ်ဦးဟာ အဒေါ့ရဲ့မေတ္တာကိုမရတဲ့အတွက် အဒေါ့ကို ရန်ငြိုးကြီးစွာ ထားခဲ့ကြတယ်၊ အဒေါ့ဆီမှာရှိနေတဲ့ ရှေးဟောင်းမှန်လေး ကို သူတို့လက်အပ်ဖို့ အဒေါ့ကို ရာဇသံပေးခဲ့တယ်၊ ဒါပေမဲ့ အဒေါ်ဟာ အင်မတန်ရဲရင့်ပြီး ထက်မြက်တဲ့မိန်းမတစ်ယောက်ဖြစ်တဲ့အတွက် အဒေါ့ ကို အလွယ်တကူ အနိုင်ယူဖို့မရမှန်းလည်း သိကြတယ်၊ သူတို့နှစ်ဦးဟာ အဒေါ့ကို ပိုးပန်းစဉ်ကအတိုင်း အဒေါ့ဆီက ရှေးဟောင်းမှန်လေးကို



www.burmeseclassic.com

www.burmeseclassic.com



ရှိဖို့ အပြိုင်အဆိုင် ကြိုးစားကြတယ်၊ သူတို့နှစ်ဦးဟာ တစ်ယောက် ခြေလှမ်းကို တစ်ယောက်စောင့်ကြည့်နေသူတွေဖြစ်တဲ့အတွက် အဒေါ့်ဆီက ရှေးဟောင်းမှန်လေးကို အတင်းအဓမ္မဝင်ပြီး မလုရဲကြဘူး၊ နောက်တော့ သူတို့နှစ်ဦးဟာ ရှေးဟောင်းမှန်လေးနဲ့ပတ်သက်ပြီး အချင်းချင်း မတိုက်ခိုက်ချင်ကာနဲ့ သဘောတူညီမှုရယူခဲ့တယ်၊ အဲဒီသဘောတူညီချက်အရ အဒေါ့်ဆီက ရှေးဟောင်းမှန်လေးကို နှောင်ဆယ်နှစ်ပြည့်တဲ့အခါမှ အဒေါ့်ဆီက လာရောက်ယူငင်မယ်ဆိုတာပဲ၊ သူတို့နှစ်ယောက်ရဲ့ ၊သဘောတူညီချက်အရ အဒေါ့်ဆီက ရှေးဟောင်းမှန်လေးကို ဆယ်နှစ် ...း မရယူဘူးလို့ ကတိတွေရှိခဲ့တယ်၊ ဒီအချိန်ကစပြီး မြို့ပေါ်က ကာ ...ဉ်ကွယ်သွားကြတယ်၊ သူတို့ဟာ မြန်မာပြည်အရပ်ရပ်က မင်း ...ဘာင်းပစ္စည်းတွေကို လှည့်လည်ပြီး ရှာဖွေနေတယ်လို့လည်း ...သတင်းရခဲ့တယ်၊ သူတို့နှစ်ယောက်ဟာ မြန်မာပြည်တွင်သာမက အိမ်နီးချင်းနိုင်ငံများမှာပါ လှည့်လည်ပြီး ရှေးဟောင်းပစ္စည်းတွေ အနောက်ကို လိုက်ခဲ့တယ်၊ ရှေးဟောင်းပစ္စည်းတွေအနံ့ကိုရရင် သားကောင်နောက်ကိုလိုက်တဲ့ မဆိုးတွေလို သဲကြီးမဲကြီး လိုက်ခဲ့ကြတယ်၊ အဲဒီတုန်းက အဒေါ်ဟာ နှောင်ဆယ်နှစ်ပြည့်ရင် ဒီလူယုတ်မာနှစ်ယောက်နဲ့ ပြန်ပေါ့ရမယ်ဆိုတာ သိရလို့ အဒေါ့်ဘဝမှာလိုအပ်တဲ့ ပြင်ဆင်မှုတွေလုပ်ရတော့မယ်ဆိုတာ သိနားလည်ခဲ့တယ်၊ အဒေါ်တို့ မျိုးရိုးစဉ်ဆက် ထိန်းသိမ်းလာခဲ့တဲ့ ရှေးဟောင်းမှန်လေးကိုတော့





လူမသမာတွေလက်ကို မထည့်ချင်ပါဘူး၊ အဲဒါ့အမေကိုယ်တိုင် ဒီရှေးဟောင်းမှန်လေးကိုထိန်းသိမ်းဖို့ အဒေါ့်ကို အကြိမ်ကြိမ် မှာကြားခဲ့တယ်လေ၊ အဲဒီတုန်းက အဒေါ်ဟာ နှောင်ဆယ်နှစ်ပြည့်တဲ့အခါ ရှေးဟောင်းမှန်လေးကို သဲကြီးမဲကြီးလိုချင်နေတဲ့ လောဘဇိုးကြီးတွေနဲ့ ပြန်တွေ့ရမယ်ဆိုတာသိခဲ့လို့ သူတို့နဲ့ အဆင့်သင့်ရင်ဆိုင်နိုင်ဖို့ ကြိုးစားခဲ့တယ်၊ အဒေါ်ဟာ မိန်းကလေးသုံးယောက်ကို ငယ်စဉ်ကတည်းက အဒေါ့်အိမ်မှာခေါ်ပြီး မွေးစားခဲ့တယ် ''

ဟု ပြောကာ ဒေါ်ပန်းရုံသည် တစ်ခဏနားနေပြန်၏။ ထို့နောက် အမွေးတိုင်တစ်တိုင်အား ထပ်မံမီးညှိလိုက်ရင်း

'' သူတို့သုံးယောက်ဟာ မိန်းမချော မိန်းမလှလေးတွေဖြစ်ပေမဲ့ အားနွဲ့တဲ့မိန်းကလေးတွေလို မနေရဘဲ ကိုယ်ခံပညာတွေကို လေ့ကျင့်သင်ကြားပေးခဲ့တယ်၊ နောက်ပြီး ခြံထဲမှာ နေချင်တဲ့သူတွေအားလုံး ကိုယ်ခံပညာကျွမ်းကျင်တဲ့လူတွေဖြစ်အောင် ကြိုးစားခဲ့တယ်၊ ခြံစောင့်ကြီး ဦးဗလဆိုရင် သိုင်းပညာကို ပါရဂူမြောက်အောင် တတ်ကျွမ်းတဲ့လူပဲ၊ အဒေါ့်ရဲ့မွေးစားသားမောင်ရွှေမြကိုတော့ ဘောက်ဆင်ပညာကို သင်ကြားပေးခဲ့တယ်၊ အဒေါ်ဟာ ပျောက်ဆုံးသွားတဲ့သားလေးကို သတိရလွန်းလို့ မျိုးရိုးနိမ့်ကျတဲ့ မောင်ရွှေမြကို သားအဖြစ် မွေးစားခဲ့တာပဲ ဒါပေမဲ့ မောင်ရွှေမြဟာ ပျောက်ဆုံးသွားတဲ့ အဒေါ့်ရဲ့သားကလေး နေရာကို ဝင်မယူနိုင်ခဲ့ပါဘူး၊ မျိုးရိုးဗီဇမကောင်းခဲ့လို့လားမသိဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ယ်စဉ်ကတည်းက မောင်ရွှေမြဟာ ထိန်းသိမ်းလို့မရအောင် ဆိုးသွမ်းခဲ့တယ် ''

ဟု ပြောဆိုနေမှာပင် ၎င်းတို့အနောက်ဘက်ရှိ ကျောက်တုံးကြီးနောက်မှ မောင်ရွှေမြ ထွက်ပေါ်လာပြီး တဟားဟား ရယ်မောကာ

'' ဟား ဟား ဟား... အမေ့ဘဝရဲ့နောက်ကြောင်းတွေ ပြန်ပြောပြတဲ့လူတွေအထဲမှာ ကျုပ်ကို ဘာဖြစ်လို့ စာရင်းထဲထည့်မထားတာလဲ၊ တကယ်တော့ ကျုပ်ဟာ အမေ့ရဲ့မွေးစားသားဖြစ်ပေမဲ့ မွေးစားသားဟာ အိမ်ဖော်တွေ အလုပ်သမားတွေရဲ့ရှေ့မှာ အများကြီးရှိပါတယ် ''

ဟု ပြောလေ၏။ မောင်ရွှေမြကိုကြည့်၍ ဒေါ်ပန်းရုံက ခေါင်းခါယမ်းလိုက်ပြီး

'' မင်းကို အမေဖွင့်မပြောခဲ့တာဟာ အမေ့ရဲ့ရန်သူတွေကို ကာကွယ်နိုင်တဲ့ အရည်အချင်း မင်းမှာမရှိဘူးလို့ ယုံကြည်လို့ပဲ ''

ဟု ပြောလေရာ မောင်ရွှေမြက လက်သီးဆုပ်၍ တဟားဟား ရယ်မောကာ

'' ဟား ဟား ဟား... ဒါတော့ အမေက ကျုပ်ကို အထင်သေးတာပဲ၊ ဒီမှာအမေ အမေ့ရဲ့နောက်ကြောင်းရာဇဝင်တွေကို ကျုပ်လိုသားကို မပြောပြပဲ နောက်မှရောက်လာတဲ့ သီဟလိုကောင်ကို အရေးတယူလုပ်ပြီး ပြောပြနေတာ ကျုပ်ရင်နာတယ် ''





ဟု အော်ဟစ်ပြောလေ၏။ ဒေါ်ပန်းရုံက မောင်ရွှေမြကို ကြည့်၍ သက်ပြင်းချလိုက်ပြီး

'' တကယ်တော့ မင်းကို ဒီအကြောင်းတွေ မပြောပြတာဟာ မင်းဘဝနဲ့မင်း အေးအေးချမ်းချမ်း နေစေချင်တဲ့ စေတနာလည်းပါ့ပါတယ်၊ နောက်ပြီးတော့ အမေ့မှာကြုံတွေ့ရမဲ့ အခက်အခဲတွေအတွက် မင်းဘာမှ လုပ်မပေးနိုင်ဘူးလို့လည်း အမေယုံကြည်တယ်၊ မင်းဟာ အမေ့ရဲ့မွေးစားသားအဖြစ်နဲ့ အမေ့ရဲ့ရှေ့က မားမားမတ်မတ် ရပ်တည်ပြီး ပေးနိုင်ရင် ဘယ်လောက်များကောင်းလိုက်မလဲ ''

ဟု ပြောလေရာ မောင်ရွှေမြက သူ၏မျက်နှာကို ရှုံ့မဲ့လိုက်ပြီး

'' တော်ခမ်းပါ အမေရာ၊ အမေဟာ ကျုပ်ကို သားတစ်ယောက်လို့ အသိအမှတ်မပြုဘူးဆိုတာ ကျုပ်သိပါတယ်၊ အမေဟာ တစ်ချိန်လုံး ဒီအိမ်ကြီးမှာ ယျှို့ဝှက်ပြီးနေထိုင်ခဲ့တယ်၊ အမေဟာ လူသာမန်မိန်းမကြီးတွေလို နေထိုင်ခဲ့တာမဟုတ်ဘူး။ ဒီအကြောင်းတွေကို ကျုပ်ကိုမပြောဘဲထားတာ အံ့ပါရဲ့ဗျာ၊ ဟား ဟား... အမေမပြောတော့လည်း တစ်မျိုးကောင်းတာပေါ့၊ အမေ့ရဲ့အန္တရာယ်တွေ၊ အခက်အခဲတွေကို ကျုပ်ဝင်ပြီး ဘာမှတားဆီးပေးစရာမလိုဘူး၊ အမေ့ရဲ့အန္တရာယ်တွေကို အမေ့ရဲ့အိမ်ဖော်တွေ၊ မြို့စောင့်တွေကပဲ ဝိုင်းပြီးကာကွယ်ကြပေတော့၊ ဟား ဟား ဟား... ''

ဟု ရယ်မောလိုက်လေ၏။ ထိုအခါ ဒေါ်ပန်းရုံ၏မျက်နှာ တင်းမာ



www.burmeseclassic.com

www.burmeseclassic.com



သွားပြီး အံကိုကြိတ်၍

" မင်းဟာ အမေ့ရဲ့ကိစ္စတွေကို ဘာတစ်ခုမှစိတ်မဝင်စားခဲ့ဘူး။ ငယ်စဉ်ကတည်းက ဆုံးမလို့မရအောင် မိုက်ရိုင်းဆိုးသွမ်းခဲ့တယ်၊ ဒီလို လူမျိုးကို အမေ့အကြောင်းတွေပြောပြတော့ ဘာထူးမှာလဲ၊ မင်း ဘာများကာကွယ်ပေးနိုင်မှာလဲ၊ မင်းကို အမေ့ရဲ့မွေးစားသားအနေနဲ့ သိပ်ပြီး အားကိုးအားထားပြုချင်ပါတယ်၊ ဒါပေမဲ့ အမေ့ရဲ့စိတ်ကူးယဉ် အိပ်မက်တွေက ဖြစ်မလာခဲ့ဘူး၊ အိမ်မှာခေါ်ထားတဲ့ အိမ်ဖော် နှီးကလေးသုံးယောက်လောက်တောင် အားမကိုးရဘူး၊ ဘာပဲဖြစ်ဖြစ် ဟာ အမေ့ရဲ့မွေးစားသားပါ။ မင်းကို သားတစ်ယောက်ရသင့်ရထိုက် အခွင့်အရေးတွေပေးထားတော့ မင်းဟာ သူဌေးသားတစ်ယောက် နေထိုင်တယ်၊ မြို့ပေါ်က ရွယ်တူလူငယ်တွေကို ပိုက်ဆံအားကိုးနဲ့ အနိုင်ကျင့်တယ်၊ လူကြီးသူမတွေကိုလည်း ရိုင်းရိုင်းပျပျနဲ့ဆက်ဆံတယ်၊ မင်းရဲ့သတင်းတွေကို အမေကြားသိခဲ့တာကြာပါပြီ၊ မင်းကို အကြိမ်ကြိမ် အမေ ဆုံးမခဲ့တယ်၊ အမေ့ရဲ့ဆုံးမမှုတွေကို မင်းနာယူခဲ့လို့လား၊ မင်း ထင်ရာ မင်းစိုင်းခဲ့တာပဲ မဟုတ်လား၊ ဒါကြောင့် မင်းကို အမေ အသိ မပေးဘဲထားခဲ့တာ မင်းဝမ်းမနည်းပါနဲ့ "

ဟု တည်ငြိမ်သောအမူအရာဖြင့် ပြောလေ၏။

ထိုအခါ မောင်ရွှေမြက တဟားဟား ရယ်မော၍

" ဟား ဟား ဟား... ကျုပ်ဝမ်းမနည်းပါဘူးဗျာ၊ ဒါပေမဲ့ ကျုပ်ရဲ့





အစွမ်းအစတွေကို လျှော့တွက်တဲ့အတွက် တစ်နေ့မှာ အမေကောင်းကောင်း နောင်တရလိမ့်မယ် "

ဟု မခံချင်သောအမူအရာဖြင့် ပြောလေ၏။

ဒေါ်ပန်းရုံက ခေါင်းခါယမ်းလိုက်ပြီး

" အမေ ဘယ်တော့မှ နောင်တမရပါဘူး ငါ့သား၊ ဘာကြောင့်လဲဆိုတော့ ငါ့သားနဲ့ပတ်သက်ပြီး အမေ ဘာမှမျှော်လင့်မထားလို့ပါပဲ "

ဟု ပြောလေ၏။ သီဟတို့သည် မောင်ရွှေမြနှင့် ဒေါ်ပန်းရုံတို့၏ ပဋိပက္ခကိုကြည့်ရင်း မောင်ရွှေမြ၏ ရိုင်းစိုင်းမှုများကို မြင်တွေ့ခဲ့ရ၏။

မောင်ရွှေမြက ဒေါ်ပန်းရုံကို ဒေါသတကြီးကြည့်၍

" ဟား ဟား ဟား... အမေ ကျုပ်ရဲ့အစွမ်းတွေကို တစ်နေ့ မြင်တွေ့ရမယ်၊ အဲဒီတော့မှ မောင်ရွှေမြ၊ မင်းဒီလောက် မိုက်ရလားလို့ ကျုပ်ကိုလာမပြောနဲ့ "

ဟု အော်ဟစ်ပြောဆိုလျက် ထိုနေရာမှ ထွက်သွားလေ၏။

ဒေါ်ပန်းရုံက မောင်ရွှေမြ၏နောက်ကျောကို ကြည့်၍ သက်ပြင်းချလိုက်ပြီး

" ဘာပဲဖြစ်ဖြစ် သူဟာ ငါ့ရဲ့မွေးစားသားပါပဲ၊ ငယ်စဉ်ကတည်းက သူ့ကို ဖါကျူးမွေးပြုစုခဲ့ရတယ်၊ ငါ့ရဲ့လေ့ကျင့်သင်ကြားမှုတွေ ညံ့ဖျင်းလို့ မိုက်ရိုင်းဆိုးသွမ်းနေတယ်လို့ပဲ မှတ်ပါတယ်၊ တကယ်တော့ လူတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ရဲ့ဘဝမှာ မျိုးရိုးဗီဇ အလွန်အရေးကြီးတယ်ဆိုတာ ငါ လက်ခံသွားပြီ၊ ဘယ်လောက်ကောင်းမွန်တဲ့ လေ့ကျင့်သင်ယူမှုတွေ လုပ်ပေးပါစေ၊ သူ့ရဲ့မျိုးရိုးဗီဇမကောင်းမွန်တဲ့အတွက် ပြုပြင်ယူလို့မရနိုင်လောက်အောင် မိုက်မဲနေတယ်၊ ဘာပဲဖြစ်ဖြစ် သဗ္ဗေသတ္တာ ကမ္မသကာပါပဲ''

ဟု ပြောဆိုလေ၏။

ထိုအခါ မောင်သီဟက ဝင်ရောက်၍

'' အခေါ်ဘဝရဲ့ နောက်ကြောင်းရာဇဝင်တွေကို ကြားရတော့ အလွန်စိတ်ဝင်စားဖို့ ကောင်းပါတယ်၊ မြွေဖြူမနဲ့ပတ်သက်တဲ့ အိပ်မက်တွေကို မကြာခဏမက်ခဲ့တယ်လို့ သိရတယ်၊ ဒီအိပ်မက်တွေကို အခေါ် အခုမက်သေးသလား၊ အိပ်မက်ထဲမှာ မြွေဖြူမနဲ့ တွေ့သေးသလား ''

ဟု မေးမြန်းလေ၏။ ထိုအခါ ဒေါ်ပန်းရုံက အဝေးဆီသို့ ငေးကြည့်၍ သက်ပြင်းရှည်ကြီးကိုချကာ

'' မြွေဖြူမနဲ့ အခေါ်နဲ့ မတွေ့တာကြာသွားပြီ၊ သူ ဘယ်ကို ရောက်နေလဲမသိဘူး။ ငါ့ယောက်ျားသတ်လိုက်လို့ အသက်သေဆုံးပြီးကတည်းက သူနဲ့ငါ ပြန်မတွေ့တော့ဘူး။ ဒါပေမဲ့ အဲဒီတုန်းက မြွေဖြူမ ပြောခဲ့တဲ့ စကားတစ်ခွန်းတော့ရှိတယ်၊ သံသရာဆိုတာ အရှည်ကြီးပါတဲ့၊ သူနဲ့ငါ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ပြန်လည်တွေ့ဆုံကြရမှာပါတဲ့၊ သူနဲ့ပတ်သက်တဲ့ အိပ်မက်တွေဟာ ထူးခြားတဲ့တိုက်ဆိုင်မှုတွေလား၊ စိတ်စွဲလမ်းမှုတွေကြောင့်လားဆိုတာ ငါမသိပါဘူး၊ ဘာပဲဖြစ်ဖြစ်





အိပ်မက်ထဲက မြွေဖြူမဟာ ငါ့အပေါ်သစ္စာရှိပါတယ်၊ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ သူနဲ့ငါ ပြန်တွေ့မယ်လို့ ယုံကြည်ပါတယ် ''

ဟု ပြောရင်း မောလျှဟန်ဖြင့် ခဏနား၍ ရေတကောင်းအတွင်းမှ ရေတစ်ခွက်ကို ငှဲ့သောက်လေ၏။ မိန်းမပျိုသုံးယောက်အနက် တစ်ဦးက ဝင်ရောက်၍

'' အမေ့ရဲ့ရန်သူတော်ကြီးတွေဟာ နောက်ဆယ်နှစ်ကြာရင် အမေ့ဆီလာပြီး ရှေးဟောင်းမှန်လေးကိုရယူမယ်လို့ဆိုတာ၊ အခု သူတို့လာဖို့ အချိန်နီးကပ်နေပြီလား ''

ဟု မေးမြန်းလေ၏။ ထိုအခါ ဒေါ်ပန်းရုံက ခေါင်းညိတ်၍

'' အမေ့ဆီကို သူတို့ရောက်လာတော့မယ်၊ နောက်လာမဲ့ လကွယ်နေ့ကျရင် သူတို့ပျောက်သွားတာ ဆယ်နှစ်ပြည့်ပြီ ''

ဟု ပြောလေရာ ဦးဇလက ဝင်ရောက်၍

'' ဒီလိုလူတွေဟာ နေရာအနှံ့လိုက်ပြီး ရှေးဟောင်းပစ္စည်းတွေကို ရှာဖွေနေခဲ့တယ်၊ သူတို့ဟာ ကမ္ဘာအရပ်ရပ်မှာ ထူးဆန်းအံ့ဩဖွယ်ရာတွေနဲ့ ကြုံတွေ့ရဦးမှာပါ။ ဒါကြောင့် ရှေးဟောင်းမှန်လေးနဲ့ ပတ်သက်ပြီး မေ့လျော့သွားမှာပါ။ ဒါမှမဟုတ် သွေးအေးကောင်း သွေးအေးနေမှာပါ ''

ဟု ပြောလေရာ ဒေါ်ပန်းရုံက ခေါင်းခါယမ်း၍

'' သူတို့အကြောင်းကို ကျွန်မသိတယ်၊ သူတို့ဟာ အလွယ်



www.burmeseclassic.com

www.burmeseclassic.com



တကူ လက်လျှော့တတ်ကြတဲ့သူတွေမဟုတ်ဘူး၊ သူတို့လိုချင်တာရှိရင် မရ,ရအောင် ယူတတ်တယ်၊ သူတို့ရဲ့ ဖွဲ့၊ လုံ့လ၊ ဝီရိယကို ကျွန်မကိုယ်တိုင် ကြုံတွေ့ရပြီးပါပြီ၊ သူတို့ဟာ လောဘရမ္မက်ကြီးတယ်၊ လက်နက် လူသူအင်အားတောင့်တင်းတယ်၊ ရှေးဟောင်းမှန်လေးရဲ့ အဖိုးထိုက်တန်ပုံကို သူတို့ ရိပ်စားမိနေကြတယ်၊ ဒါကြောင့် သူတို့ဟာ ကျွန်မဆီကို ရောက်လာမှာသေချာတယ်၊ သူတို့နဲ့တိုက်ပွဲဝင်ဖို့ ကျွန်မဘက်က အဆင်သင့်ဖြစ်နေရမယ်၊ ကျွန်မမိခင်လက်ထက်က ထိန်းသိမ်းခဲ့တဲ့ ရှေးဟောင်းမှန်လေးကို သူတို့လက်ထဲမထည့်နိုင်ဘူး ''

ဟု ပြောလေရာ ခြံစောင့်ကြီး ဦးဗလက

'' ဒေါ်ပန်းရုံရဲ့ရန်သူတွေကို အစွမ်းကုန်ကြိုးစားပြီး ကာကွယ်ပါ့မယ်၊ ကျုပ် အသက်မသေသရွေ့ ဒေါ်ပန်းရုံကို မထိပါးစေရပါဘူး ''

ဟု ပြောလေ၏။ ထိုအခါ သီဟကလည်း စိတ်အားတက်ကြွစွာဖြင့်

'' အဒေါ့်အတွက် ကျုပ်လည်း အစွမ်းကုန် ကာကွယ်ပေးမှာပါ၊ ရန်သူတွေ ဘယ်လောက်များများ အဒေါ် စိတ်ခတ်မကျပါနဲ့ ''

ဟု ပြောလေ၏။ ထိုအခါ အိမ်ဖော်မိန်းမပျိုသုံးယောက်လည်း ဝင်ရောက်၍

'' အမေဟာ ကျွန်မတို့ကို လူဖြစ်အောင် ကျွေးမွေးပြုစုခဲ့တာပါ၊ အမေ့ကျေးဇူးတွေ ကျွန်မတို့ဆီမှာ အများကြီးရှိတယ်၊ ဒါကြောင့် အမေ့





ရန်သူတွေကို ကျွန်မတို့ အသက်နဲ့လဲပြီး ကာကွယ်ပါ့မယ်၊ အမေ စိတ်အေးအေးသာနေပါ ''

ဟု ဝင်ရောက်ပြောဆိုပြန်၏။ ထိုအခါ ဒေါ်ပန်းရုံက သူတို့အားလုံး၏ မျက်နှာကိုကြည့်၍

'' မင်းတို့အားလုံး ငါ့အတွက် အားကိုးရတဲ့လူတွေပါပဲ၊ မင်းတို့ကို ကြည့်ပြီး ငါ့ရဲ့စိတ်ဓာတ်တွေ တက်ကြွနေမိတယ်၊ အခေါ်တို့အားလုံး ညီညွတ်ရင် ရန်သူတွေကို ကာကွယ်နိုင်မှာပါ၊ ငါတို့ဟာ တရားတဲ့ဘက်မှာရှိပြီး၊ ရန်သူတွေက မတရားတဲ့ဘက်မှာရှိတယ်၊ ဒါကြောင့် လောကရဲ့ ဓမ္မတာအရ တရားတဲ့ဘက်က အနိုင်ရစမြဲပဲ၊ ငါတို့အားလုံး အောင်မြင်မှုရမယ်လို့ ငါယုံကြည်တယ် ''

ဟု ပြောလေ၏။

ထိုအခါ ခြံစောင့်ကြီး ဦးဗလက ဝင်ရောက်၍

'' ရှေးဟောင်းမှန်ကလေးနဲ့ ပတ်သက်လို့ ကျုပ်တစ်ခုမေးချင်တယ်၊ ဒီမှန်လေးဟာ ဒေါ်ပန်းရုံတို့ မျိုးရိုးစဉ်ဆက် ထိန်းသိမ်းခဲ့တာမှန်ပါတယ်၊ ဒါပေမဲ့ မှန်ကလေးဟာ ရတနာသိုက်တစ်ခုရဲ့ မြေပုံဖြစ်နေရင် ဒီရတနာသိုက်ကို မတူးဖော်ဘဲ မြေကြီးအောက်မှာပဲ ထားတော့မှာလား၊ တကယ်တော့ ပစ္စည်းဥစ္စာဆိုတာ သုံးတတ်ရင် အကျိုးရှိတဲ့နေရာတွေမှာ အသုံးပြုလို့ရပါတယ်၊ ကျုပ် အကြံပေးချင်တာကတော့ ရတနာသိုက်ကို ရှာဖွေတူးဖော်ပြီး အကျိုးရှိတဲ့နေရာမှာ အသုံးပြုပါ၊



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့တိုင်းပြည် ပြန်လည်ထူထောင်ရေးအတွက် ဥစ္စာခနေ
အများကြီး လိုအပ်နေတယ်၊ ရတနာသိုက်ကို မြေကြီးထဲမှာပဲထား
အကျိုးမဲ့ဆုံးရှုံးကုန်မှာပေါ့ ''

ဟု ပြောဆိုလေရာ သီဟာက ဝင်ရောက်၍

'' ဟုတ်တယ် အဘေ၊ ဦးလေးပြောတာ ကျွန်တော်လက်
တယ်၊ ရတနာသိုက်ကို တူးဖော်ပြီး အများအကျိုးရှိမဲ့နေရာတွေ
အသုံးချရအောင် ''

ဟု ထောက်ခံလေ၏။

ထိုအခါ ဒေါ်ပန်းရုံ၏ အိမ်မဖော်အမျိုးသမီးသုံးယောက်ကလည်
ဝင်ရောက်၍ ရတနာသိုက်ကို တူးဖော်သင့်ကြောင်း အကြံပေးကြ
ဒေါ်ပန်းရုံသည် ၎င်းတို့၏စကားကို လေးနက်စွာ နားထောင်၍

'' မင်းတို့ပြောတဲ့စိတ်ကူးမျိုး အခေါ်ရင်ထဲမှာ တစ်ကြိမ်တစ်
မဖြစ်ပေါ်ဖူးဘူး၊ ရွှေဟောင်းမှန်လေးဟာ မျိုးရိုးစဉ်ဆက်ပစ္စည်းဖြစ်
အတွက် ထိန်းသိမ်းဖို့ပဲ အာရုံထဲမှာရှိတယ်၊ ရတနာသိုက်နဲ့ ပတ်သ
တဲ့ လိုချင်တပ်မက်စိတ် မဖြစ်ပေါ်ခဲ့ဘူး။ ဟုတ်တယ်၊ မင်းတို့ပြော
မှန်တယ်၊ ရတနာတွေကို တူးဖော်ပြီး အကျိုးရှိတဲ့နေရာတွေမှာ အသုံ
ရမယ်၊ လောလောဆယ်တော့ ဒီရတနာသိုက်ကို လိုချင်နေတဲ့ ၎င်းရဲ့
တွေ လက်ထဲကို ရွှေဟောင်းမှန်ကလေး ပါမသွားအောင် ဂရုစိုက်
မယ် ''





ဟု ပြောလေ၏။ ထိုအခါ ခြံစောင့်ကြီး ဦးဗလက မျက်မှောင်
ကြုတ်၍

'' ရွှေဟောင်းမှန်လေး ဘယ်မှာရှိသလဲဆိုတာတော့ ကျုပ်
မမေးမြန်းတော့ပါဘူး။ ဒါပေမဲ့ ရွှေဟောင်းမှန်ကလေးကို ဒေါ်ပန်းရုံ
သေသေချာချာ သိမ်းထားရဲ့လား ''

ဟု မေးလေ၏။ ထိုအခါ ဒေါ်ပန်းရုံက ခေါင်းညိတ်၍

'' ရွှေဟောင်းမှန်လေးကို လုံခြုံတဲ့နေရာမှာ ကျွန်မ သေသေ
ချာချာ သိမ်းထားပါတယ်၊ ကျွန်မတို့ ရန်သူတွေနဲ့ ရင်ဆိုင်ပြီးရင် ရတနာ
သိုက်ကို ကျွန်မတို့ သွားတူးဖော်ကြတာပေါ့ ''

ဟု ပြောရင်း ထိုနေ့ညက အစည်းအဝေးပွဲကို အဆုံးသတ်လိုက်
၏။ မီးတုတ်များလည်း ငြိမ်းသတ်လိုက်လေ၏။

သူတို့အားလုံး ထိုနေ့ညက အိပ်ပျော်မည်မထင်ချေ။ ဒေါ်ပန်းရုံ
၏ အတိတ်ဘဝနောက်ကြောင်းများက သူတို့အားလုံး၏ရင်ထဲတွင် စွဲ
ထင်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့မှစ၍ သူတို့အားလုံး ဒေါပန်းရုံ၏ ရန်သူတော်ကြီးများကို ရင်ဆိုင်နိုင်ရန် ပြင်ဆင်ကြလေ၏။ ဒေါပန်းရုံသည် သူ၏ဆင်စွယ်ရိုးတပ် ခြောက်လုံးပြူးသေနတ်သုံးလက်ကို တိုက်ရွတ် ဆေးကြောနေလေ၏။

ထိုသေနတ်များကို သူနှင့် အိမ်ဖော်မိန်းကလေး သုံးယောက်စလုံး ကျွမ်းကျင်စွာ ပစ်ခတ်တတ်၏။

ဦးဇလသည် ဓားကိုင်ဆောင်သောလေ့ရှိသော လေးနှင့်မြားကို အသင့်ပြုလုပ်ထားလေ၏။ အမြဲညီအစ်ကိုနှစ်ဦးက ဓူးလေးနှစ်လက်ကို စနစ်တကျ ပြင်ဆင်နေလေ၏။





သိဟကမှ တုတ်ရှည်တစ်လက်ဖြင့် ရွှေးစီးဖီးကျူးဘောင် သိုင်းလေ့ကျင့်နေလေ၏။ ဦးဇလသည် အိမ်နီးကြီး၏လုံခြုံရေးအတွက် တစ်ခြံလုံးကို လှည့်လည်ကြည့်ရှု၏။

ခြံထဲသို့ ရန်သူများ အလွယ်တကူ ဝင်ရောက်နိုင်သော အပေါက်များကို ပိတ်ဆို့၏။ ဒေါပန်းရုံနှင့် တိုင်ပင်၍ ရန်သူများကို ပစ်ခတ်နိုင်ရန် ခံကွင်းများ ရွေးချယ်၏။

အိမ်နီးကြီးတစ်အိမ်လုံး အလုပ်ရှုပ်နေချိန်တွင် ဒေါပန်းရုံ၏မွေးစားသား မောင်ရွှေမြှမှာ လွတ်လွတ်လပ်လပ်ရှိနေလေ၏။ မောင်ရွှေမြှသည် မြို့ပြင်ရှိ ထန်းတောသို့ နေ့စဉ်သွား၏။

ထန်းတော၌ သူ၏အပေါင်းအသင်းများနှင့် ပျော်ပါးမြဲ ပျော်ပါး၏။ သောက်စားမြဲ သောက်စား၏။

ဒေါပန်းရုံသည် မောင်ရွှေမြှကို မတားဆီးတော့ဘဲ ဥပေက္ခာပြုထားလိုက်လေ၏။ ခြံစောင့်ကြီး ဦးဇလက မောင်ရွှေမြှ၏ အမူအရာကို မြင်၍

" မောင်ရွှေမြှ မောင်ရွှေမြှ ဒီကောင်ဟာ တကယ်ခေါင်းမာတဲ့ကောင်ပဲ၊ တကယ်လို့များ အိမ်နီးကြီးကို ရန်သူတွေရောက်တဲ့အခါ သူဘယ်လိုခုခံနိုင်မှာလဲ၊ ဒီကောင်ဟာ ငါတို့အတွက် ဝန်ထုပ်ဝန်ပိုးဖြစ်မှာစိုးရတယ်၊ တစ်နေ့ရာမှ အသုံးမကျတဲ့ ဆန်ကုန်မြေလေးကောင်၊ အရဲ့ကျေးဇူးကိုလည်း မသိဘူး။ အရက်သောက်၊ ဓါးရိုက်၊ ကြက်တိုက်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဆိုးရှုပ်သလိုဆို။ တေရှင်သလိုတေနေတော့တာပဲ၊ မောင်ရွှေမြရဲ့ မိတ်အရင်းတွေဟာ လှူပြည်က စောစောထွက်သွားတော့ တကယ်တော့ ကံကောင်းတယ်၊ သူ့ရဲ့ဆိုးမှုတွေကို မခံစားရတော့ဘူးပေါ့ ''

ဟု ပြောလေ၏။

ဤသို့ဖြင့် ရက်များ တစ်ရက်ပြီးတစ်ရက် ကုန်လွန်လာပြီး လကွယ်ညသို့ ရောက်ခဲ့ကြလေ၏။ ဤနေ့သည် ဒေါ်ပန်းရုံ၏ ရန်သူ တော်ကြီး မြို့မှထွက်ခွာသော ဆယ်နှစ်တင်းတင်းပြည့်သည့်နေ့ ဖြစ်၏။

ဒေါ်ပန်းရုံ၏ ရန်သူတော်ကြီးများ မြို့သို့ အသီးသီး ပြန်လည် ရောက်ရှိလာကြ၏။ ၎င်းတို့သည် မြန်မာပြည်တွင်သာမက အိမ်နီးချင်း နိုင်ငံများသို့ လှည့်၍ ရှေးဟောင်းပစ္စည်းများကို အလေ့တကြီးရှာဖွေ ခဲ့ကြ၏။

၎င်းတို့သည် တပည့်တပန်းများ စုံလင်စွာဖြင့် မြို့သို့ ပြန်ရောက် လာကြ၏။ မြို့လူထုသည် ၎င်းတို့ ပြန်လည်ရောက်ရှိလာခြင်းကို အလွန် အံ့ဩနေကြ၏။

၎င်းတို့ ပြန်ရောက်လာလျှင် မြို့ပေါ်တွင် အန္တရာယ်ဆိုးများ ကြုံ တွေ့တော့မည်ဟု ယုံကြည်နေသူများလည်း ရှိ၏။ ၎င်းတို့အနက် ဦးမောင်ကြီးဆိုသူသည် တပည့်တပန်းများနှင့် မြို့စွန်ရှိ သူ၏အိမ်ကြီး၌ နေထိုင်၏။





ဦးချစ်ထူးဆိုသူမှာမူ မြို့နှင့် မလှမ်းမကမ်းတွင်ရှိသော ၎င်း၏ အိမ်ကြီး၌ တပည့်တပန်းများနှင့် နေထိုင်၏။

၎င်းတို့နှစ်ဦးသည် မြို့ပေါ်ရှိ အလွန်ထင်ရှားသော ဘုန်းကြီး ကျောင်းကြီး၌ ချိန်းဆိုပြီးတွေ့ဆုံကြ၏။

ထိုဘုန်းကြီးကျောင်းကြီးသည် လွန်စွာကျယ်ဝန်းပြီး ဘုန်းကြီး ကျောင်း၏ အနောက်ဘက်တွင် လွန်စွာကျယ်ဝင်းသော ဇရပ်ကြီး တစ်ဆောင်ရှိ၏။

၎င်းတို့နှစ်ဦး စီးနင်းလာသော ကားကြီးသည် ရှေးဦးစွာ ဘုန်းကြီးကျောင်းကြီးရှေ့တွင် ရပ်တန့်လိုက်၏။

ထိုအခါ ဘုန်းကြီးကျောင်းကြီးအတွင်း ကြုံတော့ကြုံခဲလှသော ကားကြီးနှစ်စင်းကို ဘုန်းကြီးကျောင်းသားများနှင့် ကိုရင်များ ဝိုင်းအုံ ကြည့်ရှုကြ၏။

ဦးမောင်ကြီးနှင့် ဦးချစ်ထူးသည် တပည့်တပန်းများ ခြံရံ၍ ဆရာတော်၏ ကျောင်းပေါ်သို့တက်ကာ ဆရာတော်ကိုကန်တော့၍ လှူဖွယ်ပစ္စည်းများ ဆပ်ကပ်၏။

ဆရာတော်က မြို့ပေါ်မှ နှစ်ပေါင်းများစွာ ပျောက်ဆုံးသွားသော ၎င်းတို့နှစ်ဦး၏ နောက်ကြောင်းရာဇဝင်ကို မေးမြန်းလေ၏။ ထိုအခါ ၎င်းတို့နှစ်ဦးသည် နောက်ကြောင်းကို တိတိကျကျမဖြတ်ဘဲ ပြီ ည့်ပတ်၍ ပြောကြလေ၏။



www.burmeseclassic.com

ထို့နောက် ၎င်းတို့နှစ်ဦးသည် ဘုန်းကြီးကျောင်းမှဆင်း၍ အနောက်ဘက်ရှိ ဇရပ်ကြီးဆီသို့ ဦးတည်သွားကြလေ၏။

ဇရပ်သို့ရောက်လျှင် ၎င်းတို့၏ တပည့်တပန်းများက ကော်ဇော များ ခင်း၍ စားသောက်ဖွယ်ရာမျိုးစုံကို ပြင်ဆင်လေ၏။ ထို့နောက် ရန်သူတော်ကြီးနှစ်ဦးသည် ဒေါပန်းရုံ၏ ရှေးဟောင်းမှန်လေးအကြောင်းကို ဆွေးနွေးကြလေ၏။

ထို့နောက် ဦးချစ်ထူးဆိုသောလူကြီးက စတင်၍

" တို့နှစ်ယောက်စလုံး မြန်မာပြည်အနှံ့ ရှေးဟောင်းပစ္စည်းတွေ လှည့်လည်ရှာဖွေနေခဲ့တယ်၊ မြန်မာပြည်သာမက အိမ်နီးချင်းနိုင်ငံတွေ ပါ ရောက်ခဲ့ကြတယ်၊ ငါတို့နှစ်ဖွဲ့လုံး အကျိုးအမြတ်လည်း တော်တော် ဖြစ်ခဲ့ကြတယ်၊ ငါတို့နှစ်ယောက်ဟာ မပန်းရုံကို မရနိုင်သေးဘူးဆိုတာ ထင်ရှားတယ် "

ဟု ပြောလေရာ ဦးမောင်ကြီးက သက်ပြင်းချ၍

" ဘာပဲဖြစ်ဖြစ် မပန်းရုံကို ငါစိတ်နာတယ်၊ မပန်းရုံဟာ ငါတို့ သုံးယောက်ကို မျှော်လင့်ချက်တွေပေးပြီး ဘာမဟုတ်တဲ့ တံငါသည် လူရမ်းကားတစ်ယောက်ကို လက်ထပ်သွားခဲ့တယ်၊ ဒေါပန်းရုံကြောင့် ငါတို့ရဲ့ပြိုင်ဘက် ရန်ကျော်ဟာ ဘဝပျက်ပြီး အမူးသမားဖြစ်ခဲ့ရတယ် ဒီကောင်လည်း ပျောက်ဆုံးနေတာကြာပြီ ငါ့အထင်ပြောရရင် ဒီကောင် လူ့လောကကြီးထဲမှာ မရှိတော့ဘူးထင်တယ် "





ဟု ပြောလေ၏။ ထိုအခါ ဦးချစ်ထူးက မျက်မှောင်ကြုတ်၍

" ဘာပဲဖြစ်ဖြစ်၊ ငါတို့နှစ်ယောက် အာဃာတတွေကို မေ့ထား ကြရအောင်၊ မပန်းရုံယောက်ျား တံငါသည်လူရမ်းကားလည်း သေခဲ့ပြီ ပဲ "

ဟု ပြောလေ၏။

ထိုအခါ ဦးမောင်ကြီးက သက်ပြင်းချ၍

" မင်းက မေ့ဖို့ဆိုပေမဲ့ ငါမေ့လို့မရဘူး၊ ဒေါပန်းရုံနဲ့ပတ်သက် ပြီး ငါ့နှလုံးသားမှာ ဒဏ်ရာအနာတရရှိနေဆဲပဲ၊ တကယ်တော့ ငါတို့ သူဌေးသားသုံးယောက်ထဲမှာ ငါဟာ မပန်းရုံကို အချစ်ဆုံးကွ၊ အဲဒီတုန်း က သူ့မေတ္တာကိုသာ ငါရရင် ငါ့ဘက်က အရာရာကို ပေးဆပ်ဖို့ အသင့် ပြင်ထားခဲ့တယ်၊ ဒါပေမဲ့ သူ့ရဲ့လုပ်ရပ်ကြောင့် ငါ့ရဲ့အိပ်မက်တွေ ပျက်စီး ခဲ့ရတယ်၊ ငါတို့အားလုံးရဲ့ ဂုဏ်သိက္ခာတွေလည်း ထိခိုက်ခဲ့ရတယ်၊ ဒီအတွက်ကြောင့် မပန်းရုံကို ငါ ဒီနေ့အထိ ခွင့်မလွှတ်နိုင်သေးဘူးကွ"

ဟု ပြောလေ၏။

ထိုအခါ ဦးမောင်ကြီးဆိုသော လူကြီးက ဆိတ်သားခြောက်မှုတ် ကို ဝါးလိုက်ရင်း

" ငါကတော့ မပန်းရုံကို ခွင့်လွှတ်နိုင်တယ်ကွ၊ ဘာဖြစ်လို့လဲ ဆိုတော့ မပန်းရုံဟာ တံငါသည်ကို မမျှော်လင့်ဘဲ လက်ထပ်လိုက်ရတယ် လို့ ငါထင်တယ်၊ အရင်တုန်းက မပန်းရုံဟာ ငါတို့သုံးယောက်ကို

www.burmeseclassic.com



လက်ထပ်ဖို့ ရည်ရွယ်ခဲ့ပုံရတယ်၊ ငါ့အထင်တော့ သူဟာ မမျှော်လင့်ပဲ သူ့အမေရဲ့မှတ်တမ်းကြီးကို ဖတ်ပြီးတော့ သူ့အားကိုးအားထားပြုနိုင်မဲ့ တံငါသည်ကို လက်ထပ်လိုက်တယ်လို့ ငါထင်တယ် ''

ဟု ပြောလေ၏။ ဦးမောင်ကြီး၏စကားကြောင့် ဦးချစ်ထူးသည် စိတ်လှုပ်ရှားဟန်ဖြင့်

'' ဟုတ်ပြီ၊ အဲဒါဖြစ်နိုင်တယ်၊ မပန်းရုံဟာ ငါတို့သုံးယောက်ကို စွန့်ပစ်ပြီး တံငါသည်ကိုလက်ထပ်လိုက်တာ ရွှေယောင်းမှန်လေးနဲ့ ပတ်သက်နေတာ ဖြစ်နိုင်တယ်၊ ငါဟာ ခယ်နှစ်လုံးလုံး ဒီအကြောင်းကို ဘာလို့မတွေးမိတာလဲ၊ ဒီလိုဆိုရင်တော့ မပန်းရုံကို အပြစ်ဆိုစရာမရှိတော့ပါဘူး။ မပန်းရုံ မပန်းရုံ အမှန်ထာကယ်တော့ မင်းဟာ ငါတို့သုံးယောက်ထဲက တစ်ယောက်ကို ရွေးသင့်တယ်၊ ငါတို့သုံးယောက်ထဲက တစ်ယောက်ဟာလည်း မင်းရဲ့အန္တရာယ်တွေကို ကာကွယ်ပေးနိုင်တာပဲ ''

ဟု ပြောလေ၏။

ထိုအခါ ဦးမောင်ကြီးက သက်ပြင်းချ၍

'' မပန်းရုံဟာ ရွှေယောင်းမှန်လေးနဲ့ပတ်သက်ပြီး အန္တရာယ်ရှိတယ်ဆိုတာ ရိပ်မိခဲ့ပုံရတယ်၊ သူ့အမေလက်ထက်တုန်းကလည်း ရွှေယောင်းမှန်လေးနဲ့ပတ်သက်ပြီး အန္တရာယ်ရှိခဲ့ပုံရတယ်၊ ဘာပဲဖြစ်ဖြစ် ဒီအချိန်မှာတော့ ရွှေယောင်းမှန်လေးကို အရယူနိုင်ပါပြီ ''





ဟု ကြုံးဝါးလေ၏။ ထိုအခါ ဦးချစ်ထူးက ရေနွေးကြမ်းတစ်ခွက်ကို ငှဲ့သောက်လိုက်ရင်း

'' ရွှေယောင်းမှန်လေးနဲ့ပတ်သက်တဲ့ ကိစ္စတစ်ခုကို ကျုပ် ဆွေးနွေးချင်တယ်၊ ကျုပ်ရဲ့ဆွေးနွေးချက်ကို ခင်ဗျား လေးလေးနက်နက် စဉ်းစားပါ၊ ဘာကြောင့်လဲဆိုတော့ မင်းနဲ့ငါဟာ တစ်မြို့တည်းသားတွေဖြစ်နေလို့ပဲ ''

ဟု ပြောလေရာ ဦးမောင်ကြီးက ဦးချစ်ထူး၏မျက်နှာကို ကြည့်၍ ခေါင်းခါယမ်းလိုက်ပြီး

'' ကောင်းပြီ၊ ငါတို့နှစ်ယောက် ဘာဆွေးနွေးရမှာလဲ၊ ငါတို့နှစ်ယောက်မှာ ဘာကိစ္စမှ ဆွေးနွေးစရာမရှိဘူး ထင်တယ် ''

ဟု ပြောလေ၏။

ထိုအခါ ဦးမောင်ကြီးက

'' သိပ်ရှိတာပေါ့ကွာ၊ ဒီတစ်ခါ မင်းနဲ့ငါ ထိပ်တိုက်တွေ့ပြီလေ၊ ငါတို့နှစ်ယောက်စလုံး အင်အားကြီးသူတွေကြီးပဲ၊ ရွှေယောင်းမှန်လေးနဲ့ ပတ်သက်ပြီး ငါတို့နှစ်ယောက်ဆုံတွေ့ရင် နှစ်ဖက်စလုံး အထိနာလိမ့်မယ်၊ ဒါကြောင့် ငါတို့နှစ်ယောက် ညှိနှိုင်းပြီး အဲလုပ်လုပ်ကြရင် ကောင်းမယ် ထင်တယ် ''

ဟု ပြောလေ၏။

ထိုအခါ ဦးချစ်ထူးက ခေါင်းတဆတ်ဆတ်ညိတ်၍



www.burmeseclassic.com

www.burmeseclassic.com



" မင်းပြောတဲ့အဓိပ္ပါယ်ကို ငါသိပြီ၊ ငါတို့နှစ်ယောက်ပေါင်းပြီး ရှေးဟောင်းမှန်လေးကို အရယူကြမယ်မဟုတ်လား "

ဟု မေးမြန်းလေ၏။

ထိုအခါ ဦးမောင်ကြီးက ခေါင်းညိတ်၍

" ဟုတ်တယ်၊ မင်းပြောတာမှန်တယ်၊ ရှေးဟောင်းမှန်လေးကို ရပြီး ရတနာသိုက်ကိုတွေ့ရင် ငါတို့နှစ်ယောက် အညီအမျှ ခွဲဝေယူကြမယ်၊ ဒါကြောင့် ရှေးဟောင်းမှန်လေးနဲ့ ပတ်သက်ပြီး ငါတို့ထိပ်တိုက်တွေ့စရာ မလိုတော့ဘူး "

ဟု ပြောလေ၏။ ထိုအခါ ဦးချစ်ထူးက သဘောကျဟန်ဖြင့် ခေါင်းတဆတ်ဆတ်ညိတ်၍

" မင်းရဲ့အကြံကို ငါသဘောကျတယ်၊ ဘာကြောင့်လဲဆိုတော့ အရင်တုန်းက ငါတို့နှစ်ယောက်ဟာ မပန်းရှုံကိုရဖို့ ကျားကုတ်ကျားခဲ ယှဉ်ပြိုင်ခဲ့ကြတယ်၊ ရန်သူကြီးတွေလို တစ်ဦးနဲ့တစ်ဦး တိုက်ခိုက်ခဲ့ကြတယ်၊ ဒါပေမဲ့ ဒီအချိန်မှာတော့ ငါတို့နှစ်ယောက်စည်းလုံးပြီး မပန်းရှုံရဲ့ ရတနာသိုက်ကိုရယူရမယ်၊ ဒါဟာ ဒေါ်ပန်းရှုံအတွက် ဆုံးရှုံးမှုတစ်ခုဖြစ်ပြီး ငါတို့နှစ်ယောက်အတွက်တော့ အောင်မြင်မှုပဲ၊ မပန်းရှုံဟာ အလွန်လိမ္မာပါးနပ်တဲ့ မိန်းမတစ်ယောက်ကွ၊ ငါတို့ လျော့တွက်လို့မရဘူး။ သူဟာ ငါတို့ မြို့ပေါ်ပြန်လာမယ်ဆိုတာ ကြိုတင်တွက်ဆထားပုံရတယ်၊ ရှေးဟောင်းမှန်လေးနဲ့ ပတ်သက်ပြီး သူ့ဘက်က ကြိုတင်ပြင်ဆင်မှုတွေ





လုပ်ထားနိုင်တယ် "

ဟု ပြောလေ၏။

ဦးမောင်ကြီးက ခေါင်းခါယမ်းလိုက်ပြီး

" ဘယ်လိုပဲဖြစ်ဖြစ်၊ မပန်းရှုံဟာ ငါတို့ကို မယှဉ်နိုင်ပါဘူး။ ငါတို့ဟာ မြန်မာပြည်အနှံ့လှည့်ပြီး ရင်ဆိုင်တိုက်ပွဲတွေ အမျိုးမျိုးကြုံခဲ့တယ်၊ တစ်ခါတစ်ခါ ရှေးဟောင်းပစ္စည်းရဖို့အတွက် သားကောင်ရှာသလို လိုက်ရတဲ့အခါတွေလည်း ရှိတယ်၊ နောက်ပြီး ငါတို့ဟာ အိမ်နီးချင်းနိုင်ငံတွေမှာလှည့်ပြီး အစွမ်းပြခဲ့တာပဲ၊ ဒါကြောင့် ဒေါ်ပန်းရှုံဟာ ငါတို့ကို မယှဉ်နိုင်ပါဘူး။ ငါတို့လက်ထဲ ရှေးဟောင်းမှန်လေးကို အပ်ရမှာပဲ၊ လောလောဆယ်တော့ ငါတို့နှစ်ယောက် သစ္စာရှိဖို့လိုတယ် "

ဟု ပြောလေ၏။

ထိုအခါ ဦးချစ်ထူးက ခေါင်းတဆတ်ဆတ်ညိတ်ပြီး ထိုင်ရာမှ ထရပ်လိုက်၏။ ပြီးနောက်

" စိတ်ချပါ၊ ဒီအချိန်ကစပြီး မင်း ငါ့ရဲ့အိမ်ကြီးကို အချိန်မရွေး ဝင်ထွက်နိုင်တယ်၊ ငါတို့နှစ်ယောက် ရှေးဟောင်းမှန်လေးကိုရဖို့ အစွမ်းကုန် ကြိုးစားကြတာပေါ့ "

ဟု ပြောလိုက်လေ၏။

ထို့နောက် ဦးမောင်ကြီးနှင့် ဦးချစ်ထူးတို့ သည် ၎င်းတို့၏တပည့် အပါးများနှင့် ရှေးဟောင်းဈေးကြီးမှ လမ်းခွဲပြီး ထွက်ခွာသွားကြလေ



www.burmeseclassic.com

www.burmeseclassic.com



တော့သတည်း။

အိမ်နီးကြီးတွင် နေထိုင်သူများသည် ရန်သူ၏သတင်းကို အမြဲစုံစမ်းနေသောကြောင့် ဦးမောင်ကြီးတို့ ရောက်ရှိနေသည့်သတင်းကို သိရှိသွားလေ၏။

ဒေါ်ပန်းရုံသည် ၎င်းတို့အားလုံးကို အိမ်နီးကြီး၏အနောက်ဘက်ရှိ မြွေဖြူမနတ်ကွန်းရှိရာ ခေါ်ဆောင်သွားပြီး

" ဦးရဲ့ရန်သူတော်တွေတော့ မြို့ကိုပြန်ရောက်လာပြီ၊ သူတို့ဟာ ငါထင်တဲ့အတိုင်း ရွှေဟောင်းမှန်လေးနဲ့ ပတ်သက်ပြီး မမေ့နိုင်ကြသေးဘူး။ ငါတို့မကြာမီ တိုက်ပွဲဝင်ရတော့မှာသေချာတယ် "

ဟုပြောလေ၏။

ထိုအခါ ခြံစောင့်ကြီးက ဒေါ်ပန်းရုံ၏မျက်နှာကိုကြည့်၍

" ကျုပ်တို့ တိုက်ပွဲဝင်ရတော့မယ်ဆိုတာ သေချာနေပြီ၊ ရွှေဟောင်းမှန်လေးနဲ့ပတ်သက်ပြီး ကျုပ်စိုးရိမ်နေတယ်၊ မှန်လေးကို ဘယ်မှာသိမ်းထားတယ်ဆိုတာ ဒေါ်ပန်းရုံ ကျုပ်တို့ကို ဖွင့်ပြောပြဖို့ အချိန်တန်နေပြီ "

ဟုပြောလေ၏။

ထိုအခါ ဒေါ်ပန်းရုံက သူတို့အားလုံးကို မျက်လုံးဝေ့ကြည့်၍

" ရှင်တို့အားလုံးကို ပြောပြဖို့ ကျွန်မ ဆုံးဖြတ်ပြီးပါပြီ၊ ဒါကြောင့် မြွေဖြူမရုပ်ထုရှိတဲ့ နေရာကို ရှင်တို့ကို ခေါ်ခဲ့တာပါ "





ဟုပြောရင်း ဒေါ်ပန်းရုံသည် မြွေဖြူမရုပ်ထုရှိရာသို့ ဦးတည်လျှောက်လှမ်းသွားလေ၏။ ထို့နောက် မြွေဖြူမရုပ်ထုကို လက်ဖြင့်မလိုက်၏။

ရုပ်ထု၏အောက်တွင် အံဝှက်သဏ္ဍာန်ပေါ်ပေါက်လာပြီး ဒေါ်ပန်းရုံက လက်ဖြင့်နှိုက်လိုက်သောအခါ အနက်ရောင်ဘောင်ကွပ်ထားသော ရွှေဟောင်းမှန်လေးတစ်ချပ် ထွက်ပေါ်လာ၏။

မှန်ဘောင်၏အပေါ်တွင် အလွန်အနုစိတ်သော ကနုတ်လက်ရာများကိုတွေ့ရ၏။ ဒေါ်ပန်းရုံက ထိုရွှေဟောင်းမှန်လေးကို သူတို့အားလုံးမြင်အောင် ထောင်ပြလိုက်ပြီး

" ဟောဒီမှန်ကလေးဟာ ကျွန်မအမေကို သူ့ချစ်သူ ကိုဇေယျာပေးခဲ့တဲ့ ချစ်သက်လက်ဆောင် ကလေးပါပဲ၊ ဒါကြောင့် ဒီရွှေဟောင်းမှန်လေးမှာ အလွန်ထူးဆန်းအံ့ဩဖွယ်ကောင်းတဲ့ နောက်ကြောင်းရာဇဝင်တွေရှိတယ်၊ မှန်ကလေးထဲမှာ ရတနာမြေပုံ တစ်ခုရဲ့မြေပုံကို ထည့်သွင်းထားတယ်လို့ သိရတယ်၊ ဒီရတနာတွေရဲ့ မူလပိုင်ရှင်ဟာ ကျွန်မအမေရဲ့ချစ်သူ ကိုဇေယျာတို့ရဲ့ ဘိုးဘွားပိုင်ရတနာတွေပါပဲ၊ သူတို့ဟာ မျိုးရိုးစဉ်ဆက် ချမ်းသာကြွယ်ဝတယ်လို့ သိခဲ့ရတယ်၊ ဒါပေမယ့် ရတနာတွေရဲ့ ပိုင်ရှင်တွေကတော့ မရှိကြတော့ပါဘူး "

ဟုပြောလေရာ သီတာ ဝင်ရောက်၍ မိခင်၏မျက်နှာကိုကြည့်ကာ



www.burmeseclassic.com

www.burmeseclassic.com



" ရှေးဟောင်းမှန်လေးရဲ့အနောက်က ရတနာမြေပုံကို အဒေါ် ဖွင့်ကြည့်ပြီးပြီလား "

ဟုမေးလေရာ ဒေါ်ပန်းရုံက ခေါင်းခါယမ်း၍

" ရှေးဟောင်းမှန်လေးကို အဒေါ်တစ်ကြိမ်မှ ဖွင့်မကြည့်ဖူးပါဘူး။ ဘာကြောင့်လဲဆိုတော့ ဒီရတနာတွေကို အဒေါ် စိတ်မဝင်စားခဲ့လို့ပါ။ ရှေးဟောင်းမှန်လေးကို အဒေါ်ဘာကြောင့် သိမ်းထားခဲ့ရသလဲဆိုတော့ မိဘရဲ့စကားကို မြေဝယ်မကျ နားထောင်ပြီး မျိုးရိုးစဉ်ဆက် ထိန်းသိမ်းလာခဲ့တဲ့ ပစ္စည်းတစ်ခုကို သူတစ်ပါးလက်ထဲမရောက်စေချင်လို့ပါ။ ဒါပေမဲ့ အခုတော့ အဒေါ်ရဲ့စိတ်ကူးတွေ ပြောင်းလဲသွားပါပြီ။ ရတနာမြေပုံတိုရအောင်ရှာပြီး အများအကျိုးရှိမဲ့ နေရာတွေမှာ အသုံးချရတယ်၊ ဒါပေမဲ့ လောလောဆယ် အဒေါ်တို့ လက်ထဲကရတနာမြေပုံကို သူတစ်ပါးလက် မရောက်အောင် ကြိုးစားရမယ်၊ ဒီတော့ အဒေါ် ဆုံးဖြတ်ပြီးပြီ၊ မင်းတို့အားလုံးရှေ့မှာ ရတနာမြေပုံကိုရှာမယ်၊ ပြီးရင် ရတနာမြေပုံကို အလွတ်ကျက်ပြီး ဖျက်ဆီးပစ်မယ် "

ဟုပြောလေ၏။

ထို့နောက် ဒေါ်ပန်းရုံက ရှေးဟောင်းမှန်လေး၏ နောက်ကျောမှ အနက်ရောင်သစ်သားပြားကို ခွာထုတ်လေ၏။

ထိုသို့ ခွာထုတ်ပြီးသောအခါ သစ်သားဘောင်ပေါ်တွင် ရေးခြစ်ထားသော အရေးအကြောင်းများကိုတွေ့ရလေ၏။





ထိုအရေးအကြောင်းများသည် လွန်စွာသေးငယ်လှ၏။ ခြံစောင့်ကြီး ဦးဗလသည် ဒေါ်ပန်းရုံလက်ထဲမှ ရှေးဟောင်းမှန်လေးကို ယူကြည့်၍ ခေါင်းခါယမ်းလိုက်ပြီး

" ကျုပ်တို့ ဒီအတိုင်းအလွယ်တကူ အလွတ်ကျက်လို့မရဘူးဗျ၊ ဒီမှန်လေးထဲမှာပါတဲ့ အရေးအကြောင်းတွေကို ကူးထားမယ်၊ ပြီးတော့ မှန်ဘီလူးနဲ့ချဲ့၍ မှတ်ကြည့်ရမယ် "

ဟုပြောလေ၏။ ထို့နောက် ခြံစောင့်ကြီးဦးဗလ ဦးဆောင်၍ မှန်ချပ်လေးကို ဘုရားခန်းအတွင်းသို့ ယူဆောင်သွားလေ၏။

ဘုရားခန်းအတွင်းသို့ရောက်သောအခါ ဦးဗလက မှန်ဘောင်လေးအတွင်းရှိ အရေးအကြောင်းများကို စက္ကူတစ်ရွက်ပေါ်တွင် သေချာစွာ ရေးကူးထားလေ၏။

ထိုသို့ ရေးကူးပြီးနောက် ရတနာမြေပုံသည် လွန်စွာလူသူ အရောက်အပေါက်နည်းလှသော မြန်မာပြည်အထက်ပိုင်း ဟူးကောင်းချိုင့်ဝှမ်း၌ရှိကြောင်း သိရ၏။

ခြံစောင့်ကြီးဦးဗလက ရတနာမြေပုံကိုကြည့်၍

" ကျုပ်အထင်တော့ ရတနာမြေပုံဟာ အောက်ပြည်အောက်ရွာမှာပဲ ရှိမယ်လို့ထင်တာဗျ၊ အခုဆိုရင် ရတနာမြေပုံဟာ မြန်မာပြည် အထက်ပိုင်းမှာရှိနေပြီ "

ဟုပြောလေ၏။ ဒေါ်ပန်းရုံက သက်ပြင်းချ၍



www.burmeseclassic.com

www.burmeseclassic.com



" ကျွန်မကတော့ အစကတည်းက ရတနာမြေပုံကို အောက်ပြည်အောက်ရွာမှာ ရှိမယ်လို့မထင်ဘူး။ မြန်မာပြည်အထက်ပိုင်းမှာပဲ ရှိမယ်လို့ထင်တဲ့အတိုင်း ဖြစ်လာခဲ့ပြီ "

ဟုပြောလေ၏။

ထိုအခါ အမြွှာညီအစ်ကိုနှစ်ယောက်အနက် တစ်ယောက်က

" ဟူးကောင်းချိုင့်ဝှမ်းဆိုတာ ကျုပ်တို့အတွက်တော့ မစိမ်းပါဘူး။ ကျုပ်တို့ငယ်စဉ်က ဟူးကောင်းချိုင့်ဝှမ်းမှာ ကျင်လည်ခဲ့ဖူးပါတယ် "

ဟုပြောလေ၏။

ထိုအခါ ဒေါ်ပန်းရုံက ဝင်ရောက်၍

" ဒါဆိုရင်တော့ ရတနာမြေပုံရှာမဲ့အရေးမှာတော့ မင်းတို့ညီအစ်ကိုနှစ်ယောက်ရဲ့အစွမ်းကို အများကြီးအသုံးပြုမှဖြစ်မယ် "

ဟုပြောလေ၏။

အိမ်ဖော် မိန်းမပျိုသုံးယောက်အနက် တစ်ယောက်ကလည်း ဝင်ရောက်၍

" ဘယ်လိုအခက်အခဲမျိုးနဲ့ပဲကြုံကြုံ ကျွန်မတို့ကတော့ အစေ့ဘက်က ရင်ဆိုင်တိုက်ခိုက်မှာပဲ "

ဟုပြောလေ၏။ ထိုအခါ သီဟက ဝင်ရောက်၍

" ဟူးကောင်းချိုင့်ဝှမ်းကို ကျုပ်တစ်ခါမှ မရောက်ဖူးသေးဘူး ဟူးကောင်းချိုင့်ဝှမ်းနဲ့ပတ်သက်တဲ့အကြောင်းတွေကို ပြော...





ဟုအမြွှာညီအစ်ကိုနှစ်ယောက်ဘက်သို့လှည့်၍ မေးမြန်းလေ၏။

ထိုအခါ အမြွှာညီအစ်ကိုအနက် အငယ်ဖြစ်သူက

" ဟူးကောင်းချိုင့်ဝှမ်းက အလွန်ကျယ်ပြန့်တဲ့ လွင်ပြင်ကြီးဗျ။ လွင်ပြင်ကြီးကို အရှေ့အနောက်နဲ့ မြောက်ဖက်တွေမှာ တောင်တန်းကြီးတွေနဲ့ ဝိုင်းရံထားတယ်၊ ဟူးဟောင်းလွင်ပြင်ဟာ အလွန်ရှည်လျားတဲ့ တနိုင်းခ အကြားမှာတည်ရှိတယ်၊ ဒီချောင်းကြီးမှာ ရွှေတွေအလွန်ပေါ်လို့ ရွှေကျင်တဲ့လူတွေရှိတယ်၊ အရင်တုန်းက ဟူးကောင်းလွင်ပြင်ဟာ ရွှေတွေအထွက်များလို့ မြန်မာဘုရင်လက်ထက်မှာ ကျော်ကြားတယ်၊ ဟူးကောင်းလွင်ပြင်ရဲ့အနောက်ဖက်မှာ အလွန်မြင့်မားတဲ့ ပတ်ကွိုင်တောင်တန်းကြီးရှိတယ်၊ ဟူးကောင်းလွင်ပြင်မှာ တောဆင်ရိုင်းတွေ အလွန်ပေါတယ်၊ ဒီ့အပြင် ကျောက်စိမ်းနဲ့ အဖိုးတန်ရတနာမျိုးစုံကိုလည်း တွေ့ရှိနိုင်တယ်၊ ကျုပ်တို့ငယ်စဉ်က ဟူးကောင်းမှာနေခဲ့ဖူးတော့ ဟူးကောင်းနဲ့ပတ်သက်တဲ့အရာတွေကို တော်တော်များများ မှတ်မိနေလေ့ရှိတယ် "

ဟု ပြောလေ၏။ ဒေါ်ပန်းရုံက ခေါင်းညိတ်၍

" ဒါဆိုရင်တော့ ဟူးကောင်းလွင်ပြင်ကိုသွားတဲ့ခရီးမှာ မင်းတို့ညီအစ်ကိုနှစ်ယောက်ရဲ့ အကူအညီတွေ အများကြီးလိုတာပေါ့ "

ဟု ပြောလေ၏။ ထိုအခါ သီဟက ဝင်ရောက်၍

" ကျုပ်တို့ သွားမဲ့ခရီးလမ်းမှာတော့ အန္တရာယ်အမျိုးမျိုးနဲ့



www.burmeseclassic.com

www.burmeseclassic.com



ရင်ဆိုင်ရမှာပဲ၊ အဒေါ်ရဲ့ ရန်သူတော်ကြီးတွေကလည်း အနှောင့်အယှက် အမျိုးမျိုးပေးမှာ သေချာတယ် ''

ဟု ပြောလေ၏။ ဒေါ်ပန်းရုံက ခေါင်းညိတ်၍

'' ဟုတ်တယ်၊ သူတို့ဟာ အန္တရာယ်အများဆုံးပေးမဲ့သူတွေပဲ ဘာပဲဖြစ်ဖြစ် ငါတို့ရဲ့ခရီးလမ်းကိုတော့ မရောက်ရောက်အောင်သွားရမယ် ''

ဟု ပြောရင်း စကားကို အဆုံးသတ်လိုက်လေ၏။ ဒေါ်ပန်းရုံသည် ရန်သူများနှင့်ရင်ဆိုင်ကာနီးတွင် မွေးစားသား မောင်ရွှေမြအတွက် ရင်ဟာက်မအေးဘဲ ရှိနေ၏။

ထို့ကြောင့် မောင်ရွှေမြနှင့်စကားပြောဆိုရန် ဆုံးဖြတ်ပြီး မောင်ရွှေမြရှိရာသို့ ထွက်ခဲ့လေ၏။ မောင်ရွှေမြသည် အိမ်ကြီး၏တစ်နေရာတွင် သဲအိတ်တစ်လုံးနှင့် လက်ဝှေ့ထိုးလေ့ကျင့်ရင်း အလုပ်ရှုပ်နေဟန်ရှိ၏။

ဒေါ်ပန်းရုံသည် ချွေးများစို့နေသော မောင်ရွှေမြ၏နောက်ကျောကို ကြည့်၍

'' မောင်ရွှေမြ ''

ဟု ခေါ်လိုက်လေ၏။ မောင်ရွှေမြသည် လက်ဝှေ့လေ့ကျင့်နေရာမှ ရပ်၍ ဒေါ်ပန်းရုံကို လှည့်ကြည့်လိုက်ပြီး

'' အမေဘာပြောချင်လို့လဲ ''

ဟု မေးမြန်းလိုက်လေ၏။ ဒေါ်ပန်းရုံသည် မောင်ရွှေမြအနီးသို့





လျှောက်သွားပြီး

'' အမေ့မှာ ရန်အန္တရာယ်တွေဝိုင်းရံနေတယ် မောင်ရွှေမြ၊ မင်းဟာ အိမ်နီးကြီးမှာ နေထိုင်တဲ့သူပဲ၊ အမေ့အတွက် အန္တရာယ်ရှိရင် မင်းလည်း အန္တရာယ်နဲ့ရင်ဆိုင်ရမှာပဲ၊ အမေ့ရဲ့ရန်သူတော်ကြီးတွေဟာ ဒီမြို့ကို ပြန်ရောက်နေပြီ၊ သူတို့ဟာ အလွန်လောဘကြီးပြီး ရက်စက်ကြမ်းကြုတ်ကြတယ်၊ တစ်နေ့နေ့မှာ သူတို့ အိမ်နီးကြီးကို ရောက်လာကြလိမ့်မယ်၊ သူတို့ဟာ ဥပဒေကို နားလည်တဲ့သူတွေမဟုတ်ဘူး၊ လူတစ်ယောက်ရဲ့အသက်ကို ဖက်ရွက်တစ်ရွက်လောက်တောင် တန်ဖိုးထားတဲ့လူတွေ မဟုတ်ဘူး၊ ဒါကြောင့် လူလေးမှာ အန္တရာယ်ရှိလာနိုင်တယ်၊ ဒီနေ့ကစပြီး မြို့ထဲမှာ လှည့်လည်သွားလာနေတာကို ရပ်တန်းကရပ်လိုက်ပေတော့၊ လူလေး အိမ်ထဲမှာပဲနေပါ ''

ဟု တားဆီးလေ၏။

ထိုအခါ မောင်ရွှေမြက ခေါင်းညိတ်၍

'' ကျုပ်လည်း ဒီလိုဖြစ်လာနိုင်တယ်လို့ ထင်ပြီးသားပါ၊ ဒါပေမဲ့ ကျုပ်ယောက်ျားပါ၊ သူတို့ကို ရင်ဆိုင်ဝံ့ပါတယ်၊ သူတို့ကို ဘာတစ်ဖြစ်ကျားတစ်ပြန် ပြန်ပြီးတော့ ရင်ဆိုင်ဖို့ ဆုံးဖြတ်ပြီးသားပါ ''

ဟု ပြောလေ၏။

ဒေါ်ပန်းရုံက မောင်ရွှေမြကိုကြည့်၍

'' ဘာပဲဖြစ်ဖြစ်၊ အမေ့စကားကိုနားထောင်ပါ ငါ့သား၊ အမေ့



www.burmeseclassic.com

www.burmeseclassic.com



ရန်သူတွေ ပတ်လည်ဝိုင်းနေတဲ့အချိန်မှာ မင်း အိမ်နီကြီးထဲမှာနေတာ အကောင်းဆုံးပဲ ''

ဟု ပြောလေ၏။

ထိုအခါ မောင်ရွှေမြ ခေါင်းညိတ်၍

'' ကောင်းပါပြီ၊ အမေ့စကားကို ဒီတစ်ချိန်တော့ နားထောင်လိုက်ပါ့မယ်၊ ဒါပေမဲ့ အမေ ကျုပ်ရဲ့အရည်အချင်းကို လျှော့မတွက်ပါနဲ့၊ ကျုပ်ဟာ အမေ့ရဲ့ခြံစောင့်တွေ၊ အိမ်ဖော်တွေထက် အရည်အချင်း အများကြီးရှိပါတယ် ''

ဟု ပြောကာ သဲအိတ်ကို လက်သီးဖြင့် ဆက်လက်၍ ထိုးနေလေ၏။

ဒေါ်ပန်းရုံသည် မောင်ရွှေမြထံမှ ကတိစကားကို ကြားရ၍ စိတ်အေးသွားရပြီး ထိုနေရာမှ ထွက်ခွာသွားလေ၏။

ထိုရက်ပိုင်းအတွင်း မောင်သီဟတို့သည် ဒေါ်ပန်းရုံ၏ခြံဝင်းအတွင်း ရန်သူများကို ကာကွယ်ရန် ကြိုတင်လေ့ကျင့်မှုများ ပြုလုပ်သော်၏။

ထိုအချိန်တွင် ဒေါ်ပန်းရုံ၏ရန်သူများသည် အိမ်နီကြီးပတ်ဝန်းကျင်တွင် လာရောက်၍ စောင့်ကြည့်နေကြ၏။

ခြံစောင့်ကြီးဦးဗလသည် ဒေါ်ပန်းရုံ၏ရန်သူများ အိမ်နီကြီးပတ်ဝန်းကျင်တွင် ရောက်ရှိနေကြောင်း ရိပ်စားမိ၏။ ထို့ကြောင့်





မောင်သီဟတို့ကိုခေါ်ယူ၍

'' ငါတို့အားလုံး သတိရှိမှဖြစ်တော့မယ်၊ ရန်သူတွေဟာ အိမ်နီကြီးကို ဝင်စီးဖို့ ကြံရွယ်နေကြပြီ၊ ငါတို့အိမ်ကြီးဟာ မြို့စွန်မှာရှိပြီး လူသူအရောက်အပေါက် ကင်းဝေးတဲ့အတွက် ရန်သူက လက်ရဲဇက်ရဲနိုင်မှာ သေချာတယ် ''

ဟု ပြောလေ၏။ သီဟက အိမ်ပတ်ဝန်းကျင်၌ လာရောက်ချောင်းမြောင်းနေသော ရန်သူများကိုကြည့်၍

'' ဒီကောင်တွေ အမြန်ဆုံးဝင်တိုက်ရင်ကောင်းမယ်၊ သူတို့ရှိနေတာနဲ့ ဟူးကောင်းချိုင့်ဝှမ်းကိုသွားမဲ့ အစီအစဉ်တွေ နှောင့်နှေးကုန်ပြီ ''

ဟု ပြောလေ၏။ ထိုအခါ အမြွာညီအစ်ကိုနှစ်ယောက်က အိမ်နီကြီး ပတ်ဝန်းကျင်သို့ မျက်လုံးဝေ့ကြည့်၍

'' ဒီကောင်တွေ မကြာတော့ပါဘူး၊ ငါတို့အိမ်ကို ဝင်စီးတော့မှာပါ၊ ဒီနေ့ညပဲ ဝင်စီးလိမ့်မယ်ထင်တယ် ''

ဟု ပြောလေ၏။ ထိုအခါ ခြံစောင့်ကြီးဦးဗလကလည်း ခေါင်းညိတ်၍

'' ဟုတ်တယ်၊ ဒီကောင်တွေ ငါတို့ခြံကို စောင့်ကြည့်နေတာကြာပြီ၊ ဒီနေ့ည ငါတို့အိမ်ကို အကဲစမ်းတဲ့အနေနဲ့ ဝင်စီးလိမ့်မယ် ''

ဟု ပြောလေ၏။ ထိုအခါ အနောက်သို့ရောက်လာသော ဒေါ်ပန်းရုံက ခြံပြင်ကိုကြည့်၍

www.burmeseclassic.com



" ကျွန်မရဲ့ရန်သူတွေမှာ ထူးခြားမှုတစ်ခုဖြစ်နေတယ်၊ သူတို့ အဖွဲ့နှစ်ဖွဲ့ဟာ ရန်လိုတဲ့အရိပ်လက္ခဏာမတွေ့ဘူး၊ ကျွန်မအထင်တော့ သူတို့နှစ်ဖွဲ့ ပူးပေါင်းသွားပြီထင်တယ်၊ သူတို့ စည်းလုံးညီညွတ်သွားပြီ ဆိုရင်တော့ ကျွန်မတို့အတွက် ပိုခက်သွားပြီ ကျွန်မရဲ့ မူလအကြံအစည် က သူတို့နှစ်ဖွဲ့ကို ရန်တိုက်ပေးဖို့ပဲ၊ အခုတော့ သူတို့က လက်ဦးသွားပြီ ကျွန်မတို့ ဟူးကောင်းချိုင့်ဝှမ်းကို အမြန်သွားမှဖြစ်မယ်၊ ရတနာတွေကို အမြန်ဆုံးရှာထားပြီး အများအကျိုးရှိတဲ့နေရာတွေမှာ အမြန်ဆုံး လှူဒါန်းပစ်ရမယ်၊ ကျွန်မတို့လက်ထဲမှာ ရတနာတွေမရှိတော့ဘူးဆိုရင် ဒီလူတွေ ကျွန်မတို့ကို ဓားပြတိုက်လို့မရတော့ပါဘူး "

ဟု ပြောလေရာ ခြံစောင့်ကြီး ဦးဗလက ခေါင်းညိတ်၍

" မပန်းရုံရဲ့အကြံအစည်က ကောင်းတယ်၊ ကျုပ်တို့ ရတနာ တွေကို အမြန်ဆုံးသွားရှာပြီး တူးဖော်ယူမယ်၊ ပြီးရင် တိုင်းသိပြည်သိ အများအကျိုးရှိမဲ့နေရာတွေမှာ လှူဒါန်းပစ်မယ်၊ ကျုပ်တို့လက်ထဲမှာ ရတနာတွေမရှိတော့ဘူးဆိုရင် ဒီကောင်တွေ ဘာလုပ်လို့ရမှာလဲ၊ မကျေ နပ်ရင် ကျုပ်တို့ကို တိုက်ပွဲဆင်လို့ပဲ ရတော့မှာပေါ့ "

ဟု ပြောလေ၏။ ထိုအခါ သီဟက ဝင်၍

" ဒီကောင်တွေ မကျေနပ်လို့ တိုက်ပွဲဆင်ရင်လည်း ဆင်ပါစေ ကျုပ်တို့ရင်ဆိုင်ဝံ့ပါတယ်၊ ကျုပ်တို့ဆီမှာ ရတနာတွေမရှိတော့ဘူးဆိုရင် ဒီကောင်တွေကိုရင်ဆိုင်ဖို့ လွယ်ကူတာပေါ့၊ ဘာမှငဲ့ညှာစရာမလိုဘဲ





သူသေကိုယ်သေ တိုက်ခိုက်လို့ရတယ် "

ဟု ပြောလေ၏။

ထိုအခါ အမြွှာညီအစ်ကိုကလည်း ဝင်ရောက် ၍ ရန်သူများကို အားကျိုးမာန်တက် တိုက်ခိုက်မည်ဖြစ်ကြောင်း စိတ် အား ထက်သန်စွာ ပြောဆို၏။

ဒေါ်ပန်းရုံကလည်း စိတ်အားတက်ကြွနေသော အိမ်နီကြီး၏ အလုပ်သမားများကိုကြည့်၍

" ဒါဆိုရင် ငါတို့ ဟူးကောင်းချိုင့်ဝှမ်းဒေသကို အမြန်ဆုံးသွား ကြမယ်၊ လမ်းခရီးတစ်လျှောက်လုံး ငါ့ရဲ့ရန်သူတွေ ငါ့ကို အန္တရာယ် အမျိုးမျိုးပေးမှာသေချာတယ်၊ ငါ့အထင်တော့ ဒီနေ့ညဟာ ငါ့အတွက် အရေးကြီးတဲ့ညတစ်ညပဲ၊ ရန်သူတွေ အိမ်နီကြီးကို ဝင်စီးကြမယ်ထင် တယ်၊ မင်းတို့အားလုံး သတိဝီရိယရှိကြပါ "

ဟု သတိပေးလေ၏။

ထိုနေ့ည၌ အိမ်နီကြီးရှိလူများသည် ညစာကို စောစီးစွာပင် စားသောက်ထားကြလေ၏။ အိမ်နီကြီး၏ပိုင်ရှင် ဒေါ်ပန်းရုံတစ်ယောက် ယနေ့ည စန္ဒရားမတီးဖြစ်တော့ချေ။

ဒေါ်ပန်းရုံသည် ဘုရားခန်းထဲသို့ ဝင်ရောက်၍ ဦးစွာ ဘုရားရှိခိုး လေ၏။ ဒေါ်ပန်းရုံ၏သား မောင်ရွှေမြသည်ပင်လျှင် သူ၏ခြောက်လုံးပြူး သေနတ်ကြီးအား တသသ ပြင်ဆင်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ပန်းရုံ၏ အိမ်ဖော်မိန်းကလေးများသည် ဆင်စွယ်ရိုးတပ် ခြောက်လုံးပြူးတစ်လက်စီဖြင့် အသင့်အနေအထားရှိကြ၏။

ခြံစောင့်ကြီးဦးဇလမှာ ကွမ်းတစ်ရာကိုဝါး၍ အမှောင်ထဲသို့ စူးစိုက်ကြည့်လိုက်လေ၏။ ၎င်းတို့ခြံသည် လူပြတ်သောနေရာတွင်ရှိသဖြင့် ညရှစ်နာရီကျော်သောအခါ တိတ်ဆိတ်ငြိမ်သက်သွားလေ၏။

ထိုနေရာ၌ လမ်းသွားလမ်းလာများပင် မရှိတော့ချေ၊ သီဟတို့သည် အိမ်နီကြီး၏ပတ်ပတ်လည်တွင် စောင့်ကြပ်နေ၏။ အိမ်နီကြီးရှိရာ ခြံကြီးသည် အလွန်ကျယ်ဝန်းလှသဖြင့် ရန်သူများထိုးဖောက်၍ မဝင်ရောက်နိုင်ရန် အထူးဂရုပြုရ၏။

ထိုအခိုက်မှာပင် အိမ်နီကြီးအရှေ့ဘက်တောအုပ်၌ လူသူ အရိပ်အယောင်များကို မြင်တွေ့ရလေ၏။ ပတ်ဝန်းကျင်သည် တိတ်ဆိတ်ငြိမ်သက်နေသဖြင့် တောအုပ်ထဲမှ စကားပြောသံ၊ တီးတိုးသံများကို ကြားရ၏။

သီဟတို့သည် အိမ်နီကြီးအရှေ့ဘက်ဆီသို့ အာရုံစူးစိုက်ကြည့်နေကြ၏။ ယနေ့ည ဝင်ရောက်တိုက်ခိုက်ရန် သေချာသွားခဲ့လေပြီ။

အိမ်နီကြီးအရှေ့ဘက်ရှိရန်သူများသည် ဆေးလိပ်မီးတရဲရဲဖြင့် အိမ်နီကြီးထဲသို့ ဝင်ရောက်တိုက်ခိုက်ရန် စောင့်မျှော်နေကြ၏။

ဒေါ်ပန်းရုံသည် ဘုရားခန်းကိုမီးပိတ်ကာ အိမ်နီကြီးအရှေ့ဘက်ရှိ တောအုပ်ဆီသို့ ခြောင်းမြောင်းကြည့်ရှုလေ၏။ သူမသည် ဆင်စွယ်မှ





တပ် ခြောက်လုံးပြူးကို တင်းတင်းဆုပ်ကိုင်လိုက်ရင်း သူမ၏ရန်သူတော်များကို ရင်ဆိုင်ရမည်ဟု တွေးကာ စိတ်လှုပ်ရှားနေမိ၏။

အမြွှာညီအစ်ကိုသည် သီဟတို့အနီးသို့ ရောက်ရှိလာပြီး

" ဒီကောင်တွေ ကျုပ်တို့ထင်တဲ့အတိုင်း အရှေ့ဘက်တောအုပ်ထဲကနေ ရောက်လာကြပြီ "

ဟု ပြောလေ၏။

ဒေါ်ပန်းရုံ၏သား မောင်ရွှေမြသည် ဝရန်တာတွင် ခြောက်လုံးပြူးသေနတ်တစ်လက်ဖြင့် ပုန်းအောင်း၍စောင့်ရင်း တောစပ်မှရန်သူများကို ပစ်ခတ်မည် တကဲကဲဖြစ်လုပ်နေ၏။

၎င်းကို အချိန်မကျသေးသဖြင့် ဒေါ်ပန်းရုံက တားဆီးထားရလေ၏။ သီဟသည် တောစပ်တွင်ရှိနေသော ရန်သူများ၏ လှုပ်ရှားမှုကိုကြည့်၍ ခံစားမှုတစ်မျိုးကို ဖြစ်ပေါ်နေမိ၏။

ထိုခံစားမှုမှာ ရန်သူများနှင့်ပတ်သက်၍ တစ်စုံတစ်ရာ မှားယွင်းမှာကို စိုးရိမ်နေမိ၏။ ရန်သူများသည် အတွေ့အကြုံရင့်သော ရှေးဟောင်းပစ္စည်းမှဆိုးများပင်ဖြစ်၏။

ယခု ၎င်းတို့အိမ်နီကြီးသို့ ရန်သူများချည်းကပ်လာနေပုံမှာ ၎င်းတို့၏ အတွေ့အကြုံနှင့် နှိုင်းစားလျှင် အထင်သေးဖွယ်ဖြစ်၏။

ရန်သူများရှိနေသော အိမ်နီကြီးအရှေ့ဘက်တောအုပ်မှ လူသံများကို မသိမသာကြားသိနေရ၏။ ထို့ပြင် ဆေးလိပ်မီးတရဲရဲကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



မြင်တွေ့နေရ၏။

ကမ္ဘာအရပ်ရပ်ရှိ ရေးဟောင်းပစ္စည်းများကို လှည့်လည်ရှာဖွေနေသော မုဆိုးများသည် ဤမျှပေါ်ဆပါမည်လော။ သီဟသည် ထိုသို့တွေး၍ တစ်စုံတစ်ရာကို မျက်မှောင်ကြုတ်ကာ ခြံစောင့်ဦးဗလဘက်သို့လှည့်၍

" အိမ်နီကြီးအနောက်ဘက်က သချိုင်းမှာ အကာအကွယ်မရှိဘူးနော်၊ ရန်သူတွေ အနောက်ဘက်က လှည့်ဝင်လာရင် ခက်မယ် "

ဟု ပြောလေ၏။ ထိုအခါ ဦးဗလက သီဟကိုကြည့်၍

" ဒီကောင်တွေ အရှေ့ဘက်ကနေ အိမ်နီကြီးကို ချောင်းနေပြီပဲ၊ အနောက်ဘက်က မလာနိုင်တော့ပါဘူး "

ဟု ပြောလေ၏။ သီဟသည် ဦးဗလ၏စကားကို လက်မခံနိုင်ဘဲ

" ကျုပ်တို့ရန်သူတွေ ဒီလောက်ညံ့မယ်မထင်ဘူး။ ကျုပ်တို့ကို အရှေ့ဘက်ကနေ အယောင်ပြပြီး အနောက်ကနေ ဝင်တိုက်သွားရင် ခက်မယ် "

ဟု ပြောလေ၏။ ထိုအခါ ဦးဗလက လေးနှင့်မြားကို အသင့်ပြင်၍ ခေါင်းခါယမ်းလိုက်ပြီး

" မင်းရဲ့အတွေး ခေါ်လွန်းတယ်သီဟ၊ ဒီကောင်တွေ မှောင်ရိပ်ခိုပြီး ဝင်တိုက်နိုင်တယ်၊ ငါတို့ရှေ့က ရန်သူတွေကိုသာ ဂရုစိုက်စမ်းပါ၊ ဒီကောင်တွေ မှောင်ရိပ်ခိုပြီး အိမ်နီကြီးကို ချဉ်းကပ်လာလိမ့်မယ်၊ ငါတို့





ဒီကောင်တွေကို မှတ်လောက်သားလောက်အောင် တွယ်လိုက်ကြရအောင် "

ဟု ပြောလေ၏။ အမြှောညီအစ်ကိုသည်လည်း ဦးဗလ၏စကားကို ထောက်ခံဟန်ဖြင့် အမှောင်ထဲသို့သာ လက်နက်တပြင်ပြင် ဖြစ်နေ၏။

သီဟသည် သူ၏မိတ်ဆွေများကို ပြောမရသဖြင့် ၎င်းတို့အနီးမှ တစ်ကိုယ်တည်း ထွက်ခဲ့လေ၏။ အိမ်နီကြီးအနောက်ရှိ သချိုင်းသည် မိမိတို့၏ ဟာကွက်ဖြစ်နေလေ၏။

ရန်သူများသည် ထိုနေရာမှ ထိုးဖောက်ဝင်လာလျှင် အခက်တွေ့မေတော့မည်။ သီဟသည် အိမ်နီကြီးပေါ်သို့တက်၍ ဒေါ်ပန်းရုံအား ပြောပြချင်မိ၏။

သို့သော် မိမိ၌ အချိန်များစွာ မကျန်တော့သဖြင့် အိမ်နီကြီးအနောက်ဘက်သို့သာ အမြန်ဆုံးထွက်ခဲ့လေ၏။

အိမ်နီကြီးအနောက်ဘက်ရှိ ခြံဝန်းသည် ကျယ်ဝန်းပြီး ချုံနွယ်ပိတ်ပေါင်းများ ထူထပ်များပြား၏။

သီဟသည် ထိုနယ်မြေကို ကျွမ်းကျင်သဖြင့် ခြံအနောက်ရှိရာသို့ လျှင်မြန်စွာ ရောက်ရှိသွား၏။

အိမ်နီကြီး၏အနောက်၌ ဒေါ်ပန်းရုံ၏ အစီအစဉ်ဖြင့် ဓာတ်လင်း မီးသုံးလုံးထွန်းထားသဖြင့် ယခင်ညများနှင့် မတူပဲ လင်းထိန်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



သီဟသည် ကျွန်းပင်ကြီးတစ်ပင်ကို အကာအကွယ်ပြု၍ ရန်သူများ၏ အရိပ်အခြေကို စောင့်ကြည့်နေမိ၏။ အိမ်နီကြီးအနောက်ဘက်ရှိ သချိုင်းတစ်ခုလုံး မှောင်ပိန်းနေသဖြင့် လူသူအရိပ်အယောင်ကို မမြင်ရချေ။

ထိုအခိုက်မှာပင် သူ၏အနီးမှ သစ်ရွက်ခြောက်များ နင်းခြေသံကို ကြားရ၏။ သီဟသည် ခြံထဲတွင် ရန်သူဝင်ရောက်ပြီဟု အသိဝင်လိုက်ပြီး ရန်သူကို တိုက်ခိုက်ရန် စောင့်နေမိ၏။

ထိုအခိုက်မှာပင် ရန်သူသည် ကျွန်းပင်ကြီးအနောက်သို့ ရောက်ရှိလာ၏။ ထို့ကြောင့် သီဟသည် ရန်သူကို ချုပ်နှောင်ပြီး လည်တိုင်အားဓားဖြင့်ခုတ်ပိုင်းရန် ပြင်ဆင်လိုက်၏။

ထိုအခါ ရန်သူမှာ ကိုယ်ခံပညာကျွမ်းကျင်ဟန်ဖြင့် ရှန်းကန်၍ ရင်ဆိုင်တိုက်ခိုက်လေ၏။ သီဟသည် ရန်သူကို အလျော့ပေးတိုက်ခိုက်ရန် အကြောင်းမရှိသဖြင့် ပြင်းထန်စွာ တိုက်ခိုက်လေ၏။

ရန်သူမှာ သီဟ၏တိုက်ခိုက်မှုကြောင့် အခက်တွေ့သွားပုံရ၏ ထိုအခိုက်မှာပင် သီဟသည် ရန်သူထံမှ မွှေးပျံ့သောရနံ့တစ်မျိုးကို၍ မျက်မှောင်ကြုတ်လိုက်ပြီး တိုက်ခိုက်ခြင်းကို ရပ်တန့်ကာ

“ ဟင်... မင်း... မင်း... မင်း စံပယ်မဟုတ်လား ”

ဟု မေးမြန်းလိုက်၏။

စံပယ်ဆိုသော မိန်းမပျိုမှာ အိမ်နီကြီး၏အိမ်ဖော်မိန်းကလေး





သုံးယောက်အနက် အငယ်ဆုံးမိန်းကလေး၏အမည်ဖြစ်၏။ ရန်သူသည် သီဟ၏အသံကြောင့် တိုက်ခိုက်ခြင်းကို ရပ်တန့်၍

“ ဟင်... ရှင်... ရှင် ကိုသီဟမဟုတ်လား ”

ဟု မေးမြန်းလေ၏။ သီဟသည် ရန်သူမှာ စံပယ်ဆိုသော မိန်းကလေးမှန်း သေချာသွားသောအခါ သံသယဝင်သွားပြီး မယုံသင်္ကာဟန်ဖြင့် ကြည့်၍

“ စံပယ်၊ ဒီလိုအချိန်မျိုးမှာ မင်းဘာဖြစ်လို့ အိမ်နီကြီးအနောက်ကို ရောက်နေတာလဲ ”

ဟု မေးလေ၏။

စံပယ်ဆိုသော မိန်းကလေးကလည်း

“ ရှင်ရော ဘာဖြစ်လို့ အိမ်နီကြီးအနောက်ကို ရောက်နေတာလဲ၊ ရှင်ဟာ မသင်္ကာစရာ သိပ်ကောင်းတယ် ”

ဟု စွပ်စွဲလေ၏။ ထိုအခါ သီဟက စံပယ်ဆိုသော မိန်းကလေးကို ကြည့်၍

“ ဒီမှာ မင်း ငါ့ကို ဘာမှမယုံသင်္ကာစကားတွေ ပြောမနေနဲ့၊ အိမ်နီကြီးအနောက်မှာ ရန်သူတွေဝင်ရောက်နိုင်တယ်လို့ ငါသံသယရှိတဲ့အတွက် ဒီနေရာကို ထွက်လာခဲ့တာကွ ”

ဟု ပြောလေ၏။ ထိုအခါ မိန်းမပျိုကလည်း သီဟကိုကြည့်၍

“ ဟင်... ဒါဆိုရင် ရှင်နဲ့ကျွန်မ အကြံချင်းတူနေပြီ၊ ကျွန်မလည်း



www.burmeseclassic.com

www.burmeseclassic.com



အိမ်နီကြီးအနောက်ကို စိတ်မချလို့ ထွက်လာခဲ့တာ ''

ဟု ပြောလေရာ သီဟက မိန်းမပျိုကို မျက်မှောင်ကြုတ်ကြည့်၍

'' မင်းက ဘာဖြစ်လို့ အိမ်နီကြီးအနောက်ကို စိတ်မချဖြစ်ရတာလဲ ''

ဟု မေးမြန်းလေ၏။ ထိုအခါ မိန်းမပျိုက သက်ပြင်းချ၍

'' ကျွန်မစိတ်ထဲမှာ သံသယဖြစ်နေတယ်၊ ရန်သူတွေဟာ ကမ္ဘာလှည့်ပြီး ရှေးဟောင်းပစ္စည်းတွေကို မုဆိုးတွေလို အနံ့ခံပြီး ရှာဖွေနေတဲ့သူတွေဖြစ်တယ်၊ သူတို့မှာ အတွေ့အကြုံအများကြီးရှိတယ်၊ အန္တရာယ်အမျိုးမျိုးနဲ့လည်း ရင်ဆိုင်ကြုံတွေ့ဖူးတဲ့လူတွေပဲ၊ သူတို့လို လူတွေဟာ အိမ်နီကြီးရဲ့အရှေ့ဘက်မှာ ဆေးလိပ်မီးတဝင်းဝင်းနဲ့ လူသံ သူသံတွေထွက်နေတာ အံ့ဩစရာပဲ၊ ဒါဟာ ကျွန်မတို့ကို လှည့်စားခြင်းလားလို့ ကျွန်မ သံသယဖြစ်မိတယ်၊ ဒီအကြောင်းတွေကို ကျွန်မရဲ့အစ်မတွေကို ဖွင့်ပြောခဲ့ပေမဲ့ သူတို့က လက်မခံကြဘူး။ အဓမ ဒေါ်ပန်းရုံကိုလည်း ကျွန်မ ပြောဖို့အချိန်မရတဲ့အတွက် အိမ်နီကြီးရဲ့အနောက်ဘက်ကို ကျွန်မတစ်ကိုယ်တည်း ထွက်ခဲ့ရတာပဲ ''

ဟု ပြောလေ၏။ ထိုအခါ သီဟ

'' ဒါဆိုရင်တော့ မင်းနဲ့ငါ အကြံချင်းတူနေပြီ၊ ငါလည်း အိမ်နီကြီး အနောက်ဘက်ကို သံသယရှိလို့ ဒီနေရာက လာစောင့်နေတာပဲ၊ မင်းကို ရန်သူအမှတ်နဲ့ မှားယွင်းပြီး တိုက်ခိုက်ခဲ့တာ သံသယစိတ်ကြောင့်





ပါ ဒါတို့ ဒီနေရာကနေ ရန်သူတွေကို စောင့်ကြည့်ကြရအောင် ''

ဟု ပြောလေ၏။

ထိုအခိုက်မှာပင် မိန်းမပျိုက သချိုင်းအတွင်းသို့ လက်ညှိုးညွှန်ပြလိုက်ပြီး သီဟလှမ်းကြည့်လိုက်သောအခါ သချိုင်းတွင်းမှ လက်ခနဲဖြစ်သွားသော မီးရောင်ကို မြင်တွေ့လိုက်ရ၏။

သီဟက လေသံတိုးတိုးဖြင့်

'' သချိုင်းထဲမှာ လှုပ်ရှိပ်တွေ့တယ်၊ ငါတို့ထင်တာတော့ မှန်နေပြီ၊ သူတို့ဟာ အိမ်နီကြီးအရှေ့ဘက်က အယောင်ပြပြီး အနောက်ဘက်က ဝင်မှာမယ် ''

ဟု ပြော၍ ရန်သူများ၏ အရိပ်အခြေကို ခြောင်းမြောင်းကြည့်ရှုနေလေ၏။ သချိုင်းအတွင်းမှ လှုပ်ရှားသံများကို တိုးတိုးသာကြားရ၏။

သချိုင်းတွင်းမှ လေတိုးသံနှင့် အစာရှာထွက်လာသော ညငှက်တို့၏ အသံကိုလည်း ကြားရ၏။

အိမ်နီကြီး၏အနောက်ဘက်မှ အလင်းရောင်ထွန်းထားသော ကြောင့် အောက်လင်းမီးများရှိနေ၏။ မိန်းမပျိုသည် သီဟ၏လက်မောင်းကို တင်းကျပ်စွာဆုပ်၍

'' ရန်သူတွေရောက်လာပြီ ''

ဟု လေသံတိုးတိုးဖြင့် ပြောလေ၏။ အိမ်နီကြီးသို့ ချည်းကပ်လာသော လူလေးငါးယောက်ဖြစ်ပြီး သေနတ်နှင့်ဓားရှည်များကို ကိုင်ဆောင်ထား



www.burmeseclassic.com

www.burmeseclassic.com



၏။

သီဟက မိန်းမပျိုဘက်သို့လှည့်၍ လေသံတိုးတိုးဖြင့်

“ မင်းပြန်နှင့်၊ ရန်သူတွေကို ငါရင်ဆိုင်တိုက်ခိုက်မယ် ”

ဟု ပြောလေ၏။ ထိုအခါ မိန်းမပျိုက သီဟကိုကြည့်၍

“ ကျွန်မလည်း ရှင်နဲ့အတူတိုက်မယ်လေ ”

ဟု ပြောလေ၏။ သီဟက ခေါင်းခါယမ်း၍

“ မင်းအသာနေစမ်းပါ၊ ငါတစ်ယောက်တည်း တိုက်နိုင်ပါတယ် မင်း အိမ်နီးကြီးကိုပြန်ပြီး ရန်သူတွေဝင်ရောက်လာတဲ့အကြောင်း သတင်းပို့ပါ ”

ဟု ပြောလေ၏။

ထို့နောက် သီဟသည် ရန်သူများနှင့် ရင်ဆိုင်တိုက်ခိုက်ရန် အမှောင်ရိပ်ထဲသို့ တိုးဝင်သွား၏။ ရန်သူများသည် အနောက်ဘက်မှ ရင်ဆိုင်တိုက်ပွဲများ မတွေ့ကြုံနိုင်ဟု ယူဆထားပုံရ၏။

သီဟသည် သစ်ပင်ကြီး၏အနောက်တွင် ပုန်းကွယ်၍ ရန်သူများကို စောင့်ကြိုနေလေ၏။

ထိုအခိုက်မှာပင် ဓားရှည်ကိုင်ထားသော ရန်သူတစ်ဦးသည် သစ်ပင်အနောက်သို့ ရောက်ရှိလာရာ သီဟသည် ရန်သူ၏ ဓားကိုင် လက်ကို ဆွဲလှ၍ ရင်ဝသို့ ဒူးဖြင့်တိုက်လိုက်၏။

ရန်သူသည် ထင်မှတ်မထား၍ အငိုက်မိကာ အင့်ခနဲအော်





မြေပေါ်သို့ ပြိုလဲကျသွား၏။ သီဟသည် ရန်သူ၏ကိုယ်ခန္ဓာကို ချုံထဲသို့ ဆွဲသွင်းရန် ကြံနေစဉ် အနီးသို့ ရန်သူတစ်ဦး ထပ်မံရောက်ရှိလာ၏။

ရန်သူသည် မိမိကိုမမြင်ဘဲဖြစ်နေစဉ် သီဟသည် သစ်ပင် အကွယ်မှ ရန်သူ၏ဝမ်းဗိုက်သို့ ခြေဖြင့်တအား ဆောင့်ကန်လိုက်၏။

ရန်သူသည် ချက်ကောင်းထိသွားသဖြင့် မြေပေါ်သို့ ပြိုကျသွား၏။သီဟသည် အသံတိတ်တိုက်ခိုက်နေသဖြင့် ရန်သူများ ရိပ်စားမိပုံ မရချေ။

ထိုအခိုက်မှာပင် ရန်သူများ၏အသံဗလံကို ကြားရသဖြင့် သီဟသည် သစ်ကိုင်းပေါ်သို့ ခိုဆွဲ၍ တက်လိုက်၏။

ရန်သူနှစ်ဦးသည် သစ်ပင်အနောက်သို့ ချွတ်နင်း၍ ရောက်ရှိလာ၏။ ထိုသူများသည် ရှေ့မှတက်လာသူများကို အသံအုပ်အုပ်ဖြင့် လှမ်းခေါ်နေကြ၏။

သီဟသည် ထိုအခွင့်အရေးကို အရယူပြီး သစ်ပင်ပေါ်မှ ဝုန်းခနဲ ခုန်ဆင်းကာ ရန်သူနှစ်ဦးကို ခေါင်းချင်းဆိုင်တိုက်ပေးလိုက်၏။

ထိုအခိုက်မှာပင် အနီးသို့ ခပ်ယဲ့ယဲ့သော မိန်းမပျိုရောက်ရှိလာပြီး လိမ့်ကျသွားသော ရန်သူများကို ကြည့်ကာ

“ ရှင့်အတွက် ကျွန်မ စိုးရိမ်လို့ စောင့်နေတာ ”

ဟု ပြောလေ၏။ သီဟသည် မိန်းမပျိုကိုကြည့်၍ ခေါင်းခါယမ်း လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



“ အိမ်နီကြီးကို အမြန်သွားပြီး ရန်သူတွေကို ရောက်နေကြောင်း အကြောင်းကြားလိုက်တော့လေ၊ အိမ်နီကြီးအနောက်မှာ တကယ် ကြောက်စရာကောင်းတဲ့ရန်သူတွေ ရောက်နေပြီ ”

ဟု အလောတကြီး ပြောလေ၏။

ထိုအခိုက်မှာပင် ရန်သူသည် အောက်လင်းမီးအလင်းရောင်ဖြင့် မိန်းမပျိုနှင့် သီဟကို မြင်သွားပြီး ဓားရှည်ကိုယ်စီဖြင့် တိုက်ခိုက်ရန် ပြေးလွှားလာကြ၏။

သီဟသည် မိန်းမပျိုကို သတိပေးရန် မဖြစ်နိုင်တော့ဘဲ ရန်သူ၏ ဓားရှည်ကို ကမန်းကတန်း ရှောင်တိမ်းလိုက်ရ၏။

မိန်းမပျိုမှာလည်း တစ်ဖက်ရန်သူ၏ လှံရှည်ဖြင့် တိုက်ခိုက်ခြင်းကို ခံနေရ၏။ မိန်းမပျိုသည် သူမ၏နောက်ကျောတွင် လွယ်ထားသော ဓားရှည်ကိုထုတ်၍ ရန်သူကိုခုခံ၏။

ထိုအခါ ဓားနှစ်လက်ရိုက်ခတ်သော တချွင်ချွင်အသံများ ထွက်ပေါ်လာပြီး မီးများပင် ထွက်လာလေ၏။ သီဟသည် တစ်ဖက် ရန်သူကို ခုခံရင်း သစ်ပင်ကိုမှီစီးကာ ရန်သူ၏မေးရိုးအား ခြေဖြင့် တအားဆောင့်ကန်လိုက်၏။

ရန်သူသည် သီဟ၏ကန်ချက်ကို မယှဉ်နိုင်ဘဲ နောက်သို့ လန်ကျ သွားလေ၏။ မိန်းမပျိုသည် ရန်သူကို ခုခံတိုက်ခိုက်နေစဉ် အနီးသို့ ရန်သူ နှစ်ဦး ထပ်မံရောက်ရှိလာပြီး မိန်းမပျိုကို ဝင်ရောက်တိုက်ခိုက်လေ၏။





ထိုအခါ ဓားခုတ်သံများ၊ အော်ဟစ်ကြွေးကြော်သံများ မြို့ အနောက်တွင် ဆူညံပွက်လောရိုက်နေတော့၏။ သီဟသည် ရန်သူနှစ်ဦး ကို ခုခံကာကွယ်ရင်း မိန်းမပျိုအား အိမ်နီကြီးရှိရာသို့ သွားရောက် ပြောဆိုရန် အော်ဟစ်ပြောဆိုလေ၏။

ရန်သူများသည် အိမ်နီကြီးအနောက်တွင် ခုခံကာကွယ်မှုများ ရှိလိမ့်မည်ဟု မျှော်လင့်မထားသဖြင့် အခက်ကြုံနေကြ၏။

သို့သော် ရင်းတို့ကို ခုခံကာကွယ်နေသူမှာ လူငယ်စုံတွဲတစ်တွဲ သာ ဖြစ်သဖြင့် အပြင်းအထန် တိုက်ခိုက်နေတော့၏။ ရန်သူများသည် ကြမ်းကြုတ်ရက်စက်သူများဖြစ်ပြီး သီဟတို့ကို အလွယ်တကူ အနိုင်မယူ နိုင်သောအခါ လက်နက်များကို ထုတ်၍ ပစ်ခတ်ရန်ကြိုးစားသ၏။

သီဟသည် လက်နက်ကိုင်လူတစ်ဦး၏လက်ကို ခြေဖြင့် တအား ဆောင့်ကန်လိုက်ပြီး ဓါးဖြင့် ခုတ်ပိုင်းလိုက်၏။ မိန်းမပျိုသည် ရန်သူ၏ သေနတ်ကျည်ဆံကို ကာကွယ်ရန် သစ်ပင်အနောက်သို့ ဝင်ရောက် ပုန်းအောင်းနေလေ၏။

အိမ်နီကြီးအနောက်၌ သေနတ်သံများ ဆူဆူညံညံကြားရသဖြင့် ဦးဗလတို့လူစုသည် အိမ်နီကြီးအနောက်သို့ ရောက်ရှိလာ၏။

ထို့နောက် သီဟတို့နှင့်အတူ ရန်သူများကို ဝိုင်းဝန်း တိုက်ခိုက် လေ၏။ ရန်သူများသည် အိမ်နီကြီးကို အလစ်ဝင်၍ တိုက်ခိုက်ရန် ကြံ စည်သော်လည်း ရင်းတို့၏အကြံအစည် မအောင်မြင်ခဲ့ပေ။



www.burmeseclassic.com

www.burmeseclassic.com



ရန်သူများသည် ၎င်းတို့လှည့်စားမှု မအောင်မြင်နိုင်တော့သဖြင့် နောက်သို့ ပြန်လည်ဆုတ်ခွာသွားလေ၏။ ရန်သူများ ဆုတ်ခွာသွားသောအခါ ဒေါပန်းရှံက

" ငါတို့အားလုံး လှည့်စားခံလိုက်ရတယ်၊ မောင်သီဟနဲ့ စံပယ်သာ အိမ်နီကြီးအနောက်ကို မလာခဲ့ရင် အိမ်နီကြီးရဲ့ကံကြမ္မာကို မတွေ့ဘူး "

ဟု ပြောလေ၏။ ခြံစောင့်ကြီး ဦးဗလကလည်း ဝင်ရောက်၍

" ဟုတ်တယ်၊ ငါတို့အားလုံး ရန်သူတွေရဲ့ လှည့်စားခြင်းကို ခံလိုက်ရတယ်၊ မင်းတို့သာ ဉာဏ်အမြော်အမြင်မရှိရင် အိမ်နီကြီးက လူတွေအားလုံး အရှုံးနဲ့ရင်ဆိုင်လိုက်ရမှာပဲ "

ဟု ပြောလေ၏။ ဦးဗလက ဆက်လက်၍

" ဒီကောင်တွေ ပထမဆုံးတိုက်ပွဲမှာ အထိနာသွားတယ်ဆိုတော့ နောက်တစ်ကြိမ် အရဲစွန့်ရဲမှာ မဟုတ်တော့ဘူး "

ဟု ပြောလေ၏။ ထိုအခါ ဒေါပန်းရှံက ဝင်ရောက်၍

" ဘာပဲဖြစ်ဖြစ် ငါ့ရဲ့ရန်သူတွေက အိမ်နီကြီးကို နောက်တစ်ခါ ဝင်တိုက်ကြဦးမှာပဲ "

ဟု ပြောကာ အိမ်နီကြီးဆီသို့ ပြန်လည်ထွက်ခွာသွားလေ၏။

၂ ၂ ၂





သီဟတို့သည် နောက်ရက်များတွင် ရန်သူကို အမိကထား၍ စောင့်မျှော်လေ၏။ သို့သော် ရန်သူသည် သီဟတို့အား အထင်မသေးရဲတော့သဖြင့် နောက်ရက်များတွင် လာရောက်တိုက်ခိုက်ခြင်း မရှိတော့ချေ။ ဒေါပန်းရှံက သူတို့အားလုံးကိုခေါ်၍

" အခုချိန်မှာ ရန်သူဟာ ငြိမ်သက်နေတယ်၊ ဒါပေမဲ့ ရန်သူဟာ ငါတို့ဆီ နောက်တစ်ကြိမ် ရောက်လာကြဦးမှာပဲ၊ ငါတို့အားလုံး ရန်သူကို အနိုင်ရလိုက်ပေမဲ့ နောက်တစ်ကြိမ် မပေါ့ဆဖို့လိုတယ်၊ ရန်သူဟာ အရည်အချင်းရှိပြီး ကြောက်စရာကောင်းတဲ့လူတွေဆိုတာ မင်းတို့အားလုံး ရိပ်စားမိမှာပဲ "

ဟု ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ခြိစောင့်ကြီး ဦးဇလကလည်း

" သူတို့အားလုံး ခပ်ညံ့ညံ့လူဆိုးလူညံ့တွေမဟုတ်ဘူး၊ ကျ
အရပ်ရပ်လှည့်ပြီးသွားခဲ့တဲ့ ရှေးဟောင်းမှုဆိုးတွေ၊ သူတို့ကို အထင်သေ
မိလို့ ပထမအကြိမ်တိုက်ပွဲမှာ ငါတို့ကောင်းကောင်းကြီး ဒုက္ခရော
တော့မလို့၊ မောင်သီဟတို့ အမြော်အမြင်ရှိလို့ တော်သေးတာပေ
ဒါကြောင့် ငါတို့အားလုံး သတိဝီရိယရှိဖို့ လိုအပ်တယ် "

ဟု ပြောလေ၏။

အိမ်နီကြီးမှ လူအများသည် မောင်သီဟနှင့် စံပယ်တို့ကို ဝိုင်း
ချီးမွမ်းနေကြသော်လည်း မောင်ရွှေမြမှာမူ ချီးမွမ်းခြင်း မရှိဘေ
မျက်မှောင်ကြုတ်၍သာ ကြည့်ရှုနေ၏။

မောင်သီဟသည် တစ်ခါက မောင်ရွှေမြနှင့် ကျူးလွန်ဖူးသော
အိမ်ဖော်မိန်းကလေး စံပယ်ကို သတိရလေ၏။ အိမ်နီကြီးရှိလူများသည်
ရန်သူများကို အမိကထား၍ စောင့်မျှော်နေသော်လည်း ရန်သူများသည်
အိမ်နီကြီးသို့ ထပ်မံ၍တိုက်ခိုက်ခြင်း မရှိတော့ချေ။

သီဟတို့သည် အိမ်နီကြီး၌ ရက်ပေါင်းများစွာ အကျဉ်းကျ
သဖြင့် ပျင်းရိငြီးငွေ့လာ၏။ မောင်ရွှေမြသည် အိမ်နီကြီးအနီးသို့ လှည့်
လည် သွားလာနေရသဖြင့် ပျင်းရိငြီးငွေ့ခြင်းမရှိချေ။

သီဟသည် ရန်သူများနှင့်ပတ်သက်၍ တစ်စုံတစ်ရာကို ဆုံးဖြ
လိုက်ပြီး ဒေါ်ပန်းရုံတို့နှင့် တိုင်ပင်ဆွေးနွေးရန် ကြံစည်လေ၏။





ဒေါ်ပန်းရုံက ခြောက်လုံးပြူးသေနတ်ကို လှည့်ပတ်ကစားရင်း

" မင်းရဲ့ဆန္ဒကိုပြောပါ "

ဟု ပြောလေ၏။ မောင်သီဟက ဒေါ်ပန်းရုံကိုကြည့်၍

" ကျုပ်တို့ စုံစမ်းရသမျှ အဖေ့ရဲ့ ရန်သူတွေရှိတဲ့နေရာကို
သိပြီးပါပြီ၊ အိမ်နီကြီးမှာပဲ ရန်သူတွေကို စောင့်မျှော်နေမဲ့အစား သူတို့
နေရာကို သွားတိုက်ရင် ရန်သူတွေ မျှော်လင့်မထားတဲ့အတွက် ရှုံးနိမ့်
သွားမှာ သေချာတယ် "

ဟု ပြောလေ၏။ ထိုအခါ သီဟ၏စကားကို နားထောင်နေသော
မောင်ရွှေမြက ဝင်ရောက်၍

" ဟေ့ကောင်... မင်းအကြံကို ငါသဘောမတူနိုင်ဘူး၊ ရန်သူတွေ
ဟာ ရိုးရိုးလူတွေမဟုတ်ဘူးကွ၊ သူတို့က အတွေ့အကြုံရှိတဲ့ တွေ၊
ငါတို့က အိမ်နီကြီးထဲမှာနေပြီး သူတို့ကို ခုခံတာကောင်းတယ်၊ အိမ်နီ
ကြီး အပြင်ကိုထွက်ရင်တော့ ကိုယ့်သေတွင်း ကိုယ်တူးလိုက်သလို
ဖြစ်သွားမယ်၊ မင်းက ကိုယ့်ကိုယ်ကိုယ် အထင်ကြီးပြီး အရဲမစွန့်ချင်စမ်း
ပါနဲ့ကွာ "

ဟု ပြောလေ၏။ သီဟက ခေါင်းခါယမ်းလိုက်၍

" ကျုပ်က ကိုယ့်ကိုယ်ကိုယ် အထင်ကြီးတာမဟုတ်ဘူး၊
ရန်သူတွေ မျှော်လင့်မထားတဲ့ အပြုအမူကိုလုပ်တာ၊ ဒါဟာ စွန့်စားမှု
တစ်ခုပဲ၊ တစ်ဖက်လူမျှော်လင့်မထားတဲ့ အပြုအမူတစ်ခုကိုပြုလုပ်တာ



www.burmeseclassic.com

ဟာ အောင်မြင်မှုတစ်ခုပဲ ''

ဟု ပြောလေ၏။ ထိုအခါ ခြံစောင့်ကြီးဦးဗလကလည်း ဝင်ရောက်၍

'' ဒီတစ်ခါတော့ မောင်သီဟရဲ့စကားကို ကျုပ်ထောက်ခံတယ်၊ ရန်သူတွေဟာ ကျုပ်တို့ အလစ်ဝင်တိုက်မှာ လုံးဝထင်မှတ်ထားမှာ မဟုတ်ဘူး၊ ဒါကြောင့် ကျုပ်တို့အနေနဲ့ အလွယ်တကူ အောင်နိုင်မှုရနိုင်တယ် ''

ဟု ပြောလေ၏။ ထိုအခါ မောင်ရွှေမြက လက်သီးဆုပ်၍

'' ဒီမှာ ခင်ဗျားတို့ဟာ ကိုယ့်ကိုယ်ကို တော်တော်အထင်ကြီးနေကြတာပဲ၊ တစ်ကြိမ်တစ်ခါလေး အနိုင်ရတာနဲ့ နောက်တစ်ကြိမ်ဆက်ပြီး အနိုင်ရလိမ့်မယ်လို့ မျှော်လင့်ထားသလား၊ သေချင်တဲ့ကျား တောပြောင်းဆိုတဲ့ စကားရှိတယ်၊ ဒီစကားဟာ ခင်ဗျားတို့လို လူတွေအတွက် လုပ်ထားတာပဲ ''

ဟု ပြောလေ၏။

ဒေါ်ပန်းရုံသည် ၎င်းတို့၏စကားကို မျက်မှောင်ကြုတ်၍ စဉ်းစားနေဟန်ရှိပြီး အတန်ကြာသောအခါမှ

'' ဦးဗလနဲ့ မောင်သီဟဟာ အရည်အချင်းရှိတဲ့လူတွေပဲ၊ သူတို့စကားကို အမေအလေးအနက်ပြုရမယ်၊ နောက်ပြီးတော့ သူတို့ဟာ ကိုယ့်အန္တရာယ်ကို ကိုယ်ကာကွယ်နိုင်မယ်လို့ အမေယုံကြည်တယ်၊





ဒါကြောင့် ရန်သူတွေရှိရာကိုလွှတ်ဖို့ အမေဆုံးဖြတ်လိုက်ပြီ ''

ဟု ပြောလေ၏။

ထိုအခါ အမြွာညီအစ်ကိုနှစ်ယောက်ကလည်း မောင်ရွှေမြဘက်သို့လှည့်၍

'' ကျုပ်တို့အတွက် မပူပါနဲ့ကိုရွှေမြ၊ ရန်သူတွေကို ကျုပ်တို့ ကောင်းကောင်းဒုက္ခပေးနိုင်မှာပါ ''

ဟု ပြောလေ၏။ ဒေါ်ပန်းရုံ၏ အိမ်ဖော်မိန်းကလေးတစ်ယောက်ဖြစ်သူ စံပယ်ကလည်း

'' ကျွန်မလည်း ကိုသီဟတို့နဲ့လိုက်ပြီး ရန်သူတွေကို တိုက်ခိုက်ပါရစေ၊ သူတို့ကို ယှဉ်ပြိုင်ရဲတဲ့သတ္တိ ကျွန်မမှာရှိပါတယ် ''

ဟု ရဲရဲဝံ့ဝံ့ ကတိပြုလေ၏။ မောင်ရွှေမြသည် စံပယ်ဆိုသော မိန်းကလေး၏ ရဲရဲတောက်နေသော အမူအရာကိုကြည့်၍

'' ဒီမှာစံပယ်၊ မင်းဟာ မိန်းကလေးတစ်ယောက်ဆိုတာ မမေ့နဲ့ဦး၊ ဒီလူတွေ ကိုယ့်ကိုယ်ကို အထင်ကြီးပြီးသွားတဲ့လမ်းမှာ ဒုက္ခတွေ့မှာ သေချာတယ်၊ သူတို့နဲ့လိုက်ပြီး နင်ပါ ဒုက္ခခံမလို့လား ''

ဟု ဆူပူကြိမ်းမောင်းလေ၏။

စံပယ်က မောင်ရွှေမြကို စကားမတုံ့ပြန်ဘဲ ခေါင်းငုံ့၍သာ နေလေ၏။ ထိုအခါ ဒေါ်ပန်းရုံက ဝင်ရောက်၍

'' စံပယ်တို့ညီအစ်မတွေကို အမေ ငယ်စဉ်ကတည်းက

www.burmeseclassic.com



လှေကျင့်ပေးပြီးသားပါ ဝါ့သား၊ သူတို့ဟာ တော်ရုံတန်ရုံ ယောက်ျားတွေနဲ့ အများကြီးသာပါတယ်၊ ဒါကြောင့် စိတ်ချ ပယ် လိုက်ချင်လိုက်သွားပါစေ''

မောင်ရွှေမြသည် သူ၏စကားများ အရာမဝင်သောအခါ အိမ်နီကြီး၏ အပေါ်ထပ်သို့ တက်ခေါက်၍ တက်သွားလေ၏။

သီဟတို့သည် မြို့စွန်ရှိ ရန်သူများရှိရာ အိမ်ကြီးသို့သွားပြီး ယနေ့ညသို့ မှတ်လောက်သားလောက်အောင် ပညာပေးရန် ကြံရွယ်လေ၏။

ညသို့ရောက်သောအခါ အိမ်နီကြီးမှမထွက်ခွာမီတွင် ဦးဗလက

" ဒီကောင်တွေ လူဆိုးလူမိုက်တွေဖြစ်တာတော့ မှန်တယ်၊ ဒါပေမဲ့ သူတို့ တရားမျက်တိုင်း ငါတို့လိုက်ဖျက်လို့ မဖြစ်ဘူး၊ တတ်နိုင်သမျှ အသက်အန္တရာယ်ကို မသေအောင်လုပ်မှဖြစ်မယ်၊ ငါတို့ ဘာကောင်တွေလဲဆိုတာ ဒီကောင်တွေသိပြီး မှတ်လောက်သားလောက်ဖြစ်သွားရင် တော်ပါပြီ ''

ဟု ပြောလေ၏။ သီဟက ခေါင်းညိတ်၍

'' ဟုတ်တယ်၊ ကျုပ်တို့ ရေမြွေမဟုတ်ဘူးဆိုတာ သူတို့သိဖို့ပဲ၊ ရေမြွေတွေမဟုတ်မှန်း သူတို့သိရင် ကျုပ်တို့ကို စော်ကားဝံ့မှာမဟုတ်ဘူး ''

ဟု ပြောလေ၏။





ထို့နောက် ၎င်းတို့သည် ရထားလုံးတစ်စီးကို ငှားရမ်းကာ မြို့ပြင်သို့ ထွက်ခွာသွားလေ၏။ အိမ်နီကြီး၌ ဒေါ်ပန်းရုံ၊ မောင်ရွှေမြနှင့် အိမ်ဖော်မိန်းကလေးသုံးဦးသာ ကျန်ရစ်ခဲ့လေ၏။

သီဟတို့သည် မြို့ပြင်သို့ရောက်သောအခါ အမှောင်ထဲတွင် တိတ်တဆိတ် လျှောက်လှမ်းသွားပြီး ရန်သူများရှိရာ အိမ်ကြီးသို့ တိတ်တဆိတ် တိုးကပ်သွားလေ၏။

အုတ်စည်းရိုးအနီးသို့ရောက်သောအခါ မောင်သီဟက အုတ်စည်းရိုးကို ခိုတွဲ၍ ဦးစွာတက်လိုက်၏။ ထို့နောက် လူသူအရိပ်အခြေကို ကြည့်ကာ ခြံဝင်းအတွင်းသို့ အသာသီးခုန်ချလိုက်၏။

အမြွာညီအစ်ကိုသည် ခေတ်ဆီပုံးနှင့်အတူ အုတ်စည်းရိုးပေါ်မှ ခုန်ချလိုက်၏။ ၎င်းတို့သည် ရန်သူများ၏အိမ်ကြီးကို မီးရှို့ကာ ရန်သူများကို ဒုက္ခပေးရန် ကြံစည်ထား၏။

ခြံဝင်းတစ်နေရာတွင် အရက်သောက်နေဟန်ရှိသော ရန်သူသုံးယောက်ကိုသာ တွေ့ရ၏။ သီဟတို့သည် သံတိုကြီးစွာထား၍ အိမ်ကြီး အနီးသို့ ချည်းကပ်သွား၏။

အိမ်ကြီး၌ အစောင့်သုံးယောက်မှလွဲ၍ မည်သည့်ရန်သူမှ မရှိသဖြင့် ၎င်းတို့အားလုံး အံ့ဩနေကြ၏။ သီဟတို့သည် အိမ်ထဲတွင် ရန်သူများနှင့် ဆုံတွေ့ကြမည်ဟု မျှော်လင့်ထားကြ၏။

ထိုအခါ ခြံစောင့်ကြီး ဦးဗလက လေသံတိုးတိုးဖြင့်



www.burmeseclassic.com

www.burmeseclassic.com



" ဒီခြံထဲမှာ ငါတို့ထင်ထားတာထက် အစောင့်အကြပ်တွေ နည်းတယ်၊ ဒီတော့ ရင်ဆိုင်စရာတိုက်ပွဲ ကြုံတွေ့စရာအကြောင်း မရှိတော့ဘူးပေါ့၊ ငါတို့ကြံစည်ထားတဲ့အတိုင်း အေးအေးဆေးဆေး လုပ်ကြရုံပဲ"

ဟု ပြောကာ အမြွာညီအစ်ကိုအား အိမ်ကြီး၏ပတ်လည်ကို ဓာတ်ဆီများလောင်းရန် အမိန့်ပေးလိုက်၏။

အမြွာညီအစ်ကိုသည် အသင့်ယူဆောင်လာသော ဓါတ်ဆီပုံးဖြင့် အိမ်ကြီးပတ်ပတ်လည်ကို ဖျန်းပက်လေ၏။ အမြွာညီအစ်ကို ဓါတ်ဆီများ ဖျန်းပက်နေစဉ် သီဟသည် မီးခြစ်ကိုကိုင်၍ တစ်စုံတစ်ရာကို စဉ်းစားနေ မိ၏။

ယခု မိမိတို့ရောက်ရှိနေသော ခြံကြီးထဲတွင် ရန်သူအင်အား မြောက်မြားစွာရှိမည်ဟု ယုံကြည်၏။ သို့သော် ယခုလက်တွေ့တွင်မူ ရန်သူ၏အရိပ်အရောင်ကိုမျှ မတွေ့ရချေ။

ခြံကြီး၏ပတ်ပတ်လည်ကို စောင့်ကြပ်နေသူသုံးဦးမှာလည်း အရက်သမားများဖြစ်နေလေ၏။

သီဟသည် ၎င်းတို့ရောက်ရှိနေသော အခြေအနေကို စဉ်းစား၍ တစ်စုံတစ်ရာကို စိုးရိမ်နေသလိုရှိ၏။ ထို့ကြောင့် အနီးရှိ သရက်ပင်တစ်ပင် ကို တက်ကာ ရန်သူများ၏ အရိပ်အခြေကို စုံစမ်း၏။

သစ်ပင်၏ခွထိပ်သို့ရောက်သောအခါ အိမ်ကြီး၏အပေါ်ထပ်နှင့်





တည့်တည့်တိုးလေ၏။ ပြတင်းပေါက်မှာ ပိတ်ထားသဖြင့် အိမ်ကြီး၏ အပေါ်ထပ်မြင်ကွင်းကို မမြင်တွေ့ရချေ။

သီဟသည် သစ်ပင်ပေါ်မှနေ၍ အိမ်ကြီး၏အခြေအနေကို စောင့် ကြည့်နေရာ မမျှော်လင့်ဘဲ ပြတင်းပေါက်ပွင့်သွားသဖြင့် အိမ်ကြီး၏ အပေါ်ထပ်အိပ်ခန်းတစ်ခု၏ အတွင်းကို မြင်တွေ့သွားရ၏။

သီဟသည် ထိုမြင်ကွင်းကို မြင်သောအခါ အလွန်ထိတ်လန့် အံ့ဩသွားပြီး သစ်ပင်ပေါ်မှ လျှင်မြန်စွာ ခုန်ချလိုက်မိ၏။

ထိုအချိန်တွင် ခြံစောင့်ကြီးဦးဗလမှာ ဓါတ်ဆီ လောင်းထားသော အိမ်ကို မီးရှို့ရန် မီးခြစ်ခြစ်နေလေ၏။ သို့သော် မီးခြစ်မှာ တစ်ကြိမ်နှင့် မီးမတောက်ဘဲ ရှိနေလေ၏။

သီဟသည် ခြံစောင့်ကြီးဦးဗလထံသို့ လျှင်မြန်စွာပြေး၍

" မလုပ်နဲ့... မလုပ်နဲ့ "

ဟု အော်ဟစ်တားဆီးလိုက်လေ၏။ ထိုအချိန်တွင် ဦးဗလ၏ လက်ထဲမှ မီးခြစ်မှာ မီးတောက်သွားပြီဖြစ်၏။ ဦးဗလသည် မီးခြစ်ကို ဓါတ်ဆီများရှိရာသို့ လှမ်းပစ်ရန် ကြိုးစားလိုက်၏။

ထိုအခိုက်မှာပင် အနီးသို့ သီဟရောက်ရှိလာပြီး ဦးဗလလက်ထဲ မှ မီးခြစ်ကို အလျှင်အမြန် လုလိုက်၏။ သီဟသည် မီးတောက်ကို ငြိမ်း သတ်ကာ

" မလုပ်နဲ့ဗျားမယ်၊ ဒီအိမ်ကြီးကို မီးရှို့လိုက်ရင် ကျွန်တို့ သိပ်



www.burmeseclassic.com

www.burmeseclassic.com



မှားသွားမယ်၊ ရန်သူတွေရဲ့ လှည့်ကွက်ထဲကိုဝင်သွားလိမ့်မယ်၊ အမယ်လေး ကံသီပေလို့ပေါ့ဗျာ ''

ဟု ပြောလေ၏။

ထို့နောက် သီဟသည် ဦးဗလတို့လူစုကို အိမ်ကြီးမှ လျင်မြန်စွာထွက်ခွာရန် တောင်းဆိုလိုက်၏။ ၎င်းကိုယ်တိုင်အုတ် တံတိုင်းဆီသို့ ပြေးလေ၏။

သူတို့အားလုံး အုတ်တံတိုင်းပေါ်သို့ ခုန်တက်၍ ခြံစောင့်ကြီးဦးဗလက

'' ဟေ့ကောင် သီဟ၊ မင်းဘာလို့ ငါ့ကို မီးမရှို့ခိုင်းတာလဲ ''

ဟု မေးမြန်းလေ၏။ ထိုအခါ သီဟက စိတ်လှုပ်ရှားဟန်ဖြင့်

'' ကျုပ် အပင်ပေါ်တက်ပြီးကြည့်တော့ ဘယ်သူ့ကိုတွေ့တယ်ထင်လို့လဲဗျ ''

ဟု မေးလေရာ အမြွာညီအစ်ကိုက စိတ်လှုပ်ရှားဟန်ဖြင့် ဝင်ရောက်၍

'' ဘယ်သူ့ကိုတွေ့လို့လဲ ''

ဟု မေးမြန်းလေ၏။ ထိုအခါ သီဟက

'' အိမ်ကြီးရဲ့ပြတင်းကို ဖွင့်သွားတော့ ပထမဆုံးမြင်ရတာ ဘုန်းတော်ကြီးတစ်ပါးဗျ၊ ဘုန်းတော်ကြီးဟာ ခုတင်ပေါ်မှာထိုင်ပြီး ကျမ်းစာအုပ်တစ်အုပ်ကို ဖတ်နေတယ်၊ ကျန်တဲ့အခန်းထဲမှာလည်း ဘုန်းကြီး





တွေ ရှိနိုင်တယ်ဗျ၊ ဘာဖြစ်လို့လဲဆိုတော့ သင်္ကန်းတွေ အများကြီး လှမ်းထားတာ မြင်ရတယ်၊ ဒီအိမ်ကြီးပေါ်မှာ သံဃာတော်တွေ အပြည့်ပဲဗျ၊ ဦးဗလ စဉ်းစားကြည့်၊ သံဃာတော်တွေ အပြည့်ရှိနေတဲ့ အိမ်ကြီးကို ကျုပ်တို့ မီးရှို့ရင် ဘယ်လိုဖြစ်မလဲ၊ ဒီကောင်တွေ ကျုပ်တို့ကို ထောင်ချောက်ဆင်ထားတာဗျ၊ ဒီအိမ်ကြီးမှာ သူတို့ရှိနေတယ်ဆိုပြီး ကျုပ်တို့ကို မှားခေါ်တယ်၊ ကျုပ်တို့ဟာ ဒီအိမ်ကြီးကို မီးရှို့လိုက်မယ်ဆိုရင် အိမ်ကြီးက လူတွေဟာ လူဆိုးလူမိုက်တွေအဖြစ်နဲ့ ဘယ်တော့မှ မြို့ပေါ်မှ ခေါင်းဖော်ဝံ့မှာမဟုတ်တော့ဘူး ''

ဟု ပြောလေ၏။

ထိုအခါ အမြွာညီအစ်ကိုက

'' နေပါဦး၊ ကျုပ်တို့ကို ထောက်ချောက်ဆင်ဖို့အတွက် ဒီအိမ်မှာ သံဃာတော်တွေကို ဘာကြောင့် ခေါ်ယူထားရတာလဲ ''

ဟု မေးမြန်းလေ၏။ သီဟက မျက်မှောင်ကြုတ်၍ စဉ်းစားလိုက်ပြီး

'' ကျုပ်အထင်တော့ ဒီပြင်မြို့က သံဃာတော်တွေကို ဘုရားဖူးပို့ဆောင်ပေးမယ်ဆိုပြီး ပင့်ခေါ်ထားတာဖြစ်ရမယ်၊ ဒါမှမဟုတ် ဆေးဝါးကုသပေးမယ်ဆိုပြီး ပင့်ထားတာလည်း ဖြစ်နိုင်တယ်၊ ဘာပဲဖြစ်ဖြစ် ဒီအိမ်က လူတွေကို ဒုက္ခပေးရင်တော့ မြို့ပေါ်မှာ အိမ်နီးကြီးကလူတွေဟာ ခေါင်းဖော်ဝံ့မှာ မဟုတ်တော့ဘူး ''



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။

ထိုအခါ ဦးဗလက မျက်မှောင်ကြုတ်၍

" ဒါဆိုရင် ငါတို့အလှည့်စားခံလိုက်ရပြီ၊ ငါတို့ အိမ်နီးကြီးကို အမြန်ပြန်မှဖြစ်မယ်၊ အိမ်နီးကြီးမှာ ဒေါ်ပန်းရုံနဲ့ မိန်းကလေးနှစ်ယောက်ပဲ ရှိတယ်၊ ဒေါ်ပန်းရုံရဲ့ မွေးစားသား မောင်ရွှေမြကတော့ ဘာမှသုံးလို့ရမှာ မဟုတ်ဘူး၊ ငါတို့ အိမ်နီးကြီးကို အမြန်ပြန်မှဖြစ်မယ် "

ဟု ပြောလေရာ သူတို့အားလုံး ဒေါ်ပန်းရုံနှင့် အိမ်နီးကြီးအတွက် စိုးရိမ်သွားကြလေ၏။ ထို့ကြောင့် အိမ်နီးကြီးသို့ ပြန်ခဲ့လေတော့၏။

အိမ်နီးကြီးသို့ရောက်သောအခါ ဒေါ်ပန်းရုံနှင့် မိန်းကလေး အားလုံး ဘေးမသီရန်မခဘဲ ရှိနေကြသဖြင့် သူတို့အားလုံး စိတ်အေး သွားရ၏။

ဒေါ်ပန်းရုံသည် ရန်သူများ၏လှည့်ကွက်ကိုကြားရသောအခါ အလွန်အံ့ဩဟန်ဖြင့်

" ဒီကောင်တွေ ကျွန်မတို့ကို ထောင်ချောက်ဆင်ထားတာပဲ အိမ်နီးကြီးကလူတွေဟာ ရဟန်း သံဃာတွေကို အနာတရဖြစ်အောင် လုပ်ရင် မြို့ပေါ်မှာ တစ်သက်လုံး မျက်နှာပြရဲမှာမဟုတ်ဘူး၊ ဒီလူတွေဟာ ဂုဏ်သိက္ခာကိုရိုက်ချိုးဖို့ ကြိုးစားနေတာပဲ "

ဟု မခံချိမခံသာဖြင့် ပြောလေ၏။

ထိုအခါ စံပယ်ဆိုသော မိန်းကလေးက ဝင်ရောက်၍





" ဟုတ်ဟယ်နော်၊ ကျွန်မတို့ ကံသိပ်ကောင်းတယ်၊ ဦးဗလကြီး က မီးရှို့ခါနီးမှာ ကိုသီဟက ပတ်ဝန်းကျင်ကို မသင်္ကာတာနဲ့ သစ်ပင်ပေါ် တက်ပြီး စုံစမ်းထောက်လှမ်းတယ်၊ ကိုသီဟရဲ့ အကြံဉာဏ်ကြောင့်သာ ဘေးဒုက္ခမရောက်တာပါ "

ဟု ပြောလေ၏။ ထိုအခါ ဦးဗလကလည်း သီဟ၏ အမြော်အမြင်ရှိပုံကို ချီးမွမ်းလေ၏။

ဒေါ်ပန်းရုံက သီဟ၏ပခုံးကို လက်ဖြင့်ပုတ်၍

" မောင်သီဟဟာ အဒေါ်ထင်ထားတာထက် ပိုပြီး စူးစမ်းဆင်ခြင်ဉာဏ်နဲ့ ပြည့်စုံတာပဲ၊ မောင်သီဟရဲ့ကျေးဇူးကြောင့် ပထမ အကြိမ်မှာပဲ အိမ်နီးကြီးကို ရန်သူတွေ ဝိုင်းပြီးတိုက်ခိုက်မဲ့အရေးက ကာကွယ်ပေးနိုင်ခဲ့တယ်၊ အခုတစ်ကြိမ်မှာလည်း မောင်သီဟရဲ့ကျေးဇူး ကြောင့် ရဟန်းသံဃာတွေကို ပြစ်မှားမဲ့ဘေးက သီသီလေးလွတ်ခဲ့ တယ် "

ဟု ဝမ်းသာလှိုက်လှဲဟန်ဖြင့် ချီးကျူးလေ၏။

သီဟသည် မိခင်ဖြစ်သူ၏ ချီးကျူးစကားကြောင့် ရင်ထဲတွင် ပီတိဖြာဝေသွား၏။

မိခင်သည် သီဟအား သူ၏သားဖြစ်ကြောင်း သိလျှင် မည်မျှ ပျော်မည်နည်း။

သီဟသည် ဒေါ်ပန်းရုံအား မျက်လုံးချင်းဆုံအောင်ကြည့်၍ မိမိ



www.burmeseclassic.com

www.burmeseclassic.com



သည် သူ၏သားဖြစ်ကြောင်း ဖွင့်ပြောချင်စိတ်များ ဖြစ်ပေါ်လာ၏။

ထိုအခိုက်မှာပင် ဒေါ်ပန်းရုံ၏ မွေးစားသား မောင်ရွှေမြ ရောက်ရှိလာပြီး

" အမေရယ်၊ သိပ်ပြီး စိုးမွမ်းခန်းဖွင့်မနေပါနဲ့ဗျာ၊ ဒီကောင့်ကြည့်ရတာ ကြက်ကန်းဆန်အိုးတိုးသွားပုံရတယ်၊ သူတို့မှာ အရည်အချင်းရှိရင် အမေ့ဆီလာပြီး အလုပ်လုပ်ပုံဦးမလား၊ အရည်အချင်းမရှိလို့ အိမ်နီးကြီးမှာ ဓတာက်တိုမယ်ရ ခိုင်းတဲ့အလုပ်ကို လာလုပ်နေတာဗျ "

ဟု မောင်သီဟတို့ကို နှိမ့်ချသောစကားကို ပြောဆိုလေ၏။ သီဟသည် မောင်ရွှေမြ၏ စိတ်ဓာတ်ညံ့ဖျင်းမှုကိုသိ၍ စကားပြန်မပြောတော့အဲ နှုတ်ဆိတ်၍သာ နေလိုက်၏။

ဒေါ်ပန်းရုံကမူ မောင်ရွှေမြဘက်သို့လှည့်၍ ခေါင်းခါယမ်းလိုက်ပြီး

" မောင်ရွှေမြ၊ မင်းဟာ သူတစ်ပါးကို နှိမ့်ချပြောဆိုတတ်တဲ့အကျင့်ရှိနေပါလား၊ လူတိုင်း၊ လူတိုင်းမှာ အရည်အချင်းကောင်းတွေရှိနေတတ်တယ် ငါ့သား၊ လူတွေကို အထင်မသေးရဘူး၊ လူတစ်ယောက်ဟာ ဒီဘက်မှာ ညံ့ခံနေပေမဲ့ ဟိုတစ်ဖက်မှာ တော်ရင်တော်နေတတ်တယ်၊ လက်ရှိအချိန်မှာညံ့နေပေမဲ့ အနာဂတ်မှာ လူတော်လူကောင်းဖြစ်သွားတတ်တယ် ငါ့သား၊ ဒါကြောင့် လူတိုင်းကို လေးစားပါ၊ နှိမ့်ချ စော်ကားတတ်တဲ့ အကျင့်ကို ဖျောက်ပါ "





ဟု ဆုံးမလေ၏။

ထို့နောက် ဒေါ်ပန်းရုံကပင် ဆက်လက်၍

" ငါ့ရဲ့ရန်သူတွေဟာ အိမ်နီးကြီးကို ထပ်မလာတာ အတော်အံ့သြဖို့ကောင်းတယ်၊ ဒီကောင်တွေ ငါတို့ကို လျော့တွက်မိလို့ အထိနာသွားပြီး ငြိမ်သက်နေတာ ဖြစ်နိုင်တယ်၊ ဒါမှမဟုတ် ငါတို့ရဲ့ခြေလှမ်းတွေကို စောင့်ကြည့်နေတာလည်း ဖြစ်နိုင်တယ်၊ ဘာပဲဖြစ်ဖြစ် ငါတို့ရဲ့ ရည်ရွယ်ချက်အတိုင်း ဟူးကောင်းချိုင့်ဝှမ်းကို ခရီးဆက်ကြမယ်၊ လမ်းခရီးမှာတော့ ငါတို့ကို အမျိုးမျိုး နှောင့်ယှက်ကြမှာပဲ၊ ဘယ်လိုပဲဖြစ်ဖြစ် ရှေးဟောင်းမှန်ကလေးမှာပါတဲ့အတိုင်း ရတနာတွေကိုသွားပြီး တူးဖော်မယ်၊ ရတနာတွေကိုရခဲ့ရင် ငါတို့လက်ထဲကနေ အများအကျိုးရှိတဲ့နေရာတွေမှာ လှူဒါန်းပစ်မယ်၊ ငါတို့ဆီမှာ ရတနာတွေမရှိတော့ဘူးဆိုရင် သူတို့လက်လျှော့သွားမှာပါ "

ဟု ပြောလေ၏။

ထိုအခါ မြေစောင့်ကြီးဦးဗလက ဝင်ရောက်၍

" ဟုတ်တယ်၊ သူတို့ဟာ ဘာမှမရနိုင်တော့ဘူးဆိုရင် လက်လျှော့သွားမှာပါ၊ မပန်းရုံရဲ့ဆန္ဒအတိုင်း ဟူးကောင်းချိုင့်ဝှမ်းကို ခရီးဆက်ဖို့ ကျုပ်သဘောတူတယ်၊ ရန်သူတွေဟာ ပထမအကြိမ်တိုက်ပွဲမှာ သူတို့ထင်တဲ့အတိုင်းမဖြစ်ခဲ့လို့ ကျုပ်တို့ကို အထင်မသေးဝံ့မှာ သေချာတယ် "

ဟု ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဒေါ်ပန်းရုံ ခရီးဆက်ရန် လိုအပ်သော ရိက္ခာများကို တိုင်ပင်ဆွေးနွေးကြလေ၏။

မြို့စောင့်ကြီး ဦးဗလက လမ်းခရီးအတွက် လိုအပ်သောရိက္ခာများ၊ ဆေးဝါးများ၊ လက်နက်များကို အကြံပြုလေ၏။ ခရီးဆက်ရန်နေ့ကို လာမည့် စနေနေ့တွင် ထွက်ခွာရန် သဘောတူကြ၏။

ထိုအခါမှပင် အိမ်နီကြီးရှိလူအားလုံး စိတ်အားတက်ကြွသွားလေ၏။ ၎င်းတို့သည် နှစ်ပေါင်းများစွာ အိမ်နီကြီးတွင် အခန်းအောင်း၍ နေခဲ့ရခြင်းကို ငြီးငွေ့နေပြီဖြစ်၏။

ဲ ဲ ဲ

ဝေဖန်စာ၊ အကြံပေးစာများ ရေးသားလိုပါလျှင်
မင်းမြတ်သူရ
အမှတ်-၇၊ အသောကလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်သို့
လိပ်မူ၍ ရေးသားနိုင်ပါသည်။





ဒေါ်ပန်းရုံတို့သည် စနေနေ့သို့ရောက်သောအခါ အိမ်နီကြီးမှ စတင်၍ ခရီးထွက်ခဲ့လေ၏။ ၎င်းတို့သည် မြို့များ တစ်မြို့ပြီးတစ်မြို့ ကျော်ဖြတ်၍ ဟူးကောင်းချိုင့်ဝှမ်းရှိရာသို့ ခရီးထွက်ခဲ့လေတော့၏။

တနိုင်းမြို့သို့ရောက်သောအခါ ထမင်းဆိုင်တစ်ဆိုင်တွင် ဝင်ရောက်၍ ရှေ့ခရီးအတွက် တိုင်ပင်ဆွေးနွေးကြလေ၏။ ဒေါ်ပန်းရုံသည် အသင့်ယူဆောင်လာသော ဟူးကောင်းချိုင့်ဝှမ်းမြေပုံကို လက်ဖြင့်ထောက်ကာ

" တနိုင်းမြို့ရဲ့အနောက်ဘက်မှာ မိုင်းစွန်းဆိုတဲ့ ရွာတစ်ရွာရှိတယ်၊ ရွာဟာ အတော်ကြီးတဲ့ရွာပဲ၊ အဲဒီကိုရောက်အောင်သွားရမယ်၊ လမ်းခရီးဟာ ကြမ်းတမ်းတယ်၊ မိုင်းစွန်းကိုသွားဖို့အတွက် လမ်းပြ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ရှာရမယ် ''

ဟု ပြောလေ၏။ ထိုအခါ အမွှာညီအစ်ကိုနှစ်ဦးအနက် တစ်ဦးက ဝင်ရောက်၍

'' မိုင်းစွန်းရောက်ရင် ရတနာမြေပုံကို ရှာလို့တွေ့တော့မှာလား ''

ဟု လေသံတိုးတိုးဖြင့် မေးလေ၏။ ဒေါ်ပန်းရုံက ခေါင်းခါယမ်းလိုက်ပြီး

'' မိုင်းစွန်းကနေ အနောက်ဘက်စူးစူးကို ခရီးဆက်ရဦးမယ်၊ ငါတို့ရဲ့ခရီးလမ်းမှာ ရွာငယ်လေးတွေ အများကြီး ကျော်ဖြတ်ရမယ်၊ ဟူးတောင်းချိုင့်ဝှမ်းဟာ လွင်ပြင်ဆိုပေမဲ့ သားရဲတိရစ္ဆာန်တွေ ပေါများတယ်၊ ဒီဒေသမှာ အပေါ်များဆုံးကတော့ ဆင်ရိုင်းတွေပဲ၊ ဆင်ရိုင်းတွေရဲ့ အန္တရာယ်ကို ဂရုစိုက်ရမယ်၊ ဘာပဲဖြစ်ဖြစ် ဟူးကောင်းကိုရောက်နေပြီဆိုတော့ ရတနာတွေကိုရှာဖွေတွေ့ရှိဖို့ နီးကပ်နေပါပြီ၊ ငါတို့ သတိထားရမှာက ငါ့ရဲ့ရန်သူတော်ကြီးတွေပဲ၊ ငါတို့နောက်ကို နောက်ယောင်ခံပြီး လိုက်လာမှာ သေချာတယ် ''

ဟု ပြောလေ၏။

ထိုနေ့ညနေစောင်းသောအခါ မြစောင့်ကြီး ဦးဗလသည် မြို့ထဲသို့ထွက်၍ လမ်းပြကိုရှာဖွေလေ၏။ ဦးဗလသည် လမ်းပြအဖြစ် လိုက်ပါပေးမည့် တရုတ်ဘိန်းစားတစ်ယောက်ကို ရှာဖွေတွေ့၏။





တရုတ်ဘိန်းစားသည် ဘိန်းရှူရန်သာ စိတ်ဝင်စားပြီး ဦးဗလတို့၏ ခရီးလမ်းကို ဝင်ရောက်မေးမြန်းခြင်းမရှိချေ။ ထို့ကြောင့် ၎င်းအား လမ်းပြအဖြစ် ရွေးချယ်လိုက်၏။

ထို့နောက် ၎င်းအား နောက်တစ်နေ့တွင် ထမင်းဆိုင်သို့ လာခဲ့ရန် မှာကြားပြီး ဦးဗလသည် ထမင်းဆိုင်သို့ပြန်ခဲ့လေ၏။

ဦးဗလသည် ထမင်းဆိုင်သို့ ပြန်ခဲ့ရင်း မသင်္ကာစိတ်ဖြစ်ပေါ်လာသဖြင့် နောက်သို့လှည့်ကြည့် လိုက်ရာ သူ၏နောက်သို့ နောက်ယောင်ခံ၍ လိုက်လာသော မြက်ဦးထုပ်ဆောင်း လူနှစ်ယောက်ကို တွေ့ရှိရ၏။

ထိုသူနှစ်ဦးသည် ရှမ်းဘောင်းဘီနှင့် ပင်နီအင်္ကျီကို ဝတ်ဆင်ထား၏။ ဒေါ်ပန်းရုံ၏ရန်သူများ မိမိတို့နောက်သို့ နောက်ယောင်ခံ၍ ကောက်ကောက်ပါအောင် လိုက်ပါချေပြီ။

ထမင်းဆိုင်သို့ရောက်သောအခါ ဦးဗလသည် ဒေါ်ပန်းရုံအား မြက်ဦးထုပ်ဆောင်း လူနှစ်ယောက်အကြောင်းကို ပြောပြလေရာ ဒေါ်ပန်းရုံက ဆက်ကာပြ၍

'' ကျွန်မသိပြီးပါပြီ၊ ကျွန်မတို့ဆိုင်နောက်မှာလည်း မြက်ဦးထုပ်ဆောင်း လူတစ်ယောက် ရစ်သီရစ်သီ လုပ်နေတာတွေ့ရတယ်၊ အခုတော့ ကျွန်မထင်တဲ့အတိုင်း ကျွန်မရဲ့ရန်သူတွေ ရောက်လာပြီပေါ့၊ ကောင်းပါတယ်၊ ဟူးကောင်းလွင်ပြင်မှာ သူတို့နဲ့ကျွန်မတို့ ပွဲကြီးပွဲကောင်း တွေ့ရတာပေါ့ ''



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။

ထိုအခါ ခြံစောင့်ကြီး ဦးဗလက ဝင်ရောက်၍

“ ကျုပ်တို့ခရီးက အန္တရာယ်တွေ သိပ်များတယ်၊ ဒေါပန်းရဲ့အတွက် ကျုပ် စိုးရိမ်တယ် ”

ဟု ပြောလေ၏။

ထိုအခါ ဒေါပန်းရုံက ခေါင်းခါယမ်း၍

“ ကျွန်မအတွက် မပူပါနဲ့၊ ကျွန်မ သူတို့ကို ရင်ဆိုင်ဖို့ ဆယ်နှစ်တိတိ ပြင်ဆင်ထားတယ်၊ သူတို့ တစ်နေ့ ကျွန်မဆီကိုပြန်လာပြီး နိုင်ထက်စီးနင်း ပြုကြလိမ့်မယ်ဆိုတာ ကျွန်မသိတယ်၊ ဒါကြောင့် ကျွန်မ သူတို့ရဲ့ ရန်ငြိုးရန်စနဲ့ နိုင်ထက်စီးနင်းပြုမှုတာကိုတော့ မခံဘူးဆိုပြီး ခုခံကာကွယ်နိုင်အောင် လေ့ကျင့်ထားတယ် ”

ဟု ဆိုကာ လွယ်အိတ်ထဲမှ ခြောက်လုံးပြူးတစ်လက်ကိုထုတ်၍ လက်ထဲတွင် ဆော့ကစားကာ

“ ဟောဒီသေနတ်ကို ကျွန်မ ကောင်းကောင်းပစ်တတ်တယ်၊ တောထဲရောက်ရင် ကျွန်မ ဘယ်လောက်လက်ဖြောင့်တယ်ဆိုတာ ရှင်တို့ကို ပြမယ်၊ ကျွန်မတို့မှာ လက်နက်ခဲယမ်းတွေလည်း အပြည့်အစုံ ယူဆောင်ထားတယ်၊ အားလုံးဟာ အရည်အချင်းရှိတဲ့လူတွေချည်းပဲ၊ သူတို့ဟာ ရှေးဟောင်းပစ္စည်းမုဆိုးတွေ ဖြစ်နေပါစေ၊ သူတို့ကို ကျွန်မ မကြောက်ဘူး၊ နောက်ပြီးတော့ ကျွန်မက တရားတဲ့ဘက်မှာရှိတယ်၊





သူတို့က မတရားတဲ့ဘက်မှာရှိတယ်၊ ကျွန်မတို့က ရတနာတွေကိုရရင် အများအကျိုးအတွက် အသုံးပြုဖို့လုပ်တယ်၊ သူတို့က ကိုယ်ကျိုးအတွက် အသုံးပြုဖို့လုပ်တယ်၊ ဒါကြောင့် သူတို့ကို အနိုင်ရလိမ့်မယ်လို့ ကျွန်မ ယုံကြည်တယ် ”

ဟု စိတ်အားတက်ကြွစွာဖြင့် ပြောလေ၏။

သီဟသည် မိခင်၏ ရဲရင့်တက်ကြွသောစိတ်ဓါတ်ကို တိတ်တခိုး ကြိတ်၍ သဘောကျသွားလေ၏။ ယခုလို အသက်အန္တရာယ်နှင့် နီးကပ်နေချိန်တွင် မိခင်၏သားဖြစ်ကြောင်း ဖွင့်ဟပြောဆိုချင်မိ၏။

သို့သော် မိခင်အားပြောရန် အခွင့်မသာခဲ့ချေ။ ထိုညက သီဟတို့သည် ထမင်းဆိုင်၏အပေါ်ထပ်၌ အိပ်စက်ခဲ့ရလေ၏။

ခြံစောင့်ကြီး ဦးဗလသည် ပြတင်းပေါက်မှ အနီးပတ်ဝန်းကျင်ကို ကြည့်ရှုရင်း

“ အနီးပတ်ဝန်းကျင်မှာ ကျုပ်တို့ကို စောင့်ကြည့်နေတဲ့လူတွေ ရှိတယ် ”

ဟု ပြောလေ၏။ ညသို့ရောက်သောအခါ အပေါ်ထပ်သို့ ဆိုင်ရှင် မိန်းမပျိုရောက်ရှိလာပြီး ဆတ်သားခြောက်ဖုတ်များကို ပေးပို့ရင်း သူမက

“ အခုတလော ကျွန်မတို့မြို့မှာ လူစိမ်းတွေရောက်နေတယ်၊ သူတို့ဟာ မြို့ပေါ်ကို အရင်ကလာနေကျလူတွေလည်း မဟုတ်ကြဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ကျွန်မတို့မြို့က လူတွေတောင် အံ့သြနေတယ် ''

ဟု ပြောရင်း အောက်သို့ဆင်းသွားလေ၏။

ဒေါပန်းရှုံက သူတို့အားလုံးကို မျက်လုံးဝေ့ကြည့်၍

'' ဒီနေ့ည သတိရှိရှိ အိပ်စက်ကြပါ၊ အန္တရာယ်တွေ ငါတို့နားမှာ ပတ်လည်ဝိုင်းနေပြီ ''

ဟု ပြောလေ၏။

သို့သော် ထိုနေ့ညက မည်သည့်အန္တရာယ်မျှ မကျရောက်ဘဲ ကောင်းမွန်စွာ အိပ်စက်ရလေ၏။ နောက်တစ်နေ့သို့ ရောက်လျှင် လမ်းပြပေးမည့် တရုတ်ဘိန်းစား ရောက်ရှိလာပြီး

'' ခင်ဗျားတို့သွားမဲ့လမ်းမှာ ချောင်းငယ်မြောင်းငယ်တွေ အများကြီး ရှိတယ်၊ ခရီးလမ်းကလည်း ကြမ်းတမ်းတယ်၊ ဒါကြောင့် ဆင်ငှားပြီး သွားမှဖြစ်မယ်၊ ခင်ဗျားတို့လူစုနဲ့ဆို ဆင်နှစ်ကောင်ငှားသွားမှဖြစ်မယ် ''

ဟု ပြောဆိုကာ ဆင်ငှားရမ်းရန် ငွေများကို တောင်းယူသွားလေ၏။ ငှင်းတောင်းရမ်းသွားသော ငွေကြေးမှာ များပြားလှသဖြင့် သူတို့အားလုံး အံ့သြသွားကြပြီး ဦးဗလက

'' ဘာ... ဆင်နှစ်ကောင်ငှားရမ်းခ,က ငွေတစ်ရာဟုတ်လား ဒီလောက်များတဲ့ကြေးကို တစ်ခါမှမကြားဖူးပါဘူး ''

ဟု ပြောလေ၏။

ထိုအခါ တရုတ်ဘိန်းစားက မျက်နှာရှုံ့မဲ့၍





'' ဟော့လူတွေ၊ ခင်ဗျားတို့ကို ဆင်ငှားမဲ့လူတွေက ဘယ်သူတွေ အောက်မေ့လဲ၊ လော်ပန်တွေဗျ။ သူတို့ဟာ သိပ်ချမ်းသာတယ်၊ တော်တန်ရုံ ငွေကြေးလောက်ကို ဂရုမစိုက်ဘူး၊ ခင်ဗျားတို့ တစ်ဆယ့် ဆယ့်ငါးကျပ်လောက်ပေးပြီး ဆင်ငှားလို့ရမယ်များ ထင်နေလား၊ ကပ်စေးနဲနေရင်တော့ ခက်ခဲကြမ်းတမ်းတဲ့ခရီးကို ခြေလျင်ပဲ သွားကြပေတော့ ''

ဟု ပြောလေ၏။ ဒေါပန်းရှုံသည် တရုတ်ဘိန်းစားကို စိတ်မရှည်နိုင်တော့ဘဲ

'' ရော့... ဒီမှာ ရှင်လိုချင်တဲ့ပိုက်ဆံတစ်ရာ၊ ဆင်တွေကို အမြန်ဆုံးသွားပြီး ငှားရမ်းပေတော့၊ ကျွန်မတို့ ခရီးလမ်းမှာ နှောင့်နှေးကြန့်ကြာလို့မဖြစ်ဘူး၊ ခရီးလမ်းအတွက် အကောင်းဆုံးဆင်ကိုသာ ငှားရမ်းခဲ့ပေတော့ ''

ဟု ပြောလေ၏။ တရုတ်ဘိန်းစားသည် ဒေါပန်းရှုံပေးသော ငွေ တစ်ရာကိုယူလျက် ထိုနေရာမှ ထွက်ခွာသွားလေတော့၏။

အတန်ကြာသောအခါ တရုတ်ဘိန်းစားသည် ဆင်နှစ်ကောင်နှင့် အတူ ရောက်ရှိလာလေ၏။ ဆင်နှစ်ကောင်ကိုစီးနှင်ရန် ဆင်ဦးစီးများ သည်း ပါရှိ၏။

ဆင်နှစ်ကောင် ရောက်ရှိလာပြီဖြစ်သဖြင့် ဒေါပန်းရှုံတို့သည် သက်နက်နှင့် စားနပ်ရိက္ခာများကိုတင်၍ ခရီးထွက်ခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



လမ်းပြတရုတ်ဘိန်းစားသည် ရှေ့ဆုံးဆင်ပေါ်တွင် စီးနင်းလိုက်ပါလာလေ၏။ တရုတ်ဘိန်းစားပြောသည့်အတိုင်းပင် ခရီးလမ်းမှာ ကြမ်းတမ်းလှ၏။

ရွာများ၊ ချောင်းငယ်၊ မြောင်းငယ်များကို ကျော်ဖြတ်၍ ခရီးဆက်ခဲ့ရလေ၏။ ဟူးကောင်းလွင်ပြင်တွင် အင်္ဂလိပ်အစိုးရ၏ သစ်တောကြိုးဝိုင်းများ၊ ဆင်စခန်းများရှိ၏။

၎င်းတို့သည် ရွာငယ်လေးများကို ဖြတ်ကျော်လာပြီးသောအခါ မိုင်းစွန်းရွာလေးသို့ ရောက်လေ၏။ ထိုရွာကြီးသည် လူဦးရေ ထူထပ်များပြားပြီး လူဦးရေထူထပ်လှ၏။

ထိုရွာသို့ရောက်သောအခါ လမ်းပြတရုတ်ဘိန်းစားက ထိုရွာတွင် ခရီးတစ်ထောက်နားမည်ဖြစ်ကြောင်း ပြောလေ၏။ ရွာအတွင်း၌ ဆင်များကို တွေ့ရသဖြင့် ဒေါ်ပန်းရုံက အမြွာညီအစ်ကို့ကို မေးလေရာ

'' ဒီဒေသမှာ တောဆင်ရိုင်းတွေအလွန်ပေါတယ်၊ ကျုပ်တို့ ငယ်စဉ်တုန်းက ကျုပ်တို့ဆွေမျိုးတွေဟာ တောဆင်ရိုင်းတွေကို ကြိုးကွင်းစွပ်ပြီး ဖမ်းတဲ့သူတွေပဲ၊ မသမာသူတွေက ဆင်တွေကိုသတ်ပြီး ဆင်စွယ်တွေကို တစ်ဖက်နိုင်ငံကိုပို့တယ်၊ ဒါကြောင့် ဒီဒေသမှာ ကုန်သည်တွေလည်း ခြေချင်းလိမ်နေကြတယ် ''

ဟု ပြောလေ၏။ လမ်းပြ တရုတ်ဘိန်းစားက မိုင်းစွန်းရွာကြီးထဲတွင် တစ်ညအိပ်ရန် ဆုံးဖြတ်လိုက်၏။

———— ဓေတာနာတာပေ ————



ဒေါ်ပန်းရုံတို့သည် ရွာသူကြီး၏အိမ်ဝိုင်းထဲတွင် တစ်ညအိပ်စက်ကြလေ၏။ ရွာသူကြီးသည် ဒေါ်ပန်းရုံပေးသော ပစ္စည်းလက်ဆောင်များကို နှစ်ခြိုက်၍ သဘောရှိနေထိုင်ခွင့်ပေးလေ၏။

ညစာအား ရွာသူကြီးသည် ကောင်းမွန်စွာ စီစဉ်ပေးသောကြောင့် ကောင်းမွန်စွာ စားသောက်ရ၏။ ညစာစားသောက်ရင်း ဒေါ်ပန်းရုံက

'' ငါ့ရဲ့ရန်သူတော်ကြီးတွေ နောက်ကလိုက်လာမှာ သေချာတယ်၊ အခုလောက်ဆို ဒီရွာမှာတောင် ရောက်နေပြီလား မသိဘူး ''

ဟု ပြောလေ၏။

ထိုအခိုက်မှာပင် သူကြီးသားက

'' အဖေ ရွာထိပ်က ဆင်စခန်းမှာ လူစိမ်းတွေရောက်နေတယ် ''

ဟု ပြောလေရာ သူကြီးက ခေါင်းညိတ်၍

'' အခုတလော ငါတို့ရွာကို လူစိမ်းတွေ အတော်အဝင်များပါလား။ လူကောင်းတွေမဟုတ်ဘဲ လူဆိုးတွေဖြစ်နေရင် ငါတို့ အလုပ်များရဦးမယ် ''

ဟု ညည်းတွားလေ၏။ သူကြီးနှင့် သားဖြစ်သူ၏စကားကြောင့် ဒေါ်ပန်းရုံနှင့် ဦးဗလသည် တစ်ဦးနှင့်တစ်ဦး ကြည့်လိုက်ကြလေ၏။

ဒေါ်ပန်းရုံ၏ ရန်သူတော်များ အနောက်မှ တစ်ကောက်ကောက်လိုက်ပါနေချေပြီ။

———— ဓေတာနာတာပေ ————

www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်မှာပင် သူကြီးမင်းသည် ၎င်းတို့၏စကားဝိုင်းအတွင်း ဝင်ထိုင်ပြီး ဒေါ်ပန်းရုံတို့၏ ခရီးလမ်းကြောင်းကို မေးမြန်းလေ၏။

ဒေါ်ပန်းရုံတို့က သူကြီးမင်းကို အမှန်အတိုင်း မပြောလိုသဖြင့် ဒေါ်ပန်းရုံသည် သစ်ခွပန်းများကို စုဆောင်းတတ်ကြောင်း၊ ထို့ကြောင့် ဤအရပ်သို့လာ၍ သစ်ခွပန်းများကို သုတေသနပြုရန် ရောက်ရှိလာကြောင်း ပြောလေ၏။

ထိုအခါ သူကြီးမင်းက ခေါင်းတဆတ်ဆတ်ညိတ်၍

" ကျုပ်တို့အရပ်မှာတော့ သစ်ခွပန်းတွေ ပေါပါတယ်၊ အရှေ့ဘက်နဲ့ မြောက်ဘက်မှာရှိတဲ့ တောင်တန်းကြီးတွေပေါ်မှာဆိုရင် သစ်ခွပန်းတွေ ပိုတောင်ပေါ်ပါသေးတယ်၊ အခု ခင်ဗျားတို့က ကျုပ်တို့ရွာကနေ ဘယ်ကို ခရီးဆက်မှာလဲ "

ဟု မေးမြန်းလေ၏။ သူကြီးမင်း၏အမေးကြောင့် ဒေါ်ပန်းရုံတို့သည် ဖြေသင့်မဖြေသင့် ချိန်ဆနေလေ၏။

ထို့နောက် သူကြီးမင်းထံမှ အကြံအစည် တစ်စုံတစ်ခု ရရှိနိုင်သဖြင့် ခရီးလမ်းကြောင်း၏ တစ်စိတ်တစ်ဒေသကို ပြောပြရန် ဆုံးဖြတ်လိုက်ပြီး ဟူးကောင်းချိုင့်ဝှမ်းဒေသ၏ မြေပုံကို ထုတ်ပြကာ ၎င်းတို့သွားလာလိုသောနေရာကို လက်ညှိုးညွှန် ပြပြီး

" ကျွန်မတို့ ဒီဒေသကိုသွားမယ်၊ အဲဒီမှာ ရှားပါးတဲ့ သစ်ခွပန်းတွေကို ရှာမယ်၊ ပြီးတော့ စာရင်းပြုစုမယ် "





ဟု ပြောလိုက်လေ၏။

ဒေါ်ပန်းရုံ၏စကားဆုံးသည်နှင့် သူကြီးသည် မျက်လုံးပြူးသွားပြီး အထိတ်တလန့်ကြည့်ကာ

" ဘာ... ခင်ဗျားတို့က မြွေဖြူတောင်ခြေကိုသွားမယ် ဟုတ်လား၊ အဲဒီကိုမသွားပါနဲ့၊ အဲဒီမှာ အန္တရာယ်တွေ အများကြီးရှိတယ်၊ ကျုပ်တို့ ဒေသကလူတွေ မြွေဖြူတောင်ခြေဆိုရင် ဘယ်သူမှမသွားဘူး၊ အဲဒီမှာ အလွန်ကြောက်စရာကောင်းတဲ့ မြွေဖြူမကြီးတွေရှိတယ်၊ ကျွဲတစ်ကောင်လုံးကို မြိုနိုင်တဲ့ မြွေကြီးတွေလည်းရှိတယ်၊ သူတို့ဟာ အလွန်ကြောက်စရာ ကောင်းတယ်၊ ကျုပ်တို့ဒေသက ကြမ်းပေ့ ရမ်းပေ့ ဆိုတဲ့ မုဆိုးတွေတောင် အဲဒီနေရာကို မသွားရဲဘူး "

ဟု ပြောလေ၏။

ထိုအခါ လမ်းပြအဖြစ်လိုက်ပါလာသော တရုတ်ဘိန်းစားသည် ဒေါ်ပန်းရုံ၏မျက်နှာကို အထိတ်တလန့်ကြည့်၍

" ဘာ... မြွေဖြူတောင်ခြေကိုသွားမယ် ဟုတ်လား၊ အဲဒီနေရာကို သွားမယ်ဆိုရင်တော့ ကျုပ်ပြန်တော့မယ်၊ မြွေဖြူတောင်ဘက်ကို ဘယ်လမ်းပြမှ မသွားရဲဘူး၊ အန္တရာယ်သိပ်များတယ်၊ အဲဒီဒေသကို ဝင်စိလည်ပြီး ရောက်သွားတဲ့လူတွေအားလုံး ပြန်လမ်းမရှိဘူး၊ နောက် ဒီဒေသကနတ်ကြီးတယ်၊ မမြင်ရတဲ့တန်ခိုးရှင်တွေ နာနာဘာဝ ကောင်တွေ မြွေဖြူတောင်မှာ နေအောင်းတယ်လို့ ကြားဖူးတယ် "



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောပြလေ၏။

ဒေါ်ပန်းရုံသည် ၎င်းတို့၏ပြောစကားများကို ကြောက်ရွံ့ခြင်းမ[ရှိ] မြွေဖြူတောင်ဟူသောအမည်ကိုသာ စိတ်ဝင်စားသဖြင့်

" ဒီတောင်ကို ဘာဖြစ်လို့ မြွေဖြူတောင်လို့ခေါ်ရတာလဲ "

ဟု မေးမြန်းလေ၏။ ထိုအခါ သူကြီးမင်းက ကြောက်လန့်တကြား ဖြင့်

" ဟို ဟို... ကျုပ်တို့ဘိုးဘွားတွေလက်ထက်ထဲက အဲဒီတောင် ပေါ်မှာ မြွေဖြူကြီးတစ်ကောင်ရှိတယ်လို့ ဆိုခဲ့ကြတယ်၊ မြွေဖြူကြီးဟာ ဘယ်လောက်ကြီးသလဲဆိုရင် သစ်ပင်ကြီးတစ်ပင်စာလောက်ရှိတယ်[လို့] ပြောကြတယ်၊ မြွေဖြူကြီးဟာ ကျားတွေ ဆင်တွေကိုတောင် မြိုချ[ နိုင်] တယ်လို့ဆိုတယ်၊ တချို့ကလည်း မြွေဖြူကြီးဟာ နတ်မြွေကြီးလို့[ဆို] ကြတယ် "

ဟု ပြောလေရာ ဒေါ်ပန်းရုံက ခေါင်းခါယမ်းလိုက်၍

" သူကြီးပြောတဲ့စကားတွေဟာ စိတ်ကူးယဉ်သိပ်ဆန်တယ် လက်တွေ့မကျဘူး၊ ပုံပြင် ဒဏ္ဍာရီတစ်ခုကို နားထောင်နေရသလိုပဲ "

ဟု မှတ်ချက်ချလေ၏။ ထိုအခါ သူကြီးမင်းက ခေါင်းခါယမ်းလိုက် ပြီး

" ဒါတော့ ကျုပ်မသိဘူး၊ ကျုပ်တို့ဘိုးဘွားတွေ လက်ထက် က ဒီလိုပဲ ပြောခဲ့ကြတာပဲ၊ ကျုပ်တို့လက်ထက်မှာတော့ မြွေဖြူတောင် မှာ အဲဒီလောက်ကြီးတဲ့ မြွေကြီးရှိတယ်လို့ မကြားဖူးပါဘူး "

ဟု ပြောလေ၏။

ခြံစောင့်ကြီးဦးဗလက ဝင်ရောက်၍

" ကျုပ်အထင်တော့ မြွေဖြူတောင်ဟာ သားရဲတိရစ္ဆာန်ပေါများ တယ်၊ တောလည်းနက်တယ်၊ အလွန်ကြီးမားတဲ့ စပါးကြီးမြွေလို မြွေ မျိုးတွေရှိတယ်၊ ဒါကြောင့် အဲဒီနေရာကိုရောက်ရင် အန္တရာယ်တွေနဲ့ ရင်ဆိုင်ရလွန်းလို့ လူတွေက ကြောက်ရွံ့နေတာဖြစ်မယ်၊ ဘာပဲဖြစ်ဖြစ် ကျုပ်တို့ကတော့ မြွေဖြူတောင်ကို ရောက်အောင်သွားမှာပါ "

ဟု ပြောလေ၏။

ထိုအခါ သူကြီးက လက်ကာပြ၍

" ကျုပ်က ခင်ဗျားတို့ကို ခင်လို့ပြောတာပါ၊ မြွေဖြူတောင်ကို မသွားပါနဲ့၊ လမ်းခရီးမှာ အန္တရာယ်အများကြီးရှိတယ်၊ ဒီဒေသကို ရောက်လာတဲ့ ကုန်သည်ဒတွေတောင် မြွေဖြူတောင်ကို ရှောင်ကွင်းပြီး သွားကြတယ်၊ ဒါကြောင့် ခင်ဗျားတို့ အရဲမစွန့်ဖို့ စေတနာနဲ့ ပြောချင် တယ် "

ဟု ပြောလေ၏

ဒေါ်ပန်းရုံက သက်ပြင်းချ၍

" သူကြီးမင်းရဲ့စေတနာကိုတော့ ကျွန်မတို့ နားလည်ပါတယ်၊ ဒါပေမဲ့ ကျွန်မတို့မှာ မြွေဖြူတောင်ကို သွားမှုဖြစ်မယ့် ကိစ္စကရှိသေးတယ်၊





www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ဘယ်လိုအန္တရာယ်ပဲဖြစ်ဖြစ် ရောက်အောင်တော့ သွားရမှာပဲ၊ ကျွန်မတို့ မနက်ဖြန်ပဲ မြွေဖြူတောင်ကို ခရီးဆက်မယ် ''

ဟု ပြောကာ စကားဝိုင်းကို လက်စသတ်လိုက်လေ၏။ သူကြီးသည် ၎င်းတို့ကို တားဖြစ်မဖြစ်နိုင်သောအခါ စိတ်ပျက်လက်ပျက်၍ အိမ်ပေါ်မှ ဆင်းသွားလေ၏။

သူကြီးသွားသောအခါ ဒေါ်ပန်းရုံက တရုတ်ဘိန်းစားဘက်သို့ လှည့်၍

'' မနက်ဖြန် ကျွန်မတို့ မြွေဖြူတောင်ကို ခရီးဆက်မယ်၊ ရှင် ကျွန်မတို့ကို လမ်းပြပေးမလား၊ မပေးဘူးလား ''

ဟု မေးမြန်းလေ၏။

တရုတ်ဘိန်းစားက ခေါင်းခါယမ်းလိုက်၍

'' ကျုပ်အသက်ကို ကျုပ်နှမြောတယ်၊ ခင်ဗျားတို့ ပိုက်ဆံ ဘယ်လောက်ပေးပေး ကျုပ် ဆက်ပြီးလမ်းမပြနိုင်ဘူး၊ ကျုပ်မှာ လူ့လောကကြီးထဲမှာ လုပ်စရာအများကြီးကျန်သေးတယ်၊ ခင်ဗျားတို့နဲ့ လိုက်ပြီး မိုက်ရူးရဲဆန်ပြီး တမလွန်ကို မသွားချင်ဘူး ''

ဟု ပြောလေ၏။

ထိုအခါ ဒေါ်ပန်းရုံက သူမ၏အိတ်ထဲမှာ ရွှေဒင်္ဂါးလက်တစ်ဆုပ်ကို နှိုက်၍ စားပွဲပေါ်သို့တင်လိုက်ပြီး

'' ဟောဒီ ရွှေဒင်္ဂါးတွေကိုရမယ်ဆိုရင် ရှင် ကျွန်မကို လမ်းပြ





မလား ''

ဟု ပြောလေရာ တရုတ်ဘိန်းစားက ရွှေဒင်္ဂါးများကိုကြည့်၍ မျက်လုံးပြူးသွားလေ၏။

သို့သော် ခေါင်းခါယမ်းလိုက်၍

'' အမလေး... ဒီရွှေဒင်္ဂါးတွေထက် ကျုပ်အသက်ကို ပိုပြီး တန်ဖိုးထားပါတယ် ''

ဟု ပြောလေ၏။

ထိုအခါ ဒေါ်ပန်းရုံက သူမ၏အိတ်ထဲသို့ ထပ်မံနှိုက်လိုက်ပြီး ရွှေဒင်္ဂါးလက်တစ်ဆုပ်ကို စားပွဲပေါ်သို့တင်လိုက်ပြီး

'' ဟောဒါတွေကို ထပ်ရရင်ရော ရှင် ကျွန်မတို့နဲ့လိုက်မလား''

ဟု မေးမြန်းလေ၏။ ထိုအခါ တရုတ်ဘိန်းစားက ခေါင်းခါယမ်းလိုက်ပြန်ပြီး

'' ကျုပ် ရွှေတွေကိုမမက်ဘူးဗျ၊ အသက်ကိုပဲ တန်ဖိုးထားတယ် ''

ဟု ပြောပြန်၏။ ဒေါ်ပန်းရုံက တစ်ဖန် ရွှေဒင်္ဂါးလက်တစ်ဆုပ်ကို စားပွဲခုံပေါ်သို့ တင်လိုက်ပြန်၏။ ထို့နောက် တရုတ်ဘိန်းစားကို ခြောက်လုံးပြူးသေနတ်ဖြင့် ချိန်လိုက်ပြီး

'' ရှင်... ဒီရွှေဒင်္ဂါးတွေကိုယူမလား၊ ခြောက်လုံးပြူးထဲက ကျည်ဆန်ကို ယူမလား ''



www.burmeseclassic.com

www.burmeseclassic.com



ဟု မေးမြန်းလေ၏။ ထိုအခါ တရုတ်ဘိန်းစားသည် ရွှေများ ပြန်လာပြီး

" ကျုပ်... ကျုပ်... ရွှေဒင်္ဂါးတွေပဲ ယူပါ့မယ်ဗျာ "

ဟု ပြောရင်း ရွှေဒင်္ဂါးပုံကြီးကို သူ၏အိတ်ထဲကို ထည့်လေတော့၏။ ထိုအခါ ဒေါ်ပန်းရုံက

" ကောင်းပြီ၊ ဒါဆိုရင် ကျွန်မတို့ကို လမ်းကောင်းကောင်းပြပေးဖို့ ကြိုးစား၊ အိမ်ထဲက ထွက်ပြေးမယ်လို့တော့ မကြံနဲ့၊ ရှင့်ထက် လျင်တဲ့ လူတွေကြီးပဲ၊ ရှင်ထွက်ပြေးမယ်ကြံရင် အသက်ပေးရလိမ့်မယ် "

ဟု ပြောလေ၏။ တရုတ်ဘိန်းစားသည်

" မပြေးဝံ့ပါဘူးဗျာ၊ မပြေးဝံ့ပါဘူးဗျာ "

ဟု ပြောရင်း အိပ်စရာနေရာ၌ လှဲချလိုက်လေတော့၏။ ထိုအခါ မှပင် ဒေါ်ပန်းရုံက သီဟတို့အားလုံးကို အနားယူရန် ပြောလေ၏။

သီဟသည် မိခင်၏ ရဲရုပ်ပြတ်သားပုံကိုကြည့်၍ စိတ်ထဲတွင် ကြိတ်၍ သဘောကျနေလေတော့၏။ နောက်တစ်နေ့တွင် သူတို့အားလုံး သူကြီးကို နှုတ်ဆက်၍ ထိုရွာမှထွက်ခဲ့လေ၏။

သူကြီးသည် သူတို့အား သေလူများကဲ့သို့ သဘောထားကာ စိတ်မကောင်းဟန်ဖြင့် ကြည့်နေလေ၏။

တရုတ်ဘိန်းစား ငှားရမ်းခဲ့သောဆင်များကိုမူ သူကြီး၏ မြေဝန်းထဲ တွင် အပ်နှံခဲ့လေတော့၏။





ဆင်များကို ထိန်းသိမ်းစောင့်ရှောက်ထားရန် သူကြီးအား ရွှေဒင်္ဂါးတချို့ကို ပေးခဲ့လေ၏။

ၤင်းတို့သည် မြစ်များ၊ ချောင်းများကို ကျော်ဖြတ်၍ ခရီးဆက် ခဲ့လေတော့၏။

ရေစီးသန်သော မြစ်များ၊ ချောင်း များကို ကျော်ဖြတ် ရာတွင် တစ်ခါတစ်ရံ ဝါးဖောင်များ၏ အကူအညီဖြင့် ကျော်ဖြတ်ရ၏။

တစ်ခါတစ်ရံ ရင်တုန်စိတ်လှုပ်ရှားဖွယ် ကြိုးတံတားများဖြင့် ကျော်ဖြတ်ရ၏။ ထိုဒေသတွင် ကြိမ်များ အလွန်ပေါကြောင်းတွေ့ရ၏။

ကြိုးတံတားတစ်ချို့ကို ကြိမ်ဖြင့်ပြုလုပ်ထားလေ၏။ တရုတ် ဘိန်းစားသည် လမ်းခရီးတစ်လျှောက်လုံး စိတ်လှုပ်ရှားဟန်ဖြင့် ရှေ့မှ ဦးဆောင်နေ၏။

ၤင်းတို့သည် ခရီးဆက်ရင်း ညနေစောင်းသွားသောအခါ ရှေ့ဆက်မသွားနိုင်တော့သဖြင့် လိုဏ်ဂူတစ်ခုအတွင်း အနားယူလေ၏။

ညဘက်တွင် သားရဲတိရစ္ဆာန်များရန်မှ ကာကွယ်ရန် လိုဏ်ဂူ ရှေ့တွင် မီးဖိုထားလေ၏။ ဒေါ်ပန်းရုံက အမြွာညီအစ်ကိုနှစ်ဦးအား ညဘက်တွင် အလှည့်ကျ ကင်းစောင့်စေ၏။

ထိုညက ဒေါ်ပန်းရုံသည် နှစ်ပေါင်းမြားစွာ မမက်ဘဲရှိခဲ့သော ထူးဆန်းသည့် အိပ်မက်ကို ပြန်လည်မြင်မက်လေ၏။

အိပ်မက်ထဲတွင် သူမ၏မိတ်ဆွေ မြွေဖြူမကို ပြန်တွေ့ရ၍



www.burmeseclassic.com

www.burmeseclassic.com



မြင်တွေ့ရ၏။

ထုံးစံအတိုင်း ရှည်လျားသောဆံပင်များနှင့် ချောမောလှပသော မိန်းမတစ်ဦး၏အသွင် ပြောင်းလဲသွားကာ ဒေါ်ပန်းရုံကို နှုတ်ဆက်လေ၏။

မြေဖြူမက

“ ရှင်နဲ့ကျွန်မ ပြန်တွေ့ကြရပြန်ပြီနော်၊ ကျွန်မတို့ဟာ ရှေးဘဝက ရေစက်ပါလို့နေ့တူတယ်၊ အကြိမ်ကြိမ်ပြန်တွေ့ကြရတယ် ”

ဟု ပြောလေရာ ဒေါ်ပန်းရုံသည် မြေဖြူမကို မြင်တွေ့ရသဖြင့် လွန်စွာ ဝမ်းသာသွားပြီး

“ ငါတို့နှစ်ယောက် မတွေ့ရတာ နှစ်ပေါင်းမြောက်များစွာ ကြာခဲ့ပြီးနော်၊ အခုလို ပြန်တွေ့တာ ဝမ်းသာလိုက်တာဟယ် ”

ဟု ပြောလေ၏။

ထိုအခါ မြေဖြူမဟာ

“ ရှင်နဲ့ကျွန်မဟာ အမြဲတစေပတ်သက်နေရတယ်၊ အခုလည်း ရှင်က ကျွန်မတို့နယ်မြေကို ရောက်လာပြန်ပြီလေ ”

ဟု ပြောလေရာ ဒေါ်ပန်းရုံသည် မြေဖြူမ၏စကားကြောင့် အံ့သြသွားပြီး

“ ဟင်... ဒါဆိုရင် နင်က ဟူးကောင်းတောင်ကြားမှာ ရောက်နေတာပေါ့၊ နင်နဲ့ငါဟာ နီးနီးကပ်ကပ်ရှိနေတယ်ပေါ့ ”





ဟု ဝမ်းသာအားရဖြင့် ပြောလေ၏။

ထိုအခါ မြေဖြူမက ခေါင်းညိတ်၍

“ သိပ်ဟုတ်တာပေါ့၊ ရှင်နဲ့ကျွန်မ နီးနီးကပ်ကပ်ကို ရှိနေတယ်၊ ရှင် ဒီကိုရောက်လာတာ ကျွန်မ သိပ်ဝမ်းသာတယ်၊ ရှင့်ကို ကျွန်မ အိပ်မက်ထဲကနေ လိုအပ်တဲ့အကူအညီတွေ ပေးမှာပါ ”

ဟု ပြောလေ၏။ ဒေါ်ပန်းရုံသည် အိပ်မက်ထဲတွင် အလွန် ဝမ်းသာသွားလေ၏။

ထို့ကြောင့် ဒေါ်ပန်းရုံသည် သူမ၏အကြံအစည်များကို မြေဖြူမအား ပြောပြရန် ကြံလိုက်၏။

ထိုအခိုက်မှာပင် ဆူညံသောသေနတ်သံများကြောင့် ဒေါ်ပန်းရုံသည် အိပ်မက်မှ လန့်နိုးလာလေ၏။

ဒေါ်ပန်းရုံသည် အိပ်ရာမှ ကမန်းကတန်းထ၍ လိုဏ်ဂူဝကို ကြည့်လိုက်ရာ အမြွာညီအစ်ကိုနှစ်ဦးအနက် တစ်ဦးသည် တစ်စုံတစ်ခုကို သေနတ်ဖြင့် ပစ်လိုက်ကြောင်း တွေ့ရ၏။

ဦးဇလက လိုဏ်ဂူရှေ့သို့ ပြေးထွက်သွားပြီး

“ ဘယ်သူ့ကိုတွေ့လို့ သေနတ်နဲ့ပစ်တာလဲ ”

ဟု မေးမြန်းလေ၏။ ထိုအခါ အမြွာညီအစ်ကိုအနက် အစ်ကို ဖြစ်သူက

“ ကျုပ်တို့လိုဏ်ဂူရှိရာကို ကြောက်စရာကောင်းတဲ့ လူဝံကြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ကောင် ရောက်လာတယ်၊ မီးဖိုထားလည်း ကြောက်လန့်ပုံမရဘူး၊ ဒါကြောင့် သေနတ်နဲ့ပစ်လိုက်တာ၊ လူဝံကြီးဟာ သေနတ်သံကြားမှ တောထဲကိုဝင်ပြေးသွားတယ် ''

ဟု ပြောပြလေ၏။

ထိုအခါမှပင် ၎င်းတို့အားလုံး စိတ်အေးသွား ကြလေ၏။

ဒေါ်ပန်းရှုံသည် မြွေဖြူမနှင့် အိပ်မက်ထဲတွင် တွေ့ဆုံပုံကို သတိရပြီး သူမလန့်နိုးရခြင်းကို မကျေမချမ်းဖြစ်နေမိ၏။

မြွေဖြူမသည် နှစ်ပေါင်းများစွာပျောက်နေရာမှ သူမ၏အိပ်မက်ထဲတွင် ပြန်လည်ရောက်ရှိလာပေပြီ။ အိပ်မက်၌ မြွေဖြူမ၏ပြောစကားအရ သူမသည် ဟူးကောင်းချိုင့်ဝှမ်းတွင် ရောက်ရှိနေလေပြီ။

သူမ၏အိပ်မက်သည် စိတ်စွဲလမ်းစရာကြောင့်မက်သော အိပ်မက်ဖြစ်နိုင်သော်လည်း မြွေဖြူမနှင့် မကြာခဏ တိုက်ဆိုင်နေ၍ အိပ်မက်၏ ထူးဆန်းပုံကို အံ့သြနေမိ၏။

နောက်တစ်နေ့နံနက်တွင် တောင်တက်ခရီးလမ်းကို ပြန်စကြပြန်၏။

ထိုတောင်သည် ပေ ၃၀၀၀ ကျော်ရှိပြီး အလွန်မတ်စောက်လှသဖြင့် သူတို့အားလုံး ပင်ပန်းဆင်းရဲကြလေ၏။

ထိုညက တောင်ခြေတစ်နေရာတွင် မီးလင်းဖို ဖိုပြီး အိပ်စက်ကြရ၏။ ဒေါ်ပန်းရှုံသည် အိပ်စက်ခါနီးတွင် သူမ၏အိပ်မက်ထဲသို့ မြွေဖြူမ





ရောက်ရှိလာပါစေဟု ဆုတောင်းနေမိ၏။

ထို့နောက် ဒေါ်ပန်းရှုံ အိပ်ပျော်သွားလေ၏။ ဒေါ်ပန်းရှုံ အိပ်ပျော်သွားပြီး မကြာမီပင် အိပ်မက်ထဲသို့ မြွေဖြူမရောက်ရှိလာပြီး

'' လွန်ခဲ့တဲ့ညက ရှင်နဲ့ကျွန်မ စကားပြောရင်း ပြတ်သွားတယ်၊ ရှင့်ကို ကျွန်မ အရေးကြီးတဲ့စကားပြောချင်လို့ နောက်တစ်ကြိမ် လာတွေ့တာပါ၊ ရှင်တို့မှာ အန္တရာယ်တွေရှိနေတယ်၊ ရှင်တို့နောက်ကို အလွန်လောဘရမ္မက်ကြီးတဲ့ ရန်သူတွေလိုက်နေကြတယ်၊ ရှင်တို့ရဲ့ရန်သူတွေကို ရှင်တို့ရိပ်မိမှာပါ၊ သူတို့ဟာ ရှင်တို့နဲ့ အလွန်နီးကပ်တဲ့အရပ်ကို ရောက်နေကြတယ်၊ အစစအရာရာ သတိထားပြီး နေကြပါ၊ ဒါပေမဲ့ စိုးရိမ်စရာတော့မရှိပါဘူး၊ ဘာကြောင့်လဲဆိုတော့ ရှင့်ဘက်မှာ ကျွန်မ အမြဲရှိနေတယ်လေ ''

ဟု ပြောလေ၏။ ထို့နောက် ဒေါ်ပန်းရှုံသည် မြွေဖြူမအား မြွေဖြူတောင်သို့ ရောက်ရှိနေသော သူမ၏ရည်ရွယ်ချက်ကို ပြောပြရန် ပြင်လိုက်၏။

ထိုအချိန်တွင် တစ်စုံတစ်ရာသော ဆူညံသံကြောင့် သူမသည် အိပ်ရာထက်မှ လန့်နိုးသွားပြန်၏။ ထိုအသံမှာ လမ်းပြတရုတ်ဘိန်းစား၏ အသံဖြစ်ပြီး တရုတ်ဘိန်းစားသည် အိပ်မက်ဆိုးများမက်နေရာမှ လန့်နိုးလာဟန်ဖြစ်၏။

ဒေါ်ပန်းရှုံသည် အိပ်မက်ထဲတွင် မြွေဖြူမနှင့် စကားပြောနေရာမှ



www.burmeseclassic.com

www.burmeseclassic.com



လန့်နိုးသွားသဖြင့် လွန်စွာ စိတ်ဆိုးသွားလေ၏။

ထိုညက အိပ်ပျော်ရန် ကြိုးစားသော်လည်း ဆက်လက်၍ အိပ်မပျော်တော့ချေ။ ဤသို့ဖြင့် မိုးစင်စင်လင်းသွားလေ၏။ ညက မကိုအိပ်ခဲ့သော အိပ်မက်အရ ၎င်းတို့၏ရန်သူများ အနီးကပ်ဆိုးနေရာသို့ ရောက်ရှိခနေပြီဖြစ်၏။

ꩤ ꩤ ꩤ

အမှတ်(၇) မျက်နှာစာလမ်း ကျိုက္ကဆံလမ်း ကျောက်မြောင်းရေး တာမွေ





နံနက်သို့ရောက်သောအခါ တရုတ်ဘိန်းစားက

" ကျုပ်တို့ မြွေဖြူတောင်နဲ့ သိပ်နီးလာပြီ၊ ရှေ့ဆက်ပြီး လမ်းခရီးတစ်လျှောက်လုံး အလွန်သတိထားပြီး သွားရမယ်၊ ဒီဒေသမှာ အင်မတန်ကြောက်စရာကောင်းတဲ့ ရွှံ့နွံအိုင်တွေရှိတာယ်၊ အဲဒီရွှံ့နွံအိုင်တွေထဲ ကျသွားရင် ပြန်ရုန်းထွက်ဖို့မဖြစ်နိုင်ဘူး၊ နောက်ပြီးတော့ ကြောက်စရာကောင်းတာက လူရဲ့ပေါင်လုံးလောက်ရှိတဲ့ စပါးကြီးမြွေကြီးတွေပဲ၊ မြွေကြီးတွေဟာ နေရာအနှံ့က ထွက်ပေါ်လာနိုင်တယ်၊ ကျုပ်တို့ ခရီးတစ်လျှောက်လုံး သတိထားပြီး နေထိုင်မှဖြစ်မယ် "

ဟု ပြောလေ၏။

ထိုနောက် တရုတ်ဘိန်းစားသည် အရှေ့မှ ဦးဆောင်၍ မြွေဖြူတောင်သို့ ခရီးဆက်ခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



တရုတ်ဘိန်းစားသည် ရွှံ့နွံထူထပ်သော နေရာသို့ရောက်သော အခါ သတိကြီးစွာထား၍ ခရီးဆက်၏။

ဎင်းတို့သည် လမ်းခရီး၌ ဖြည်းညှင်းစွာ သွားကြရလေ၏။ ခရီး တစ်နေရာသို့ရောက်သောအခါ သစ်ပင်ကြီးတစ်ပင်အနောက်မှ စပါးကြီး မြွေတစ်ကောင်ထွက်လာလေ၏။

မြွေကြီးကိုကြည့်၍ ဒေါ်ပန်းရုံ၏ အိမ်ဖော်မိန်းကလေး သုံး ယောက်သည် ထိတ်လန့်တကြား အော်ဟစ်လိုက် ၏။ ထိုအခါ တရုတ် ဘိန်းစားက

" ဘာမှမကြောက်ကြနဲ့ ဒီကောင်ကြီးဟာ အစာကိုမျိုထားတာ ကြာသေးပုံမရဘူး။ ဒါကြောင့် ကျုပ်တို့ကို ရန်ပြုမှာမဟုတ်ဘူး။ သူ့ကို ရှောင်လွှဲပြီး သွားမှဖြစ်မယ် "

ဟု ပြောလေ၏။

နေ့လယ်သို့ရောက်သောအခါ အသင့်ပါလာသော အသား ခြောက်များကို စားကြလေ၏။ တရုတ်ဘိန်းစားသည် ပေါင်မုန့်များကို မီးကင်၍ ထောပတ်သုတ်ရင်း ဒေါ်ပန်းရုံ၏မျက်နှာကိုကြည့်ကာ

" ဒီမှာ ခင်ဗျားတို့ကို ကျုပ် ရှင်းရှင်းပဲမေးမယ်၊ မြေပြန့်တောင် ကို သစ်ခွပန်းရှာထွက်တယ်ဆိုတာ ကျုပ် လုံးဝမယုံဘူး၊ ခင်ဗျားတို့မှာ ရည်ရွယ်ချက်တစ်ခုခုတော့ ရှိပုံရတယ်၊ အဲဒီရည်ရွယ်ချက်ကို ကျုပ်ကို ပြောပြပါ။ ဘာပဲဖြစ်ဖြစ် ကျုပ်တို့ဟာ ခရီးအတူတူသွားနေတဲ့ လူတွေပဲ၊





ကျုပ်ဟာ ထိုက်သင့်တဲ့အခကြေးငွေယူပြီး ခင်ဗျားတို့ကို လမ်းပြအဖြစ် လုပ်ဆောင်ခဲ့တယ်၊ ခင်ဗျားတို့ရဲ့ အသက်အန္တရာယ် လုံခြုံရေးအတွက် ကျုပ်မှာ တာဝန်ရှိတယ်၊ ကျုပ်ကို ဘာမှ ထိန်ဝှက်ထားမနေပါနဲ့တော့၊ ခုချိန်မှာတော့ ခင်ဗျားတို့ အမှန်အတိုင်း ပြောပြစေချင်တယ် "

ဟု ပြောလေ၏။

ထိုအခါ ဒေါ်ပန်းရုံနှင့် ဦးဗလသည် လမ်းပြ တရုတ်ဘိန်းစားအား ပြောသင့်မပြောသင့် စဉ်းစားနေလေ၏။ ခဏကြာလျှင် ဒေါ်ပန်းရုံသည် တစ်စုံတစ်ရာကို ဆုံးဖြတ်လိုက်ဟန်ဖြင့် တရုတ် ဘိန်းစားကိုကြည့်ကာ

" ပထမတော့ ကျွန်မတို့ရဲ့ခရီးလမ်းကို လျှို့ဝှက်ထားမလို့ဘဲ၊ ဒါပေမဲ့ ရှင်ပြောသလို ရှင်ဟာ ကျွန်မတို့နဲ့ ကောင်းတူ ဆိုးတူဖြစ်တယ်၊ ကျွန်မတို့ခရီးလမ်း အောင်မြင်ရေးအတွက်လည်း ရှင့်အပေါ်မှာ အများ ကြီး မူတည်တယ်၊ ကျွန်မတို့ ရှင့်ကို အမှန်အတိုင်းပြောဖို့ ဆုံးဖြတ်လိုက် ပြီ "

ဟု ပြောလေ၏။ တရုတ်ဘိန်းစားသည် ခေါင်းကိုတဆတ်ဆတ် ညိတ်၍

" ဒီလိုပဲဖြစ်ရမှာပေါ့ဗျာ၊ ခင်ဗျားတို့ရည်ရွယ်ချက်ဟာ ရတနာ မြေပုံရှာဖို့နဲ့တူတယ် "

ယု ပြောလေရာ ဎင်းတို့အားလုံး အံ့သြသွားကြလေ၏။ ထိုအခါ ဒေါ်ပန်းရုံက တရုတ်ဘိန်းစားကို မျက်မှောင်ကြုတ်ကြည့်ကာ



www.burmeseclassic.com

www.burmeseclassic.com



" ရှင်က ရတနာမြေပုံရှာမယ်ဆိုပြီး ဘာလို့အတတ်ပြောနိုင်တာလဲ "

ဟု မေးလေ၏။

ထိုအခါ တရုတ်ဘိန်းစားက ရယ်မော၍

" ဟား… ဟား… ဟား… ကျုပ် ဒီလောက်မညံ့ပါဘူးဗျာ၊ ခင်ဗျားတို့ဟာ ကျုပ်မရှိတဲ့အချိန်မှာ မကြာခဏ တိုင်ပင်ဆွေးနွေးလေ့ရှိတယ်၊ မြေပုံတစ်ခုကိုလည်း မကြာခဏ ထုတ်ကြည့်လေ့ရှိတယ်၊ ခင်ဗျားတို့ဟာ ရိုးရိုးသားသား သစ်ခွပန်းရှာတဲ့လူတွေဆိုရင် ဒီလောက် လျှို့ဝှက်စရာအကြောင်းမရှိဘူး၊ နောက်ပြီး ဒီထက်ပိုပြီး သေချာတာတစ်ခုက ခင်ဗျားတို့ နောက်ကို အဖွဲ့တစ်ဖွဲ့လိုက်နေတယ်၊ ဒါကို ကျုပ်တောထဲကို စရောက်ပြီးကတည်းက ရိပ်စားမိခဲ့တယ်၊ ခင်ဗျားတို့မှာ ရန်အန္တရာယ်တွေ ရှိနေတယ်၊ ပထမတော့ ကျုပ်ဟာ လမ်းပြအလုပ်ကို လုပ်ပြီး ခင်ဗျားတို့ရဲ့ ရည်ရွယ်ချက်ကိုမမေးမြန်းဘဲ နေမလို့ဘဲ၊ အခုတော့ ခင်ဗျားတို့ကို မမေးမြန်းလို့မဖြစ်တော့ဘူး၊ ခင်ဗျားတို့ရဲ့ရန်သူတွေဟာ ခင်ဗျားတို့ကို မကြာခင် ဝင်ပြီးတိုက်ခိုက်တော့မယ် ထင်တယ် "

ဟု ပြောလေ၏။

ထိုအခိုက်မှာပင် သေနတ်သံများကို ကြားရပြီး တရုတ်ဘိန်းစားက စားလက်စပေါင်မုန့်ကို လွှင့်ပစ်လိုက်ပြီး

" အမလေး… ကျုပ်စကားမဆုံးသေးဘူး၊ ရန်သူတွေ





…ာက်လာပြီ ထင်တယ် "

ဟု ပြောလေ၏။

ဒေါ်ပန်းရုံတို့သည် သစ်ပင်များအကွယ်တွင် အသီးသီးနေရာယူ…က်ပြီး သေနတ်ကိုထုတ်ကာ ရန်သူများကို ပြန်လည် ပစ်ခတ်လေ၏။

တရုတ်ဘိန်းစားမှာမူ ကျောက်တုံးတစ်တုံး၏နောက်ကွယ်တွင် …းကွယ်၍ ခေါင်းမဖော်ဝံ့ဘဲရှိနေ၏။

ဒေါ်ပန်းရုံက တရုတ်ဘိန်းစား၏ အခြေအနေကိုကြည့်၍ သူမ၏ …တ်ထဲမှာ ခြောက်လုံးပြူးတစ်လက်ကို ထုတ်၍ ပစ်ပေးလိုက်လေ၏။ …ရုတ်ဘိန်းစားသည် သူ၏လက်ထဲသို့ သေနတ်ရောက်ရှိသောအခါ …်သူများကို ပြန်လည်ပစ်ခတ်လေ၏။

သီဟသည် ရန်သူများကို ပြန်လည်ပစ်ခတ်ရင်း ၎င်းတို့၏ …ည်နေရာကို ရှာဖွေလေရာ ရန်သူများသည် မြင့်မားသော တောင်ကုန်း…စ်ခု၏အပေါ်မှ ပစ်ခတ်နေကြောင်း တွေ့ရ၏။

ရန်သူများသည် အထက်စီးမှနေရာယူထားပြီး အပေါ်မှပစ်ခတ်…သဖြင့် သီဟတို့မှာ သစ်ပင်ကြားမှ ခေါင်းမဖော်နိုင်ဘဲ ရှိလေ၏။

မောင်သီဟသည် သစ်ပင်တစ်ပင်မှတစ်ပင် အလျှင်အမြန် ကူး…်းသွားလေ၏။ ထို့နောက် ချုံနွယ်ပိတ်ပေါင်းများကို အကာအကွယ်…ာ တောင်ကုန်းပေါ်သို့ လျှင်မြန်စွာတက်သွားလေ၏။

ရန်သူများသည် သီဟ၏လှုပ်ရှားပုံ မြန်ဆန်လွန်းသဖြင့် သီဟ



www.burmeseclassic.com

www.burmeseclassic.com



ရောက်ရှိလာခြင်းကို ရိပ်စားမိခြင်းမရှိချေ။ သီဟသည် မကြာမီ ရန်သူများ၏နောက်ကျောကို ရောက်ရှိသွားလေ၏။

ထိုအခါ ဒေါပန်းရုံတို့ကိုမဲ၍ ပစ်ခတ်နေသော ရန်သူအချို့ကို မြင်တွေ့ရလေ၏။ ထို့နောက် သီဟသည် ပြောင်းရှည်သေနတ်တစ်လက်ဖြင့် ရန်သူ၏ပခုံးကို လက်ဖြင့်ပုတ်လိုက်၏။

ရန်သူသည် ကြောင်အမ်းအမ်းလှည့်ကြည့်၏။ ထိုအခါ သီဟက ရန်သူ၏ပေါင်ကြားအား ဒူးဖြင့်တိုက်လိုက်ရာ ရန်သူသည် အော်ပင်မအော်နိုင်ဘဲ မြေပေါ်သို့ ပြိုလဲကျသွားလေ၏။

သီဟသည် ထိုကဲ့သို့ ရန်သူများ၏နောက်ကျောမှ ချည်းကပ်သွားပြီး ရန်သူကို အသံတိတ် တိုက်ခိုက်လေ၏။ သီဟ၏ တိုက်ခိုက်မှုကြောင့် ရန်သူများသည် အတော်ပင် အထိနာသွားကြလေ၏။

တစ်ချိတွင် သီဟသည် ကျောက်တုံးကြီးတစ်တုံးကို အကာအကွယ်ပြု၍ ပစ်ခတ်နေသော ရန်သူများပေါ်သို့ သစ်ပင်ပေါ်မှ ခုန်အုပ်လိုက်လေ၏။

ရန်သူများသည် မိုးပေါ်မှကျလာသော သီဟအား အလန့်တကြားကြည့်၍ ဆူညံစွာ အော်ဟစ်ကြလေ၏။ သီဟသည် အနီးတွင်ရှိသော ရန်သူတစ်ဦး၏မေးကို လက်သီးဖြင့် အားကုန်ပင့်ထိုးလိုက်လေ၏။

ရန်သူတစ်ဦးသည် ထိုနေရာမှ ပြေးထွက်သွားပြီး





" ရန်သူတွေ၊ ရန်သူတွေ ငါတို့နောက်ကျောမှာ ရောက်နေပြီ"

ဟု အော်ဟစ်လိုက်ရာ ဒေါပန်းရုံတို့ကို မဲ၍ပစ်ခတ်နေသော ရန်သူများသည် သီဟကို ဂရုစိုက်ဖြစ်သွားပြီး နောက်ကျောသို့ပြန်၍ ပစ်ခတ်ကြလေ၏။

သီဟသည် ကျောက်တုံးကြီးနောက်မှ ဆုတ်ခွာခဲ့ပြီး အကာအကွယ်ပြု၍ ပြေးထွက်ခဲ့လေတော့၏။

ဒေါပန်းရုံတို့သည် သီဟ၏စွန့်စားမှုများကြောင့် ရန်သူများ၏ ဘေးရာယ်မှ များစွာသက်သာသွားလေ၏။ ထို့ကြောင့် ရန်သူများအား ပြန်လည်၍ ခုခံပစ်ခတ်နိုင်လေ၏။

ရန်သူများသည် ဒေါပန်းရုံတို့အား ခြောင်းမြောင်းပစ်ခတ်ရန် မဖြစ်နိုင်တော့သဖြင့် ဆုတ်ခွာထွက်ပြေးသွားလေ၏။

ဒေါပန်းရုံက ၎င်း၏အနီးသို့ ပြန်လည်ရောက်ရှိလာသော သီဟ၏ ပခုံးကိုပုတ်၍

" မောင်သီဟ၊ မင်းရဲ့သတ္တိကိုတော့ ချီးကျူးတယ်ကွာ၊ မင်းရဲ့ စွန့်စားမှုကြောင့် အဒေါ်တို့ ရန်သူရဲ့လုပ်ကြံမှုက လွတ်ကင်းသွားတယ်၊ ရန်သူက တောင်ကုန်းပေါ်က နေရာယူထားပြီး အဒေါ်တို့ကို စိစိညက် ချေဖို့ နေရာယူထားတာကွ "

ဟု ပြောလေ၏။

ဦးဗလကလည်း သီဟ၏ပခုံးကိုပုတ်၍



www.burmeseclassic.com

www.burmeseclassic.com



" ဒီခရီးလမ်းမှာ မင်းကိုခေါ်ခဲ့တာ သိပ်မှန်သွားပြီ "

ဟု ချီးမွမ်းလေ၏။

ထိုအခါ အိမ်ဖော်မိန်းမပျိုသုံးယောက်ကလည်း အားတက်သရော ဝင်ရောက်ချီးမွမ်းလေ၏။ အမြွာညီအစ်ကို နှစ်ယောက်ကလည်း သီဟကို သဘောကျဟန်ဖြင့် ချီးမွမ်းပြန်လေ၏။

ဒေါ်ပန်းရှု၏ မွေးစားသား မောင်ရွှေမြတစ်ယောက်သာ သီဟအား မနာလိုဟန်ဖြင့် ကြည့်နေလေ၏။ ရန်သူများနှင့် တွေ့ကြုံရသော တိုက်ပွဲတိုင်းတွင် သီဟ၏အစွမ်းပြမှုများကိုသာ တွေ့ရပြီး မိမိ၏အစွမ်းပြမှုများ မပြုလုပ်နိုင်သဖြင့် ဝန်တိုစိတ်ဖြစ်ပေါ်နေမိ၏။

၎င်းတို့သည် ထိုနေရာတွင် ဆက်လက်နေထိုင်လျှင် အန္တရာယ်နှင့် တွေ့ဆုံနိုင်သဖြင့် ထိုနေရာမှ ထွက်ခွာခဲ့လေတော့၏။

လမ်းခရီးတွင် ဒေါ်ပန်းရှုက တရုတ်ဘိန်းစားဘက်ကိုလှည့်၍

" ကျွန်မတို့ဟာ ရတနာသိုက်ကို လိုက်နေတယ်ဆိုတာ မှန်ပါတယ်၊ ရတနာကိုရရင် ကျွန်မတို့အားလုံး ကိုယ်ကျိုးအတွက် အကျိုးပြုမဲ့သူတွေ မဟုတ်ဘူး၊ ရတနာတွေကို အများအကျိုးရှိမဲ့နေရာတွေမှာ လှူဒါန်းဖို့ ဆုံးဖြတ်ထားတယ်၊ ကျွန်မတို့နောက်ကို လိုက်နေတဲ့ ရန်သူတွေကတော့ ဝိသမလောဘသားတွေပါ၊ သူတို့ဟာ ငွေသာရမယ်ဆိုရင် ဘနဖူးကိုသိုက်တူးမဲ့ လူတွေပါ၊ လောဘရမ္မက်တွေကြီးပြီး သူတို့ ကိုယ်ကျိုးအတွက်လုပ်တယ်၊ ကျွန်မတို့က အများအကျိုး





လုပ်တယ်၊ ရှင်လည်း ကျွန်မတို့ဘက်ကနေ ပူးပေါင်းပါဝင်ပါ၊ ရတနာတွေကို တွေ့ရင် ဝေပုံကျလိုချင်တယ်ဆိုရင်လည်း ရှင့်အတွက် ခွဲဝေပေးပါ့မယ် "

ဟု ပြောလေ၏။ ထိုအခါ တရုတ်ဘိန်းစားက တဟားဟား ရယ်မော၍

" ကျုပ်က ပစ္စည်းဥစ္စာတွေကို မမက်မောပါဘူး၊ ကျုပ်ဘဝမှာ အရေးကြီးဆုံးက အာဖိန်ပဲ "

ဟု ပြောကာ သူ၏ကျောပိုးအိတ်ထဲတွင်ပါသော ဘိန်းထုတ်ကို ပြလိုက်လေ၏။

ထို့နောက် တရုတ်ဘိန်းစားကပင် ဆက်လက်၍

" ကျုပ်ဘဝမှာ အာဖိန်သာရှိနေရင် ပြည့်စုံတယ်၊ အာဖိန်သာရှိနေရင် နတ်ပြည်ကိုလည်း သွားနိုင်တယ်၊ နတ်သမီးလေးတွေနဲ့လည်း တွေ့နိုင်တယ်၊ ပစ္စည်းဥစ္စာတွေ၊ ရွှေငွေရတနာတွေ မလိုပါဘူးဗျာ "

ဟု ပြောလေ၏။

ထိုအခါ ဒေါ်ပန်းရှုက

" ဘာပဲဖြစ်ဖြစ် ကျွန်မတို့ရဲ့ ခရီးလမ်းကို ရှင်လိုက်ပါပြီး ကူညီပေးတဲ့အတွက် ရှင့်ကို ကျေးဇူးတင်ပါတယ်၊ ရတနာတွေကိုတွေ့ရင် ဝေပုံကျ ခွဲဝေပေးပါ့မယ် "

ဟု ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ တရုတ်ဘိန်းစားက ခေါင်းခါယမ်းလိုက်ပြီး

" ဒီမှာ ကျုပ်ဟာ အာဖိန်ကိုချစ်တဲ့ တရုတ်ဘိန်းစားဖြစ်ပေမဲ့ လောဘသားမဟုတ်ဘူးဗျ၊ အများအတွက် ကိုယ်ကျိုးစွန့်ပြီး အနစ်နာခံတတ်တဲ့ ခင်ဗျားတို့ရဲ့စိတ်ဓာတ်ကို ကျုပ်ချီးကျူးတယ်၊ ရတနာတွေကို တွေ့ရင် တစ်ပြားတစ်ချပ်မှ ကျုပ်မလိုချင်ပါဘူး၊ အများအကျိုးအတွက် ခွဲဝေလှူဒါန်းဖို့ ကျုပ်သဘောတူပါတယ် "

ဟု ပြောလေ၏။ ထိုအခါ ဦးဗလက ဝင်ရောက်၍ တရုတ်ဘိန်းစား၏ ပခုံးကိုပုတ်ကာ

" ခင်ဗျားရဲ့စိတ်ဓာတ်က ချီးကျူးလေးစားဖို့ကောင်းတယ်၊ ဒါကြောင့် ကျုပ်တို့နဲ့ပူးပေါင်းဖို့ရသွားပြီ၊ ဆိုးတူကောင်းဖက် အန္တရာယ်တွေကို ရင်ဆိုင်ကြတာပေါ့ "

ဟု ပြောလေ၏။ ဤသို့ဖြင့် ဒေါ်ပန်းရုံတို့သည် ခက်ခဲကြမ်းတမ်းသော ခရီးကိုဆက်ခဲ့လေ၏။

ပ ပ ပ



ဂုဏ်တို့သည် ညနေစောင်းသောအခါ စမ်းချောင်းလေးတစ်ခုသို့ ရောက်ခဲ့ကြလေ၏။ ထိုအခါ မိန်းမပျိုများသည် စမ်းချောင်းတွင် ရေချိုးချင်ကြောင်း ဒေါ်ပန်းရုံအား ပြောပြလေ၏။

ထို့နောက် ဒေါ်ပန်းရုံက စမ်းချောင်းအနီးတွင် ဒီတစ်ည စခန်းချမည်ဖြစ်ကြောင်း ပြောလေ၏။ မိန်းမပျိုများသည် စမ်းချောင်းထဲတွင် ရေဆင်းချိုးကြလေ၏။

သီဟသည် မိန်းမပျိုများ ရေချိုးနေစဉ် အနီးပတ်ဝန်းကျင်ကို လှည့်လည်ကြည့်ရှုနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ကြည့်ရှုရင်း စမ်းချောင်းတစ်နေရာသို့ ရောက်သောအခါ အိမ်ဖော်မိန်းကလေးတစ်ဦးဖြစ်သော စံပယ်နှင့် မောင်ရွှေမြတို့ စကား များ ရန်ဖြစ်နေကြောင်းတွေ့ရ၏။

မောင်ရွှေမြက စံပယ်၏လက်မောင်းကိုဆွဲ၍

" စံပယ်၊ နင်ဘယ်လိုအချိုးတွေပြောင်းနေတာလဲ၊ နင်နဲ့ငါ အရင်တုန်းက ဒီထက်အများကြီး ပိုပြီးရင်းရင်းနှီးနှီးနေခဲ့ဖူးပါတယ်၊ ငါ နှစ်ယောက် ဘယ်လောက်ရင်းနှီးလာကြတယ်ဆိုတာ နင်အသိဆုံး နင့်မျက်နှာ ဘယ်လိုဖြစ်နေတာလဲ၊ အခုလို တောရိပ်တောင်ရိပ်နဲ့ အေး ချမ်းလှတဲ့ နေရာလေးမှာ နင်နဲ့ငါ တွယှဉ်တွဲပြီး ပျော်ရွှင်ရရင် ဘယ် လောက်ကောင်းမလဲ "

ဟု ပြောလေရာ စံပယ်က မောင်ရွှေမြ၏လက်မှ ရုန်းကန်၍

" ကိုရွှေမြ၊ ရှင်နဲ့ကျွန်မဟာ အရင်တုန်းက ပတ်သက်ခဲ့ဖူးတာ မှန်တယ်၊ ဒါပေမဲ့ ခုချိန်မှာ ရှင်နဲ့ကျွန်မ ဘာမှမဆိုင်တော့ဘူး၊ ရှင်နဲ့ကျွန် အရင်လိုနေချင်စိတ်မရှိတော့ဘူး၊ ရှင့်ရဲ့စိတ်ဓာတ်ကို တဖြည်းဖြည်း သိလာလို့ ရွံရှာလာပြီ "

ဟု ပြောလေ၏။ ထိုအခါ မောင်ရွှေမြက စံပယ်ကို ဒေါသတကြီး ကြည့်၍

" ဟဲ့ကောင်မ... နင်က ငါ့စိမ်းမြင်တော့ ငါ့ကာင်ပစ်ချင်တာလား နင် ဘယ်သူ့ကိုကပ်ချင့်နေတယ်ဆိုတာ ငါသိတယ်၊ ငါလို သူဌေးသား





ပိုက်ဆံဝါလားက နင့်လိုအိမ်ဖော်မကို အရေးတယူလုပ်ပြီး ဆက်ဆံနေလို့ နင်ဘဝမြင့်ပြီး ရောင့်တက်နေတာ မဟုတ်လား "

ဟု ကြိမ်းမောင်းလေ၏။ ထိုအခါ စံပယ်က

" ဒီမှာ၊ ရှင့်ကို ကျွန်မ အရင်တုန်းက အများကြီးယုံကြည်ခဲ့တယ်၊ ကျွန်မကို တကယ်ချစ်တယ်လို့ ကျွန်မထင်ခဲ့တယ်၊ တကယ်တော့ ရှင်ဟာ ကျွန်မကို အပေါ်ယံသက်သက်ပါ၊ ကိုယ်ခန္ဓာကိုရယူချင်လို့ အမျိုးမျိုးလိမ်ညာခဲ့တာပဲ၊ ရှင်ဟာ လိုချင်တာရပြီးလို့ ကျွန်မကို ပစ်ပယ်ပြီး မြို့ပေါ်က မိန်းမတွေနောက်ကို ကောက်ကောက်ပါအောင် လိုက်ခဲ့ဖူးတယ်လေ၊ ရှင့်ရဲ့အပြုအမူကို ကျွန်မ တစ်သက်မမေ့ဘူး၊ ရှင့်ကိုလည်း ကျွန်မ ရွံရှာသွားတယ်လေ၊ ရှင်နဲ့ အရင်လို တူနှစ်ကိုယ် ယှဉ်တွဲပြီး နေထိုင်ဖို့ လုံးဝမဖြစ်နိုင်တော့ဘူး "

ဟု ပြန်လည်တုံ့ပြန်လေ၏။ မောင်ရွှေမြသည် စံပယ်ကိုကြည့်၍ သည်းမခံနိုင်တော့ဘဲ

" နင်က အရင်လိုမနေချင်ပေမဲ့ ငါကတော့ ဒီအချိန်မှာ အရင်လို နေချင်တယ် "

ဟု ပြောဆိုရင်း စံပယ်အား အဓမ္မကျင့်ရန် ကြိုးစားလေ၏။ သီဟသည် ကျောက်တုံးကြီးအနောက်မှ မတတ်သာတော့သဖြင့် ရှေ့သို့ထွက်ပြီး

" ဒီမှာ ကိုရွှေမြ၊ အခုလို ရန်သူတွေ ပတ်လည်ဝိုင်းနေတဲ့အချိန်



www.burmeseclassic.com

www.burmeseclassic.com



မှာ မိန်းကလေးတစ်ယောက်ကို ဒီလိုအနိုင်မကျင့်သင့်ပါဘူးဗျာ ''

ဟု ဝင်ရောက်တားဆီးလေ၏။

မောင်ရွှေမြသည် စံပယ်ကိုသာမဲ၍ မတော်မတရားပြုကျင့်ရန် ကြံစည်နေသဖြင့် မောင်သီဟကိုမြင်သောအခါ အလွန် ဒေါသူပုန်ထသွားပြီး

'' ဟေ့ကောင်... မင်းဟာ နေရာတကာမှဝင်ပြီး လူတွင်ကျယ်လုပ်ချင်တဲ့ကောင်၊ ငါတို့နှစ်ယောက်ကိစ္စမှာ မင်းနဲ့ဘာဆိုင်လို့ ဝင်ပြီး လူတွင်ကျယ်လုပ်ရတာလဲ၊ ငါစိတ်မဆိုးခင် ဒီနေရာက အမြန်ထွက်သွားစမ်း ''

ဟု မောင်းနှင်ထုတ်လေ၏။ ထိုအခါ သီဟက ခေါင်းခါယမ်းလိုက်ပြီး

'' ကျုပ်ထွက်သွားပါ့မယ်၊ ဒါပေမဲ့ စံပယ်ကိုတော့ လွှတ်လိုက်ပါဗျာ၊ ကျုပ်တို့မှာ ရန်သူတွေလည်း ပတ်လည်ဝိုင်းနေတယ်၊ ဒီအချိန်မှာ တစ်ဦးနဲ့တစ်ဦး စည်းလုံးညီညွတ်မှုရှိဖို့ သိပ်အရေးကြီးတယ် ''

ဟု ပြောလေ၏။ ထိုအခါ မောင်ရွှေမြသည် သီဟအား အလွန် ဒေါသထွက်သွားပြီး

'' ဟေ့ကောင်... မင်းငါ့ကို ဘာမှဝင်ပြီး ဆရာလုပ်စရာ မလိုဘူး ''

ဟု ဆိုကာ မောင်သီဟအား လက်သီးဖြင့် ဝင်ရောက်ထိုးလေ





၏။ သီဟသည် ဒေါပန်းရုံ၏မျက်နှာဖြင့် မောင်ရွှေမြအား ပြန်လည် မတိုက်နိုက်ဘဲ ရှောင်တိမ်း၍သာ နေလေ၏။

မောင်ရွှေမြသည် သီဟ၏ သည်းခံနိုင်သောစိတ်ဓာတ်ကို နားမလည်နိုင်ဘဲ ကြောက်၍နေသည်ဟု ထင်ကာ လက်သီးဖြင့် မဲ၍သာ ထိုးလေ၏။

၎င်းတို့နှစ်ဦးသည် စမ်းချောင်းအနီးတွင် အပြင်းအထန် တိုက်ခိုက်နေလေ၏။ သီဟသည် မောင်ရွှေမြအား ပြန်လည်၍ တိုက်ခိုက်ခြင်းမရှိဘဲ သည်းခံ၍နေလေ၏။

ထိုသို့တိုက်ခိုက်နေရာမှ အနီးသို့ ဒေါပန်းရုံရောက်ရှိလာပြီး

'' ရပ်လိုက်ကြစမ်း၊ မင်းတို့ အတော်မိုက်မဲတဲ့ကောင်တွေပဲ၊ အခုလိုဖြစ်နေတာ ငါနားမလည်နိုင်တော့ဘူး၊ ဘာကြောင့် တစ်ယောက်နဲ့ တစ်ယောက် သဲကြီးမဲကြီး တိုက်ခိုက်နေရတာလဲ ''

ဟု ဒေါသတကြီး မေးမြန်းလေ၏။

ထိုအခါ စံပယ်က ဝင်ရောက်၍ ဖြစ်ကြောင်းကုန်စင်ကို ပြောပြလေ၏။ ဒေါပန်းရုံသည် အခြေအနေအရပ်ရပ်ကို နားလည်သွားပြီး မောင်ရွှေမြကို ဒေါသတကြီးကြည့်၍

'' မောင်ရွှေမြ... မင်းသိပ်တရားလွန်နေပြီ၊ ငါတို့ အခုရောက်နေတဲ့နေရာဟာ ဘယ်နေရာလဲဆိုတာ မင်းသတိထားမှပေါ့၊ ငါတို့မှာ ရန်သူတွေ ပတ်လည်ဝိုင်းနေတယ်၊ ငါတို့တစ်ကွက်မှားလိုက်တာနဲ့ အသက်ပါ



www.burmeseclassic.com

www.burmeseclassic.com



ပါသွားမယ်ဆိုတာ မင်းမသိဘူးလား၊ ဘာဖြစ်လို့ ဒီလိုအချိန်မှာတောင် မိုက်မဲချင်ရတာလဲ၊ မင်းကို ငါ သားတစ်ယောက်အဖြစ် မွေးစားခဲ့တာ မှားပြီနဲ့တူတယ် ''

ဟု ဒေါ်သတကြီး ပြောဆိုလေ၏။ ထိုအခါ မောင်ရွှေမြက ဒေါ်ပန်းရုံကိုကြည့်၍

'' ဒီမှာ အမေ၊ စံပယ်နဲ့ ကျုပ်ကိစ္စဟာ ကျုပ်တို့နှစ်ယောက်ရဲ့ ကိစ္စပါ၊ ရန်သူတွေသတ်လို့သေရင်လည်း ကျုပ်တို့နှစ်ယောက် အသေခံလိုက်မယ်၊ ဒီကောင်မ ကျုပ်အပေါ်မှာ လှုပ်းဝတာ ကျုပ်မခံနိုင်လို့ ဒီလို လုပ်ရတာပဲ ''

ဟု ပြောဆိုကာ အနီးမှ ထွက်သွားလေ၏။ ဒေါ်ပန်းရုံသည် ရှိုင်းမူလှသော မောင်ရွှေမြကိုကြည့်၍ သက်ပြင်းရှည်ကြီးကိုချလိုက်လေ၏။

ထို့နောက် မောင်သီဟဘက်သို့လှည့်၍

'' သူ့လိုလူတစ်ယောက်ကို မွေးစားမိတာ ငါသိပ်မှားတယ်၊ ငါ့ရဲ့သားအရင်းလေးသာ ငါ့အနားမှာရှိရင် သိပ်ကောင်းမှာပဲ ''

ဟု ရေရွတ်လေ၏။

ဒေါ်ပန်းရုံ၏စကားကို ကြားသောအခါ သီဟ၏ရင်ထဲတွင် လှိုက်ဖိုသွားလေ၏။ မိမိသည် ဒေါ်ပန်းရုံ၏သားအရင်းဖြစ်ကြောင်း ဖွင့်ပြောလိုစိတ်များ ဖြစ်ပေါ်လာ၏။





ထို့ကြောင့် ဖွင့်ပြောရန် ဟန်ပြင်လိုက်စဉ် လမ်းပြတရုတ်ဘိန်းစား ရောက်ရှိလာပြီး

'' ကျုပ်တို့ ဒီနေရာက အမြန်ခွာမှဖြစ်မယ်၊ ဟိုဘက်တောင်စောင်းမှာ ရန်သူတွေရဲ့ အရိပ်အယောင်ကို တွေ့ရတယ်၊ ကျုပ်တို့ကို ကြည့်နေတဲ့ မှန်ဘီလူးရဲ့မှန်ရောင်လက်သွားတာကို မြင်လိုက်ရတယ် ''

ဟု ပြောလေရာ ဒေါ်ပန်းရုံတို့သည် ထိုနေရာမှ အမြန်ထွက်ခွာရန် ပြင်ဆင်လိုက်၏။

ရန်သူများသည် တောင်ကြောကိုပတ်၍ သူတို့ အနောက်မှ တကောက်ကောက်လိုက်လာချေပြီ။

လမ်းခရီးတစ်နေရာတွင် တရုတ်ဘိန်းစားက မြေပုံကိုကြည့်၍

'' ရတနာတွေကိုရှာရမဲ့အရပ်နဲ့ တဖြည်းဖြည်းနီးလာပြီ၊ ခရီးက မဝေးတော့ဘူး၊ လမ်းကြမ်းတမ်းလွန်းလို့သာ ခရီးမတွင်တာဘဲ ''

ဟု ပြောလေ၏။ ဒေါ်ပန်းရုံတို့သည် ရန်သူများ၏ တိုက်ခိုက်မှုကို ကာကွယ်ကာ ခရီးဆက်ခဲ့လေတော့၏။

သို့သော် ညနေစောင်းသည်အထိ ရန်သူများ၏ တိုက်ခိုက်မှုကို မခံရသေးချေ။

ရင်းတို့သည် တောနက်ကြီးထဲတွင် လှည့်လည်၍ ညမှောင်နီးသန်းလာသောအခါ ချုံနွယ်ပိတ်ပေါင်းများ ထူထပ်လှသောနေရာကို ဖြတ်၍ ကျောက်တောင်ကြီးတစ်နေရာသို့ ရောက်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျောက်တောင်ကြီး၏အောက်ခြေတွင် လိုဏ်ဂူဝတစ်ခုကို တွေ့ရလေ၏။ လိုဏ်ဂူဝအနီးသို့ ချဉ်းကပ်သွားသောအခါ မြင်ရသော မြင်ကွင်းကြောင့် လွန်စွာအံ့ဩသွားကြလေ၏။

လိုဏ်ဂူဝ၏အောက်ခြေကိုဆင်းသော လှေကားထစ်များကို တွေ့ရလေ၏။ ဤမျှတောခေါင်သောနေရာတွင် လူလုပ်ထားသော လှေကာထစ်များကို တွေ့ရ၍ သူတို့အားလုံး အံ့ဩသွားကြလေ၏။

ခြိစောင့်ကြီး ဦးဗလသည် လမ်းပြတရုတ်ဘိန်းစားဘက်သို့ လှည့်၍

" ဒီလိုဏ်ဂူကို မင်းသိသလား "

ဟု မေးမြန်းလေ၏။ ထိုအခါ တရုတ်ဘိန်းစားက ခေါင်းခါယမ်း လိုက်၍

" ကျုပ်မသိဘူး၊ ကျုပ်လည်း ဒီလိုဏ်ဂူကို ပထမဆုံးအကြိမ် ရောက်ဖူးတာပဲ၊ တောနက်ကြီးထဲမှာ လူတွေလုပ်ထားတဲ့ လှေကားထစ် ကို တွေ့ရတာသိပ်အံ့ဩဖို့ကောင်းတယ် "

ဟုပြောလေ၏။

ကျောက်လှေကားထစ်၏ အစိတ်အပိုင်းတစ်ချို့သည် ကျိုးပဲ့ နေသဖြင့် ထိုလှေကားထစ်များကို လွန်ခဲ့သောနှစ်ပေါင်းများစွာကပင် ပြုလုပ်ခဲ့ပုံရ၏။ လိုဏ်ဂူဝတစ်လျှောက်လုံး ပင့်ကူမျှင်များ ဖုံးလွှမ်းနေ သဖြင့် ဦးဗလက ပင့်ကူမျှင်များကို ဖယ်ရှားလေ၏။





ဒေါ်ပန်းရုံက မျက်မှောင်ကြုတ်ကြည့်၍

" သတိထားနော်၊ အထဲမှာအန္တရာယ်နဲ့တွေ့နိုင်တယ် "

ဟုသတိပေးလေ၏။

ပင့်ကူမျှင်များ ဖယ်ရှားပြီးသောအခါ သူတို့အားလုံး ကျောက် လှေကားထစ်သို့ ဆင်းခဲ့လေ၏။

ကျောက်လှေကားထစ်မှာ ခြောက်ထစ်ရှိပြီး လှေကားဆုံးသော အခါ ညီညာသောမြေပြင်ကို တွေ့ရ၏။

လိုဏ်ဂူအတွင်း၌ မှောင်မည်းနေသဖြင့် သီဟက အသင့်ယူ ဆောင်လာသော ဓာတ်မီးဖြင့် လိုဏ်ဂူအတွင်းသို့ ထိုးလိုက်၏။ ထိုအခါ လိုဏ်ဂူသည် အတွင်း၌ ကျယ်ဝန်းလှကြောင်းတွေ့ရ၏။

လိုဏ်ဂူသည် အတွင်း၌ ပေတစ်ရာလောက်ကျယ်ဝန်းနေ၏။ အမှောင်ညီအစ်ကိုသည် မီးတုတ်များကို မီးထွန်းညှိလိုက်၏။

ထိုအခါ လိုဏ်ဂူထဲတွင် အလင်းရောင်များ ပိုမိုရရှိလာပြီး လိုဏ်ဂူ၏အဆုံးတွင် မြင်ရသောမြင်ကွင်းကြောင့် သူတို့အားလုံး မှင် သက်မိသလိုဖြစ်သွား၏။

အဘယ်ကြောင့်ဆိုသော် လိုဏ်ဂူ၏အဆုံးအတွင် လူတစ်ရပ် နီးပါးမြင့်သော ကျောက်တုံးကြီးများရှိပြီး ထိုကျောက်တုံးများအပေါ်တွင် ရုပ်ပွားတော်သုံးဆူကိုတွေ့ရ၏။

ဒေါ်ပန်းရုံသည် ရုပ်ပွားတော်များကို လက်အုပ်ချီလိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



“ ရုပ်ပွားတော်တွေဟာ အလွန်ရှေးကျတဲ့လက်ရာတွေပါလား ”

ဟု ပြောကာ အနီးသို့တိုးကပ်သွားလေ၏။

ဦးဗလတို့လည်း ဒေါ်ပန်းရုံ၏အနောက်မှ လိုက်သွားကြလေ၏။ ကျောက်တုံးပေါ်တွင် မြင်ရသော ဆင်းတုတော်များမှာ ပုံသဏ္ဌာန်ချင်း ဆင်လှပြီး ကြည်ညိုစရာကောင်းလှသဖြင့် သူတို့အားလုံး ရုပ်ပွားတော်များကို ရှိခိုးကန်တော့လိုက်ကြလေ၏။

သီဟသည် ရုပ်ပွားတော်များရှိရာ ကျောက်တုံး၏အောက်ခြေတွင် လှည့်လည်ကြည့်ရှုပြီး ကျောက်တုံး၏နံဘေးတစ်နေရာသို့ ရောက်သောအခါ စာများကိုတွေ့ရသဖြင့် ဒေါ်ပန်းရုံတို့အား ခေါ်၍ပြသလေ၏။

ဦးဗလက စာများကို ကြည့်ရှု၍

“ စာတွေကတော့ မြန်မာစာတွေပဲ၊ ဒါပေမဲ့ ဒီနေ့ခေတ် အသုံးအနှုန်းမဟုတ်ဘူး ”

ဟုဆိုကာ သေချာစွာကြည့်ရှုလေ၏။ ထို့နောက်ဦးဗလက

“ စာတွေက ပုဂံခေတ်တုန်းက ရေးထိုးတာတဲ့စာတွေချည်းပဲ၊ ကျုပ် ကြိုးစားပြီးဖတ်ကြည့်မယ်၊ တစ်ချို့သောအသုံးအနှုန်းတွေက နားမလည်နိုင်ပေမဲ့ ဆက်စပ်ပြီးဖတ်ကြည့်ရင် အဖြေပေါ်နိုင်တယ် ”

ဟုပြောကာ ကျောက်တုံးရှိစာများကို ဖတ်ရှုလေ၏။

ဒေါ်ပန်းရုံလည်း ဦးဗလနှင့်အတူ ဝိုင်းဝန်းဖတ်ရှုလေ၏။ သီဟတို့





မှာမူ ၎င်းတို့နားမလည်သောအသုံးအနှုန်းများဖြစ်သဖြင့် မျက်မှောင်ကြုတ်၍သာကြည့်ရှုလေ၏။

အတန်ကြာသောအခါ ဦးဗလက သက်ပြင်းချ၍

“ ကျောက်သားပေါ်မှာ ရေးထားတဲ့စာတွေကို အဓိပ္ပာယ်အတိအကျ မပြန်နိုင်ပေမဲ့ အကြမ်းဖျဉ်းတော့ ပြန်ဆိုနိုင်ပါပြီ ”

ဟုပြောလေရာ ဒေါ်ပန်းရုံ၏ အိမ်ဖော်မိန်းကလေးသုံးယောက်က စိတ်ဝင်စားဟန်ဖြင့် ဝိုင်းဝန်းမေးမြန်းကြလေ၏။ ထိုအခါ ခြံစောင့်ကြီး ဦးဗလက

“ ဒီကျောက်စာကို ရေးထိုးထားတဲ့လူက ပုဂံခေတ် နရသီဟပတေ့မင်းလက်ထက်က အမတ်ကြီးတစ်ဦးဖြစ်မယ်၊ အဲဒီတုန်းက မွန်ဂိုတပ်တွေနဲ့ မြန်မာတပ်တွေဟာ ငစောင်ချမ်းအရပ်မှာ တိုက်ပွဲဖြစ်တယ်လို့ ရေးထိုးထားတယ်၊ ဒီကျောက်စာကို ရေးထိုးတဲ့အမတ်ကြီးဟာ အဲဒီ တိုက်ပွဲမှာပါခဲ့ပုံရတယ်၊ တိုက်ပွဲပြီးဆုံးတော့ နရသီဟပတေ့မင်းဟာ အမတ်ကြီးကို အမျက်တော်ရှတယ်၊ အဲဒါကြောင့် အမတ်ကြီးရဲ့မိသားစုကို နယ်နှင်ဒဏ်ပေးခဲ့တယ်၊ ဒီလိုနဲ့ အမတ်ကြီးမိသားစုဟာ မင်းပြစ်မင်းဒဏ်သင့်ပြီး ဟူးကောင်းလွင်ပြင်ဘက်ကို ရောက်လာခဲ့တာပဲ၊ သူတို့ဟာ လမ်းခရီးတစ်လျှောက်လုံး လူဆိုးဓားပြတွေရဲ့ လုယက်တိုက်ခိုက်မှုကို ခံခဲ့ရတယ်၊ အမတ်ကြီးရဲ့သားနှစ်ဦးဟာ လူဆိုးဓားပြတွေကို ရင် ကာကွယ်ပြီး လမ်းခရီးမှာကျဆုံးခဲ့တယ်၊ အမတ်ကြီးတို့ မိသားစုဟာ



www.burmeseclassic.com

www.burmeseclassic.com



တပည့်တပန်းတွေနဲ့အတူ ပေါဒီလိုဏ်ဂူထဲကိုရောက်ရှိခဲ့တယ်၊ အခုမြင်နေကြရတဲ့ ဘုရားသုံးဆူဟာ အမတ်ကြီးမိသားစု ကိုးကွယ်တဲ့ ဘုရားတွေပဲ၊ လမ်းခရီးတစ်လျှောက်လုံးမှာ လူဆိုးဓားပြတွေရဲ့ ရန်အန္တရာယ်အမျိုးမျိုးကြုံတွေ့ခဲ့ရတယ်၊ အမတ်ကြီး မိသားစုဟာ ရန်အန္တရာယ်တွေများလွန်းလို့ ဘုရားသုံးဆူကို ဒီလိုဏ်ဂူထဲမှာ ထားခဲ့ရတာပဲ၊ သူတို့ဟာ ဒီလိုဏ်ဂူကြီးထဲမှာ တစ်နှစ်နီးပါးနေထိုင်ခဲ့တယ်၊ နောက်တော့ သူတို့နဲ့ရန်ငြိုးရန်စရှိတဲ့ လူဆိုးဓားပြတွေက ရောက်လာတာနဲ့ လိုဏ်ဂူကြီးကနေ စွန့်ခွာပြီးထွက်ပြေးခဲ့ရတယ်၊ ကျောက်စာထဲမှာ ပါတဲ့အကြောင်းကတော့ ဒီတိုင်းပဲကွ၊ ဒီကျောက်စာဟာ ပုဂံခေတ် ကျောက်စာတွေရဲ့ထုံးစံအတိုင်း ကျိန်စာတွေလည်း ပါတာတွေ့ရတယ်၊ ကျိန်စာကတော့ သူတို့ရဲ့ဘုရားတွေကို ဖျက်ဆီးတဲ့သူဟာ အရှင်လတ်လတ် ကြောက်မက်ဖွယ်ကောင်းတဲ့ ငရဲထဲမှာ သေဆုံးပါစေ၊ ဘဝပေါင်းများစွာ မကျွတ်လွတ်ပါစေနဲ့လို့ ရေးထိုးထားတယ်၊ ပုဂံခေတ်က ကျောက်စာတွေရဲ့ထုံးစံတော့ ဒီအတိုင်းပါပဲကွာ၊ ကျောက်စာတိုင်းမှာ ကျိန်စာတွေပါလေ့ရှိတယ် ''

ဟုပြောလေရာ သီဟက ဝင်ရောက်၍ ဖုံးကြိဟန်ဖြင့်

'' ဗုဒ္ဓဘာသာတွေဖြစ်ပြီး ကျိန်စာတွေရေးထိုးထားကြတာ ဖုံးကြိစရာပဲနော် ''

ဟုပြောလေ၏။

ထိုအခါ ဒေါပန်းရုံက သက်ပြင်းချ၍





'' မီးရှေးက မြန်မာတွေဟာ သူတို့ပြုလုပ်ထားတဲ့ကောင်းမှုကုသိုလ်တွေကို သူတစ်ပါး ဖျက်ဆီးမှာ အလွန်စိုးရိမ်ကြတယ်၊ သူခိုးဓားပြတွေရဲ့ရန်ကို ကာကွယ်ဖို့အတွက် ကြောက်မက်ဖွယ်ကျိန်စာတွေနဲ့တိုက်ခဲ့ရတယ်၊ ပုဂံကျောက်စာတွေကို ဖတ်ရင် ကျိန်စာတွေ အများကြီးတွေ့နိုင်တယ် ''

ဟုပြောလေ၏။

ထိုအခါ အမှာညီအစ်ကို နှစ်ယောက်အနက် အကြီးဖြစ်သူက ဝင်ရောက်၍

'' နှစ်ပေါင်းများစွာကြာခဲ့တာတောင် လိုဏ်ဂူထဲက ဘုရားတွေကို မဖျက်ဆီးဝံ့တာ ဒါကြောင့်ဖြစ်မယ် ''

ဟုပြောလေ၏။ ဦးဗလက ဘုရားများကိုကြည့်၍

'' ဒီရုပ်ပွားတော်တွေရဲ့ သက်တော်ဟာ နှစ်ပေါင်းများစွာရှိပြီ၊ ဒါပေမဲ့ ထူးဆန်းတာက ရုပ်ပွားတော်တွေဟာ ကြည့်ရင် နှစ်ဒီလောက်ကြာမယ်လို့ မထင်ရဘူး ''

ဟုပြောလေ၏။ ထိုအခါ ဒေါပန်းရုံက

'' ဘာပဲဖြစ်ဖြစ် ကျွန်မတို့ဘဝမှာ ဒီနေ့ဟာ အလွန်ထူးဆန်းတဲ့ ဖြစ်ရပ်တစ်ခုနဲ့ကြုံတွေ့ရတဲ့နေ့ပဲ၊ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက တိမ်မြုပ်နေတဲ့ ရှေးဟောင်းဘုရားတွေကို ဖူးမြော်ခွင့်ရတဲ့အတွက် ကျွန်မတို့ရဲ့ ထူးခြားဆန်းကြယ်တဲ့ကံကြမ္မာပဲ ''



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။

ခြံစောင့်ကြီးဦးဇလက လိုဏ်ဂူပတ်ဝန်းကျင်ကို လှည့်လည်ကြည့်ရှုပြီး

" ကျုပ်တို့ ဒီည ဒီမှာပဲ စခန်းချကြမယ် "

ဟုပြောလေ၏။ ဒေါ်ပန်းရုံက ခေါင်းညိတ်၍

" ဟုတ်တယ်၊ လိုဏ်ဂူထဲမှာဆိုတော့ ကျွန်မတို့အတွက်လုံခြုံတာပေါ့ "

ဟုပြောလေ၏။

ထို့နောက် ဒေါ်ပန်းရုံသည် မီးတုတ်၏အလင်းရောင်ဖြင့် လိုဏ်ဂူတစ်ခုလုံး လှည့်လည်ကြည့်ရှုလေ၏။

လိုဏ်ဂူဝသို့ရောက်သောအခါ ဒေါ်ပန်းရုံက

" ဘာပဲဖြစ်ဖြစ် လိုဏ်ဂူအဝမှာတော့ ကျွန်မတို့ထဲက တစ်ယောက်ကို စောင့်ခိုင်းမှဖြစ်မယ် "

ဟုပြောရင်း မွေးစားသား မောင်ရွှေမြဘက်သို့လှည့်ကာ

" ဒီမှာ ငါ့သား၊ မင်းဟာ တောထဲရောက်တဲ့နေ့စကပြီး ဒီနေ့အထိ မင်းတစ်ခါမှ ကင်းစောင့်တာမတွေ့သေးဘူး။ ဒါကြောင့် ဒီနေ့ညတော့ ကင်းစောင့်တဲ့တာဝန်ကို မင်းယူရမယ် "

ဟုပြောလေ၏။

ထိုအခါ မောင်ရွှေမြသည် မိခင်၏စကားကို မပယ်ရှားနိုင်သော





ကြောင့် ကင်းစောင့်ရန် သဘောတူလိုက်၏။ ၎င်းတို့သည် လိုဏ်ဂူ၏အလယ်တွင် မီးဖိုကြီးတစ်ဖို ဖိုထားပြီး ထိုမီးဖိုမှာပင် အသားခြောက်များကင်၍ စားကြ၏။

ဒေါ်ပန်းရုံ၏ အိမ်ဖော်မလေးများက ကော်ဇီများကို ဖျော်၍ လိုက်လံ၍ ဝေငှပေးလေ၏။ ကျန်တစ်ယောက်က ပေါင်မုန့်မီးကင်ကို အားလုံးစားသောက်ရန် စီစဉ်ပေးလေ၏။

ဒေါ်ပန်းရုံသည် အိပ်စက်ခါနီးတွင် သူမ၏အိပ်မက်ထဲသို့ မြေဖြူမရောက်ရှိလာလျှင် ရတနာသိုက်နှင့် ပတ်သက်သော အကြောင်းကို ပြော၍ပြမည်ဟု ဆုံးဖြတ်လိုက်၏။

သို့သော် ဒေါ်ပန်းရုံသည် အိပ်စက်ရန် စိတ်စောနေသဖြင့် အိပ်မပျော်နိုင်ဘဲ ရှိနေ၏။ ဒေါ်ပန်းရုံသည် ညဉ့်အတော်နက်သောအခါမှပင် အိပ်ပျော်သွားလေ၏။

ဒေါ်ပန်းရုံအိပ်ပျော်ပြီး မကြာမီတွင် ၎င်း၏အိပ်မက်ထဲသို့ မြေဖြူမရောက်ရှိလာ၏။ မြေဖြူမသည် ထုံးစံအတိုင်း မြေဖြူမအသွင်မှ ချောမောလှပသော မိန်းမပျိုတစ်ဦး၏အသွင် ပြောင်းလဲသွားပြီး စိတ်လှုပ်ရှားဟန်ဖြင့်

" ဒီမှာ ဒေါ်ပန်းရုံ၊ ကျွန်မပြောတာ နားထောင်စမ်းပါ၊ ရှင်တို့အနားမှာ အန္တရာယ်တွေ အလွန်နီးနေပြီ "

ဟု ပြောလေ၏။ ထိုအခါ ဒေါ်ပန်းရုံက မျက်မှောင်ကြုတ်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



၌

" ဘာအန္တရာယ်တွေလဲ၊ ပြောစမ်းပါဦး "

ဟု မေးလေ၏။ ထိုအခါ မြေပြန့်မက

" အန္တရာယ်တွေ ရှင်တို့ရှေ့ရောက်နေပြီ၊ ရှင်တို့ရောက်နေတဲ့ လိုဏ်ဂူကြီးထဲမှာ အလွန်လေးလံတဲ့ ကျောက်တံခါးကြီးရှိတယ်၊ တံခါးကြီးသာ ကျလာရင် ရှင်တို့အထဲက တစ်ယောက်မှလွတ်လမ်းရှိမှာ မဟုတ်ဘူး။ ရှင်တို့လိုဏ်ဂူထဲက အမြန်ထွက်ပြေးပါ "

ဟု ပြောလေ၏။ ထိုအခါ ဒေါ်ပန်းရှုံသည် မြေပြန့်မ၏စကားကြောင့် စိတ်လှုပ်ရှားသွားပြီး

" ဟုတ်ရဲ့လားဟယ်၊ နင်က ဘယ်လိုသိတာလဲ "

ဟု မေးမြန်းလေ၏။ ထိုအခါ မြေပြန့်မက လက်ကာပြ၍

" ကျွန်မကို မေးခွန်းတွေ ထုတ်မနေပါနဲ့၊ ရှင်တို့ လိုဏ်ဂူထဲက အမြန်ထွက်သွားပါ၊ ကျွန်မပြောတာကို နားထောင်ပါ၊ အန္တရာယ်တွေ အလွန်နီးကပ်နေပြီ၊ အမြန်ဆုံး ထွက်ပြေးပါ၊ အမြန်ဆုံးထွက်ပြေးပါ "

ဟု လွန်စွာ စိတ်လှုပ်ရှားဟန်ဖြင့် ပြောလေ၏။

ထိုအခိုက်မှာပင် ဒေါ်ပန်းရှုံသည် ဆူညံသောအသံကြီးကြောင့် အိပ်ပျော်နေရာမှ လန့်နိုးလေ၏။

ထိုအသံကြောင့် လိုဏ်ဂူထဲတွင် ရောက်နေသူအားလုံး အထိတ်တလန့်ဖြင့် လန့်နိုးလာကြ၏။ ဦးဗလက ပြောင်းရှည်သေနတ် တစ်လက်





ကို ကိုင်၍ မတ်တတ်ရပ်ကာ

" အားလုံး အသင့်နေရာယူကြစမ်း၊ ရန်သူတွေ ငါတို့နားကို ရောက်နေပြီထင်တယ် "

ဟု သတိပေးလေရာ ဒေါ်ပန်းရှုံက လိုဏ်ဂူဝတွင် စောင့်ကြပ်နေသော မွေးစားသား မောင်ရွှေမြကို အသံပြုခေါ်လိုက်၏။ အနီးသို့ မောင်ရွှေမြ စိတ်လှုပ်ရှားဟန်ဖြင့် ရောက်ရှိလာပြီး

" လုပ်ကြပါဦး၊ လိုဏ်ဂူရှေ့မှာ ကျောက်တံခါးကြီး ပိတ်သွားပြီ၊ ကျောက်တံခါးကြီး ဘယ်ကကျလာသလဲမသိဘူး၊ ဝုန်းခနဲ အသံကြားလို့ ကျုပ်အိပ်ရာက လန့်နိုးလာတယ်၊ တံခါးကြီးပိတ်နေပြီ၊ ကျောက်တံခါးကြီးဟာ ဘာဖြစ်လို့ သူ့အလိုလို ကျလာတာလဲ မသိဘူး ကွာ "

ဟု ပြောလေ၏။

ဒေါ်ပန်းရှုံသည် အိပ်မက်ထဲတွင် မြေပြန့်မပြောသော စကားများကို ပြန်လည်ကြားယောင်လာပြီး စိတ်လှုပ်ရှားဟန်ဖြင့်

" ဟင်... ဒါဆိုရင် ကျွန်မတို့တော့ အန္တရာယ်နဲ့တွေ့ပြီ ကျောက်တံခါးကြီးမှာ တပ်ထားတဲ့မောင်းတံကို ရန်သူတွေဖြုတ်ချလိုက်ပြီနဲ့တူတယ် "

ဟု အလန့်တကြား အော်ဟစ်လိုက်၏။ ထိုအခါ ခြံစောင့်ကြီး ဦးဗလက အံ့ဩဟန်ဖြင့်

www.burmeseclassic.com



" ဟင်… လိုဏ်ဂူဝမှာ ကျောက်တံခါးကြီးရှိနေတယ်ဆိုတာ ဒေါ်ပန်းရုံ ဘယ်လိုသိနေလဲ "

ဟု မေးလေ၏။

ဒေါ်ပန်းရုံသည် သူမ၏အိပ်မက်ထဲက မြေဖြူမ၏ ပြောစကားများကို ဦးဗလတို့အား ပြောပြရန် မသင့်သေးသဖြင့်

" အို… ဒါတွေကို ကျွန်မ နောက်မှပြောပြမယ်၊ လိုဏ်ဂူဝမှာ ကျောက်တံခါးကြီးပိတ်သွားပြီဆိုရင် လိုဏ်ဂူထဲက ကျွန်မတို့ အမြန်ဆုံး ထွက်နိုင်အောင် ကြိုးစားမှဖြစ်မယ် "

ဟု ပြောလေ၏။ ထိုအခါ ခြံစောင့်ကြီး ဦးဗလက

" ရှေးဟောင်းလိုဏ်ဂူမှာ ကျောက်တံခါးကြီးရှိတဲ့အကြောင်းကို ရန်သူထဲက တစ်ယောက်ယောက်က သိနေပုံရတယ် "

ဟု ပြောလေ၏။ ထိုအခါ သီဟက

" ရှေးဟောင်းလိုဏ်ဂူကြီးအကြောင်းကို သိနေတဲ့သူဟာ သူတို့ရဲ့လမ်းပြဖြစ်လိမ့်မယ်၊ ကျုပ်တို့လမ်းပြကတော့ သူတို့ရဲ့လမ်းပြလောက် တောကျွမ်းမှုမရှိတဲ့အတွက် ဒီအကြောင်းကို မသိခဲ့တာဘဲ "

ဟု ပြောလေရာ တရုတ်ဘိန်းစားက မျက်နှာရှုံ့မဲ့၍

" ဒီမှာ ကျုပ်က မြေဖြူတောင်ဘက်ကို မသွားဖူးဘူးလို့ ခင်ဗျားတို့ကို ပြောခဲ့တာဘဲ၊ ခင်ဗျားတို့ဘာသာ မြေဖြူတောင်ဘက်ကို အရဲစွန့်ပြီး သွားခဲ့တာ၊ ကျုပ် မြေဖြူတောင်မှာ အန္တရာယ်တွေ အများကြီးရှိ





တယ်လို့ ခင်ဗျားတို့ကို ပြောခဲ့တယ်လေ "

ဟု ပြန်လည်ပြောဆိုလေ၏။

ထိုအခါ ဦးဗလက လက်ကာပြ၍

" မင်းတို့ ဒီအချိန်မှာ ဒီအကြောင်းပြောနေလို့ ဘာမှမထူးဘူး၊ ငါတို့ လိုဏ်ဂူထဲက လွတ်နိုင်အောင် အမြန်ကြိုးစားမှဖြစ်မယ် "

ဟု ပြောကာ လှေကားထစ်များရှိရာသို့သွားပြီး ကျောက်တံခါးကြီးကို ကြည့်ရှုလေ၏။ ထိုအခါ ကျောက်တံခါးကြီးမှာ အလွန်လေးလံပြီး ထုထဲလှသဖြင့် ကျောက်တံခါးကြီးကို တွန်းဖယ်ရန် မဖြစ်ကြောင်း ရိပ်စားမိသွား၏။

အမြွာညီအစ်ကိုသည် ကျောက်တံခါးကြီးကို ကြည့်ရှုပြီး မျက်နှာ ကွက်ခနဲ ပျက်သွားလေ၏။

ဤမျှလေးလံလှသော ကျောက်တံခါးကြီးကို တွန်းဖယ်ရန် သူတို့၌ရှိသော လူအင်အားနှင့် မရနိုင်ချေ။ ဒေါ်ပန်းရုံက ကျောက်တံခါးကြီးကို ကြည့်၍ မျက်မှောင်ကြုတ်လိုက်ပြီး

" ကျောက်တံခါးကြီးဟာ အလွန်ထုပြီး လေးလံတာပဲ၊ ဒီလောက်လေးလံတဲ့တံခါးကြီးကို ကျွန်မတို့လူစု ဘယ်လိုလုပ်ပြီး တွန်းဖယ်လို့ရမှာလဲ "

ဟု ပြောဆိုညည်းညူလေ၏။ ဦးဗလက သက်ပြင်းချ၍

" ကျုပ်တို့မှာ ယမ်းဘီလူးကောင်းကောင်းတွေရှိရင်လည်း



www.burmeseclassic.com

www.burmeseclassic.com



ဖောက်ခွဲပစ်လို့ရတယ်၊ အခုတော့ ကျုပ်တို့မှာ ဖောက်ခွဲစရာပစ္စည်း လည်း ဘာမှမပါဘူး ''

ဟု ပြောလေ၏။ မောင်သီဟတို့သည် လူစုခွဲ၍ လိုဏ်ဂူကြီး အတွင်း၌ လွတ်မြောက်ရန်လမ်းစကို ရှာဖွေ၍ကြည့်ရှုကြလေ၏။

လိုဏ်ဂူကြီး၏ထွက်ပေါက်မှာ လိုဏ်ဂူကြီး၏အဝတွင်သာ ရှိသဖြင့် သူတို့အားလုံး စိတ်ပျက်လက်ပျက် ဖြစ်သွားကြလေ၏။

ထိုကျောက်တံခါးကြီး၏အပြင်ဘက်၌ သေနတ်ပစ်ခတ်သံ ဒိုင်းခနဲ ကြားလိုက်ရပြီး တဟားဟား ရယ်မောသံကိုလည်း ကြားလိုက်ရလေ၏။

'' ဟား ဟား ဟား... မပန်းရုံ... မပန်းရုံ အတော်မာနကြီးတဲ့ မိန်းမ၊ မင်း အခုဘာတတ်နိုင်သေးလဲ၊ ငါတို့နှစ်ယောက်ကို မင်း အမျိုးမျိုး ပုန်ကန်တယ်၊ မင်းအနားမှာရှိတဲ့ လူတွေအားကိုးနဲ့ အံတုဖို့ကြိုးစားတယ်၊ မင်းရဲ့လူတွေဟာ မင်းကို ကာကွယ်ပေးနိုင်သေးရဲ့လား ''

ဟု ပြောလေ၏။

ထိုအသံမှာ ဒေါ်ပန်းရုံ၏ရန်သူတော်ဖြစ်သော ဦးမောင်ကြီး၏ အသံမှန်း ရိပ်စားမိလိုက်၏။ ဒေါ်ပန်းရုံ၏ရန်သူ ဦးချစ်ထွေးကလည်း တဟားဟားရယ်မော၍

'' ဟား ဟား ဟား... ဒေါ်ပန်းရုံ... ဒေါ်ပန်းရုံ မင်းတို့မှာ လွတ်လမ်းမရှိတော့ဘူး၊ မင်းအားကိုးတဲ့လူတွေနဲ့ ဒီလိုပဲ လိုဏ်ဂူကြီးထဲ





မှာ အသက်ထက်ဆုံးနေပေတော့ ''

ဟု ကျယ်လောင်စွာ ပြောဆိုလေ၏။ ထိုအခါ ဒေါ်ပန်းရုံက ၎င်းကို ကြိတ်၍

'' ရှင်တို့ ယောကျ်ားမဟုတ်ဘူးလား၊ ရှင်တို့ဟာ အတော် ယုတ်မာတဲ့လူတွေပဲ၊ ကျွန်မကိုကို လက်ရုံးရည်ချင်း မယှဉ်နိုင်လို့ မိန်းမ တွေလို အကောက်ကြံတာလား၊ ရှင်တို့သတ္တိရှိရင် ကျောက်တံခါးကြီးကို ဖွင့်ပေးလိုက်ပါ ''

ဟု အော်ဟစ်လေ၏။ ဒေါ်ပန်းရုံ၏ ရန်သူ ဦးမောင်ကြီးက ကျောက်တံခါးကြီးထက်ရှိ လက်တစ်လုံးခန့်ရှိသော အပေါက်မှ အတွင်း သို့ ချောင်းမြောင်းကြည့်၍ သဘောကျဟန်ဖြင့် ရယ်မောကာ

'' မပန်းရုံ... မပန်းရုံ... မင်းဟာ ဒီနေ့အထိ မာနကိုမချနိုင်သေး ဘူးကို၊ ကျောက်တံခါးကြီးထဲမှာ အရှင်လတ်လတ် မြေမြှုပ်ခံမဲ့အေးကို မကြောက်ဘူးလား ''

ဟု မခံချင်အောင် ပြောလေ၏။ ထိုအခါ ဒေါ်ပန်းရုံက

'' ရှင်တို့ ယုတ်မာနိုင်တုန်း ယုတ်မာထားကြ၊ အလှည့်ကြရင် တော့ မနွှဲ့စတမ်းဘဲ ''

ဟု ပြန်လည်အော်ဟစ် ပြောဆိုလေ၏။ ထိုအခါ ဒေါ်ပန်းရုံ၏ ရန်သူ ဦးချစ်ထွေးက ဝင်ရောက်၍

'' ဟား ဟား ဟား... မင်းရဲ့အလှည့်မရောက်နိုင်တော့ဘူးကွ၊



www.burmeseclassic.com

www.burmeseclassic.com



မင်းဟာ လိုဏ်ဂူကြီးထဲမှာပဲ အသက်ဆုံးရတော့မယ် ''

ဟု ပြောရင်း ကျောက်တံခါးကြီးအနီးမှ ထွက်ခွာသွားလေ၏။

ဒေါပန်းရုံတို့လူစုသည် ဒေါသူပုန်ထ၍ ကျန်ရစ်ခဲ့လေ၏။ ၎င်းတို့သည် ညအချိန်ဖြစ်၍ မနက်မိုးအလင်းရောက်သောအခါမှပင် လိုဏ်ဂူ၏ ထွက်ပေါက်ကို ရှာဖွေရန် ဆုံးဖြတ်ကြလေ၏။

ထိုညက ၎င်းတို့အားလုံး အိပ်မပျော်ဘဲ တလူးလူး တလွန့်လွန့်ဖြင့် မိုးလင်းသွားလေ၏။

သီဟသည် မိုးလင်းသော ကျောက်တံခါးကြီးပေါ်သို့ ခိုဆွဲတက်၍ ကျောက်တံခါးကြီး၏ အပေါက်ဝမှ အပြင်သို့ ချောင်းမြောင်းကြည့်လေ၏။

ထိုအခါ လိုဏ်ဂူရှေ့တွင် စခန်းချနေသော ဒေါပန်းရုံ၏ ရန်သူတော်ကြီးများကို တွေ့ရလေ၏။ ရန်သူတော်ကြီးများသည် ဒေါပန်းရုံ၏ အနီးအနားတွင် ရှိနေဆဲဖြစ်၏။

မနက်မိုးလင်းသောအခါ လိုဏ်ဂူ၏လေဝင်ပေါက်တွင် အလင်းရောင် အနည်းငယ်ရရှိသဖြင့် လိုဏ်ဂူထဲတွင် ကောင်းစွာ မြင်တွေ့ရ၏။

၎င်းတို့သည် လိုဏ်ဂူထဲမှ လွတ်မြောက်နိုင်ရန်နည်းလမ်းကို ရှာဖွေကြလေ၏။ သို့သော် လိုဏ်ဂူထိပ်ရှိ ကျောက်တံခါးကြီးမှလွဲ၍ အပြင်သို့ ထွက်ရန် လမ်းကိုမတွေ့ရချေ။

ဒေါပန်းရုံ၏ အမိန့်အရ သူတို့အားလုံး ခဏနား၍ မနက်စာကို





ချက်ပြုတ်ကြလေ၏။ ဦးဗလက ထမင်းချက်ပြုတ်နေသော ညီအစ်မသုံးယောက်ထံသို့လာ၍

'' ဒီအချိန်ကစပြီး ငါတို့အားလုံး ရိက္ခာကို စနစ်တကျ ခွဲဝေစားသောက်မှဖြစ်မယ်၊ လိုဏ်ဂူကြီးထဲမှာ ငါတို့ ဘယ်လောက်ကြာကြာနေရမလဲ မသိဘူး၊ ကံအကြောင်းမလှရင် ငါတို့ လိုဏ်ဂူထဲမှာပဲ အသက်သေရလိမ့်မယ် ''

ဟု ပြောလေရာ ဦးဗလ၏စကားကို နားထောင်နေသော မောင်ရွှေမြ၏ မျက်နှာကွက်ခနဲပျက်သွားပြီး

'' ဘာ… လိုဏ်ဂူထဲမှာပဲ ကျုပ်တို့ အသက်ဆုံးရတော့မယ် ဟုတ်လား၊ ဟေ့လူကြီး… မဖြစ်နိုင်တဲ့စကားမပြောနဲ့၊ ကျုပ် လိုဏ်ဂူထဲမှာ အသက်မသေချင်ဘူးဗျ ''

ဟု ဒေါသတကြီး အော်ဟစ်ပြောဆိုလေ၏။ ထိုအခါ ဦးဗလက ခေါင်းခါယမ်း၍

'' ဒီမှာ မောင်ရွှေမြ၊ လူတွေအားလုံး ကိုယ့်အသက်ကို ခင်တွယ်တဲ့ သူတွေချည်းပဲ၊ တို့အားလုံး လိုဏ်ဂူထဲမှာ ဘယ်သူက အသက်အသေခံချင်ကြမှာလဲ၊ ဒါပေမဲ့ လိုဏ်ဂူက လွတ်မြောက်ဖို့လမ်းမရှိရင်တော့ ငါတို့ လိုဏ်ဂူထဲမှာပဲ အသက်ဆုံးရမှာပဲ၊ ဒါဟာ ဖြစ်နိုင်ချေရှိတဲ့ အကြောင်းတရားတစ်ခုပဲ ''

ဟု ပြောလေရာ မောင်ရွှေမြသည် ထိတ်လန့်ဟန်ဖြင့် မျက်စိ



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာပျက်သွားလေ၏။

သူတို့အားလုံး မနက်စာစားသောက်ပြီးနောက် ကျောက်တံခါးကြီး၏ အပေါ် လေဝင်ပေါက်မှ ဒေါ်ပန်းရုံ၏ ရန်သူတော်ကြီး ဦးမောင်ကြီး ထွက်ပေါ်လာပြီး

" ဟား ဟား ဟား... အခုလောက်ဆို လိုဏ်ဂူထဲမှာ ထွက်ပေါက်ကို မင်းတို့ရှာပြီးရောပေ့ါ မင်းတို့ ဘယ်လောက်ရှာရှာ အချိန်ကုန်ပြီး ပင်ပန်းရုံပဲရှိမှာပဲ၊ ဒီလိုဏ်ဂူကြီးထဲမှာ ထွက်ပေါက်တစ်ပေါက်တည်း ရှိတာကွ၊ မင်းတို့ဘယ်လိုလုပ် လွတ်မြောက်နိုင်မှာလဲ၊ ဒါကြောင့် ငါတို့ရဲ့ သဘောတူညီချက်မပါဘဲ မင်းတို့ ဘယ်လိုနည်းနဲ့မှ မလွတ်မြောက်နိုင်ဘူး "

ဟု ပြောလေ၏။ ဒေါ်ပန်းရုံ၏ ရန်သူတော်ကြီး ဦးချစ်ထူးက ဝင်ရောက်၍

" ဒီမှာ မပန်းရုံ၊ မင်းကို အရင်တုန်းက သံယောဇဉ်ရှိတာကို ထောက်ထားပြီး အခွင့်အရေးတစ်ခုပေးမယ်၊ အဲဒီအခွင့်အရေးကို မင်း အရယူမယ်ဆိုရင်တော့ ဒီလိုဏ်ဂူကြီးထဲက မင်းတို့လွတ်မြောက်မယ်၊ ဒါပေမဲ့ ဒီအခွင့်အရေးကို လက်လွှတ်ဆုံးရှုံးလိုက်ရင်တော့ ဒီလိုဏ်ဂူကြီးထဲမှာပဲ မင်းတို့အသက်ဆုံးရှုံးမယ် "

ဟု ပြောလေရာ ဒေါ်ပန်းရုံက မျက်မှောင်ကြုတ်၍

" ရှင်ပြောတဲ့ အခွင့်အရေးကဘာလဲ၊ ပြောစမ်း "





ဟု မေးလေ၏။ ထိုအခါ ဦးမောင်ကြီးက

" မင်းတို့လက်ထဲမှာရှိတဲ့ ရတနာမြေပုံကို ကျုပ်တို့လက်ထဲကို အပ်ရမယ်၊ ငါ့လက်ထဲ ရတနာမြေပုံကိုထည့်ရင် မင်းတို့ကို ကျောက်တံခါးကြီးထဲက ပြန်လွှတ်ပေးမယ် "

ဟု ပြောလေ၏။ ရန်သူတော်ကြီးများ၏ စကားကြောင့် ဒေါ်ပန်းရုံ၏ မျက်နှာတွင်းမာသွားပြီး

" ဒီမှာ၊ ရတနာမြေပုံကိုရမယ်တော့ မစဉ်းစားနဲ့၊ ဒီရတနာသိုက်ဟာ ရှင်တို့လို ဝိသမလောဘသားတွေအတွက် မဟုတ်ဘူး။ ဒီရတနာသိုက်ကို အများအကျိုးအတွက် အသုံးချမဲ့နေရာတွေမှာ အသုံးပြုဖို့ ကျွန်မတို့ဆုံးဖြတ်ထားတယ်၊ ရှင်တို့လို လူယုတ်မာတွေရဲ့ လက်ထဲကို ရတနာသိုက်မြေပုံ မအပ်နိုင်ဘူး "

ဟု ပြောလေ၏။ ထိုအခါ ဦးချစ်ထူးက တဟားဟား ရယ်မောလိုက်ပြီး

" ဟား ဟား ဟား... မင်းအတော်မိုက်မဲတဲ့ မိန်းမပါလား။ ရတနာသိုက်မြေပုံကို မင်းတို့နဲ့အတူ သင်္ချိုင်းကိုယူသွားတော့မလို့လား။ ဒါဆိုရင်လည်း ရတယ်၊ ကျောက်တံခါးကြီးကိုမဖွင့်ဘဲ ငါတို့ အပြင်ကစောင့်နေကြမယ်၊ မင်းတို့သေတဲ့အချိန်ကျမှ လိုဏ်ဂူထဲဝင်ပြီး ရတနာသိုက် မြေပုံကိုယူမယ်၊ နောက်ဆုံး ရတနာသိုက်ဟာ ငါတို့လက်ထဲ ရောက်လာမှာပဲ "



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။

ထိုအခါ ဒေါ်ပန်းရုံက တဟဲဟဲ ရယ်မောလိုက်ပြီး

" ဟား ဟား ဟား… ရှင်တို့ အတော်ညံ့တဲ့လူတွေပဲ၊ ရှင်တို့ လက်ထဲကို ရတနာသိုက်မြေပုံကို ရောက်မယ်လို့ထင်သလား၊ ကျွန်မတို့ မသေမီ ရတနာသိုက်မြေပုံကို လိုဏ်ဂူထဲမှာ ဖျက်ဆီးခဲ့မှာပေါ့ "

ဟု ပြောလေရာ လိုဏ်ဂူအပြင်ဘက်ရှိ သူမ၏ရန်သူတော်ကြီးများသည် တိတ်ဆိတ်သွားလေ၏။ အတန်ကြာသောအခါမှ သူမ၏ ရန်သူတော် ဦးမောင်ကြီးက

" ဟား ဟား ဟား… မင်း အတော်ခေါင်းမာတဲ့မိန်းမပဲ၊ မင်းကို စဉ်းစားဖို့ အချိန်ပေးမယ်၊ ငါတို့ ညနေကျမှ ပြန်ပြီးဆက်သွယ်ကြမယ်၊ မင်းမှာ ရွေးစရာနှစ်လမ်းပဲရှိတယ်၊ အသက်အသေခံမလား၊ ရတနာမြေပုံ အပ်မလား၊ ငါတို့အတွက်တော့ တစ်ချိန်က မင်းနဲ့ ရန်ငြိုးရန်စရှိခဲ့တဲ့ အတွက် မင်းသေသွားရင်လည်း ဝမ်းမနည်းပါဘူး၊ စိတ်မပူပါနဲ့ကွာ၊ မင်းရဲ့ အလောင်းကို ငါတို့ ကောင်းကောင်း သင်္ဂြိုဟ်ပေးမှာပါ "

ဟု ပြောရင်း လိုဏ်ဂူ၏တံခါးဝမှ ပြန်၍ထွက်ခွာသွားလေ၏။

ဒေါ်ပန်းရုံသည် လိုဏ်ဂူထဲတွင် မကျေမချမ်းဖြစ်ရင်း ကျန်ရစ်ခဲ့လေ၏။

ခြိမ့်စောင့်ကြီး ဦးဗလသည် ၎င်းတို့၏စကားများကို ငြိမ်သက်စွာ နားထောင်၍ မည်သည့်စကားကိုမျှ ပြန်မပြောချေ။





သီဟသည် ၎င်းတို့၏ အခြေအနေ အတော်ဆိုးနေသဖြင့် ကံမကောင်း အကြောင်းမလှလျှင် လိုဏ်ဂူထဲမှာပင် အသက်သေဆုံးသွားရမည်ကို ရိပ်စားမိ၏။

မည်သို့ပင်ဖြစ်စေ မိမိအသက် မသေဆုံးမီ ဒေါ်ပန်းရုံအား မိမိသည် သားအရင်းဖြစ်ကြောင်း ဖွင့်ပြောရန် ဆုံးဖြတ်ထား၏။

ခြိမ့်စောင့်ကြီးဦးဗလက ဒေါ်ပန်းရုံ၏မျက်နှာကို ကြည့်၍

" မပန်းရုံ ဘယ်လိုဆုံးဖြတ်မလဲ "

ဟု မေးလေ၏။ ထိုအခါ ဒေါ်ပန်းရုံက အံကိုကြိတ်၍

" ကျွန်မရဲ့ဆန္ဒအရတော့ ဒီလူယုတ်မာလက်ထဲကို ကျွန်မတို့ မျိုးရိုးစဉ်ဆက် ထိန်းသိမ်းလာခဲ့တဲ့ ရှေးဟောင်းမှန်လေးကို မအပ်နိုင်ဘူး၊ ဒီကောင်တွေ စိတ်သဘောထား ယုတ်မာသေးသိမ်တဲ့အတွက် သူတို့ရဲ့စကားကိုလည်း ယုံကြည်ရတာ မဟုတ်ဘူး၊ သူတို့လက်ထဲ ရတနာမြေပုံကိုအပ်ရင် အဆိပ်ပင်ကို ရေလောင်းသလိုဖြစ်မှာပဲ၊ ဒါကြောင့် ကျွန်မကတော့ ကျွန်မအသက် သေရင်သေပါစေ၊ ရတနာမြေပုံကိုတော့ သူတို့လက်မအပ်နိုင်ဘူး "

ဟု ပြောလေ၏။ ထိုအခါ ဦးဗလက ဝင်ရောက်၍

" သူတို့ဟာ ကျောက်တံခါးကြီးကို ဖွင့်မပေးရင်ကော "

ဟု မေးမြန်းလေ၏။ ဒေါ်ပန်းရုံက အံကိုကြိတ်၍

" ကျွန်မတို့ ရတနာမြေပုံနဲ့အတူ အသေခံလိုက်ကြတာပေါ့ "



www.burmeseclassic.com

www.burmeseclassic.com



ဟု ဒေါ်သကြီးစွာ ပြောလေ၏။ ဒေါ်ပန်းရုံ၏ ပြောစကားကြောင့် သူ၏မွေးစားသား မောင်ရွှေမြမှာ လှဲနေရာမှထုန်ထလိုက်ပြီး

“ ဘာ... အမေက ဒီရတနာမြေပုံအတွက်နဲ့ ကျွန်တော်တို့အားလုံး အသေခံမယ် ဟုတ်လား။ ဒီရတနာမြေပုံအတွက်နဲ့တော့ ဒီဂူကြီးထဲမှာ အသေမခံနိုင်ပါဘူး။ လူ့အသက်ထက် ရတနာမြေပုံက အရေးမကြီးပါဘူး။ ကျုပ်တို့အပြင်ရောက်လည်း ရတနာမြေပုံကို ပြန်ပြီးလုပ်ယူနိုင်တာပဲ ”

ထိုအခါ ဒေါ်ပန်းရုံက ခေါင်းခါယမ်းလိုက်၍

“ မဖြစ်နိုင်ဘူး မောင်ရွှေမြ။ ဘာဖြစ်လို့လဲဆိုတော့ ကွယ်လွန်သွားတဲ့ ငါ့အမေကို ဒီရတနာမြေပုံနဲ့ ပတ်သက်ပြီး အသက်နဲ့လဲကာကွယ်ပါ့မယ်လို့ ငါကတိပေးခဲ့တယ်၊ အမေ့အပေါ်ထားခဲ့တဲ့ကတိကို ငါတည်မှဖြစ်မယ် ”

ဟု ပြောလေရာ မောင်ရွှေမြက ဒေါသတကြီးဖြင့်

“ အမေ့ဘာသာ ကတိတည်တာ အရေးမကြီးဘူး။ အမေကတိတည်တာနဲ့ ကျုပ်တို့အသက် သေရမှာလား။ အမေ့လုပ်ရပ်တွေ မှန်မမှန် အမေ့ဘာသာ စဉ်းစားကြည့်ဦး ”

ဟု ပြောလေ၏။ ဒေါ်ပန်းရုံသည် မွေးစားသား မောင်ရွှေမြကို ဒေါသတကြီး ကြည့်၍

“ မောင်ရွှေမြ မင်းဟာ ငါ့ရဲ့မွေးစားသားပါ။ ဒီမှာရှိနေတဲ့ လူတွေ အားလုံး ငါ့ရဲ့စကားကို တစ်ယောက်မှ မဆန့်ကျင်ကြဘူး။ မင်းဟာ ငါ့ရဲ့မွေးစားလုပ်ပြီး ငါ့ရဲ့ဆန္ဒကို ထိပ်ဆုံးက ဆန့်ကျင်နေတယ်၊ မင်းကို ငါမွေးစားမိတာ အကြီးမားဆုံး အမှားပဲ ”

ဟု ပြောလေ၏။ ထိုအခါ မောင်ရွှေမြက သီဟတို့လူစုကို မျက်လုံးဝေ့ကြည့်၍

“ ဒီမှာ အမေ၊ ဒီလူတွေဟာ အရူးတွေ။ အရူးတွေမို့လို့ အမေလုပ်ချင်သလိုလုပ်တာကို ပါးစပ်ပိတ်ပြီး ကြည့်နေကြတာ၊ ရတနာမြေပုံကြီးကိုပိုက်ပြီး လိုဏ်ဂူကြီးထဲမှာ အလကား အသေခံကြမလား၊ ကျုပ်ဘယ်လိုမှ သဘောမတူနိုင်ဘူး အမေ ”

ဟု အော်ဟစ်ပြောဆိုလေ၏။ ထိုအခါ ဦးဇုလက ဝင်ရောက်၍

“ ဒီအချိန်မှာ ငါတို့ အငြင်းအခုန်လုပ်ရမဲ့ အချိန်မဟုတ်ဘူး။ ဒီအချိန်မှာ ငါတို့လုပ်ရမဲ့အလုပ်က လိုဏ်ဂူကြီးထဲက လွတ်မြောက်အောင် ကြိုးစားဖို့ပဲ၊ ဒီလိုဏ်ဂူကြီးက သဘာဝအတိုင်း ဖြစ်ပေါ်နေတဲ့ လိုဏ်ဂူကြီးပဲ၊ ဒါကြောင့် လိုဏ်ဂူကြီးထဲက လွတ်မြောက်ဖို့လမ်း ရှိမယ်လို့ ငါထင်တယ်၊ အဲဒီတစ်နေရာကို ငါတို့ရှာမယ်၊ ငါတို့ အငြင်းမပွားကြပါနဲ့ ”

ဟု ပြောလေ၏။

ဒေါ်ပန်းရုံသည် သူ၏မွေးစားသားနှင့် ပတ်သက်၍ စိတ်ထိခိုက်ထန်ဖြင့် လိုဏ်ဂူကြီးတစ်နေရာသို့သွားကာ တစ်စုံတစ်ရာကို တွေးတော







www.burmeseclassic.com

နေလေ၏။

သီဟသည် မိခင် စိတ်ထိခိုက်နေဟန်ကိုကြည့်၍ မောင်ရွှေမြအား မကျေမချမ်း ဖြစ်မိလေ၏။

မောင်ရွှေမြသည် သူရဲဘောကြောင်ပြီး သူရသတ္တိနည်းသူ တစ်ယောက်ဖြစ်၏။ ကိုယ်လွတ်ရုန်းချင်သူလည်းဖြစ်၏။ သူသည် ရင်ဆိုင်ကြုံတွေ့ရသော အခက်အခဲများကို ရင်ဆိုင်ဖြေရှင်းရန် မကြိုးစားဘဲ အလွယ်တကူ လက်လျှော့အရှုံးပေးတတ်သူလည်းဖြစ်၏။

သီဟသည် စိတ်ထိခိုက်နေသော မိခင်ကိုကြည့်ရင်း ဖွင့်ပြောပြ ချင်စိတ်များ ဖြစ်ပေါ်လာသဖြင့် အနီးသို့လျှောက်သွားပြီး

" စိတ်ညစ်နေသလား အမေ၊ ကျွန်တော်တို့ နောက်ဆုံး အကြိမ်အထိ စွန့်စားကြည့်ချင်သေးတယ်၊ ကျွန်တော်တို့မှာ အခွင့် အရေးတွေ ရှိနိုင်ပါသေးတယ် "

ဟု ပြောလေ၏။ ထိုအခါ ဒေါ်ပန်းရုံက ရီဝေသောမျက်လုံးများ ဖြင့် မောင်သီဟကို လှည့်ကြည့်ပြီး

" မောင်ရွှေမြဟာ အတော်အရည်အချင်းမဲ့တာပဲ၊ သူ့မှာသာ လူလေးရဲ့စိတ်ဓာတ်မျိုး တစ်ဝက်လောက်ရှိရင် အမေ မွေးရကျိုးနပ်ပါ ပြီ "

ဟု တီးတိုးပြောလေ၏။

သီဟသည် မိခင်၏စကားကြောင့် ရင်ထဲတွင် လှိုက်ဖိုသွားပြီး





မိခင်၏သားအရင်းဖြစ်ကြောင်း ဖွင့်ပြောရန် ပြင်လိုက်၏။

ထိုအခိုက်မှာပင် အနီးသို့ စံပယ်ဆိုသော မိန်းကလေး ရောက်ရှိ လာပြီး ဒေါ်ပန်းရုံသောက်ရန် ကော်ဖီတစ်ခွက်နှင့် ပေါင်မုန့်ကြမ်းကို ပေး လေ၏။

ဒေါ်ပန်းရုံက ခေါင်းခါယမ်း၍ မသောက်ချင်ကြောင်း ပြောလေ ၏။ သီဟသည် မိခင်ကို သားအရင်းဖြစ်ကြောင်း ဖွင့်ပြောမည့် အကြံ အစည် ပျက်သွား၏။

ဒေါ်ပန်းရုံသည် သူမအကျုပ်အတည်းဖြစ်လျှင် တွေ့ရသော မြေ ...မကို သတိရမိ၏။ ထို့နောက် သက်ပြင်းရှည်ကြီးကိုချ၍

" ဘာပဲဖြစ်ဖြစ် ဒီတစ်ညတော့ သည်းခံရမှာပဲ၊ နောက်နေ့ ...က်ရောက်ရင်တော့ လိုဏ်ဂူထဲက လွတ်မြောက်မဲ့လမ်းကို တွေ့ရမှာ ... "

ဟု ပြောလေရာ သီဟက ဒေါ်ပန်းရုံကို နားမလည်ဟန်ဖြင့် ကြည့် ...ိုက်လေ၏။

ဒေါ်ပန်းရုံသည် ထိုနေ့ညက အိပ်ရာ စောစောဝင်ရန် ပြင်ဆင် ...လ၏။ ဒေါ်ပန်းရုံတို့အဖွဲ့တွင် မောင်ရွှေမြမှလွဲ၍ ကျန်လူများအားလုံး ...ည် ဒေါ်ပန်းရုံအတွက် အသက်စွန့်ရန်ရှိကြ၏။

မောင်ရွှေမြမှာမူ လိုဏ်ဂူထဲမှ မလွတ်မြောက်လျှင် အသက်သေ ...းရမည့်အရေးကို တွေးတောကာ လွန်စွာ တုန်လှုပ်နေဟန်ရှိ၏။

www.burmeseclassic.com



ဒေါ်ပန်းရှုံသည် ထိုညက အိပ်စက်ရန် စိတ်စောနေသဖြင့် ည အတော်နက်သောအခါမှပင် အိပ်ပျော်သွားလေ၏။ ဒေါ်ပန်းရှုံ အိပ်ပျော်သွားသောအခါ အိပ်မက်ထဲသို့ ထုံးစံအတိုင်း မြွေဖြူမရောက်ရှိလာ၏။

မြွေဖြူမသည် ဒေါ်ပန်းရှုံကို စိတ်မကောင်းဟန်ဖြင့် ကြည့်၍

" ဂူထဲမှာနေရတာ အခက်အခဲဖြစ်နေပြီလား၊ ကျွန်မလည်း ရှင့်ကို ရန်သူတွေနဲ့ပတ်သက်ပြီး သတိပေးဖို့ ကြိုးစားခဲ့ပါတယ်၊ ကျွန်မရဲ့ ကြိုးစားမှု နောက်ကျသွားတဲ့အတွက် ကျောက်တံခါးကြီး ကျသွားခဲ့တာပါ။ ကျွန်မကို ခွင့်လွှတ်ပါ "

ဟု တောင်းပန်လေ၏။ ထိုအခါ ဒေါ်ပန်းရှုံက ခေါင်းခါယမ်းလိုက်၍ မြွေဖြူမကို အပြစ်မတင်ကြောင်း ပြောဆိုပြီး လိုဏ်ဂူထဲမှ လွတ်မြောက်နိုင်ရန် နည်းလမ်းကို မေးမြန်းလေ၏။

မြွေဖြူမက သက်ပြင်းချ၍

" လိုဏ်ဂူထဲကနေ လူသားတစ်ယောက်အနေနဲ့ လွတ်မြောက်ဖို့ မဖြစ်နိုင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ လိုဏ်ဂူရဲ့ထွက်ပေါက်ဟာ ကျောက်တံခါးကြီးရှိတဲ့ ဂူပေါက်ဖြစ်နေလို့ပဲ "

ဟု ပြောလေရာ ဒေါ်ပန်းရှုံသည် စိတ်ဓာတ်ကျသွားပြီး

" ဒါတို့အားလုံး လိုဏ်ဂူထဲမှာ အသက်သေကြရမှာလား "

ဟု မေးမြန်းလေ၏။ ထိုအခါ မြွေဖြူမက ခေါင်းခါယမ်းလိုက်၍

" လိုဏ်ဂူထဲမှာပဲ မျက်လုံးမှိတ်ပြီး အသေမခံပါနဲ့၊ လွတ်မြောက်အောင် ကြိုးစားရမယ်၊ ရှင်တို့အားလုံး ညီညီညွတ်ညွတ်နဲ့ လိုဏ်ဂူထဲက ထွက်နိုင်ဖို့ ကြိုးစားကြပါ "

ဟု ပြောလေ၏။ ထိုအခါ ဒေါ်ပန်းရှုံက မျက်မှောင်ကြုတ်၍

" ဒီလောက်ကြီးမားတဲ့လိုဏ်ဂူကြီးထဲက ဒါတို့အားလုံး လွတ်မြောက်အောင် ဘယ်လိုထွက်နိုင်မှာလဲ "

ဟု မေးမြန်းလေ၏။ ထိုအခါ မြွေဖြူမက

" ကျွန်မအကြံပေးတာကိုသာ နားထောင်ပါ။ ကျွန်မဟာ လူမဟုတ်ဘဲ မြွေသတ္တဝါဆိုတာ ရှင်အမှတ်ရပါ။ ရှင်တို့အတွက် ဒီလိုဏ်ဂူကြီးဟာ အင်မတန်လုံခြုံပေမဲ့ ကျွန်မတို့လို မြွေသတ္တဝါတွေအတွက်တော့ လိုဏ်ဂူထဲကို အချိန်မရွေး ဝင်ထွက်လို့ရပါတယ်၊ ကျွန်မတို့အနေနဲ့ ဒီလိုဏ်ဂူထဲက အလွယ်တကူထွက်နိုင်တဲ့နည်းလမ်းကို သိတယ် "

ဟု ပြောလေ၏။ ထိုအခါ ဒေါ်ပန်းရှုံသည် စိတ်လှုပ်ရှားသွားပြီး

" အို… ဟုတ်လား။ အဲဒီနည်းလမ်း ကျွန်မတို့ကို မြန်မြန်ပြောစမ်းပါရှင် "

ဟု အလောတကြီးမေးလေ၏။ ထိုအခါ မြွေဖြူမက

" ဒါပေမဲ့ ဒီနည်းလမ်းဟာ ရှင်တို့အတွက် အဆင်ပြေမှ ပြေပါ့မလား။ ရှင်တို့အနေနဲ့ အများကြီး ကြိုးစားရမှာသေချာတယ် "

ဟု ပြောလေ၏။ ဒေါ်ပန်းရှုံကလည်း အလောတကြီး မေးမြန်း







www.burmeseclassic.com

www.burmeseclassic.com



ပြန်လေ၏။ ထိုအခါ မြွေဖြူမက

" ဒီလိုဏ်ဂူကြီးအထဲမှာ အပြင်ကိုထွက်ဖို့ အလွယ်ကူဆုံး နေရာတစ်ခုရှိတယ်၊ အဲဒီနေရာကို ကျွန်မပြပေးမယ် "

ဟု ပြောလေ၏။

ထို့နောက် မြွေဖြူမသည် လိုဏ်ဂူ၏ တောင်ဘက်ဆုံးအပိုင်းရှိ အဖြူရောင်ကျောက်တုံးကြီး နှစ်တုံးကြားရှိနေရာကို တူးဖော်ရန် အကြံပေးလေ၏။

ထိုအဖြူရောင်ကျောက်တုံးကြီးနှစ်တုံးကြားရှိ မြေကြီးသည် ဂူ၏ အပြင်ဘက်သို့ရောက်ရန် အလွယ်ကူဆုံးဖြစ်၏။ ထိုမြေကြီးကို တူးဖော်၍ သွားလျှင် ဂူအပြင်သို့ အလွယ်တကူရောက်ရှိနိုင်ကြောင်း ပြောလေ၏။

ဒေါ်ပန်းရုံသည် မြွေဖြူမ၏စကားကြောင့် လွန်စွာဝမ်းသာသွားပြီး ထိုနေရာကို တူးဖော်ရန် ကြံစည်နေမိ၏။ ထိုညက မြွေဖြူမအား ရတနာမြေပုံကိစ္စနှင့်ပတ်သက်၍ တစ်ခွန်းတစ်ပါဒမျှ မပြောလိုက်ရချေ။

နောက်နေ့နံနက် မိုးစင်စင်လင်းသောအခါ ဒေါ်ပန်းရုံသည် အိပ်ရာမှ ကမန်းကတန်းထလေ၏။ ဒေါ်ပန်းရုံ၏ အိမ်ဖော်မိန်းကလေး သုံးယောက်မှာ ဒေါ်ပန်းရုံစားသောက်ရန်အတွက် ဆန်အနည်းငယ်ဖြင့် ဆန်ပြုတ် ပြုတ်လေ၏။

ဆန်ပြုတ်အိုးရသောအခါ ဒေါ်ပန်းရုံထံသို့ ပန်းကန်ပြားဖြင့်





ဆန်ပြုတ်အနည်းငယ်ထည့်၍ ယူဆောင်လာ၏။ သူမတို့သည် မျက်စိမျက်နှာမကောင်းချေ။

ဒေါ်ပန်းရုံသည် မိန်းမပျိုများကိုကြည့်၍

" မင်းတို့ မျက်စိမျက်နှာမကောင်းဘူး။ ဘာဖြစ်လို့လဲ "

ဟု မေးမြန်းလေ၏။ ထိုအခါ သဇင်ဆိုသော မိန်းမပျိုက ချက်ပြုတ်စရာဆန်မှာ တစ်နေ့စာမျှပင်ရှိတော့ကြောင်း ပြောလေ၏။

ဒေါ်ပန်းရုံသည် ညီအစ်မသုံးယောက်၏ မျက်နှာညှိုးငယ်ပုံကို ကြည့်၍

" မင်းတို့ဘာမှမပူနဲ့၊ ဒီလိုဏ်ဂူကြီးထဲက လွတ်မြောက်မဲ့လမ်းကို ငါရပြီ၊ ငါတို့အားလုံး ညီညီညွတ်ညွတ်နဲ့ ကြိုးစားရင် လိုဏ်ဂူရဲ့ အပြင်ကို ရောက်မှာပဲ "

ဟု ပြောလေ၏။ ဒေါ်ပန်းရုံ၏စကားကြောင့် ဦးဗလသည် မျက်မှောင်ကြုတ်ကြည့်လိုက်ပြီး

" ဒေါ်ပန်းရုံရဲ့စကားက ဆန်းတယ်၊ လိုဏ်ဂူထဲက လွတ်မြောက်မဲ့နည်းလမ်းကိုတွေ့လို့လား "

ဟု မေးမြန်းလေ၏။ ထိုအခါ ဒေါ်ပန်းရုံက သက်ပြင်းချ၍

" လိုဏ်ဂူထဲက လွတ်မြောက်နိုင်တယ်ဆိုတဲ့ နည်းလမ်းကို ကျွန်မ အတတ်မပြောနိုင်ဘူး၊ ဒါပေမဲ့ ကျွန်မတို့ ကြိုးစားမယ်ဆိုရင် လိုဏ်ဂူထဲက လွတ်မြောက်ဖို့ရှိတယ် "



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောကာ ဂူ၏တောင်ဘက်ပိုင်းရှိ အဖြူရောင်ကျောက်တုံးကြီး နှစ်တုံးကြားကို တူးခိုင်းလေ၏။

အမြွာညီအစ်ကိုနှင့် သီဟသည် ဒေါ်ပန်းရုံ၏စကားကို စောဒကမတက်ဘဲ ကျောက်တုံးနှစ်တုံးကြားရှိ မြေကြီးများကို တူရွင်းကိုယ်စီဖြင့် တူးဆွလေ၏။

မောင်ရွှေမြကမူ ၎င်းတို့၏လုပ်ရပ်ကိုကြည့်၍ နှာခေါင်းရှုံ့လိုက်ပြီး

" ခင်ဗျားတို့ရူးနေလား၊ ဒီလောက်ကြီးတဲ့လိုဏ်ဂူကြီးကို ဘယ်လိုလုပ်ပြီး တူးထွက်လို့ရမှာလဲ "

ဟု ကဲ့ရဲ့လေ၏။

ဦးဗလကိုယ်တိုင် အနားသို့ရောက်လာပြီး မြေကြီးများကို တူးယက်လေ၏။ ထို့နောက် ဒေါ်ပန်းရုံ၏ အိမ်ဖော်မိန်းကလေး သုံးဦးလည်း ဝင်ရောက်ကူညီပေးကြလေ၏။

၎င်းတို့သည် မြေကြီးများကို တူးဆွရင်း ပင်ပန်းလှသော်လည်း ရေမှာ တစ်နပ်စာမျှပင်ရှိတော့သဖြင့် ရေကိုပင် ဝအောင်မသောက်ရဲဘဲ ရှိလေ၏။

ဒေါ်ပန်းရုံသည် ပင်ပန်းနွမ်းနယ်သူများ သောက်ရန် ဆန်ပြုတ်ထဲသို့ အသားခြောက်များထည့်၍ ပြုတ်လေ၏။ မောင်သီဟတို့သည် နေ့လယ်သို့ရောက်သောအခါ ပင်ပန်းလွန်းလှ၍ ဒေါ်ပန်းရုံတိုက်ကျွေးသော ဆန်ပြုတ်များကို သောက်လေ၏။





ခြိမ့်စောင့်ကြီး ဦးဗလက တူးဆွထားသောမြေကြီးများကို ကြည့်၍

" ပထမတော့ လိုဏ်ဂူအတွင်းက မြေကြီးကို တူးဆွရတာ အလေ့အကျင့်မရှိသလိုပဲ၊ အခုတော့ ကျုပ်ရင်ထဲမှာ လွတ်မြောက်တော့မယ်လို့ အလိုလိုသိနေသလိုပဲ၊ ကျုပ်တို့မှာ မျှော်လင့်ချက်ရှိသေးတယ်"

ဟု အားတက်ဟန်ဖြင့် ပြောလေ၏။ ထိုအခါ သီဟကလည်း ဝင်ရောက်၍

" ဒီနေရာဟာ လိုဏ်ဂူရဲ့အပါးလွှာဆုံးအပိုင်းဖြစ်မယ်ထင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်တို့ ကျောက်သားကိုတူးဆွရတာယ်လို့ မရှိဘူး။ ကျုပ်တို့ တူးဆွနေရတာ မြေကြီးတွေပဲရှိတယ်၊ ဒီနေရာကလွဲလို့ အားလုံး ကျောက်သားတွေပဲ၊ မြေကြီးတွေရှိတဲ့နေရာကို ဒေါ်ပန်းရုံသိနေတာ အံ့ဩစရာပဲ "

ဟု ပြောလေ၏။ ထိုအခါ အမြွာညီအစ်ကိုနှစ်ယောက်အနက် တစ်ယောက်က ဝင်ရောက်၍

" ကျုပ်အထင်တော့ ဒေါ်ပန်းရုံကို ကူညီစောင့်ရှောက်ပေးမဲ့ တန်ခိုးရှင်တွေ ဘာတွေ ရှိနေမယ်ထင်တယ် "

ဟု ပြောလေ၏။ အိမ်ဖော်မိန်းမပျိုများအနက် စံပယ်ဆိုသော မိန်းကလေးက ဝင်ရောက်၍

" ဟုတ်တယ်၊ အမေ့မှာ အစောင့်အရှောက်တွေရှိရတယ်၊ ဘာကြောင့်လဲဆိုတော့ ဘယ်လိုအခက်အခဲပဲကြုံကြုံ ကြောက်ရွံ့



www.burmeseclassic.com

www.burmeseclassic.com



ထိတ်လန့်တဲ့ အမူအရာမပြဘူး။ သူဟာ အစောင့်အကြပ်တွေ အကူအညီနဲ့ ကြိုသိထားပုံရတယ် ''

ဟု ပြောလေ၏။

ဗြိစောင့်ကြီးဦးဗလက သက်ပြင်းချလိုက်ပြီး တစ်စုံတစ်ရာကိုသာ မျက်မှောင်ကြုတ်၍ စဉ်းစားနေလေ၏။

ထိုအခိုက်မှာပင် လိုဏ်ဂူအဝမှ ဒေါ်ပန်းရုံ၏ ရန်သူတော်ကြီးများ၏ အသံကို ကြားရပြီး

'' ဟား ဟား ဟား... မပန်းရုံ၊ လူစွမ်းကောင်းမကြီး၊ ကျုပ်တို့လက်ကို ရတနာမြေပုံကိုအပ်ဖို့ သဘောတူပြီလား။ သဘောတူရင်တော့ ကျောက်တံခါးကြီးကိုဖွင့်ပေးလိုက်မယ် ''

ဟု ပြောလေ၏။ ထိုအခါ ဒေါ်ပန်းရုံက နှုတ်ခမ်းကိုမဲ့၍

'' ကျွန်မ စကားကို နှစ်မျိုးမပြောတတ်ဘူးဆိုတာ ရှင်တို့သိတယ်၊ ရှင်တို့လို လူယုတ်မာတွေရဲလက်ကို ရတနာမြေပုံကို ဘယ်တော့မှ မအပ်ဘူး၊ ကျွန်မတို့ အသက်အသေခံလိုက်မယ် ''

ဟု ပြောလေ၏။ ထိုအခါ ရန်သူတော်များသည် ဒေါသူပုန်ထသွားပြီး

'' သေခါနီးတောင် ခေါင်းမာချင်တဲ့မိန်းမ၊ မင်းထိုက်နဲ့မင်းကံပဲ၊ လိုဏ်ဂူထဲမှာပဲ အရှင်လတ်လတ် မြေမြှုပ်ခံပေတော့ ''

ဟု အော်ဟစ်ပြောဆိုလေ၏။ ၎င်းတို့၏စကားများကို နား





ထောင်၍ မောင်ရွှေမြက အနီးသို့ရောက်လာပြီး မကျေမချမ်းကြည့်ကာ

'' အမေ ဘယ်လိုလုပ်တာလဲ၊ မြေပုံတစ်ပုံဟာ အမေ့အသက်ထက် အဖိုးတန်လို့လား၊ တန်ဖိုးအရှိဆုံးက လူ့အသက်တစ်ချောင်းပါဗျ၊ အမေ ဒီလောက်ခေါင်းမာလိမ့်မယ်လို့ ကျုပ်တစ်ခါမှ မထင်ခဲ့ဘူး၊ အခုတော့ ကြည့်စမ်း၊ အမေ့ရဲ့ခေါင်းမာမှုကြောင့် အားလုံးသေရတော့မယ် ''

ဟု ဒေါ်ပန်းရုံကို အပြစ်တင်လေ၏။ ဒေါ်ပန်းရုံသည် မောင်ရွှေမြ၏ စိတ်ဓာတ်ပျော့ညံ့ပုံကို လွန်စွာရှုံရှာသွားပြီး

'' ဒီမှာ မောင်ရွှေမြ၊ မင်းရဲ့စိတ်ဓာတ် ပျော့ညံ့လှချည်လား၊ ဒီနေရာက လွတ်မြောက်ဖို့ ငါတို့ အစွမ်းကုန် ကြိုးစားနေကြတယ်၊ မကြာမီ ငါတို့ လွတ်မြောက်နိုင်တော့မယ်လို့လည်း ယုံကြည်တယ်၊ မင်းဘာဖြစ်လို့ အကူအညီမပေးဘဲ အနှောင့်အယှက်ပေးနေရတာလဲ၊ မင်းရဲ့စိတ်ဓာတ်ပိုင်းဆိုင်ရာဟာ အတော်ညံ့ဖျင်းတာပဲ ''

ဟု ပြောလေရာ မောင်ရွှေမြသည် ဦးဗလတို့လူစုကိုကြည့်၍

'' ဒီလူတွေဟာ အရူးတွေဗျ၊ မဖြစ်နိုင်တဲ့အလုပ်ကို အပင်ပန်းခံပြီး လုပ်နေကြတယ်၊ ကျုပ်တော့ အစာကို ဝဝလင်လင် မစားရတဲ့အချိန်မှာ ဘာအလုပ်မှမလုပ်နိုင်ဘူး ''

ဟု ပြောလေ၏။

ဒေါ်ပန်းရုံသည် မောင်ရွှေမြကို ပြောနေလျှင် ကျွဲပါးစောင်းတီးဖြစ်



www.burmeseclassic.com

www.burmeseclassic.com



မည် စိုးသောကြောင့် ဘာစကားမှမပြောတော့ဘဲ မြေကြီးတူးဆွနေသူများကိုသာ သွားရောက်ကြည့်ရှုလေ၏။

ရင်းတို့သည် မြေကြီးတူးသောအလုပ်ကို လိုဏ်ဂူအပြင်မှ လူများ မရိပ်မိအောင် ကြိုးစား၍ တူးဆွရ၏။ သီဟသည် တူရွင်းတစ်လက်ဖြင့် ရှေ့ဆုံးမှ ဦးဆောင်၍ တူးလေ၏။

အမြွာညီအစ်ကိုနှစ်ယောက်က မောင်သီဟတို့ တူးဆွသော မြေကြီးကို အပေါ်သို့ တင်ပေး၏။ ရင်းတို့လူစုသည် မိန်းကလေးများပါ မကျန် ပင်ပန်းတကြီးလုပ်ဆောင်ကြသဖြင့် မြေခဲများကို တဖြည်းဖြည်း ယက်ထုတ်လာနိုင်၏။

ညနေစောင်းသောအခါ မောင်သီဟအားကြိုးမာန်တက် တူးဆွနေသော တူရွင်းသည် ရှေ့သို့ကျွံထွက်သွားပြီး သေးငယ်သော အလင်းရောင် ပေါ်ထွက်လာသဖြင့် ရင်းတို့အားလုံး ဝမ်းသာသွားပြီး ဟေးခနဲ အော်ဟစ်လိုက်ကြ၏။

အမြွာညီအစ်ကိုက တဟားဟား ရယ်မောလိုက်ပြီး

" ဟား ဟား ဟား... ငါတို့မသေတော့ဘူး။ ငါတို့လွတ်တော့မယ်၊ ငါတို့ လိုဏ်ဂူအပြင်ကိုရောက်ပြီ "

ဟု ဝမ်းသာအားရ ကြွေးကြော်လေ၏။

သူတို့အားလုံး အလင်းရောင်တစ်စွန်းတစ်စကိုမြင်ရသဖြင့် စိတ်အားတက်ကြွစွာ တူးဆွလိုက်သောအခါ ဦးဗလက သူတို့အားလုံး





ကို လက်ကာပြလိုက်ပြီး

" ငါတို့အားလုံး တူးဆွတာကို ရပ်လိုက်ကြပေတော့၊ ဘာဖြစ်လို့လဲဆိုတော့ အပြင်မှာ အလင်းရောင်နည်းနည်းရှိသေးတယ်။ အပြင်မှာ ဒေါပန်းရုံရဲ့ရန်သူတော်ကြီးတွေ ရှိနေသေးတယ်၊ သူတို့ဟာ ငါတို့ကို လိုဏ်ဂူအပြင်ကနေ စောင့်ကြည့်နေကြတယ်၊ ငါတို့လွတ်မြောက်သွားကြောင်းသိရင် တိုက်ပွဲဖြစ်မှာ သေချာတယ်၊ ငါ့ရဲ့ဆန္ဒအရတော့ ဒီကောင်တွေကို လှည့်စားပြီးထားခဲ့ချင်တယ်။ ဒီကောင်တွေဟာ လိုဏ်ဂူထဲမှာ ငါတို့ရှိနေတယ်ထင်ပြီး အပြင်ကနေ ထိုင်စောင့်ရင်း အချိန်ကုန်သွားလိမ့်မယ်၊ ဒီအချိန်မှာ ငါတို့ဟာ ရတနာမြေပုံကိုရှာပြီး အေးအေးဆေးဆေးပြန်သွားရုံပဲ "

ဟု ပြောလေ၏။ ဦးဗလ၏ အကြံအစည်ကို ဒေါပန်းရုံကိုယ်တိုင် နှစ်သက်သဖြင့် ညသို့ရောက်သောအခါမှ မြေကြီးများကိုတူးဆွရန် သဘောတူကြ၏။

ရင်းတို့သည် ညဉ့်သန်းခေါင်အချိန်သို့ရောက်သောအခါ မြေကြီးများကို ဆက်လက်တူးဆွရာ တဖြည်းဖြည်း အပြင်သို့ထွက်နိုင်သော အပေါက်ကို တွေ့ရလေ၏။

လူတစ်ကိုယ်စာထွက်နိုင်သော အပေါက်ရသောအခါ သူတို့အားလုံး လိုဏ်ဂူအပြင်သို့ တစ်ယောက်ပြီးတစ်ယောက် တိုးထွက်လိုက်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



သူတို့အားလုံး အပြင်သို့ရောက်သောအခါ မြေကြီးများကို ဟန်မပျက်ပါ အပြင်ဘက်မှ ဖုံးဖိထားလိုက်၏။

သီဟတို့ လိုဏ်ဂူကို ဘေးမှပတ်၍ အရှေ့ဘက်သို့ တရွေ့ရွေ့ တိုးကပ်သွား၏။ ထို့နောက် ကျောက်ဆောင်တစ်ခုပေါ်သို့ တက်ပြီး ကြည့်လိုက်ရာ လိုဏ်ဂူ၏ အရှေ့ဘက်မြင်ကွင်းကို မြင်တွေ့လိုက်ရ၏။

လိုဏ်ဂူ၏အရှေ့ဘက်တွင် မီးပုံကြီးများဖို၍ ၎င်းတို့ကို စောင့်ကြပ်နေသော ရန်သူတော်ကြီးများကို တွေ့ရလေ၏။ ထို့အပြင် ရွက်ဖျင်တဲ သုံးလုံးကို တွေ့ရလေ၏။

ထိုရွက်ဖျင်တဲများတွင် ရန်သူတော်ကြီးများ ရှိပုံရ၏။ သီဟတို့သည် လိုဏ်ဂူအနီးမှ တိတ်ဆိတ်စွာ ထွက်ခဲ့လေ၏။

၎င်းတို့သည် လိုဏ်ဂူနှင့်ဝေးရာသို့ တစ်ညလုံး ခရီးနှင်ခဲ့၏။ စမ်းချောင်းတစ်ခုသို့ ရောက်သောအခါ ၎င်းတို့၏ ရေဘူးထဲသို့ ရေများဖြည့်လေ၏။

ထိုအချိန်မှာပင် မောင်ရွှေမြသည် ရေဖြည့်ရုံနှင့် အားမရဘဲ ရေဆင်းချိုးရန်ပြင်လိုက်၏။

သူသည် စမ်းချောင်းထဲသို့ ခြေတစ်လှမ်း တိုးကပ်လိုက်သောအခါ ကြီးမားသော သတ္တဝါတစ်ကောင်၏ ရစ်ပတ်ခြင်းကို ခံလိုက်ရသဖြင့် အသံကုန်အော်ဟစ်လိုက်၏။

ဦးဗလတို့လူစုသည် လက်နှိပ်ဓာတ်မီးဖြင့် ထိုနေရာသို့ ထိုးလိုက်





သောအခါ လွန်စွာကြောက်မက်ဖွယ်ကောင်းသော မြင်ကွင်းကို မြင်တွေ့ရလေ၏။

မောင်ရွှေမြက အစာရှာထွက်လာသော စပါးကြီးမြွေကြီး တစ်ကောင်က ရစ်ပတ်ထားကြောင်း တွေ့ရ၏။ ဦးဗလသည် ၎င်း၏ လက်ထဲရှိ သေနတ်နှစ်လက်ကို တစ်ပြိုင်နက်ထုတ်ကာ စပါးကြီးမြွေကြီး၏ ခေါင်းတည့်တည့်ကို အဆက်မပြတ် ပစ်ခတ်လိုက်လေ၏။

ထိုအခါမှပင် စပါးကြီးမြွေကြီးသည် မောင်ရွှေမြကို မရစ်ပတ်နိုင်တော့ဘဲ အသက်ထွက်သွားလေ၏။

အမြွာညီအစ်ကိုနှစ်ယောက်သည် စပါးကြီးမြွေ၏အထာကို သိသဖြင့် အမြီးမှနေ၍ မောင်ရွှေမြကို ဖယ်ရှားရန် ကြိုးစားလေ၏။ မောင်ရွှေမြသည် ကံကောင်းထောက်မစွာဖြင့် အရိုးများမကျိုးကြေဘဲ လွတ်မြောက်လာ၏။

ဒေါ်ပန်းရုံက မောင်ရွှေမြကိုကြည့်၍ သက်ပြင်းချလိုက်ပြီး

" သေနတ်သံကြောင့် ရန်သူတွေ ငါတို့လွတ်မြောက်သွားတာ သိသွားနိုင်တယ်၊ ဗီတောကြီးထဲမှာ ရွှံ့နွံအိုင်တွေရှိတယ်၊ မြွေတွေလည်း အလွန်ပေါတယ်၊ ရှေ့ဆက်ပြီး သတိထားကြပါ "

ဟု ပြောလေ၏။

ထိုအခါ ဦးဗလက ဝင်ရောက်၍

" ရန်သူတွေတော့ ကျုပ်တို့လွတ်မြောက်သွားတာ သိမယ်



www.burmeseclassic.com

www.burmeseclassic.com



မထင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ လိုဏ်ဂူထဲက ကျုပ်တို့ မလွတ်မြောက်နိုင်ဘူးဆိုတာ သူတို့သိထားတယ်လေ ''

ဟု ပြောလေ၏။

မောင်သီဟကလည်း ဝင်ရောက်၍

'' ဟုတ်တယ် အဒေါ်၊ ကျုပ်တို့လွတ်မြောက်သွားမယ်လို့ လုံးဝထင်မှာမဟုတ်ပါဘူး ''

ဟု ပြောလေ၏။ အရှေ့ထင်လင်းသောအခါ လှိုဏ်ကြီးတစ်ခုအနီးသို့ရောက်လေ၏။ ဦးစလက

'' ကျုပ်တို့ ဒီနေရာမှာ ခဏလောက်နားလိုက်ကြရအောင် ''

ဟု ပြောလေ၏။ ထို့နောက် လှိုဏ်ထဲတွင်ဆင်း၍ အနားယူကြလေ၏။ တစ်ရေးတစ်မောမျှ အိပ်စက်ရန် ကြိုးစား၏။

ဒေါ်ပန်းရုံသည် မိတ်ဆွေဖြစ်သူ မြွေဖြူမနှင့် အိပ်မက်ထဲတွင် တွေ့ဆုံရန် ကြိုးစားလေ၏။ အတန်ကြာသောအခါ သူမအိပ်ပျော်သွားလေ၏။

သူမအိပ်ပျော်သွားသောအခါ အိပ်မက်ထဲသို့ မြွေဖြူမရောက်ရှိလာကာ

'' ရှင်တို့ အန္တရာယ်က လွတ်မြောက်လာတာ သိရလို့ ကျွန်မသိပ်ဝမ်းသာတယ်၊ ရှင်တို့ရန်သူတွေကတော့ လိုဏ်ဂူအပြင်ဘက်မှာ ဒီအချိန်အထိ စောင့်နေတုန်းပဲ ''





ဟု ပြောလေ၏။

ထိုအခါ ဒေါ်ပန်းရုံက မြွေဖြူမအား ၎င်းတို့ တောထဲတွင် ရတနာမြေပုံရှာရန်လာကြောင်း ပြောမည်ကြံစည်လိုက်၏။ မြွေဖြူမက ရယ်မော၍

'' ရှင်တို့ တောထဲကိုလာတာ ရတနာမြေပုံကိုရှာဖို့ဆိုတာ ကျွန်မသိပါတယ်၊ ဘာကြောင့်လဲဆိုတော့ ရှင်တို့ရှာဖွေမဲ့ ရတနာတွေကို ကျွန်မတို့ မြွေတွေ နှစ်ပေါင်းများစွာ စောင့်ရှောက်နေရလို့ပဲ ''

ဟု ပြောလေ၏။ မြွေဖြူမ၏ စကားကြောင့် ဒေါ်ပန်းရုံသည် လွန်စွာအံ့သြသွားပြီး

'' ဟင်... ကျွန်မတို့ရှာနေတဲ့ ရတနာသိုက်ကို မြွေတွေက စောင့်ရှောက်နေတယ် ဟုတ်လား ''

ဟု မေးလေ၏။ ထိုအခါ မြွေဖြူမက သက်ပြင်းချ၍

'' ဟုတ်တယ်၊ ရှင်တို့ရှာနေတဲ့ ရတနာသိုက်ဟာ မြွေထောင်ပေါင်းများစွာရှိတဲ့ တွင်းကြီးတစ်တွင်းထဲမှာရှိတယ်၊ ဟိုတုန်းက လူတွေမြှုပ်နှံထားတုန်းကတော့ မြွေတွေမရှိသေးဘူးပေါ့၊ နှစ်ပေါင်းများစွာကြာတော့ မြွေတွေစုစည်းရောက်ရှိလာပြီး မြွေတွင်းကြီးဖြစ်သွားတယ်၊ ကျွန်မလည်း အဲဒီတွင်းထဲမှာ နေထိုင်တယ် ''

ဟု ပြောလေ၏။ ဒေါ်ပန်းရုံက

'' ကျွန်မတို့မှာ မြေပုံညွှန်းရှိတယ်၊ ရှင်တို့နေရာကို အမြန်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့မယ် ''

ဟု ပြောလေရာ မြေဖြူမက ခေါင်းခါယမ်းလိုက်ပြီး

'' ရှင်တို့မှာ မြေပုံအညွှန်းရှိပေမဲ့ ကျွန်မတို့ဆီကို အလွယ်တကူ မရောက်လာနိုင်ဘူး၊ ဘာကြောင့်လဲဆိုတော့ ရှင်တို့လာတဲ့လမ်းခရီး တစ်လျှောက်လုံး ရွှံ့နွံတွေ အလွန်ပေါတယ်၊ ရွှံ့နွံတောတွေကို လူသာမန် တွေ မဆိုထားနဲ့ တောသဘာဝနားလည်တဲ့ တိရစ္ဆာန်တွေတောင် လွတ် အောင် မရုန်းနိုင်ဘူး၊ ဒီအပြင် အဆိပ်ပြင်းတဲ့ မြွေကြီးတွေကလည်း ရှိ သေးတယ်၊ ဒါကြောင့် ရှင်တို့အဖွဲ့အတွက် အန္တရာယ်တွေ အများကြီး တွေ့နိုင်တယ် ''

ဟု ပြောလေ၏။ ထိုအခါ ဒေါ်ပန်းရုံက

'' ဒါဆိုရင် ရတနာသိုက်ရှိတဲ့နေရာကို ရောက်မလာနိုင်ဘူး လား ''

ဟု မေးလေ၏။ မြေဖြူမက

'' ရှင့်ကို ကျွန်မ အကူအညီပေးရင် ရတနာသိုက်ရှိတဲ့နေရာကို ရောက်လာနိုင်ပါတယ် ''

ဟု ပြောလေရာ ဒေါ်ပန်းရုံက မြေဖြူမ၏ အကူအညီကို ရယူလို ကြောင်း ပြောလေ၏။ ထိုအခါ မြေဖြူမက

'' ကျွန်မပြောတဲ့စကားကို သေသေချာချာ မှတ်ထားပါ၊ ရွှံ့နွံ တောက လွတ်မြောက်နိုင်မဲ့ နည်းလမ်းကိုပေးမယ် ''





ဟု ပြောကာ ရွှံ့နွံတောများကို ရှောင်ကွင်းနိုင်မည့်နည်းလမ်းကို မှတ်သားထားလေ၏။ ထိုအခိုက်မှာပင် ဆူညံသောအသံကို ကြားရ၍ ဒေါ်ပန်းရုံ အိပ်ရာမှ လန့်နိုးလာ၏။

ဒေါ်ပန်းရုံ အိပ်ရာမှနိုးလာသောအခါ ဦးဗလသည် လက်သီးကို ဆုပ်၍

'' ဒီမှာ ခင်ဗျားရဲ့သား မောင်ရွှေမြ သစ္စာဖောက်သွားပြီ ''

ဟု ဒေါသတကြီး ပြောဆိုလေ၏။ ဒေါ်ပန်းရုံသည် အိပ်နေရာမှ လန့်နိုး၍

'' ဟင်... မောင်ရွှေမြ ဘယ်ရောက်သွားလို့လဲ ''

ဟု မေးမြန်းလေ၏။ ထိုအခါ ဦးဗလက

'' မောင်ရွှေမြဟာ အတော်ယုတ်မာတဲ့ကောင်ပဲ၊ ဒေါ်ပန်းရုံရဲ့ ရတနာမြေပုံကိုနှိုက်ပြီး ကျုပ်တို့ဆီက ထွက်ပြေးသွားပြီ ''

ဟု ပြောလေ၏။ ဒေါ်ပန်းရုံသည် ဦးဗလ၏စကားကြောင့် သူမ၏ ကျောပိုးအိတ်အတွင်းရှိ ရတနာမြေပုံကို ကြည့်လိုက်ရာ ရတနာမြေပုံကို မတွေ့ရတော့ချေ။

ဒေါ်ပန်းရုံသည် ရတနာမြေပုံကို မတွေ့ရတော့သဖြင့်

'' မောင်ရွှေမြ... မောင်ရွှေမြ မင်းရဲ့ရက်စက်ယုတ်မာမှုတွေဟာ ဒီတစ်ကြိမ်မှာ ကမ်းကုန်နေပါလား။ မြေဖြူတောင်ဟာ မင်းအတွက် ပြန်လမ်းမရှိဘူးဆိုတာ မသိရှာဘူး မင်းရဲ့အမိုက်ဇာတ်ကို မင်းကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



သိမ်းသွားပြီပေါ့ ''

ဟု ပြောရင်း တစ်စုံတစ်ရာကို စဉ်းစားနေဟန်ဖြင့် ငြိမ်သက်သွားလေ၏။ ဦးဗလက ဒေါ်ပန်းရုံကို ကြည့်၍

'' ရတနာမြေပုံ ကျုပ်တို့လက်ထဲမှာ မရှိတော့ဘူးဆိုရင် ဘယ်လိုလုပ် ခရီးဆက်ကြမလဲ ''

ဟု မေးလေ၏။ ထိုအခါ ဒေါ်ပန်းရုံက သက်ပြင်းရှုလိုက်ပြီး

'' အဲဒီအတွက် မပူပါနဲ့။ ရတနာတွေရှိတဲ့နေရာကို ကျွန်မ သိပါတယ်။ ကျွန်မ စိတ်မှန်းနဲ့သွားရင် ရတနာတွေရှိနိုင်မဲ့နေရာကို ရောက်နိုင်ပါတယ် ''

ဟု ပြောလေ၏။ ဒေါ်ပန်းရုံ၏စကားကြောင့် သူတို့အားလုံး အံ့ဩသွားလေ၏။

ထိုအခါ ဦးဗလက ခေါင်းခါယမ်းလိုက်ပြီး

'' ဖြစ်ပါ့မလား ဒေါ်ပန်းရုံ။ လမ်းခရီးမှာ ရွံ့နွံအိုင်တွေရှိတယ်၊ မြွေတွင်းတွေလည်းရှိတယ်၊ မြေပုံမပါဘဲ ရတနာသိုက်ရှိတဲ့နေရာကို ဘယ်လိုသွားကြမလဲ ''

ဟု ပြောလေ၏။ ထိုအခါ ဒေါ်ပန်းရုံက သူတို့အားလုံးကို မျက်လုံးဝေ့ကြည့်၍

'' အားလုံးကို ကျွန်မ ဖွင့်ပြောချင်နေတာကြာပြီ။ ဒါပေမဲ့ ဖွင့်ပြောရင် ကျွန်မစကားကို ရှင်တို့ ယုံကြည်မှုရှိမှာ မဟုတ်ဘူး။ ဒါကြောင့်





ပြောသင့် မပြောသင့်စဉ်းစားနေတာပါ။ တကယ်တော့ ဒီတော ဒီတောင်ကို ရောက်ကတည်းက ကျွန်မရဲ့မိတ်ဆွေ မြေမြှုပ်မက ကျွန်မကို ကူညီနေတာပါ ''

ဟု ပြောလေ၏။ ထိုအခါ ဦးဗလက

'' ဘာ... မြေမြှုပ်မက ဒေါ်ပန်းရုံကို ကူညီနေတယ်ဟုတ်လား။ ဘာတွေဖြစ်ကုန်တာလဲ၊ ကျုပ် နားမရှင်းတော့ဘူး။ ပြောပြစမ်းပါဦး ''

ဟု ပြောလေ၏။ ထိုအခါ ဒေါ်ပန်းရုံက သူမ၏အိပ်မက်ထဲသို့ မြေမြှုပ်မ မကြာခဏရောက်ရှိလာပြီး တောလမ်းခရီးနှင့် ပတ်သက်သော အကူအညီများစွာကို ပေးတတ်ကြောင်း ပြောပြလေ၏။

ထိုအခါ ဦးဗလက သက်ပြင်းချ၍

'' ဒီလိုအဖြစ်အပျက်မျိုးကို ကျုပ် တစ်ခါမှမကြားဖူးဘူး။ ဒေါ်ပန်းရုံရဲ့ အဖြစ်အပျက်တွေက ယုံရခက်ခက်ပဲ၊ မြေမြှုပ်မနဲ့ပတ်သက်နေတဲ့ အိပ်မက်တွေဟာ မြေတွေနဲ့ပတ်သက်နေလို့ ဒေါ်ပန်းရုံ စိတ်စွဲလမ်းပြီး မက်တာလည်း ဖြစ်နိုင်တယ်၊ အိပ်မက်ဆိုတဲ့အရာကို အတည်တကျ ပြောဖို့ ခက်ပါတယ် ''

ဟု ပြောလေ၏။ ထိုအခါ မောင်သီဟက ဝင်ရောက်၍

'' အဒေါ် မုသားမပြောဘူးဆိုတာ ကျွန်တော်ယုံတယ်၊ အိပ်မက်ထဲက အဖြစ်အပျက်တွေဟာ အပြင်မှာလာပြီး ဖြစ်ဖြစ်နေတာ ထူးဆန်းရောပဲ၊ ကျုပ်တို့ဉာဏ်နဲ့ ဘယ်လိုမှ စဉ်းစားလို့မရတော့ဘူး ''



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။

အမြွှာညီအစ်ကိုနှစ်ယောက်အနက် တစ်ယောက်ကမူ

" ကျုပ်ကတော့ ဘာပဲဖြစ်ဖြစ် အဒေါ့်စကားကိုယုံတယ်၊ အဒေါ်ကို မြေဖြူမ စောင့်ရှောက်နေတယ်ဆိုတာကိုလည်း လက်ခံတယ်၊ ဘာကြောင့်လဲဆိုတော့ အဒေါ်ဟာ အန္တရာယ်တွေနဲ့ တွေ့ကြုံရတိုင်း အေးအေးဆေးဆေး ရင်ဆိုင်ခဲ့တာချည်းပဲ၊ ဒါဟာ အစောင့်အရှောက်ကောင်းရှိလို့ ဖြစ်မှာပေါ့ "

ဟု ပြောလေ၏။ ထိုအခါ အိမ်ဖော်မိန်းမပျိုသုံးဦးကလည်း ဒေါ်ပန်းရုံ၏စကားကို ထောက်ခံကြောင်း ပြောလေ၏။ ဦးဇလက သက်ပြင်းချ၍

" ဘုရားဟော ဇာတ်တော်တွေထဲမှာ အိပ်မက်နဲ့ပတ်သက်ပြီး အများကြီးဟောခဲ့တယ်၊ အိပ်မက်နဲ့ပတ်သက်တဲ့ ထူးဆန်းအံ့သြဖွယ်ရာတွေလည်း အများကြီးကြားနာခဲ့ရဖူးတယ်၊ ဒါပေမဲ့ အခုလို လက်တွေ့ကြုံလာရတော့ မယုံနိုင်စရာကောင်းလောက်အောင် အံ့သြနေမိတယ်၊ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက ဒေါ်ပန်းရုံနဲ့ ကြုံခဲ့ဖူးတဲ့ မြေဖြူမဟာ ဘဝအမျိုးမျိုးခြားခဲ့ပေမဲ့ မိတ်ဆွေရင်းချာတွေလို သတိမှတ်နေတာ အံ့သြစရာပဲ "

ဟု ပြောလေ၏။ ဒေါ်ပန်းရုံက မျက်မှောင်ကြုတ်၍

" မြေဖြူမနဲ့ပတ်သက်ပြီး အရင်တုန်းက စိတ်စွဲလမ်းမှုတွေကြောင့် မက်တာလို့ ယုံကြည်ခဲ့တယ်၊ ဘာကြောင့်လဲဆိုတော့ အရင်ကတည်းက ကျွန်မဟာ မြွေတွေကို ချစ်မြတ်နိုးတာကိုး။ ငယ်ငယ်ကတည်းက မြွေတွေနဲ့ လက်ပွန်းတတီးနေချင်တယ်၊ ဆော့ကစားချင်တယ်၊ ကျွန်မ မိဘတွေသာ ခွင့်ပြုမယ်ဆိုရင် အိမ်တစ်ခုလုံး မြွေတွေနဲ့ ပြည့်နှက်နေမှာပဲ၊ မြွေတွေနဲ့ လက်ပွန်းတတီး မနေခဲ့ရပေမဲ့ မြွေတွေနဲ့ ပတ်သက်တဲ့ အသုံးအဆောင်ပစ္စည်းတွေအားလုံး အိမ်ကြီးမှာ စုဆောင်းခဲ့တာပဲ "

ဟု ပြောလေ၏။ ထိုအခါ သီဟက

" ဒါဆိုရင် အဒေါ်ဟာ မြေဖြူမကိုယုံတယ်ပေါ့ "

ဟု မေးမြန်းလေ၏။ ဒေါ်ပန်းရုံက

" ထူးခြားဆန်းကြယ်တဲ့ အဖြစ်အပျက်တွေများလွန်းတော့ တိုက်ဆိုင်မှုလို့ ပြောဖို့တောင် ခက်လာတယ်၊ ဒီအကြောင်းကို ကျမ်းတတ်ပေတတ် ဆရာတော်ကြီးတွေနဲ့တွေ့မှ လျှောက်ထားကြည့်ဦးမယ် "

ဟု ပြောလေ၏။

ထိုအခါ ဦးဇလက ဝင်ရောက်၍

" ဒေါ်ပန်းရုံဟာ မြေဖြူမညွှန်ပြတဲ့အတိုင်း ရတနာသိုက်ကို သွားနိုင်မယ်ဆိုရင် အမြန်ဆုံးသွားမှဖြစ်မယ်၊ မြေပုံကိုခိုးသွားတဲ့ မောင်ရွှေမြတစ်ယောက်လည်း ဘယ်လိုအန္တရာယ်မျိုးနဲ့ ရင်ဆိုင်နေရလဲ







www.burmeseclassic.com

www.burmeseclassic.com



မသိဘူး ''

ဟု ပြောလေ၏။ ဒေါ်ပန်းရုံက ခေါင်းခါယမ်းလိုက်၍

'' မောင်ရွှေမြနဲ့ပတ်သက်ရင်တော့ ကျွန်မမှာ ဘာခံစားချက်မှ မရှိပါဘူး။ သူဟာ ဒီတောကြီးထဲမှာပဲ ဇိဝိန်ချုပ်သွားမှာပါ ''

ဟု ပြောလေ၏။

၄ ၄ ၄

ဝေဖန်စာ၊ အကြံပေးစာများ ရေးသားလိုပါလျှင်
မင်းမြတ်သူရ
အမှတ်-၇၊ အဘောဘလမ်း ကျောက်မြောင်း၊ ရန်ကုန်သို့
လိပ်မူ၍ ရေးသားနိုင်ပါသည်၊





ထို့နောက်တွင်မူ ဒေါ်ပန်းရုံတို့သည် ခရီးဆက်ကြပြန်၏။ ဒေါ်ပန်းရုံသည် ခရီးဆက်ရာတွင် မြွေဖြူမပြောထားခဲ့သော [illegible]များ အတိုင်း ခရီးဆက်ကြလေ၏။

၎င်းတို့သည် တစ်နေရာသို့ရောက်သောအခါ လွယ်အိတ် တစ်လုံးနှင့် ဦးထုပ်တစ်လုံးကို တွေ့ရ၏။ ထိုပစ္စည်းများမှာ မောင်ရွှေမြ၏ ပစ္စည်းများဖြစ်သဖြင့် ဦးဗလက

'' ဟင်... ဟိုရှေ့မှာ မောင်ရွှေမြရဲ့ ကျောပိုးအိတ်နဲ့ဦးထုပ်ပါ လား ''

ဟု ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



သီဟက ကျောပိုးအိတ်ရှိရာသို့ သွားမည်အပြုတွင် ဒေါ်ပန်းရုံက သီဟ၏လက်ကို ကမန်းကတန်းဆွဲလိုက်ပြီး

" ဒါဟာ ရွှံ့နွံတောနေရာပဲ၊ အရမ်းမသွားနဲ့၊ ဒုက္ခရောက်သွားမယ် "

ဟု ပြောဆိုနေစဉ်မှာပင် လွယ်အိတ်နှင့်ဦးထုပ်သည် တဖြည်းဖြည်း နစ်မြုပ်သွားလေ၏။ ၎င်းတို့အားလုံး ငေးကြည့်နေကြ၏။

အိမ်ဖော်မိန်းမပျိုသုံးဦးအနက် တစ်ဦးက

" ဟင်... ဒါဆိုရင် မောင်ရွှေမြဟာ ရွှံ့နွံတောထဲကို နစ်သွားတာဖြစ်မယ် "

ဟု ပြောလေ၏။ ဒေါ်ပန်းရုံက သက်ပြင်းချ၍

" ဟုတ်တယ်၊ မောင်ရွှေမြ ရွှံ့နွံထဲကိုရောက်သွားပြီ၊ ရတနာတွေကို လောဘဇောတက်တဲ့အတွက် သူ့ကြမ္မာ သူဖန်တီးသွားတာပဲ၊ ဒီတောထဲမှာရှိတဲ့ ရွှံ့နွံတောတွေဟာ ခွဲခြားရခက်ပါတယ်၊ သစ်ရွက်ခြောက်တွေဖုံးလွှမ်းနေလို့ မြေမာတယ်လို့ထင်ရတယ်၊ ဆင်တစ်ကောင်လုံးကိုတောင် နစ်မြုပ်စေနိုင်တဲ့ ရွှံ့နွံတောတွေလည်းရှိတယ် "

ဟု ပြောလေ၏။

၎င်းတို့သည် ရွှံ့နွံတောများကို ရှောင်ကွင်း၍ခရီးဆက်ခဲ့ပြီး ခဏကြာလျှင် သေနတ်သံများကိုကြားရသဖြင့် လှည့်ကြည့်လိုက်ရာ ရန်သူတော်ကြီးများ ၎င်းတို့နောက်မှ လိုက်လာကြောင်းတွေ့ရ၏။





ဒေါ်ပန်းရုံက

" ကျွန်မရဲ့ရန်သူတွေ လိုက်လာပြီ၊ သူတို့လိုဏ်ဂူထဲကို ဝင်ကြည့်ပြီး ကျွန်မတို့မရှိတော့တာနဲ့ သိသွားပုံရတယ်၊ ဒါကြောင့် ကျွန်မတို့နောက်ကို ခြေရာခံပြီး လိုက်လာတာဖြစ်မယ်၊ သူတို့မှာ တောကျွမ်းတဲ့ မုဆိုးတွေ ပါလာပုံရတယ် "

ဟုပြောလေ၏။ ထိုအခါ ဦးဗလက

" လမ်းဘယ်လောက်ကျွမ်းကျွမ်း ဒီရွှံ့နွံတောထဲကိုတော့ ဘယ်မုဆိုးမှ လာရဲမှာမဟုတ်ဘူး "

ဟုပြောလေ၏။

ဒေါ်ပန်းရုံ၏ရန်သူတော်ကြီးများသည် တောင်ကုန်းကြီးပေါ်မှ သေနတ်များဖြင့် အဆက်မပြတ်ပစ်ခတ်လေ၏။ ဦးဗလတို့လူစုသည် ရန်သူတော်ကြီးများကို သေနတ်များဖြင့်ပြန်လည်ပစ်ခတ်လေ၏။

အတန်ကြာအောင် ပစ်ခတ်ပြီးနောက် ရန်သူများ၏ သေနတ်သံစဲသွားသဖြင့် ၎င်းတို့သည်ရှေ့ခရီးကို သတိထား၍ ဆက်ကြလေတော့၏။ ၎င်းတို့သည် ကုန်းမြေအတိုင်း တရွေ့ရွေ့တက်ကြလေ၏။

ထိုအခါ ၎င်းတို့သည် ရန်သူတော်ကြီးများ၏ အုပ်စုကိုတွေ့ရလေ၏။ ဦးချစ်ထူးနှင့် ဦးမောင်ကြီးသည် လောဘဇောကြီးစွာဖြင့် သူ၏ တပည့်များအား ရှေ့သို့တက်ခိုင်းရာ ၎င်း၏တပည့်များသည် ရွှံ့နွံတောများတွင် နစ်နေကြောင်းတွေ့ရ၏။ ဦးမောင်ကြီးတို့သည် ဒေါ်ပန်းရုံကို



www.burmeseclassic.com

www.burmeseclassic.com



အမိဖမ်းရန်သာ ဆန္ဒရှိသဖြင့် ၎င်းတို့၏တပည့်များကို မကာယ်တော့ဘဲ ရှေ့ခရီးသို့ ဆက်လာကြ၏။

မောင်သီဟသည် ဦးမောင်ကြီးတို့၏ ယုတ်မာပုံကိုကြည့်၍

“ ဒီလူကြီးတွေ တော်တော်သနားညှာတာစိတ်ကင်းမဲ့တာပဲ၊ ရွံ့နွံထဲမှာ ဒုက္ခရောက်နေတာ ဒီအတိုင်းပစ်ထားခဲ့တယ် ”

ဟုပြောလေ၏။ ကျန်သော တပည့်တပန်းများမှာလည်း ရွံ့နွံတောများကို ကြောက်ရွံ့နေဟန်ဖြင့် ရှေ့မဆက်ရဲကြချေ။

၎င်းတို့ကို ခရီးလမ်းပြပေးသော မုဆိုးသည် ခရီးမဆက်ရဲတော့သဖြင့် လှည့်ပြန်ရန်ပြောဆိုလေ၏။

ဦးမောင်ကြီးသည် မုဆိုးကို ဒေါသတကြီးကြည့်၍

“ ဟေ့ကောင်... မင်းလမ်းပြမုဆိုးလုပ်နေပြီး ဒီလောက်တောင် သတ္တိမရှိဘူးလား၊ ဒီနေရာမှာပဲ နေခဲ့ပေတော့ ”

ဟုဆိုကာ ခါးကြားမှ သေနတ်ကိုထုတ်၍ မုဆိုးကိုပစ်လိုက်လေ၏။

လမ်းပြမုဆိုးသည် အားခနဲအော်၍ ရွံ့နွံတောထဲသို့ ပြုပ်ကျသွားလေ၏။

ဦးမောင်ကြီး၏ ရက်စက်ကြမ်းကြုတ်မှုများကြောင့် ကျန်တပည့်များသည် နောက်လှည့်ရန် မပြောဆိုဝံ့တော့ချေ။ ဒေါ်ပန်းရုံတို့သည် ရှေ့ခရီးတစ်လျှောက်လုံး ရွံ့နွံအိုင်များကို တွေ့ရလေ၏။





၎င်းတို့သည် မြေဖြူမ၏ လမ်းညွှန်းချက်များကို အတိအကျ လိုက်နာလေရာ ရွံ့နွံတောများကို အခက်အခဲမရှိ ကျော်ဖြတ်နိုင်၏။

ရန်သူတော် ဦးမောင်ကြီးတို့မှာလည်း ဒေါ်ပန်းရုံတို့အား ဖမ်းဆီး၍ ရတနာမြေပုံ အရယူရန် စိတ်စောနေသဖြင့် သူ၏တပည့်များကို သေနတ်ဖြင့်ချိန်၍ ရှေ့သို့ အတင်းတက်ခိုင်းလေ၏။

ဦးမောင်ကြီး၏တပည့်များသည် ရွံ့နွံတောတွင်နစ်၍ တစ်ယောက်ပြီးတစ်ယောက် အသက်ဆုံးကုန်ကြ၏။ ရန်သူတော်ကြီးနှစ်ဦးသည် ရှေ့သို့ ခြေလှမ်းရန် မဝံ့ရဲသဖြင့် တပည့်များကို အရင်လျှောက်ခိုင်းလေ၏။

သူ၏တပည့်များသည် ရွံ့နွံထဲတွင် နစ်မြုပ်ကုန်ကြ၏။ ၎င်းတို့သည် တပည့်များဒုက္ခရောက်နေစဉ်တွင် တပည့်များ၏ကိုယ်ပေါ်မှ နင်း၍ ရွံ့နွံတောကို ကျော်ဖြတ်ကြလေ၏။

၎င်းတို့သည် ဒေါ်ပန်းရုံကို အမိဖမ်းရန်သာ စိတ်စောနေမိ၏။ လွန်စွာ တောထူထပ်နေပြီး တိတ်ဆိတ်သောနေရာတစ်ခုကို ရောက်ရှိ၏။ ဒေါ်ပန်းရုံက ပတ်ဝန်းကျင်ကို မျက်စိကစား၍

“ ကျွန်မတို့ ရတနာသိုက်နေရာကိုရောက်ပြီ ”

ဟု တိုးတိုးပြောလေ၏။ ထိုအခါ ဦးဗလက မျက်မှောင်ကြုတ်၍

“ ဘယ်မှာလဲ ရတနာသိုက် ”

ဟု မေးမြန်းလေ၏။ ထိုအခါ ဒေါ်ပန်းရုံက



www.burmeseclassic.com

www.burmeseclassic.com



" ဒီချုံတောကြီးကိုကျော်လွန်ရင် ကျောက်ဖျာကြီးတစ်ချပ် တွေ့ လိမ့်မယ်၊ အဲဒီကျောက်ဖျာကြီးရဲ့အရှေ့မှာ အလွန်အင်မတန်ကြီးမားတဲ့ မြွေတွင်းကြီးတွေ့လိမ့်မယ်၊ ကျွန်မတို့ ရှာဖွေနေတဲ့ ရတနာသိုက်ဟာ မြွေတွင်းထဲမှာရှိတယ် "

ဟု ပြောလေ၏။ ထိုအခါ ဦးဗလက မျက်လုံးပြူးသွားပြီး

" ဟင်... ရတနာသိုက်ဟာ မြွေတွင်းထဲမှာရှိတယ် ဟုတ်လား၊ ဒါဆိုရင် ရတနာသိုက်ကိုယူဖို့ ကျုပ်တို့အတွက် အခက်အခဲတွေ အများကြီးရှိတာပေါ့ "

ဟု ပြောလေ၏။ ဒေါ်ပန်းရုံက

" အခက်အခဲတွေ အများကြီးရှိနိုင်တယ်၊ ကျွန်မတို့ ကြိုးစားကြတာပေါ့ "

ဟု ပြောလေ၏။ ထို့နောက် ဒေါ်ပန်းရုံသည် အရှေ့မှ ဦးဆောင်၍ ချုံတောကြီးကို ကျော်ဖြတ်ခဲ့၏။

ချုံတောကြီးကို ကျော်ဖြတ်ပြီးသောအခါ ကျောက်ဖျာကြီး တစ်ချပ်ကို တွေ့ရ၏။ ဒေါ်ပန်းရုံသည် ကျောက်ဖျာကြီးကို ဖြည်းညင်းစွာ ကျော်ဖြတ်သွားပြီး ကျောက်ဖျာကြီးကို တစ်ပတ်ပတ်လိုက်၏။

ထိုအခါ သူမ၏ရှေ့တွင် တွင်းကြီးတစ်တွင်းကို တွေ့ရလေ၏။ တွင်းကြီးထဲတွင် မြွေများ ထောင်ပေါင်းများစွာရှိနေကြောင်း တွေ့ရ၏။

ထိုမြွေများ၏အလယ်တွင် မြွေဖြူမရှိနေနိုင်၏။ ဒေါ်ပန်းရုံသည်





မြွေများအတွင်း မြွေဖြူမကိုရှာဖွေမိ၏။

ထိုအခိုက်မှာပင် ဦးဗလနှင့် သီဟတို့ မြွေတွင်းအနားသို့ ရောက်ရှိလာပြီး တွင်းထဲကို ငုံ့ကြည့်လိုက်ရာ အံ့ထိတ်တလန့် ဖြစ်သွား၏။ ညီအစ်မသုံးယောက်မှာ တွင်းထဲရှိ မြွေများကိုကြည့်၍ အထိတ်တလန့် အော်ဟစ်လိုက်ကြ၏။

အမြွာညီအစ်ကိုမှာလည်း မြွေတွင်းထဲကို ငုံ့ကြည့်၍ အထိတ်တလန့် ဖြစ်နေကြ၏။ မြွေများသည် တွင်းကြီးထဲတွင် နေရာမလပ် ရှိနေကြ၏။

ဒေါ်ပန်းရုံသည် မြွေများကိုကြည့်၍ တွင်း၏အပေါ်ဆင့် တစ်နေရာတွင် လွန်စွာထူးခြားသော မြွေဖြူတစ်ကောင်ကို တွေ့ရ၏။ ထိုမြွေဖြူသည် ဒေါ်ပန်းရုံတို့ရှိရာသို့ ပြန်လည်ကြည့်ရှုနေ၏။

ဒေါ်ပန်းရုံ၏စိတ်ထဲတွင် လွန်စွာ စိတ်လှုပ်ရှားသွားပြီး ထိုမြွေဖြူကို ကြည့်ကာ သူမ၏မိတ်ဆွေ မြွေဖြူမဖြစ်ကြောင်း သိရှိသွားရ၏။ သူတို့နှစ်ဦးသည် အိပ်မက်ထဲမှာကဲ့သို့ စကားများ ပြောချင်နေမိ၏။

သို့သော် သူတို့နှစ်ဦးသည် မည်သည့်စကားမှ မဆိုနိုင်ဘဲ တစ်ဦးနှင့် တစ်ဦး စူးစိုက်၍သာ ကြည့်နေမိ၏။

ဦးဗလက မြွေတွင်းထဲရှိ မြွေထောင်ပေါင်းများစွာကိုကြည့်၍ သက်ပြင်းရှည်ကြီးကိုချလိုက်ပြီး

" ကျုပ်တို့ ရတနာသိုက်ကို မြွေတွင်းထဲက ဘယ်လိုလုပ်ပြီး မြွေ



www.burmeseclassic.com

www.burmeseclassic.com



တွေ အများကြီး အသက်ဆုံးရှုံးရလိမ့်မယ်၊ ကျုပ်တို့အသက်အန္တရာယ်ကို ကာကွယ်တဲ့အနေနဲ့ မြွေတွေကို မီးရှို့သင့်ရင် ရှို့ရမယ် ''

ဟု ပြောလေ၏။ ဒေါ်ပန်းရုံသည် ဦးဗလကို ဒေါသတကြီး လှည့်ကြည့်၍

'' မြွေတွေကို မီးရှို့ပြီးသတ်ပစ်ရမယ် ဟုတ်လား၊ ရှင် ဘယ်လိုပြောလိုက်တာလဲ၊ ရှင့်မှာ အကြင်နာတရားမရှိဘူးလား၊ ရှင့်ရဲ့ လောဘစိတ်တစ်ခုထဲနဲ့ မြွေသတ္တဝါတွေ အသက်ဆုံးရှုံးရတော့မှာလား ''

ဟု ပြောလေ၏။

ထိုအခါ ဦးဗလက ဒေါ်ပန်းရုံကို ပြန်လည်လှည့်ကြည့်လိုက်ပြီး

'' ကျုပ်တို့ ရတနာသေတ္တာကို ရယူဖို့ဒီနည်းပဲရှိတယ်၊ မြွေတွေကို မီးမရှို့ဘဲနဲ့တော့ ဘယ်သူမှ မြွေတွင်းထဲဆင်းရဲမှာမဟုတ်ဘူး၊ မြွေတွေကို မီးရှို့လိုက်မှသာ မြွေတွင်းထဲကို အန္တရာယ်ကင်းကင်း ဆင်းနိုင်လိမ့်မယ် ''

ဟုပြောလေ၏။

ထိုအခါ ဒေါ်ပန်းရုံက ဦးဗလကို ဒေါသတကြီး ကြည့်၍

'' ရှင် ဘာဖြစ်လို့ ဒီလိုအကြင်နာကင်းမဲ့တဲ့စကားကို ပြောရတာလဲ၊ ရှင့်မှာ လောဘဇောတွေ သိပ်တက်နေပြီလား၊ မြွေတွေဟာ ဒီနေရာမှာ နှစ်ပေါင်းများစွာ အေးအေးချမ်းချမ်း နေထိုင်ခဲ့တယ်၊ ရတနာတွေကို တပ်မက်တဲ့စိတ်ကြောင့် သူတို့ အသိုက်အမြုံတွေကို ဖျက်ဆီး





ပစ်ရမှာလား ''

ဟု မေးမြန်းလေ၏။ ဦးဗလက ဒေါ်ပန်းရုံကို ကြည့်၍

'' ကျုပ်တို့ ဒီတောထဲကိုလာခဲ့တာ ရတနာတွေကို ရှာဖွေဖို့ မဟုတ်လား။ ဒေါ်ပန်းရုံမှာ ဒီလိုစိတ်ခံစားမှုရှိရင် ရတနာတွေကိုလာပြီး ရှာဖွေဖို့ ဘာလို့ကြိုးစားတော့မှာလဲ ''

ဟု မေးမြန်းလေ၏။ ထိုအခါ ဒေါ်ပန်းရုံက အံကိုကြိတ်၍

'' ကျွန်မ မြွေတွေကိုချစ်တယ်၊ ငယ်စဉ်ကတည်းက မြွေတစ်ကောင်ကိုမှ ကျွန်မ မသတ်ဘူးသေးဘူး။ ကျွန်မရဲ့ပယောဂကြောင့် မြွေတွေ တစ်ကောင်မှ အသက်မဆုံးစေချင်ကြဘူး။ ဒါကြောင့် ရှင့်ရဲ့ အကြံအစည်ကို ကျွန်မ သဘောမတူနိုင်ဘူး ''

ဟု ပြောလေ၏။ ထိုအခိုက်မှာပင် မောင်သီဟက တွင်းထဲသို့ ငုံ့ကြည့်ပြီး

'' ဟာ... ဟိုမှာ... ဟိုမှာ မြွေတွေ တွင်းရဲ့တစ်ဖက်ကို စုပြုံပြီး ရောက်သွားကြပြီ၊ ထူးဆန်းစရာပဲ ''

ဟု အော်ဟစ်လိုက်လေ၏။ ဦးဗလသည် မောင်သီဟ၏ အပြောကြောင့် တွင်းအောက်သို့ ငုံ့ကြည့်လိုက်၏။

ထိုအခါ တွင်းရဲ့တစ်ဖက်ကို စုပြုံသွားသော မြွေများကို တွေ့ရ၏။ မြွေများအားလုံး တွင်း၏တစ်ဖက်ကို ရောက်ရှိသွားသဖြင့် တွင်း၏ အောက်ခြေကို ထင်ရှားစွာ မြင်တွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



တွင်းထဲတွင် ရတနာသေတ္တာ၏ အစအနကို မြင်တွေ့ရလေ၏။ ထိုအခါ ဒေါ်ပန်းရုံက မြွေတွင်းထဲကို ငုံ့ကြည့်၍

" ကျွန်မဘဝမှာ မြွေတွေနဲ့ ထူးခြားတဲ့အဆက်အသွယ် ရှိနေတယ်ဆိုတာ ရှင်ယုံပြီမှတ်လား။ မြွေတွေဟာ ကျွန်မတို့ရဲ့ဆန္ဒကိုသိတယ်၊ သူတို့လည်း ဒီရတနာသေတ္တာကြီးကို နှစ်ပေါင်းများစွာ သိမ်းမထားချင်ပါဘူး။ ကျွန်မတို့ ရတနာသေတ္တာကိုဆင်းယူဖို့ သူတို့ လမ်းဖယ်ပေးထားပြီ ရှင်တို့ အမြန်ဆင်းယူပေတော့ "

ဟု ပြောလေ၏။ သူတို့အားလုံး မြွေများ၏ အပြုအမူကို မယုံနိုင်ဟန်ဖြင့် ကြည့်နေမိ၏။ သီဟနှင့် အမြွာညီအစ်ကိုသည် တွင်းထဲသို့ ကြိုးကိုယ်စီဖြင့် ဆင်းကြ၏။

တွင်းထဲသို့ရောက်သောအခါ မြေကြီးထဲတွင် တစ်စွန်းတစ်စ ပေါ်ထွက်နေသော သေတ္တာကြီးကို သံတူရွင်းဖြင့် တူးဆွကြ၏။ သေတ္တာကို ကြိုးဖြင့်ချည်လိုက်ပြီး အပေါ်သို့ဆွဲတင်ရန် အချက်ပြလိုက်၏။

ဒေါ်ပန်းရုံမှာ ရတနာသေတ္တာကို စိတ်မဝင်စားဘဲ တွင်းထဲတွင်ရှိသော မြွေဖြူမနှင့်သာ စူးစိုက်ကြည့်ရင်း မှင်သက်မိသလို ဖြစ်နေမိ၏။

ရတနာသေတ္တာကို ကျောက်သားဖြင့်ပြုလုပ်ထား၍ ဦးဗလသည် ကျောက်သေတ္တာကြီးကို ဖွင့်လေ၏။ ထိုအခါ ကျောက်သေတ္တာ၏ အဖုံးပွင့်သွားပြီး အထဲရှိပစ္စည်းများကို မြင်ရလေ၏။

သေတ္တာထဲရှိ ရတနာများသည် အရောင်မြိုးမြိုးပြက်ပြက်ဖြင့်





ဝင်းလက်နေ၏။ ရတနာများသည် ရှေးဆန်သော လက်ရာများဖြစ်၏။

ဦးဗလသည် ကျောက်သေတ္တာထဲရှိ ရတနာပစ္စည်းများကို ဆုပ်ကိုင်၍

" ဒီပစ္စည်းတွေဟာ ရတနာတွေအနေနဲ့လည်း အဖိုးတန်တယ်၊ ရှေးဟောင်းပစ္စည်းတွေအနေနဲ့လည်း အဖိုးတန်တယ်၊ ငါတို့တိုင်းပြည် လွတ်မြောက်ရေးအတွက် ရတနာတွေကို အသုံးပြုရမယ် "

ဟု ပြောလေ၏။

ဒေါ်ပန်းရုံသည် ကျောက်သေတ္တာထဲရှိ ရတနာများကို လှည့်၍ပင် မကြည့်ဘဲ မြွေဖြူမနှင့် မျက်လုံးချင်းဆုံအောင်ကြည့်၍ စကားများကို ပြောနေမိ၏။

ဦးဗလသည် ဒေါ်ပန်းရုံကို အတန်ကြာအောင် စောင့်ကြည့်နေပြီးမှ

" ကဲ... ဒေါ်ပန်းရုံ ကျုပ်တို့သွားကြရအောင်၊ ကြာရင် ခင်ဗျားရဲ့ ရန်သူတော်ကြီးတွေ အနောက်က လိုက်လာလိမ့်မယ်၊ ဒီတောထဲက မြန်မြန်ထွက်မှဖြစ်မယ်၊ မြွေဖြူတောင်ပတ်ဝန်းကျင်က လွတ်မြောက်ရင် အန္တရာယ်နယ်မြေက လွတ်ကင်းသွားပြီ "

ဟု ပြောလေ၏။ ဒေါ်ပန်းရုံသည် မြွေတွင်းကြီးအနီးမှ မခွာချင်ဟန်ဖြင့် ဖြစ်နေလေ၏။

အမြွာညီအစ်ကိုနှစ်ဦးသည် ရတနာထည့်ထားသော သေတ္တာ



www.burmeseclassic.com

www.burmeseclassic.com



ကြီးကို တုတ်ဖြင့်လျှို၍ သယ်ဆောင်ကာ ခရီးဆက်ခဲ့လေ၏။

ဇင်းတို့သည် မြွေဖြူတောင်မှ လွတ်မြောက်ရန် ကမန်းကတမ်း ခရီးဆက်နေကြ၏။ ဒေါ်ပန်းရုံသည် ဦးဗလဘက်သို့လှည့်ရင်း

" သိပ်လည်း မလောကြနဲ့၊ ရှေ့မှာ ရွံ့နွံတောတစ်ခု ကျန်သေးတယ်၊ ဒီရွံ့နွံတောကို ကျော်ဖြတ်ပြီးမှ ကျွန်မတို့ အန္တရာယ်နဲ့လွတ်မြောက်မယ်၊ ဒါဟာ နောက်ဆုံးကျန်တဲ့ ရွံ့နွံတောပဲ "

ဟု ပြောလေ၏။

ထိုအခိုက်မှာပင် ဇင်းတို့ပတ်ဝန်းကျင်မှ သေနတ်သံများကို ကြားရလေ၏။ ဒေါ်ပန်းရုံတို့သည် လျှင်မြန်စွာ နေရာယူလိုက်ကြ၏။

သူတို့ရန်သူတော်ကြီးများ လိုက်လာပေပြီ။ ရန်သူတော်ကြီးများသည် ဒေါ်ပန်းရုံတို့ ရတနာသေတ္တာ ရရှိသွားကြောင်း ရိပ်စားမိသဖြင့် သေကြီးမကြီး လိုက်လံတိုက်ခိုက်ရန် ပြင်ဆင်လေ၏။

ရန်သူတော်ကြီးများမှာ လောဘဇောကပ်နေပြီး ဒေါ်ပန်းရုံတို့အား တိုက်ခိုက်လေ၏။ ဒေါ်ပန်းရုံတို့အားလုံး ပြန်လည်တိုက်ခိုက်သော်လည်း ရန်သူများမှာ အင်အားများလွန်းသဖြင့် အခက်အခဲ ကြုံတွေ့နေရ၏။

ထိုအခါ မောင်သီဟက ဦးဗလကိုကြည့်၍

" ရန်သူတွေ အပေါ်စီးကနေ ကျုပ်တို့ကို မည်းပစ်နေတယ်၊ ပထမအကြိမ်တုန်းကလို သူတို့နောက်ကို ရောက်အောင်သွားပြီး





ရန်သူတွေကို ဖြိုခွဲပစ်ရမယ် "

ဟု ပြောလေ၏။ ထိုအခါ ဦးဗလက

" ဒါဆိုရင် မင်းနဲ့အတူ ငါလည်းလိုက်မယ် "

ဟု ပြောကာ သီဟနောက်သို့ လိုက်ခဲ့လေ၏။ သီဟတို့သည် ချုံနွယ်များကို ခိုအောင်း၍ ရန်သူတွေရှိရာသို့ အနီးကပ်သွားကြ၏။

ရန်သူများသည် ဒေါ်ပန်းရုံတို့ကိုသာ မည်းပစ်နေသဖြင့် သီဟတို့ တိုးကပ်လာခြင်းကို မသိရှိကြလေ၏။ သီဟတို့သည် ရန်သူများ မမျှော်လင့်ထားသောနေရာသို့ ရောက်လျှင် အလစ်အငိုက် တိုက်ခိုက်လေ၏။

ရန်သူများသည် ကျောက်တုံးတစ်တုံးကို အကာအကွယ်ပြု၍ ဒေါ်ပန်းရုံတို့ကို ပစ်ခတ်လေ၏။ သီဟသည် ဇင်းတို့၏ကြားသို့ ခုန်ချ၍ ရန်သူများကို တိုက်ခိုက်လေ၏။

ဦးဗလကလည်း သစ်ပင်ပေါ်မှ ခုန်ချ၍ ရန်သူတစ်ဦးကို လက်ဝါးစောင်းဖြင့် ခုတ်ချလိုက်၏။

ထိုအခိုက်မှာပင် ရန်သူအချို့သည် ဇင်းတို့အား မြင်တွေ့သွားပြီး သေနတ်များဖြင့် ဝိုင်းဝန်းတိုက်ခိုက်၏။ ဦးဗလသည် ခါးကြားမှ ခါးမြှောင်နှစ်လက်ကိုထုတ်၍ ရန်သူများကို ပစ်ပေါက်လိုက်၏။

သီဟတို့သည် ရန်သူများနှင့် လုံးထွေးသတ်ပုတ်နေကြ၏။ သီဟသည် ရန်သူတစ်ဦး၏ပေါင်ကြားသို့ ခြေဖြင့်လှမ်းကန်လိုက်ပြီး ကျန်တစ်ဦးကို မျက်နှာအား ဒူးဖြင့်တိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ရန်သူများလက်မှ သေနတ်ကိုရသောအခါ ၎င်းတို့ကိုပင် ပြန်လည် ပစ်ခတ်လိုက်၏။ မောင်သီဟအား ရန်သူတစ်ဦးသည် အနောက်မှ ဝင်ရောက်တိုက်ခိုက်၏။

ရန်သူသည် ခွန်အားဗလ တောင့်တင်းသောကြောင့် မောင်သီဟ ရုန်းကန်ရုန်းကန်နေလေ၏။ ကျန်တစ်ဦးသည် ဓားဖြင့် ခုတ်ပိုင်းရန် ကြံရွယ်နေ၏။

သီဟသည် ထိုမြင်ကွင်းကိုကြည့်၍ ဓားဖြင့်ခုတ်ရန်လာသူအား သေနတ်ဖြင့် ဆီးကြိုပစ်ခတ်လိုက်၏။

သီဟသည် ရန်သူ၏လက်မှ ရုန်းထွက်၍ ထိုသူအား ခါးမြောင်ဖြင့် ခါးကြားကို ဆောင့်တိုးလိုက်၏။ လဲကျသောအခါ သီဟက လက်မ ထောင်၍

" ဒီကောင်တွေ အတော်အထိနာသွားပြီ၊ ကျုပ်တို့ ပြန်ကြမယ် "

ဟု ပြောကာ သစ်ပင်များကို အကာအကွယ်ပြု၍ ဒေါ်ပန်းရုံတို့ ရှိရာသို့ လာခဲ့လေ၏။ ရန်သူများသည် သီဟတို့အား တဒိုင်းဒိုင်း ပစ်ခတ်၏။

ဒေါ်ပန်းရုံက သူတို့ကို ဆီးကြို၍

" ရှင်တို့ အတော်စွန့်စားတာပဲ၊ ရန်သူတွေ ရှင်တို့ကြောင့် အတော်အထိနာသွားပြီ "





ဟု ပြောလေ၏။

အမြွာညီအစ်ကိုနှစ်ယောက်ကလည်း ဝင်ရောက်၍

" ဟုတ်တယ်၊ ကျုပ်တို့ကို ဒီကောင်တွေ ပစ်အားမရှိတော့ဘူး "

ဟု ပြောလေ၏။ ဒေါ်ပန်းရုံက ပတ်ဝန်းကျင်ကိုကြည့်ရှု၍

" ကျွန်မတို့ မြွေဖြူတောင်က လွတ်အောင် အမြန်ဆုံးသွားကြမယ်၊ ဒီတောင်ကလွတ်ရင် ကျွန်မတို့မှာ အန္တရာယ်မရှိတော့ဘူး၊ ဒီတောင်ထဲမှာနေတာ သိပ်အန္တရာယ်များတယ် "

ဟု ပြောဆိုလေ၏။

ထို့ကြောင့် ဒေါ်ပန်းရုံတို့သည် တောထဲမှ လျှင်မြန်စွာ ထွက်ခွာရန် ကြိုးစားလေ၏။ ရန်သူများသည် လောဘဇောကပ်နေသဖြင့် ဒေါ်ပန်းရုံတို့အား သဲကြီးမဲကြီး လိုက်နေဟန်ရှိ၏။

ဒေါ်ပန်းရုံတို့သည် ရန်သူများကို ပြေးလွှားရင်း ပစ်ခတ်သွားလေ၏။ ထိုအခါ ရန်သူများ တဖြည်းဖြည်းကျဆုံးကုန်၏။

ဒေါ်ပန်းရုံ၏ ရန်သူတော်ကြီးများဖြစ်သော ဦးမောင်ကြီးနှင့် ဦးချစ်ထူးသာ ကျန်ရစ်ခဲ့၏။ ၎င်းတို့၏တပည့်များမှာ ဒေါ်ပန်းရုံတို့ နောက်သို့ ဆက်မလိုက်ရဲကြဘဲ ရှိနေလေ၏။

ဦးမောင်ကြီးနှင့် ဦးချစ်ထူးသာ လောဘဇောကပ်နေသဖြင့် သဲကြီးမဲကြီး လိုက်နေဆဲဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဒေါပန်းရုံတို့သည် မြွေဖြူတောင်မှထွက်ခွာရန် ပြေးလွှားရင်း တစ်နေရာသို့ရောက်သောအခါ ဒေါပန်းရုံက လက်ကာပြ၍

" အားလုံးရပ်ကြစမ်း၊ အရှေ့မှာ ရွှံ့နွံတောရှိတယ်၊ ဒီရွှံ့နွံတောဟာ မြွေဖြူတောင်မှာ ကြောက်စရာအကောင်းဆုံးပဲ၊ ဒီရွှံ့နွံတောကို ကျော်ဖြတ်ပြီးရင် ငါတို့အတွက် အန္တရာယ်မရှိတော့ဘူး "

ဟု ပြောလေ၏။ မောင်သီဟသည် ရွှံ့နွံတောကို မျက်မှောင်ကြုတ်ကြည့်၍

" ဒီနေရာဟာ ရွှံ့နွံတောဟုတ်လား အဒေါ်၊ မယုံနိုင်စရာဘဲ၊ ဒီနေရာဟာ ရိုးရိုးမြေတွေနဲ့ ဘာမှမခြားဘူး "

ဟု ပြောလေ၏။ ထိုအခါ ဦးဗလက ဝင်ရောက်၍

" ဟုတ်တယ်၊ ဒီနေရာဟာ သစ်ရွက်ခြောက်တွေ ဖုံးလွှမ်းနေတဲ့အတွက် မသိတဲ့လူဆိုရင် မြေပြင်လို့ပဲ ထင်မှာပဲ "

ဟု ပြောလေ၏။ ဒေါပန်းရုံက ရွှံ့နွံတောကိုကြည့်၍ ခေါင်းညိတ်လိုက်ပြီး

" ဟုတ်တယ်၊ လူစိမ်းတွေအတွက်တော့ မြေပြင်လို့ ထင်မှာပဲ၊ ဟုတ်ပြီ၊ ကျွန်မရဲ့ရန်သူတော်ကြီးတွေကို ပညာပေးဖို့အတွက် နည်းလမ်းရပြီ "

ဟု ပြောလေ၏။ ထိုအခါ ဒေါပန်းရုံသည် ရှေ့မှဦးဆောင်၍ ရွှံ့နွံတောကို ကျော်ဖြတ်လေ၏။





သူမသည် မြွေဖြူမထံမှ ရွှံ့နွံတောကို ကျော်ဖြတ်နိုင်မည့် နည်းလမ်းကို သိရှိထားသဖြင့် ရွှံ့နွံတောကို အောင်မြင်စွာ ကျော်ဖြတ်လာနိုင်၏။

ရွှံ့နွံတောတစ်ဖက်သို့ရောက်သောအခါ ဒေါပန်းရုံက

" ကဲ... ရှင်တို့အားလုံး ဘေးလွတ်ရာမှာ နေပေတော့၊ ကျွန်မရဲ့ရန်သူတော်ကြီးတွေကို ပညာပေးဖို့ အချိန်ရောက်ပြီ ဒီလူတွေဟာ ဝိသမလောဘသားတွေပဲ၊ သူတို့အတွက်ကြောင့် အပြစ်မဲ့တဲ့လူတွေအားလုံး ဒုက္ခရောက်ရတယ်၊ သူတို့မှာ လူပေါင်းများစွာကိုလည်း သတ်ဖြတ်တဲ့ ခါးပြလူသတ်သမားကြီးတွေပဲ၊ ဒီနေရာဟာ သူတို့ရဲ့ နောက်ဆုံးအချိန်ကို ရောက်ပြီ "

ဟု ပြောလေ၏။ ဒေါပန်းရုံ၏စကားကြောင့် ဦးဗလက

" သူတို့ကို ဘယ်လိုပညာပေးမှာလဲ "

ဟု မေးလေ၏။ ထိုအခါ ဒေါပန်းရုံက

" ကျွန်မ သူတို့ကို မျှားခေါ်ပြီး တမလွန်ဘဝကို အရောက်ပို့ပစ်မယ် "

ဟု ပြောလေ၏။ သီဟသည် မိခင်၏မျက်နှာကို စိုးရိမ်ဟန်ဖြင့် ကြည့်၍

" ဖြစ်ပါ့မလား အဒေါ်၊ အန္တရာယ်သိပ်များတယ်နော် "

ဟု ပြောလေ၏။ ထိုအခါ ဒေါပန်းရုံက ခေါင်းခါယမ်း၍



www.burmeseclassic.com

www.burmeseclassic.com



" မပူပါနဲ့လူလေးရယ်၊ သူတို့ကို ရင်ဆိုင်နိုင်တဲ့ နည်းလမ်းတွေ အဒေါ်မှာရှိပါတယ် "

ဟု ပြောလေ၏။ ဒေါ်ပန်းရုံကို သူတို့အားလုံး မတားဆီးနိုင်သဖြင့် စိုးရိမ်ကြီးစွာဖြင့် ကြည့်ရှုနေကြ၏။

ဒေါ်ပန်းရုံသည် ရွှံ့နွံတောအလယ်ရှိရာသို့ လျှောက်သွားပြီး ကျောက်သေတ္တာကို အမြွာညီအစ်ကိုအား ယူဆောင်လာခိုင်း၏။

အမြွာညီအစ်ကိုသည် ရွှံ့နွံတောများကို သတိကြီးစွာထား၍ လျှောက်လှမ်းလာလေ၏။ ၎င်းတို့၏ ခြေလှမ်းတစ်လှမ်းမှားလျှင် ရွှံ့နွံတောထဲတွင် အသက်ပျောက်သွားနိုင်၏။

ဒေါ်ပန်းရုံသည် သူမ၏အနီးသို့ အမြွာညီအစ်ကိုရောက်ရှိသောအခါ ကျောက်သေတ္တာကိုချခိုင်းပြီး ပြန်လွှတ်လိုက်၏။

ထိုအခါ ရွှံ့နွံတောအလယ်တွင် ဒေါ်ပန်းရုံတစ်ယောက်တည်း ရတနာသေတ္တာနှင့် အတူကျန်ရစ်ခဲ့လေ၏။ သီဟတို့သည် ရွှံ့နွံတော၏ တစ်နေရာတွင် ပုန်းအောင်းရင်း ဒေါ်ပန်းရုံကို စောင့်ကြည့်နေ၏။

အတန်ကြာသောအခါ ရွှံ့နွံတော၏အစပ်သို့ ရန်သူတော်ကြီးနှစ်ဦး ရောက်ရှိလာ၏။ သူတို့သည် ရွှံ့နွံတော၏အလယ်တွင် စိတ်ပျက်ဟန်ဖြင့် ရပ်နေသော ဒေါ်ပန်းရုံကိုကြည့်၍ အလွန်စိတ်လှုပ်ရှားသွားပြီး

" ဟား ဟား ဟား... မပန်းရုံ နောက်ဆုံးတော့ မင်းပြေးမလွတ်ပါဘူး။ နောက်ဆုံးတော့ ငါတို့လက်ထဲရောက်ပြီမဟုတ်လား "





ဟု ကြုံးဝါးလေ၏။ ဦးမောင်ကြီးကလည်း

" မပန်းရုံ... မပန်းရုံ၊ မင်းရဲ့တပည့်တပန်းကြီးတွေ အခုတော့ မင်းကို စွန့်ပစ်သွားကြပြီလား၊ ဒါမှမဟုတ် သူတို့အားလုံး သေရွာရောက်သွားကြပြီလား "

ဟု မေးမြန်းလေ၏။ ထိုအခါ ဒေါ်ပန်းရုံက

" သူတို့အားလုံး နွံတောထဲမှာနစ်သွားကြပြီ၊ ကျွန်မ တစ်ယောက်တည်း ကံကောင်းထောက်မလို့ အသက်ရှင်ပြီးကျန်ခဲ့တာပဲ၊ ဒီအချိန်ကစပြီး ကျွန်မရဲ့ဆုံးဖြတ်ချက်ပြောင်းလဲသွားပြီ၊ ဒီအချိန်ကစပြီး ရှင်တို့နဲ့ပူးပေါင်းတော့မယ်၊ ကျွန်မတို့သုံးယောက်ပေါင်းပြီး ဒီတောထဲက လွတ်အောင် ကြိုးစားကြမယ်၊ ပြီးရင် ရတနာတွေကို သုံးပုံပုံပြီ အညီအမျှ ခွဲဝေယူကြမယ် "

ဟု ပြောလေ၏။ ထိုအခါ လောဘဖောက်နေသော ရန်သူတော် နှစ်ဦးသည် အမှားနှင့်အမှန်ကို မခွဲခြားနိုင်တော့ဘဲ

" ဟင်... မင်းရဲ့တပည့်တပန်းတွေ ရွှံ့နွံထဲမှာနစ်ကုန်ပြီ ဟုတ်လား၊ ငါတို့နှစ်ယောက်ကျတော့ နွံထဲမှာ ဘာလို့မနစ်တာလဲ "

ဟု မေးမြန်းလေ၏။ ထိုအခါ ဒေါ်ပန်းရုံက

" ဒါကတော့ ရှင်တို့ သိပ်ကံကောင်းနေလို့ဖြစ်မှာပေါ့၊ ကျွန်မရဲ့ တပည့်တပန်းတွေ အကုန်လုံး နွံထဲမှာနစ်ကုန်တာပဲ၊ ကျွန်မတစ်ယောက်ပဲ ကျန်ခဲ့တာ၊ ဒီရတနာသေတ္တာကိုလည်း ကျွန်မတစ်ယောက်ထဲ



www.burmeseclassic.com

www.burmeseclassic.com



တောထဲကနေ အပြင်ကိုမထုတ်နိုင်တော့ဘူး၊ ဒါကြောင့် ရှင်တို့ရဲ့ အကူအညီကို ရဖို့လိုတယ်၊ ကျွန်မတို့သုံးယောက် ပူးပေါင်းပြီးလုပ်ကြတာပေါ့ ''

ဟု ပြောလေ၏။ လောဘအိုးကြီးနှစ်ယောက်သည် တစ်ဦးနှင့်တစ်ဦးကြည့်၍

'' မပန်းရှုံဟာ ကျုပ်တို့နဲ့ပူးပေါင်းဖို့ပြောနေပြီ၊ မပန်းရုံ ပြောစကားအရဆိုရင် ဒီတောထဲက ထွက်နိုင်ဖို့မလွယ်ဘူး၊ ဒါတို့သုံးယောက် ပူးပေါင်းသင့်ရင် ပူးပေါင်းကြတာပေါ့ကွာ၊ မင်း ဘယ်လိုသဘောရလဲ ''

ဟု မေးမြန်းလေ၏။ ထိုအခါ ဦးချစ်ထူးက ရယ်မော၍

'' ဟား ဟား ဟား… ကျုပ်ကတော့ မပန်းရှုံနဲ့ အမြဲတမ်းလိုလို ပူးပေါင်းချင်နေတာပါ ''

ဟု ပြောလေ၏။ ထို့နောက် ရန်သူတော်ကြီးနှစ်ဦးသည် ပူးပေါင်းရန် သဘောတူကြ၏။

'' ဒါဆိုရင် ယောဒီမှာကျွန်မရဲ့လက်နက်တွေကို သေတ္တာသေးမှာ ချထားတယ်၊ ရှင်တို့နှစ်ယောက် ကျွန်မဆီ လာခဲ့ပေတော့ ''

ဟု ပြောလေ၏။ ထိုအခါ ဦးချစ်ထူးသည် ဒေါ်ပန်းရုံရှိရာသို့ လျှောက်လှမ်းလာ၏။ သူသည် ဒေါ်ပန်းရုံဆီသို့ ရောက်ခါနီးတွင် ရုတ်တရက် ကိုယ်ခန္ဓာယိမ်းယိုင်သွားပြီး ကိုယ်ခန္ဓာတစ်ဝက် နစ်မြုပ်သွား၏။

ဦးချစ်ထူးသည် အားခနဲ အော်လိုက်ကာ ရွံ့နွံတောမှ ရုန်းကန်





ရန် ကြိုးစား၏။ ရွံ့နွံတို့၏ သဘာဝမှာ ရုန်းကန်လေ နစ်မြုပ်လေဖြစ်သဖြင့် သူ၏ကိုယ်ခန္ဓာအားလုံး နစ်မြုပ်သွားလေ၏။

ဦးချစ်ထူးသည် အထိတ်တလန့်ဖြင့် ဒေါ်ပန်းရုံကိုကြည့်ကာ

'' ကျုပ်ကိုကယ်ပါဦး၊ ကျုပ်ကို ကယ်ပါဦး ''

ဟု အော်ဟစ်လေ၏။ ထိုအခါ ဒေါ်ပန်းရုံက ဦးချစ်ထူးကို ကြည့်ပြီး

'' ဟား ဟား ဟား… ရှင်တို့ဟာ လူတွေအများကြီးကို ဒုက္ခပေးခဲ့တယ်၊ ရှင်တို့ကြောင့် လူ့အသက်တွေ စတေးခဲ့ရတာ မနည်းဘူး၊ ဒီနေ့ ရှင်တို့အလှည့်ရောက်ပြီ ''

ဟု ရယ်မောပြောလေ၏။ ထိုအခါ ဦးမောင်ကြီးသည် ဒေါ်ပန်းရုံ၏ သဘောကို ရိပ်စားမိသွားပြီး တောက်ခေါက်ကာ

'' တောက်… မင်းအတော်ယုတ်မာတဲ့ မိန်းမပဲ၊ မင်းကို အရှင်မထားဘူး ''

ဟု ပြောကာ သူ၏အိတ်ထဲမှ ခြောက်လုံးပြူးကိုထုတ်၍ ပစ်လေ၏။ ဒေါ်ပန်းရုံမှာ မောင်ကြီးထက် လျှင်မြန်သူဖြစ်လေရာ သေတ္တာသေးတွင် ချထားသော သေနတ်ကိုကောက်ကိုင်၍ ပစ်ထည့်လိုက်ရာ ဦးမောင်ကြီးသည် မြေပေါ်သို့ ဝုန်းခနဲပြိုလဲကျသွားလေ၏။

ဒေါ်ပန်းရုံ၏ ရန်သူတော်ကြီးနှစ်ဦး လူ့ပြည်မှ ထွက်ခွာသွားရချေပြီ။ ဒေါ်ပန်းရုံသည် ရွံ့နွံထဲမှ နစ်မြုပ်သွားသော ဦးမောင်ကြီးကိုကြည့်၍



www.burmeseclassic.com

www.burmeseclassic.com



သက်ပြင်းရှည်ကြီးကိုချလိုက်ပြီး

" လောဘသားတွေရဲ့ နောက်ဆုံးသွားရာလမ်းကတော့ ဒီနေရာပါပဲလေ၊ ရှင်တို့နှစ်ယောက် နောင်ဘဝရောက်ရင် သူတစ်ပါး ကောင်းကျိုးကို ဆောင်ရွက်နိုင်ပါစေလို့ ကျွန်မဆုတောင်းပေးပါတယ်"

ဟု ပြောလိုက်လေ၏။

ထို့နောက်တွင်မူ ဒေါ်ပန်းရုံတို့သည် သူမ၏ရန်သူတော်ကြီးများ ကင်းရှင်းသွားသဖြင့် မြွေဖြူတောင်ကို ကျော်ဖြတ်၍ ခရီးဆက်ခဲ့ကြလေ၏။

အတန်ကြာအောင် ခရီးဆက်ပြီးနောက် ဒေါ်ပန်းရုံက

" ကျွန်းသစ်တောကြီးကို ကျော်ဖြတ်ရင် ကျွန်မတို့ ဘာ အန္တရာယ်မှ မရှိတော့ဘူး။ ရတနာတွေကို အများကောင်းကျိုးအတွက် အသုံးပြုနိုင်တော့မယ် "

ဟု ပြောလေရာ သူတို့အားလုံး စိတ်ရွှင်လန်းတက်ကြွသွားလေ၏။ ထိုအခိုက်မှာပင် ကျွန်းပင်ကြီးအနောက်မှ လူတစ်ဦး ထွက်ပေါ်လာပြီး

" ဟား ဟား ဟား... ဒေါ်ပန်းရုံ၊ ခင်ဗျားရဲ့ အကြံအစည် မှားသွားပြီ၊ ခင်ဗျားတို့အန္တရာယ်က မလွန်မြောက်နိုင်သေးဘူး၊ အန္တရာယ်က လွန်မြောက်ချင်ရင်တော့ ရတနာသေတ္တာကြီးကို ဒီနေရာမှာ ထားခဲ့ပေတော့ "





ဟု ပြောလေ၏။ မောင်သီဟသည် ထိုသူကိုကြည့်၍ လွန်စွာ အံ့ဩသွားလေ၏။ ထိုသူမှာ သူ၏မိတ်ဆွေ လယ်ပိုင်ရှင် ကိုချမ်းသာ ဖြစ်နေလေ၏။

ဦးချမ်းသာ၏လက်ထဲတွင် ခြောက်လုံးပြူးနှစ်လက်ကို ဘယ် တစ်ဖက် ညာတစ်ဖက် ကိုင်ဆောင်ထားလေ၏။ သီဟသည် ဦးချမ်းသာ ကိုကြည့်၍

" ဟင်... ဦးချမ်းသာ၊ ခင်ဗျား ဘယ်လိုလုပ်ပြီး ဒီနေရာကို ရောက်နေတာလဲ၊ လယ်ပိုင်ရှင်တစ်ယောက်ဖြစ်ပြီး ဒီလို ဝိသမလောဘ ကိုလုပ်တာ အံ့ဩပါရဲ့ဗျာ "

ဟု ပြောလေ၏။ ထိုအခါ ဦးချမ်းသာက ရယ်မော၍

" ဟား ဟား ဟား... သီဟ၊ သီဟ မင်းအတော်ရိုးတဲ့ ကောင်လေးပဲ၊ ငါဟာ အိမ်နီးကြီးက ဒေါ်ပန်းရုံတို့ကို စိတ်ဝင်စားနေတာ ကြာပြီ၊ ဒါကြောင့် အိမ်နီးကြီးကို အမြဲတမ်း စောင့်ကြည့်နေခဲ့တယ်၊ အိမ်နီးကြီးက လူတွေနဲ့လည်း ပူးပေါင်းဖို့ ကြိုးစားခဲ့တယ်၊ အဲဒီမှာ မင်းလို မအူမလည် ကောင်လေးတစ်ယောက်နဲ့ ကြုံတွေ့ရတာပဲ "

ဟု ပြောလေရာ သီဟသည် ဒေါသတကြီးကြည့်၍

" ဘာ... ဦးချမ်းသာ၊ ခင်ဗျားဟာ အတော်ယုတ်မာတဲ့လူကြီးပဲ၊ ကျုပ်ကတော့ ဓားပြတွေလက်က လွတ်မြောက်အောင် ခင်ဗျားကို အကြိမ်ကြိမ် ကယ်တင်ခဲ့ရတယ်၊ ခင်ဗျားဟာ ကျေးဇူးရှင်ကိုတောင်



www.burmeseclassic.com

ကျေးဇူးကန်းတဲ့လူပဲ ''

ဟု အော်ဟစ်ပြောဆိုလိုက်လေ၏။ ထိုအခါ ဦးချမ်းသာက တဟားဟား ရယ်မောလိုက်ပြီး

'' ဟား ဟား ဟား... မင်းက ငါ့ရဲ့ အသက်သခင် ကျေးဇူးရှင် မဟုတ်ပါဘူးကွ၊ ဘာကြောင့်လဲဆိုတော့ မင်းကိုတိုက်ပါတယ်ဆိုတဲ့ လူဆိုးတွေက ငါ့တပည့်တွေပဲ၊ ငါဟာ လယ်ပိုင်ရှင်အမည်ခံပြီး ဒုစရိုက်မှု အမျိုးမျိုးလုပ်နေတာ ဒီအရပ်ကလူတွေ ဘယ်သူမှမသိရှာဘူး ''

ဟု ဂုဏ်ယူဟန်ဖြင့် ပြောလေ၏။ ထိုအခါ ဒေါ်ပန်းရုံက ဝင်ရောက်၍

'' ရှင်ဟာ ဒုစရိုက်သမားတစ်ယောက်ဆိုတာ ကျွန်မသိပါတယ်၊ ရှင်ဟာ ရိုးသားတဲ့ သီဟလိုလူငယ်လေးကို ပူးပေါင်းနေကတည်းက ကျွန်မ စောင့်ကြည့်နေခဲ့တာ ကြာပြီ၊ ရှင်ဘယ်လိုရည်ရွယ်ချက်နဲ့ သီဟကို ပေါင်းသင်းနေတယ်ဆိုတာလည်း ကျွန်မ ရိပ်စားမိတာကြာပြီ၊ ဒါကြောင့် ရှင့်ရဲ့ခြေလှမ်းတွေကို ကျွန်မ အမြဲတန်းကြိုးသိနေခဲ့တယ် ''

ဟု ပြောလေ၏။ ထိုအခါ ဦးချမ်းသာက တဟားဟား ရယ်မောလိုက်ပြီး

'' ဟား ဟား ဟား... ဒေါ်ပန်းရုံ ခင်ဗျားဟာ ကျုပ်ထင်တာ ထက်တောင် ပိုပြီးလျင်တဲ့ မိန်းမကြီးပါလား၊ ဒါပေမဲ့ ဒီတစ်ခါတော့ ခင်ဗျား ကျုပ်လက်က ပြေးမလွတ်ပါဘူး၊ ရတနာတွေကို ထားခဲ့ပေ





တော့ ''

ဟု ပြောလေ၏။ ထိုအခါ ဒေါ်ပန်းရုံက ခေါင်းခါယမ်းလိုက်၍

'' ရှင့်ဆီမှာတော့ ရတနာတွေကို မထားခဲ့နိုင်ဘူး၊ လောဘ ရမ္မက်ကြီးတဲ့ ရှင်လိုလူသာ မြေပြုတောင်မှာ နေရစ်ခဲ့ပေတော့ ''

ဟု ပြောလေ၏။

ဒေါ်ပန်းရုံ၏စကားဆုံးသည်နှင့် ဗိုင်းခနဲဟူသော သေနတ်သံကို ကြားရပြီး လယ်ပိုင်ရှင် ကိုချမ်းသာသည် ပြိုလဲကျသွားလေ၏။

ကိုချမ်းသာ၏အနောက်တွင် ဥယျာဉ်မှူးကြီး ဦးချစ်ကောင်းသည် အငွေ့တစ်လူလူထွက်နေသော သေနတ်ဖြင့် မတ်တပ်ရပ်နေလေ၏။

ဥယျာဉ်မှူး ဦးချစ်ကောင်းကိုမြင်သောအခါ ၎င်းတို့အားလုံး အံ့သြသွားကြလေ၏။ ဦးချစ်ကောင်းက ဒေါ်ပန်း ရုံကို ကြည့်၍

'' ကျုပ် နောက်မကျပါဘူးနော် ဒေါ်ပန်းရုံ ''

ဟု မေးလေ၏။ ဒေါ်ပန်းရုံက သက်ပြင်းချ၍

'' ရှင်ဟာ ကျွန်မအတွက် သစ္စာအရှိဆုံး မိတ်ဆွေမပဲ ''

ဟု ချီးမွမ်းလိုက်လေ၏။ ထိုအခါ အမြွှာညီအစ်ကိုအနက် တစ်ဦး က

'' ဟင်... အဒေါ်က ဦးချစ်ကောင်းကို အိမ်နီးကြီးမှာ ဥယျာဉ် စောင့်ရှောက်ဖို့ ထားခဲ့တာမဟုတ်ဘူးလား ''

www.burmeseclassic.com



ဟု မေးလေ၏။ ထိုအခါ ဒေါပန်းရုံက ခေါင်းခါယမ်း၍

" လူတွေအားလုံး ဒီလိုထင်အောင် အဒေါ်လုပ်ခဲ့တယ်၊ အဲဒါမှ ရန်သူတွေကိုလှည့်စားနိုင်မှာပေါ့၊ ဦးချစ်ကောင်းဟာ အိမ်နီကြီးက ဥယျာဉ်တွေကို မစောင့်ရှောက်ခဲ့ပါဘူး၊ အိမ်နီကြီးက ဥယျာဉ်တွေကို စောင့်ရှောက်ဖို့ သူ့တပည့်တွေကို ထားခဲ့တယ်၊ ဦးချစ်ကောင်းကိုယ်တိုင်က အဒေါ်တို့ကို လိုက်ပြီးစောင့်ရှောက်ခဲ့တယ်၊ လယ်ပိုင်ရှင် ကိုချမ်းသာဟာ အရူးကြောင်ကြောင်လုပ်ပြီး မောင်သီဟကို အသုံးချဖို့ ကြိုးစားနေတာ သိခဲ့တာကြာပြီ၊ အိမ်နီကြီးပတ်ဝန်းကျင်မှာ လယ်ပိုင်ရှင် ကိုချမ်းသာဟာ ကြောက်စရာအကောင်းဆုံး လူတစ်ယောက်ပဲ၊ ဒါကြောင့် သူ့ရဲ့ လှုပ်ရှားမှုတွေကို အဒေါ် အမြဲတမ်းစောင့်ကြည့်နေခဲ့တယ်၊ သူဟာ လူဆိုးဓားပြတွေကို ခေါင်းဆောင်တဲ့ လယ်ပိုင်ရှင်တစ်ယောက်ဆိုတာလည်း သိခဲ့တယ်၊ ဒါကြောင့် ကိုချမ်းသာရဲ့အန္တရာယ်ကို ကာကွယ်ဖို့အတွက် ဥယျာဉ်မှူး ဦးချစ်ကောင်းကို ကျွန်းတောကနေလာပြီး စောင့်နေဖို့ မှာခဲ့တာပဲ၊ အခုတော့ လယ်ပိုင်ရှင်ကိုချမ်းသာဟာ အကြီးမားဆုံးအန္တရာယ်ဆိုတာ သေချာသွားပြီ "

ဟု ပြောလေ၏။ ထိုအခါမှပင် သူတို့အားလုံး ရှင်းလင်းသွားလေ၏။ ဒေါပန်းရုံသည် ပညာဉာဏ်အမြော်အမြင်နှင့် ပြည့်စုံခဲ့၏။

ဦးချစ်ကောင်းက ဒေါပန်းရုံဘက်သို့လှည့်၍

" ကျွန်းတောရဲ့တစ်ဖက်ကမ်းမှာတော့ ဘာအန္တရာယ်မှမရှိ





တော့ပါဘူး၊ ကျုပ်တို့ အေးအေးချမ်းချမ်း နေရပ်ကိုပြန်ရုံပဲ၊ ခင်ဗျားရဲ့ မွေးစားသား မောင်ရွှေမြကို မမြင်ပါလား။ သူတော့ တောထဲမှာ ကျဆုံးခဲ့ပြီထင်တယ် "

ဟု ပြောလေ၏။ ထိုအခါ ဒေါပန်းရုံက သက်ပြင်းချ၍

" ဟုတ်တယ်၊ မောင်ရွှေမြဟာ သူ့မိုက်ဇာတ် သူသိမ်းသွားပြီ "

ဟု ပြောလေ၏။ ၎င်းတို့သည် ကျွန်းတောမှ တစ်မိုင်ခန့် သွားရောက်ပြီးသောအခါ ဦးချစ်ကောင်းက

" အရှေ့မှာ ချောင်းတစ်ခုရှိတယ်၊ ဒီချောင်းကိုကြိုးတံတားလေးနဲ့ ဖြတ်သန်းရမယ်၊ ကြိုးတံတားကိုဖြတ်ပြီးတာနဲ့ ရွာတွေနဲ့ နီးလာပြီ၊ မကြာမီ လူတွေနဲ့တွေ့တော့မယ် "

ဟု ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



သီဟတို့သည် ရေစီးအလွန်သန်သော ချောင်းကို ကြိုးတံတားဖြင့် ဖြတ်သန်းရလေ၏။ ကြိုးတံတားသည် ဂုင်းတို့ လူစုကြောင့် လှုပ်ယမ်းနေ လေရာ လွန်စွာ အသည်းယားဖွယ် ကောင်းလှ၏။

အိမ်ဖော်မိန်းမပျိုသုံးဦးမှာ ကြိုးတံတားပေါ်မှ ခလျှောက်လှမ်းရင်း စိတ်လှုပ်ရှားနေဟန်ရှိ၏။

ညီအစ်ကိုနှစ်ဦးသည် ကြိုးတံတားပေါ်မှ ရတနာသေတ္တာကြီးကို ခက်ခက်ခဲခဲ သယ်ယူခဲ့ရလေ၏။ ဒေါ်ပန်းရုံသည် ကြိုးတံတားပေါ်မှ ဖြည်းညင်းစွာ ဖြတ်သန်း၍ သူမဘာသာကိုယ်တည်း ကျန်ခဲ့၏။





ကြိုးတံတားအလယ်သို့ရောက်သောအခါ မြေဖြူတောင်ကြီး ကို လှည့်ကြည့်၍ လွမ်းဆွတ်တမ်းတဟန်ဖြင့်

" ကျွန်မရဲ့မိတ်ဆွေ မြေဖြူမဟာ ဒီတောကြီးထဲမှာရှိတယ်၊ သူနဲ့ နောက်တစ်ကြိမ်ပြန်ဆုံဖို့ မဖြစ်နိုင်တော့ဘူး၊ ဒီတစ်ကြိမ်ဟာ ကျွန်မတို့ နှစ်ယောက် နောက်ဆုံးတွေ့ဆုံခြင်းပဲ "

ဟု လွမ်းဆွတ်ဟန်ဖြင့် ပြောလေ၏။

ဦးဗလတို့သည် ဒေါ်ပန်းရုံ၏ အပြုအမူကို မတားဆီးချင်သောကြောင့် ကြိုးတံတားတစ်ဖက်ကမ်းသို့ ရောက်အောင်သွားပြီး တောင်ကုန်းမြင့်လေးဆီသို့ တက်သွားလေ၏။

ဒေါ်ပန်းရုံသည် ကြိုးတံတားအလယ်တွင်ရပ်ရင်း မြေဖြူတောင်ဆီသို့သာ မမိုတ်မသုန် ကြည့်နေလေ၏။ သူမသည် နှစ်ပေါင်းများစွာ ရင်းနှီးချစ်ခင်ခဲ့သော မြေဖြူမနှင့် ခွဲခွာရတော့မည်ဆိုသဖြင့် စိတ်မကောင်းဖြစ်နေဟန်ရှိ၏။

ထိုအခိုက်မှာပင် ကြိုးတံတားပေါ်သို့ တစ်စုံတစ်ဦး ရောက်ရှိလာပြီး ဒေါ်ပန်းရုံ၏လည်မြိုကို ဓားဖြင့်ထောက်လေ၏။ ဒေါ်ပန်းရုံသည် ရုန်းကန်၍ ထိုသူကိုကြည့်ကာ လွန်စွာအံ့ဩသွားလေ၏။

ထိုသူမှာ သူမ၏မွေးစားသား မောင်ရွှေမြဖြစ်နေလေ၏။ ဒေါ်ပန်းရုံက မောင်ရွှေမြကိုကြည့်၍

" မောင်ရွှေမြ၊ မင်းဘာလုပ်တာလဲ "



www.burmeseclassic.com

www.burmeseclassic.com



ဟု ဒေါသတကြီး အော်ဟစ်ပြောဆိုလေ၏။

မောင်ရွှေမြက တဟားဟား ရယ်မော၍

" ဟား ဟား ဟား... ကျုပ်ဘာကောင်လဲဆိုတာ ခင်ဗျား သိပြီမဟုတ်လား၊ ခင်ဗျားက ကျုပ်ကို မွေးစားသားဆိုပြီး အထင်အမြင် သေးလွန်းတယ်၊ ဘာမဟုတ်တဲ့ အိမ်ဖော်တွေ၊ ခြံစောင့်တွေ၊ အဆင့်အတန်းမရှိတဲ့ အောက်တန်းစားတွေကို နေရာပေးပြီး ကျုပ်ကိုနှိမ်ချထားခဲ့တယ်၊ အခု ကျုပ်ရဲ့အရည်အချင်းကို ခင်ဗျားသိပြီ မဟုတ်လား။ ခင်ဗျားကြီး အသက်မသေချင်ရင် ရတနာသေတ္တာကိုထားခဲ့ "

ဟု ပြောလေ၏။ ထိုအခါ ဒေါ်ပန်းရုံက တောက်ခေါက်၍

" ဒီမှာ မင်းကို တစ်သက်သုံးကျွေးမွေးခဲ့တဲ့ ကျေးဇူးကို ပြန်ဆပ်လိုက်တာလား၊ ရတနာတွေဟာ အမျိုးကောင်းကျိုးအတွက် ခက်ခက်ခဲခဲ ရှာခဲ့ရတာကွ၊ မင်းလို တစ်ကိုယ်ကောင်းသမားအတွက် မဟုတ်ဘူး၊ မင်းဟာ ကျေးဇူးရှင်ကို ကျေးစွပ်တဲ့အကောင်၊ သေရင် အဝီစိရောက်မဲ့ကောင်ပဲ "

ဟု ပြောလေ၏၊ ထိုအခါ မောင်ရွှေမြက ဘဟားဟား ရယ်မော၍

" ဟား ဟား ဟား... ငရဲဆိုတာ ကြိုက်နဲ့လားဗျ၊ အဲဒီရတနာတွေကို ထုခွဲရောင်းချပြီးရင် နတ်သမီးလေး တစ်ဖက်လေးငါးရာနဲ့ ပျော်ပါးမယ်၊ အဲဒီမှာ ကျုပ်အတွက် လိုတာတွေပြီး ကျုပ် ဘာကိုမှကရုမစိုက်





တော့ဘူး၊ ငရဲပြည်ကိုသွားရမယ်ဆိုလည်း ပျော်ပျော်ကြီးသွားလိုက်မယ် "

ဟု အော်ဟစ်ပြောဆိုလေ၏။ ထိုအခါ ခြံစောင့်ကြီး ဦးဗလက ဝင်ရောက်၍

" မောင်ရွှေမြ၊ မင်း ဒီလိုမလုပ်ပါနဲ့ကွာ၊ ဒေါ်ပန်းရုံဟာ မင်းရဲ့ မွေးစားအမေပါ၊ မင်းအပေါ် တစ်သက်လုံး ကျွေးမွေးပြုစုခဲ့တဲ့ ကျေးဇူးကို မထောက်ဘူးလား။ မင်းရဲ့အပြုအမူဟာ ငရဲကျစေတဲ့အပြုအမူကွ "

ဟု ပြောဆိုလေ၏။ ဒေါ်ပန်းရုံ၏ အိမ်ဖော်မိန်းကလေးဖြစ်သော စံပယ်ကလည်း ဝင်ရောက်၍

" ကိုရွှေမြ၊ အမေ့ကို အဲဒီလိုမလုပ်ပါနဲ့၊ အမေဟာ ကျွန်မတို့ ကျေးဇူးရှင်ပါ၊ ရှင့်ကို တစ်သက်လုံး ကျွေးမွေးခဲ့တဲ့ ကျေးဇူးတရားကို ထောက်ထားပါ "

ဟု ဝင်ရောက်တောင်းပန်လေ၏။

သီဟသည် မိခင်အတွက် စိတ်လှုပ်ရှားသွားပြီး ကြိုးတံတားရှိရာသို့ ပြေးဆင်းလာခဲ့၏။ ကြိုးတံတားပေါ်သို့ ရောက်သောအခါ မောင်ရွှေမြက ဒေါ်ပန်းရုံ၏လည်မျိုကို ဓါးဖြင့်ထောက်၍

" ဟေ့ကောင်... ရှေ့မတိုးနဲ့၊ ဒီအဘွားကြီးကို ဓားနဲ့ထိုးပစ်လိုက်မယ်၊ ရပ်စမ်း "

ဟု အော်ဟစ်ခြိမ်းခြောက်လေ၏။ သီဟသည် မိခင်၏အသက်

www.burmeseclassic.com



ဘေးကို စိုးရိမ်သဖြင့် ကိုယ်ရှိန်ကို သပ်လိုက်ရ၏။

ကြိုးတံတားသည် သူတို့သုံးဦး၏ အရှိန်ကြောင့် လှုပ်ရမ်းနေလေ၏။ သီဟက ကြိုးတံတား တစ်ဖက်စွန်းကို လက်ဖြင့်ဆုပ်ကိုင်၍

“ ဒီမှာ ကိုရွှေမြ၊ ကျုပ်တို့အားလုံး အများကောင်းစားရေးအတွက်၊ ကျုပ်တို့တိုင်းပြည်လွတ်မြောက်ရေးအတွက် အပင်ပန်းခံပြီး လုပ်ကိုင်နေကြတာဗျ၊ ခင်ဗျား တစ်ကိုယ်ကောင်းမဆန်ပါနဲ့၊ ဒီရတနာတွေကို ထုခွဲပြီးရင် တိုင်းပြည်လွတ်မြောက်ရေးအတွက် အသုံးပြုကြမယ်၊ ဆင်းရဲနွမ်းပါးတဲ့လူတွေကို ပေးကမ်းထောက်ပံ့ကြမယ်၊ ခင်ဗျားလည်း ကျုပ်တို့နဲ့ တစ်တပ်တအားပါဝင်ပါ ”

ဟု နားချလေ၏၊ ထိုအခါ မောင်ရွှေမြက ဒေါသတကြီး အော်ဟစ်လိုက်ပြီး

“ ဟေ့ကောင်... ငါ့ကိုလာပြီးတရားမချနဲ့၊ မိကျောင်းမင်း ရေခင်းမပြနဲ့စမ်း၊ မင်းတို့ဘာသာ အများကောင်းကျိုးအတွက်ပဲလုပ်လုပ်၊ တိုင်းပြည်လွတ်မြောက်ရေးအတွက်ပဲလုပ်လုပ် ငါစိတ်မဝင်စားဘူး၊ ငါစိတ်ဝင်စားတာ ငါကောင်းစားဖို့ပဲ၊ မင်းတို့တွေက အရူးတွေ၊ လူဆိုတာ ကိုယ့်ကိုယ်ကိုယ် အချစ်ဆုံးသတ္တဝါကွ၊ ငါဟာ ငါ့ကိုယ်ငါပဲချစ်တယ်၊ သူများကို မချစ်ဘူး၊ ငါကောင်းစားဖို့ပဲ ငါလုပ်နိုင်မယ်၊ ဒါကြောင့် ရတနာတွေကို ဒီနေရာမှာပဲ ထားခဲ့၊ မင်းတို့ ငါ့စကား နားမထောင်ရင် ဒီအဘွားကြီးရဲ့လည်မျိုကို ဓားနဲ့ထိုးဖောက်လိုက်မယ် ”





ဟု ပြောလေ၏။

ထိုအခါ ဒေါ်ပန်းရှုံသည် သူ၏မွေးစားသားအတွက် မချိတင်ကဲဖြစ်သွားပြီး သီဟဘက်သို့လှည့်ကာ

“ ဒီမှာ မောင်သီဟ၊ အဒေါ်ကိုငဲ့ပြီး ရတနာတွေကိုမထားခဲ့နဲ့၊ အဒေါ် အသက်သေရင်သေသွားပါစေ၊ အဒေါ်သေရမှာမကြောက်ဘူး၊ အဒေါ်တို့ရည်ရွယ်ချက်ကို မပျက်စေနဲ့၊ ရတနာတွေကိုယူပြီး မင်းတို့အားလုံး မြေဖြူတောင်က ပြန်ပေတော့ ”

ဟု အော်ဟစ်ပြောဆိုလေ၏။ သီဟသည် မိခင်၏ အသက်အန္တရာယ်အတွက် စိုးရိမ်သွားပြီး

“ ကျုပ်တို့ အဒေါ်မပါဘဲ ဒီနေရာက တစ်ဖဝါးမှမခွာဘူး၊ ဟေ့လူ အဒေါ်ကိုလွှတ်မလား၊ မလွှတ်ဘူးလား ”

ဟု အော်ဟစ်မေးမြန်းလေ၏။ ထိုအခါ မောင်ရွှေမြက ဟားဟား ဟား ရယ်မော၍

“ ဟား ဟား ဟား... မင်းတို့ဟာ အလွန်သစ္စာရှိတဲ့ အိမ်စောင့်ခွေးတွေပဲ၊ ဒီအဘွားကြီးရဲ့အသက်နဲ့ ရတနာတွေနဲ့ လဲတော့မလား ”

ဟု အော်ဟစ်မေးမြန်းလေ၏။

ထိုအခိုက်မှာပင် လေပြင်းတစ်ချက် တိုက်ခိုက်ပြီး ကြိုးတံတားကြီး လှုပ်ယမ်းသွားလေ၏။ ကြိုးတံတားလှုပ်ယမ်းသွားသဖြင့် မောင်ရွှေမြသည် ဒေါ်ပန်းရှုံကို ချုပ်ကိုင်ထားရင်း ခြေလှမ်းမှားယိမ်းယိုင်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



သီဟသည် ထိုအခွင့်အရေးကို အရယူကာ ခါးကြားရှိဓားမြှောင်ကို လျင်မြန်စွာထုတ်၍ မိခင်၏ကိုယ်ခန္ဓာနောက်မှ တစ်စွန်းတစ်စ ထွက်နေသော မောင်ရွှေမြ၏ကိုယ်ခန္ဓာကို အားကုန်လှမ်းပစ်လိုက်၏။

မောင်ရွှေမြသည် သူ၏လက်မောင်းကို ဓားမြှောင်စိုက်သွားသဖြင့် အားခနဲအော်ဟစ်ပြီး ဒေါ်ပန်းရုံကို လက်လွှတ်လိုက်ရ၏။

ဒေါ်ပန်းရုံသည် ထိုအခွင့်အရေးကို အရယူကာ ကြိုးတံတားတစ်ဖက်ရှိ မောင်သီဟရှိရာသို့ ပြေးလွှားခဲ့လေ၏။

လောဘဇောကပ်နေသော မောင်ရွှေမြသည် ဒေါ်ပန်းရုံကို ဖမ်းဆီးရန် တစ်ရှိန်ထိုးပြေးလိုက်လာ၏။

ဒေါ်ပန်းရုံသည် ပြေးလွှားရင်း သီဟအရှေ့သို့ရောက်သောအခါ ခြေချော်၍လဲလေ၏။ သီဟသည် လေထဲတွင်ခုန်လွှားကာ မောင်ရွှေမြအား ခြေဖြင့် တအားဆောင့်ကန်လိုက်၏။

မောင်ရွှေမြသည် သီဟ၏ခြေကန်ချက်မိသွားပြီး ကြိုးတံတားတစ်ဖက်စွန်းသို့ယိုင်၍ လဲကျသွားလေ၏။

ထို့နောက် လူးလဲထကာ ခါးကြားမှသေနတ်ကိုထုတ်၍ သီဟအား ဒိုင်းခနဲလှမ်းပစ်လိုက်၏။ ကြိုးတံခါး လှုပ်ယမ်းနေသဖြင့် ကျည်ဆန်မှာ လွဲချော်သွားလေ၏။

သီဟသည် မောင်ရွှေမြ နောက်တစ်ကြိမ် မပစ်နိုင်အောင် ခုန်အုပ်လိုက်၏။ သီဟသည် အပေါ်စီးမှရောက်သွားပြီး မောင်ရွှေမြ၏





မျက်နှာကို လက်သီးဖြင့် ထိုးလေ၏။

မောင်ရွှေမြက ရုန်းကန်ရင်း သီဟ၏လည်မျိုကို ညှစ်ရန်ကြိုးစား၏။ ထို့နောက် ၎င်းတို့သည် တစ်ယောက်၏လည်မျိုကို တစ်ယောက် ညှစ်ရန်ကြိုးစားရင်း ကြိုးတံတားတစ်ဖက်စွန်းသို့ လိမ့်သွား၏။

၎င်းတို့နှစ်ဦးစလုံး ခွန်အားချင်းမကွာသဖြင့် တစ်ဦးနှင့် တစ်ဦး အသာမရနိုင်ဘဲ ရှိ၏။ ထိုစဉ် မောင်ရွှေမြသည် ကြိုးတံတားပေါ်တွင် ကျနေသော ဓါးမြှောင်ကို လက်ဖြင့် ဖမ်းကိုင်မိသွားပြီး သီဟ၏ ကိုယ်ခန္ဓာကို ထိုးစိုက်လိုက်၏။

သီဟသည် ရှောင်တိမ်းရန် မဖြစ်နိုင်တော့ဘဲ ပခုံးတွင် ဓါးမြှောင် စိုက်ဝင်သွား၏။ ထိုအခါ မောင်ရွှေမြက သီဟ၏ရင်ဝကိုဒူးဖြင့် တိုက်၍ လဲကျနေရာမှ ရုန်းကန်ထလိုက်၏။

ထို့နောက် မောင်သီဟ၏ဗိုက်အား ခြေဖြင့် တစ်ချက်ပြီး တစ်ချက် ဆင့်ကန်လိုက်ရာ မောင်သီဟသည် ကိုယ်ခန္ဓာယိမ်းယိုင်သွားပြီး ကြိုးတံတားတစ်ဖက်စွန်းသို့ ရောက်ရှိသွား၏။

မောင်သီဟသည် ကြိုးတံတားတစ်ဖက်စွန်းမှ အောက်သို့ ပြုတ်ကျလုမတတ် ဖြစ်နေလေ၏။

မောင်ရွှေမြသည် ထိုအခွင့်အရေးကို အရယူ၍ ကြိုးတံတား၏ဒေါက်တိုင်တုတ်ကြီးတစ်ချောင်းကို ဆုပ်ကိုင်လိုက်ပြီး မောင်သီဟအား အားကုန်လွှဲရိုက်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်သီဟသည် မောင်ရွှေမြ၏တုတ်ကိုင်လက်ကို ချုပ်ကိုင်ပြီး ပခုံးတွင်ထမ်း၍ ကိုင်ပေါက်လိုက်ရာ မောင်ရွှေမြသည် အရှိန်လွန်ပြီး အသံနက်ကြီးဖြင့်အော်ကာ ကြိုးတံတားမှ အောက်သို့ ပြုတ်ကျသွားလေ၏။

မောင်ရွှေမြ ပြုတ်ကျသောနေရာမှာ ချောင်းစပ်ရှိ ကျောက်တုံးဖြစ်၍ ၎င်း၏ဦးခေါင်းမှာ စိစိညက်ညက်ကြေသွားပြီး အသက်ရှင်စရာလမ်းမရှိတော့ချေ။

ထိုအခါမှပင် မောင်သီဟသည် ကြိုးတံတားလက်တန်းကို ဆုပ်ကိုင်ကာ လေးလံသောခြေလှမ်းဖြင့် လျှောက်လှမ်းခဲ့၏။ ဒေါ်ပန်းရုံသည် ကြိုးတံတားအစပ်မှနေ၍ စိုးရိမ်ကြီးစွာ စောင့်ကြည့်နေ၏။

မောင်သီဟသည် မိခင်ရှိရာသို့ တရွေ့ရွေ့လျှောက်လှမ်းလာပြီး နီးကပ်လာသောအခါ ရပ်တန့်လိုက်၏။

ဒေါ်ပန်းရုံသည် မောင်သီဟ၏ မျက်နှာကို ကြည့်ရှုနေရာမှ မောင်သီဟ၏အပေါ်အင်္ကျီ မှာပြဲသွားသဖြင့် ရင်ဘတ်တွင် ဆွဲထားသော ခေါင်းဘယက်ဆွဲကြိုးကို မြင်တွေ့သွား၏။

ထို့နောက် မျက်လုံးကျွတ်မတတ် စူးစိုက်ကြည့်ရင်း မောင်သီဟအနားသို့ တိုးကပ်လာကာ ခေါင်းဘယက်ကို သေချာစွာ ကိုင်တွယ်ကြည့်ရှုလိုက်လေ၏။

ဒေါ်ပန်းရုံက အလွန်စိတ်လှုပ်ရှားသွားပြီး





“ ဒီ... ဒီခေါင်းဘယက်ဆွဲကြိုးဟာ လူလေးရဲ့ဆွဲကြိုးလား ”

ဟု မေးမြန်းလေ၏။ ထိုအခါ သီဟက ဒေါ်ပန်းရုံကိုကြည့်၍

“ ဟုတ်ပါတယ်၊ ကျုပ်ရဲ့ဆွဲကြိုးပါ ”

ဟု ပြောလိုက်လေ၏။ ထိုအခါ ဒေါ်ပန်းရုံက အံ့ဩမှာန်ဖြင့်

“ ဟင်... ဒါဆိုရင် လူလေးဟာ အဒေါ့်ရဲ့သားပေါ့ ”

ဟု မေးလေ၏။ သီဟက ခေါင်းညိတ်၍

“ ဟုတ်ပါတယ်အမေ၊ ကျုပ် အခါလည်သားလောက်တုန်းက အမေ့ရဲ့ရန်သူတော်ကြီး ဦးရန်ကျော်ဟာ အမေ့ကို ရန်ငြိုးဖွဲ့ပြီး ကျုပ်ကို ခိုးယူသွားခဲ့တာပါ၊ ဦးရန်ကျော်ဟာ သေခါနီးမှာ သူ့ရဲ့အပြစ်ကိုဝန်ခံပြီး အမေ့ဆီကို ပြန်လွှတ်ခဲ့တယ်၊ ဒါကြောင့် အမေရှိတဲ့အိမ်နီးကြီးကို ကျုပ်ဟာ အလုပ်သမားဘဝနဲ့ ရောက်လာခဲ့တာပါ ”

ဟု ပြောလေ၏။ ထိုအခါ ဒေါ်ပန်းရုံက ဝမ်းသာသောအမူအရာဖြင့်

“ ဟင်... ဒါဆိုရင် သားဟာ ဘာဖြစ်လို့ အမေ့ကို သားအရင်းဖြစ်ကြောင်း ဖွင့်မပြောခဲ့တာလဲ ”

ဟု မေးလေ၏။ ထိုအခါ သီဟက

“ ကျုပ်ဟာ အမေ့ကိုဖွင့်ပြောဖို့ အကြိမ်ကြိမ်ကြိုးစားခဲ့ပါတယ်၊ ကံကြမ္မာကြောင့် တော့လွဲလေးတွေ လွဲခဲ့ရတာပါ၊ ရန်သူတွေပတ်လည်ဝိုင်းနေပြီး လိုက်ဂူထဲမှာ ကျုပ်တို့အသက်ဆုံးမယ် ကြိုတုန်းကလည်း



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ပြောပြဖို့ ကြိုးစားပါသေးတယ်၊ အခုလဲ ဒီတောကြီးထဲက လွတ်မြောက်ရင် ကျုပ်က သားအရင်းဖြစ်ကြောင်း ပြောပြတော့မှာပါ ''

ဟု ပြောလေ၏။ ထိုအခါ ဒေါ်ပန်းရုံက သီဟကို ဝမ်းသာအားရ ပွေ့ဖက်လိုက်ပြီး


'' ဝမ်းသာလိုက်တာ သားရယ်၊ ဝမ်းသာလိုက်တာ၊ အမေနဲ့ သား ဘယ်တော့မှ ပြန်မဆုံတော့ဘူးလို့ အမေထင်ထားခဲ့တာကွဲ၊ ဒီနေ့ဟာ အမေ့ဘဝရဲ့ အကြီးမားဆုံးဆန္ဒနှစ်ခု ပြည့်ဝတဲ့အတွက် အပျော်ဆုံးနေ့ပါပဲ ''

ဟု ပြောဆိုကာ မောင်သီဟကို ရင်ခွင်ထဲတွင် ပွေ့ဖက်ထားလေ၏။ မောင်သီဟမှာလည်း ဒေါ်ပန်းရုံကို ပြန်လည်၍ ပွေ့ဖက်ထားကာ ရင်ထဲတွင် အမည်ဖော်မရနိုင်သော ဝေဒနာမျိုးကို ခံစားရလေ၏။

သီဟ၏ တစ်သက်လုံး လိုချင်တောင့်တနေသော ဆန္ဒတစ်ခု ပြည့်ဝသလို ခံစားရ၏။

ထိုအရာကား မိခင်မေတ္တာပင် ဖြစ်ပါတော့၏။

အားလုံးအတွက်



မင်းမြတ်သူရ



BURMESE CLASSIC

www.burmeseclassic.com